# ရဝေနွယ် (အင်းမ)

# အတွေးများနှင့် မိတ်ပွဲ့ခြင်း





အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)က ရဝေနွယ်(အင်းမ)သို့
စာအုပ်စမ္မဒါန နဝကမ္မဝတ္ထုငွေ လှူဒါန်းပွဲ၌ ရေစက်သွန်းချ အမျှပေးဝေစဉ်

## ကိုယ်တိုင်ရေးရာဇဝင်

ပဲခူးတိုင်း၊ သဲကုန်းမြို့နယ်၊ အင်းမမြို့ အဘဦးသိန်းနိုင်၊ အမိဒေါ်ကျင်နုတို့က
၁၉၆၉ ခုနှစ်၊ ဇွန်လ (၁၈)ရက် ဗုဒ္ဓဟူးနေ့တွင် မွေးဖွားသည်။
၁၉၇၉ ခုနှစ်တွင် ပထမအကြိမ်ရှင်သာမဏေပြုသည်။ ၁၉၈၀ခုနှစ်တွင်
ဒုတိယအကြိမ် ရှင်သာမဏေပြုသည်။ [illegible] ဖြစ်သည်။
၁၉၈၉ခုနှစ်တွင် ရဟန်းအဖြစ်သို့ရောက်သည်။
ရန်ကုန်မြို့ မဟာဗိသုဒ္ဓါရုံ ပိဋကတ်တိုက် ရွှေကျင်ကျောင်းတိုက်တွင်
ပညာသင်ကြားခဲ့ပြီး ၁၉၉၀ခုနှစ်တွင် ပထမကြီးတန်း။
၂၀၀၀ ခုနှစ်တွင် သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။
(ဓမ္မာစရိယတန်း၌ ၁၀နှစ်တိတိ ကြိုးကြိုးစားခဲ့သည်။)
၁၉၈၅ခုနှစ်တွင် ပန်းပွင့်ဝင်းသို့ ကဗျာကို စတင်ပို့သည်။ ၁၉၈၅၊ ၁၉၈၆၊
၁၉၈၈၊ ၁၉၈၉ခုနှစ်အတွင်း ပေးပို့ခဲ့သောကဗျာအားလုံး အပယ်ခံရသည်။
၁၉၉၀ခုနှစ် ဧပြီလထုတ် မြတ်မင်္ဂလာစာစောင်တွင် [illegible]
ပထမဆုံးစတင်ဖော်ပြခံရသည်။ မြတ်မင်္ဂလာ၊ [illegible]၊ သစ္စာ၊ [illegible]
မြတ်သတင်းစာ၊ [illegible]၊ ရုပ်ရှင်တေးကဗျာ၊ FASHION IMAGE၊ FACES (မှဝ)
FUTURE LIGHT [illegible]
ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများရေးသားခဲ့သည်။
၂၀၀၁ခုနှစ်၊ [illegible]တွင် ပညာရှေ့ဆောင်စာအုပ်တိုက်မှ
“ဘာဝတိုင်း ဆုံတွေ့ချင်ပါသလဲ။”ဘာသာရေးစာအုပ်ကို စတင်ထုတ်ဝေခဲ့သည်။
၂၀၀၁ ခုနှစ်တွင် “[illegible]မြစ်များ”
၂၀၀၂ ခုနှစ်တွင် “သံသရာခရီးသစ်”
၂၀၀၄ ခုနှစ်တွင် “ကုသိုလ်ဖြစ်အောင်တွေးမယ်”
၂၀၀၅ ခုနှစ်တွင် “ပေဖူးလွှာအတွေးများ”
၂၀၀၅ ခုနှစ်တွင် “အမြဲစီးဆင်းနေသော မြစ်တစ်စင်းအကြောင်း”
၂၀၀၆ ခုနှစ်တွင် “အတွေးများနှင့် မိတ်ဖွဲ့ခြင်း”စာအုပ်များကို ထုတ်ဝေခဲ့သည်။
၂၀၀၄ခုနှစ်အတွက် “မင်္ဂလာအတွေးများ”စာအုပ်ဖြင့်ဓမ္မဗိမာန်စာပေ ပထမဆုနှင့်
ဆန်းလွင်စာပေ ပထမဆုကို ရရှိခဲ့သည်။
ယခုအခါ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ [illegible]
သဒ္ဓမ္မရံသီရိပ်သာကျောင်းတိုက်၌ သီတင်းသုံးလျက်ရှိသည်။

# အာဝေသွားများနှင့် မိတ်ပွဲခြင်း

## ရဝေနွယ်(အင်းမ)

access at
www . foreverspace . com . mm

ဖြန့်ချိရေး
နေလစာပေ
အမှတ်(၂၁၆)၊၃၁-လမ်း(ထက်)၊ ပန်းပဲတန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၇၀၃၈၂၃

| | |
|---|---|
| အတွင်းစာသားခွင့်ပြုချက် | ၃၂၀၁၉၉၀၆၀၃ |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၂၀၁၉၇၀၆၀၄ |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| | ၂၀၀၆ ခုနှစ်၊ မေလ |
| အုပ်ရေ | ၆၀၀၀ |
| မျက်နှာဖုံးနှင့်အတွင်းပန်းချီ | ဇဂျီလင်းဝဏ္ဏ |
| ကွန်ပျူတာစာစီ | စန်းစန်းယု (တောင်လုံးပြန်စာပေ) မိုးဆေးခန်းအပေါ်ထပ် မဟာဗန္ဓုလလမ်း |
| အတွင်းဖလင် | အေဇက် (ကိုသစ်) |
| ကာလာခွဲ | New Day |
| ထုတ်ဝေသူ | ဒေါ်ခင်အေးမြင့်(၀၃၈၀၁) ရာပြည့်စာပေ အမှတ်(၃၈)၊ ၁၀၉– လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဒေါ်ခင်အေးမြင့် ရာပြည့်အော့ဖ်ဆက် အမှတ်(၁၉၉)၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | နေလစာပေ အမှတ်(၂၁၆)၊ ၃၁–လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း – ၇၀၃၈၂၃ |
| စာအုပ်ချုပ် | ကိုမြင့် |
| တန်ဖိုး | ၁၀၀၀ ကျပ် |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| က။ | စာရေးသူရဲ့အမှာ | ၅ |
| ၁။ | ပြည့်တန်ဆာမနှင့်ဝိပဿနာ | ၉ |
| ၂။ | ဗင်ဂိုးရဲ့နားရွက်နှင့်သုဘာဝထေရီရဲ့မျက်လုံး | ၁၇ |
| ၃။ | သူတောင်းစားနှင့်ဘုန်းကြီး | ၂၃ |
| ၄။ | လူတော်နှင့်လူကောင်း | ၂၉ |
| ၅။ | ရိက္ခာနှင့်သိက္ခာ | ၃၇ |
| ၆။ | ဝန်ထမ်းနှင့်နတ်ပြည် | ၄၅ |
| ၇။ | ယောက္ခမနှင့်ချွေးမ | ၅၄ |
| ၈။ | လူငယ်နှင့်ဝိပဿနာ | ၆၃ |
| ၉။ | ရေဝတီ | ၇၃ |
| ၁၀။ | ကံကိုပြင်လိုက်ပါ | ၈၁ |

၁၁။ အကုသိုလ်ပယ်နည်း(၁) — ၈၉
၁၂။ အကုသိုလ်ပယ်နည်း(၂) — ၉၉
၁၃။ ခံတွင်းနံ့ကောင်းချင်ရင် — ၁၀၇
၁၄။ မနေရလို့ သေကြတဲ့အခါ — ၁၁၅
၁၅။ ပြိတ္တာဖြစ် ဈေးရောင်းနည်း — ၁၂၃
၁၆။ ကမ္ဘာသတ္တဝါလေးတွေ — ၁၂၉
၁၇။ တို့တစ်တွေပြန်ဆုံကြတဲ့အခါ — ၁၃၇
၁၈။ တစ်ယောက်တည်း တည့်အောင်နေ — ၁၄၉
ခ။ စာအုပ်ဓမ္မဒါနအလှူရှင်စာရင်း — ၁၆၀



# စာရေးသူရဲ့ အမှာ

ဖတ်ဖြစ်တိုင်း ကြည်နူးမှုတစ်ခုခုရလို့ မကြာခဏ ပြန်ပြန်ဖတ်ဖြစ်တဲ့ စာရေးဆရာကြီးနှစ်ဦး ရှိပါတယ်။ အဲဒီနှစ်ဦးကတော့ ဆရာကြီးဦးရွှေအောင်နဲ့ ဆရာနန္ဒာသိန်းဇံပါ။

ပြန်ပြန်ဖတ်ဖြစ်တိုင်း ရင်ထဲမှာ တစ်ခုခုရလိုက်သလို ကျေနပ်လိုက်သလိုကို ခံစားရပါတယ်။ စာရေးဆရာရဲ့ စေတနာသတ္တိက စာဖတ်သူရဲ့ နှလုံးသားကို လာလာ"ထိ"တယ်လို့လည်း ခံစားရပါတယ်။

ဆရာကြီးဦးရွှေအောင်က ဓမ္မဝတ္ထုလေးတစ်ပုဒ် ထုတ်ပြပြီး တခြားတခြား ပါဠိအဋ္ဌကထာဋီကာတွေထဲက ပိဋကဗဟုသုတတွေ ညှပ်ညှပ်ထည့်ရေးပါတယ်။ ပြီးတော့ ကိုယ်ပိုင်အတွေးအခေါ် သုံးသပ်ချက်တွေနဲ့ တွေးခေါ်သုံးသပ်ပြပါတယ်။

ဆရာနန္ဒာသိန်းဇံကလည်း ပုံဝတ္ထုလေးတစ်ပုဒ် ထုတ်ပြပြီး ကမ္ဘာ့ဒဿန ဗဟုသုတတွေ ညှပ်ထည့်ပြီး ရေးပါတယ်။ ပြီးတော့ ဆရာက အတွေးအေးအေးလေးတွေနဲ့ တွေးခေါ်ဆင်ခြင်ပြပါတယ်။

ချုပ်ပြောရရင်တော့ ပုံဝတ္ထုရယ်၊ ဗဟုသုတရယ်၊အတွေးအခေါ်ရယ်၊

သုံးသပ်ချက်ရယ် ရောမွှေပြီး ရေးပြထားတာပါ။ စာရေးသူက အဲဒီရေးပုံရေးနည်းကို သိပ်သဘောကျတာပါ။

ဒီတော့ စာရေးသူက "ငါလည်း ဓမ္မပုံဝတ္ထုလေးတွေ ထုတ်ပြမယ်၊ ဗဟုသုတနေရာမှာတော့ ဝိပဿနာ ဗဟုသုတလေးတွေကို အဓိကထား ထည့်သွားမယ်။ ပြီးတော့ ကိုယ်နားလည်ထားသလို ဆင်ခြင်သုံးသပ်ပြမယ်။ အဲဒီလိုရေးမယ်"လို့ တွေးဖြစ်လိုက်ပါတယ်။

ဝိပဿနာ ဗဟုသုတလေးတွေ ထည့်ရေးတဲ့နေရာမှာတော့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနဲ့ ကျေးဇူးတော်ရှင် သဒ္ဓမ္မရံသီဆရာတော်ဘုရားကြီးတို့ရဲ့ တရားတိပ်ခွေနဲ့ စာအုပ်တွေကို နေ့စဉ်ထိတွေ့နေတာဆိုတော့ ဆရာတော်ကြီးနှစ်ပါးရဲ့တရားစာတွေကိုပဲ အားယူပြီး ရေးပါတယ်။

ဝိပဿနာဗဟုသုတလေးတွေကို ထည့်ရေးတဲ့ နေရာမှာလည်း အင်တိုက်အားတိုက် အပြည့်ရေးလို့ မရပြန်ပါဘူး။ တအားအပြည့်ရေးပြလိုက်ရင် စာဖတ်ပရိသတ်က ဂျာနယ်ပရိသတ် မဂ္ဂဇင်းပရိသတ်ဆိုတော့ ပျင်းသွားတတ်ပါတယ်။ ဒါကြောင့် ဝိပဿနာဗဟုသုတလေးတွေကိုတော့ ခပ်ပါးပါးပဲ ရေးပြထားပါတယ်။ ပြီးတော့ ဆောင်းပါးတိုင်းကိုလည်း ဝိပဿနာဗဟုသုတတွေ ထည့်မရေးပါဘူး။ နှစ်ပုဒ်ကျော် သုံးပုဒ်ကျော်နဲ့ ကျော်ကျော်ရေးထားပါတယ်။

ဓမ္မပုံဝတ္ထုလေးတွေကို ပထမတော့ ထေရီအဋ္ဌကထာကို ကိုင်ထားပြီး ထေရီအမျိုးသမီးတွေကိုပဲ အဓိကထား ရေးမလို့ပါ။ ဒါပေမယ့် စာဖတ်သူတွေ ကျမ်းအစုံစုံက ဓမ္မပုံဝတ္ထုလေးတွေကို ဗဟုသုတ ရစေချင်တာနဲ့ ထေရီ၊ ထေရာ၊ ဝိမာန၊ ပေတ၊ ဇာတ် စသည်ဖြင့် စုံအောင်ရှာပြီး ရေးပြပေးထားပါတယ်။

ကိုယ့်နိုင်ငံသူ နိုင်ငံသားတွေ ပညာရေး၊ ကျန်းမာ ရေး၊ စီးပွားရေး၊ အတွေးအခေါ်၊ စာရိတ္တ စသည်ဖြင့် အစစအရာရာ အဆင်ပြေစေချင်ပါတယ်။ စိတ်ချမ်းသာမှု ကိုယ်ချမ်းသာမှုတွေ အစဉ်သဖြင့် ရှိနေစေချင်ပါတယ်။ တစ်ခါတလေများ အာရပ်နိုင်ငံက ရေနံကြောတွေ မြန်မာနိုင်ငံ ရွှေ့လာရင် ကောင်းမှာပဲလို့တောင် တွေးမိပါတယ်။

ဓမ္မကို ဟောပြောတာ၊ ဓမ္မစာပေတွေ ရေးသားတာ၊ ဖြန့်ဝေတာ

တွေဟာ နိဗ္ဗာန်ကို ပေးလှူတာပါတဲ့။ ဒီတော့ ကိုယ်က စိတ်ထားတတ်ရင် ထားတတ်သလောက်လည်း ကုသိုလ်ရတာပါ။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး အစစ အရာရာ တိုးတက်စေချင်တဲ့စိတ်နဲ့ ရေးတဲ့အတွက် စာရေးရတာလည်း သိပ်ပြီး လိပ်ပြာသန့်ပါတယ်။

ကိုယ့်နိုင်ငံသူ နိုင်ငံသားတွေကို ပြောပြချင်တဲ့ စကားတချို့ ရင်ထဲမှာ မကြာခဏ ရှိနေတတ်ပါတယ်။ အဲဒီလို ပြောပြနိုင်ဖို့အတွက် စာရေးခြင်း ကတော့ အကောင်းဆုံး ဆက်သွယ်မှုတစ်ခုပါပဲ။ အခု ပြောပြစရာလေးတွေ ရှိလို့ ဒီစာတွေ ရေးဖြစ်လိုက်တာပါ။

ဒီဆောင်းပါး ခေါင်းစဉ်လေးတွေဟာ စာဖတ်သူရဲ့ နှလုံးသားကို "ထိ" "မထိ" သိရအောင် ဖတ်ကြည့်လိုက်ပါဦး။

ရဝေနွယ်(အင်းမ)

## စာဖတ်သူ၏ ခံစားချက်

ချစ်သောစာဖတ်သူ . . .

ဒီစာအုပ်ကို ဖတ်ပြီးသွားတဲ့အခါ အကြိုက်ဆုံးဆောင်းပါး တစ်ပုဒ်ကို ရေးပြပါလား ?၊ ဘာကြောင့်လဲ ဆိုတာ။

အတွေးချင်း ညှိကြည့်ချင်လို့ပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .


ပြည့်တန်ဆာမနှင့်
ဝိပဿနာ

## ပြည့်တန်ဆာမနှင့် ဝိပဿနာ

လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်လောက်က တကယ်ဖြစ်ခဲ့တဲ့ ဇာတ်လေးတစ်ပုဒ်ကို အရင်ပြောပြရအောင်ပါ။

ကာလအနေနဲ့ပြောရင် မြတ်စွာဘုရားပွင့်တော်မူနေတဲ့ ကာလပါ။ ပြည်က ဝေသာလီပြည်မှာပါ။

အဲဒီကာလ အဲဒီဝေသာလီပြည်မှာပဲ မဝိမလာလို့ အမည်ရတဲ့ အမျိုးသမီးလေးတစ်ယောက် ရှိခဲ့ဖူးပါတယ်။ ဝိမလာရဲ့ အဓိပ္ပာယ်က အညစ်အကြေးကင်းစင်သူ၊ သန့်ရှင်းစင်ကြယ်သူပါ။ ဒါက တင်စားထားတဲ့ ရှင်ဦးနာမည်ပါ။ တကယ့်အရှိ အနှစ္တအမည် မဟုတ်ပါဘူး။

ဝိမလာဟာ ဝေသာလီပြည်မှာ အလှဆုံးစာရင်းဝင် တစ်ယောက်ပါ။ သူ့ရဲ့ထူးခြားချက်ကတော့ အမေဖြစ်သူက ပြည့်တန်ဆာမတစ်ယောက်ဖြစ်တဲ့အတွက် သူလည်း အရွယ်ရောက်လာတဲ့အခါ မိခင်ရဲ့အလုပ်ကို ဆက်လုပ်ရပါတယ်။

ဝေသာလီပြည်သားတွေရဲ့ ပါးစပ်ဖျားမှာလည်း "ဝိမလာ ဝိမလာ" ဆိုပြီး ရေပန်းစားနေပါတယ်။ ဝိမလာရဲ့ဆီကို သူဌေးသူကြွယ်တွေလောက်ပဲ သွားနိုင်ပါတယ်။ ကျန်တဲ့ သာမန်လူတွေတော့ မသွားနိုင်ပါဘူး။ ဝိမလာ ကိုယ်တိုင်ကလည်း သူ့ရဲ့အလှ သူ့ရဲ့အောင်မြင်ကျော်ကြားမှုအပေါ် သိပ်ပြီး ဂုဏ်ယူပါတယ်။

ဒီလိုနဲ့ တစ်နေ့မှာတော့ အရှင်မဟာမောဂ္ဂလာန်ဟာ ဝေသာလီပြည်ထဲကို ဆွမ်းခံကြွလာပါတယ်။ ကြွလာရင်း ဝိမလာရဲ့အိမ်ရှေ့ရောက်လာတော့

တိုက်တိုက်ဆိုင်ဆိုင် ဝိမလာက အိမ်ထဲကနေ အပြင်ကို ထွက်အကြည့်နဲ့ ဆုံသွားပါတယ်။ ဝိမလာက အရှင်မဟာမောဂ္ဂလာန်ကို မြင်လိုက်တာနဲ့ တစ်ပြိုင်နက် ရင်ခုန်သွားပါသတဲ့။ ပြီးတော့ ချစ်တဲ့စိတ်လည်း ဖြစ်သွားပါသတဲ့။

တစ်စုံတစ်ယောက်ကိုချစ်မိရင် အဲဒီသူဆီက အချစ်ကိုလည်း ပြန်လိုချင်တာဟာ ဓမ္မတာပါ။ ဝိမလာဟာ အရှင်မဟာမောဂ္ဂလာန်ဆီက အချစ်ကိုရဖို့အတွက် အပြင်းအထန် စဉ်းစားပါတယ်။ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်လိုက်တော့ သူ့ရဲ့ ထူးခြားတဲ့အလှကို တွေ့လိုက်ရပါတယ်။ ဒါကြောင့် အိမ်မှာရှိတဲ့ အဝတ်တွေထဲက ကောင်းပေ့ဆိုတဲ့ အဝတ်တစ်စုံကို ထုတ်ဝတ်လိုက်ပါတယ်။ တန်ဖိုးအကြီးဆုံး လက်ကောက်တို့၊ ဆွဲကြိုးတို့ ကိုလည်း ဝတ်ဆင်လိုက်ပါတယ်။ အကောင်းဆုံး နံ့သာဆီတွေကိုလည်း လိမ်းလိုက်ပါတယ်။ အရင် ပြင်နေကျနေ့တွေထက် ပိုပြင်လိုက်ပါတယ်။ ပြီးတော့ ကိုယ်လုံးပေါ်မှန်ရှေ့ကို ရပ်လိုက်ပါတယ်။ မှန်ထဲကြည့်ပြီး သူ့ရဲ့ အလှနဲ့ သူ့ရဲ့ပြင်ဆင်ခြယ်သထားမှုအပေါ်လည်း စိတ်ချသွားပါတယ်။

စိတ်တိုင်းကျပြင်ပြီးပြီဆိုမှ အဖော်သီးခြားမခေါ်တော့ဘဲ အရှင်မဟာမောဂ္ဂလာန်ရှိရာကျောင်းကို တစ်ယောက်တည်းပဲ ထွက်ခဲ့ပါတယ်။

အရှင်မဟာမောဂ္ဂလာန်ဆီရောက်တော့ ရှိခိုးဦးချလိုက်ပါတယ်။ အရှင်မဟာမောဂ္ဂလာန်ကို အနီးကပ်တွေ့လိုက်ရတော့ ရင်က ပိုပြီးခုန်သွားပြန်ပါတယ်။

ပြီးတော့ အရှင်မဟာမောဂ္ဂလာန်ကို သံယောဇဉ်ရှိတဲ့အကြောင်း နှုတ်ကဖွင့်ပြောလို့မရတဲ့အတွက် အမူအရာလေးတွေနဲ့ ပြပါတယ်။ အရှင်မဟာမောဂ္ဂလာန်ကတော့ ဝိမလာရဲ့စိတ်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ ကောင်းကောင်းသိပါတယ်။

ဒီတော့ အရှင်မဟာမောဂ္ဂလာန်က အလှကိုအမှီပြုပြီး အလှနဲ့ဆွယ်နေတဲ့ ဝိမလာကို အလှရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ အသုဘတရားကို ဟောပါတယ်။

"နှမ ဝိမလာ ... သင့်ရဲ့ခန္ဓာကိုယ်ဟာ စက်ဆုပ် ရွံရှာဖွယ်တွေနဲ့ ပြည့်နေတယ်။ ပြီးတော့ အပုပ်နံ့တွေနဲ့လည်း နံစော်နေတယ်။ သူတစ်ပါးရဲ့

ခန္ဓာကိုယ်ဟာလည်း ဒီအတိုင်းပဲ။ သင့်နှမဟာ စက်ဆုပ်ဖွယ်ဖြစ်တဲ့ ခန္ဓာကိုယ် အချင်းချင်း တပ်မက်နေတယ်"

အရှင်မဟာမောဂ္ဂလာန်က ဝိမလာရဲ့နှလုံးသားထဲအထိ ရောက်သွားအောင် ဝိမလာ သဘောပေါက်သွားအောင် အသုဘတရားကို အကျယ်ဟောပြပါတယ်။

အရှင်မဟာမောဂ္ဂလာန်က ဂါထာတွေအများကြီးနဲ့ ဟောပြတာပါ။ ဒီမှာတော့ တစ်ပုဒ်ပဲ ရေးပြလိုက်ပါတယ်။

အတိတ်အတိတ်ဘဝတွေက ပါရမီပါလာခဲ့သူလည်းဖြစ်၊ ဟောနေတဲ့သူကလည်း အရှင်မဟာမောဂ္ဂလာန်ဖြစ်ဆိုတော့ ချက်ချင်း အသိမှန်ကို ရသွားပါတယ်။ တရားထူးတော့ မရသေးပါဘူး။ ဒါကြောင့် ဝိမလာက "အရှင်ဘုရား ... တပည့်တော်မကို ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်တဲ့ ဥပါသိကာမအဖြစ် အသိအမှတ်ပြုပါဘုရား"လို့ လျှောက်လိုက်ပါတယ်။

ဝိမလာဟာ အိမ်ရောက်တော့ အရှင်မဟာမောဂ္ဂလာန် ဟောခဲ့တဲ့ တရား၊ ဟောလိုက်တဲ့တရားက ခေါင်းထဲက မထွက်တော့ပါဘူး။ ဒါကြောင့် နဖူးပေါ် လက်တင်ပြီး စဉ်းစားပါတယ်။

"လူဘဝကို ရရှိဖို့ရာလည်း သိပ်ပြီးခဲယဉ်းတယ်။ အသက်ရှင်နေဖို့လည်း ခဲယဉ်းတယ်။ တရားတော်ကို နာကြားခွင့်ရဖို့လည်း ခဲယဉ်းတယ်။ မြတ်စွာဘုရား သာသနာနဲ့ တွေ့ကြုံဖို့လည်း ခဲယဉ်းတယ်။ ငါဟာ ရခဲတဲ့ ခဲယဉ်းတဲ့ တရားလေးပါးကို ရနေတယ်။ ရခဲခြင်းတရားလေးပါးကို ရနေခိုက်မှာ အရှင်မဟာမောဂ္ဂလာန် မျှော်လင့်တဲ့ ရစေချင်တဲ့ အရဟတ္တဖိုလ်ကို ရအောင်ရှာမှပဲ"

ဝိမလာဟာ အဲဒီလိုစဉ်းစားပြီး သူ့ရဲ့လုပ်နေကျ ပြည့်တန်ဆာ အလုပ်ကို ရပ်ပစ်လိုက်ပါတယ်။ သူ့ဆီလာနေကျပုဂ္ဂိုလ်တွေကတော့ တောက်တခေါက်ခေါက်နဲ့ပေါ့။ ဝိမလာကတော့ ဂရုမစိုက်ပါဘူး။ ပြီးတော့ "ငါ ဒီအတိုင်းထိုင်နေလို့တော့ အရဟတ္တဖိုလ်က သူ့အလိုလို ငါ့ဆီရောက်လာမှာ မဟုတ်ဘူး။ တရားအားထုတ်မှပဲ။ တရားအားထုတ်တဲ့နေရာမှာလည်း ငါ့မှာ လောကီအတွက် ဘာမှငဲ့စရာမရှိတော့ ဘိက္ခုနီဝတ်ပြီး တရားအားထုတ်တာက အကောင်းဆုံးပဲ"ဆိုပြီး ဘိက္ခုနီမ ဝတ်လိုက်ပါတယ်။ ဆိတ်ငြိမ်တဲ့

နေရာတစ်ခုမှာသွားပြီး တရားအားထုတ်လိုက်တာ အရဟတ္တဖိုလ် ရသွားပါတော့တယ်။ ဒီတော့ တကယ့်ကိလေသာအညစ်အကြေး ကင်းစင်သူ ဝိမလာ ဖြစ်သွားတော့တာပါ။

ဝိမလာဟာ အရှင်မဟာမောဂ္ဂလာန်ဆီကို သွားတုန်းက ရာဂစိတ်နဲ့ သွားခဲ့တာပါ။ သာမန်အားဖြင့်တွေးရင် ရာဂစိတ် တဏှာစိတ်ကလည်း ပြင်းထန်၊ လုပ်တဲ့အလုပ်ကလည်း ပြည့်တန်ဆာအလုပ်ဆိုတော့ ဘယ်လိုမှ တရားထူး တရားမြတ်ရနိုင်စရာ အကြောင်းမရှိပါဘူး။

ဒါပေမယ့် လူဟာ ပစ္စုပ္ပန်တည့်တည့်မှာ ကိုယ်ဖြစ်နေတဲ့ စိတ်နဲ့ ရုပ်ကို တည့်တည့် ဉာဏ်နဲ့စိုက်ကြည့်လိုက်နိုင်ဖို့ပါပဲ။ ဉာဏ်နဲ့တည့်တည့် စိုက်ကြည့်လိုက်တာနဲ့ တစ်ပြိုင်နက် လက်ရှိရုပ်တည်နေတဲ့ ရုပ်တည်ချက်ရဲ့ အမှန် အမှားကို သိခွင့်ရသွားတတ်ပါတယ်။ လူဟာကိုယ့်ဘဝကိုယ် အမှန်အတိုင်း သိသွားဖို့ပဲ အရေးကြီးပါတယ်။ ပုထုဇဉ်ပီပီ ဘယ်သူမှ အပြစ်မကင်းကြပါဘူး။ အပြစ်ဆိုလို့ ဆရာနန္ဒာသိန်းဇံရဲ့ **"မနက်ဖြန်များကို ဖြတ်သန်းနေသော စိတ်ကူးများ"** စာအုပ်ထဲက ပုံဝတ္ထုလေးတစ်ပုဒ်ကို သွားသတိရပါတယ်။ အဲဒီပုံဝတ္ထုလေးထဲကို ခပ်ကျဉ်းကျဉ်းလောက် ပြန်ပြောပြရအောင်ပါ။

တစ်ခါတုန်းက ဘာသာရေးပုဂ္ဂိုလ်တွေအပါအဝင် လူတစ်စုဟာ ဂျီးဇက်(Jesus Christ)ဆီကို ပြည့်တန်ဆာမတစ်ဦးကို ခေါ်လာကြတယ်။ အဲဒီအမျိုးသမီးဟာ မကောင်းတဲ့အကျင့်ကို ပြုတဲ့အတွက် အပြစ်ရှိတယ်ဆိုပြီး ဒီလူတွေက ခေါ်လာကြတာပါ။ ဂျီးဇက်ဆီရောက်တဲ့အခါကျတော့ အဲဒီ ဘာသာရေးပုဂ္ဂိုလ်တွေက "ပြည့်တန်ဆာမကို ကျောက်ခဲနဲ့ ပစ်ပေါက် အပြစ်ပေးရမယ်လို့ မောရှေ(MOSES)က အမိန့်ချခဲ့တဲ့အကြောင်း၊ ဒီကိစ္စမှာ သင်ကော ဘယ်လိုအမိန့်ချမလဲ"လို့ ဂျီးဇက်ကို ဝိုင်းမေးကြပါတယ်။

ဂျီးဇက်ဟာ သူတို့ကို မော့မကြည့်ဘဲ သူ့လက်ချောင်းနဲ့ မြေကြီးပေါ်မှာ စာရေးနေပါတယ်တဲ့။ ဂျီးဇက်ဆီက အဖြေစကားမရမချင်း ဒီလူတွေက မေးနေကြပါတယ်။

ဒီတော့ ဂျီးဇက်က သူတို့ကို မော့ကြည့်ပြီးတော့ "သင်တို့အထဲက ကိုယ့်ကိုယ်ကိုယ် အပြစ်ကင်းတယ်ဆိုတဲ့သူဟာ ရှေးဦးစွာပဲ ဒီအမျိုးသမီးကို ခဲနဲ့ပေါက်"လို့ ပြောလိုက်ပါတယ်။

ဂျီးဇက်စကားကြားလိုက်တော့ ပြည့်တန်ဆာမကို ဘယ်သူမှ ခဲနဲ့မပေါက်ဖြစ်တော့ဘဲ တစ်ယောက်နောက် တစ်ယောက်လိုက်ပြီး ထွက်သွားကြလိုက်တာ တစ်ယောက်မှ မကျန်ရစ်တော့ပါဘူးတဲ့။

သူတို့အားလုံးပြန်သွားမှ ဂျီးဇက်က ပြည့်တန်ဆာမကို နောက်ထပ် အပြစ်တွေ၊ မကောင်းမှုတွေ မလုပ်နဲ့လို့ ဆုံးမပြီး သွားလိုရာသွားဖို့ ခွင့်ပြုလိုက်ပါတယ်။

သူတစ်ပါးအပြစ်အကြောင်း စဉ်းစားမိတိုင်း ဆရာနန္ဒသိန်းဇံ ပြောပြတဲ့ ပုံဝတ္ထုလေးကို သတိရမြဲပါ။ ဒီပုံဝတ္ထုလေးက ဂျာနယ်မှာ ပါလာကတည်းက စွဲခဲ့တဲ့ ပုံဝတ္ထုလေးပါ။

ဟိုတလောလေးကပဲ သတင်းတစ်ခု ရောက်လာပါတယ်။

"မဝိမလာတို့လို အမျိုးသမီးတွေကို အမှတ်-၁၈၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမှာရှိတဲ့ လူမှုဝန်ထမ်းဦးစီးဌာနမှာ ပြုပြင်စောင့်ရှောက်ပေးထားတယ်တဲ့။ ဆွမ်းဒါန ပြုမယ်ဆိုရင်လည်း တစ်နေ့တာလုံးမှ လေးသောင်းပဲ ကျပါတယ်တဲ့။ ကိုယ်နိုင်ရာ အရုဏ်ပဲဖြစ်ဖြစ်၊ နေ့လယ်ဆွမ်းပဲ ဖြစ်ဖြစ် ခွဲကျွေးရင်လည်း ရပါတယ်တဲ့။

သူတို့လေးတွေဟာ တကယ့် ပထမအရွယ်လေးတွေပါ။ ဒီပထမအရွယ်လေးတွေမှာ ဘဝလမ်းကြောင်းမှားနေတာဟာ သိတဲ့လူတိုင်းမှာ တာဝန်ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သံသရာမှာ ဆွေမျိုးမတော်ခဲ့သူဆိုတာ ရှိကို မရှိပါဘူး။ အမေပဲဖြစ်ဖြစ်၊ အစ်မပဲဖြစ်ဖြစ်၊ ညီမပဲဖြစ်ဖြစ်၊ နောက်ဆုံး ဇနီးမယားပဲဖြစ်ဖြစ် တော်ခဲ့ကြမှာပါ။ ယောဆရာတော်ဘုရားမကြာခဏဟောသလို ဘဝတွေဝေးသွားလို့ တစိမ်းတွေ ဖြစ်သွားကြတာပါ။ အားလုံးဟာ ဆွေမျိုးတွေချည်းပါပဲ။ သံသရာတစ်ကွေ့မှာ ဆွေမျိုးတော်ခဲ့ရင် သူတို့ရဲ့ ကျေးဇူးလေးတွေလည်း ရှိခဲ့မှာပါ။ အဲဒီကျေးဇူးလေးတွေကို အာရုံပြုပြီး ကိုယ်က သူတို့ကို ကူညီလို့ရတဲ့ အနေအထားနဲ့ ကူညီပေးဖို့ပါ။

တကယ်တော့ သူတို့ဟာ ဖြစ်ချင်လို့ ဖြစ်သွားရတာ မဟုတ်ပါဘူး။ နောက်ကွယ်မှာ အကြောင်းအမျိုးမျိုး ရှိနေကြမှာပါ။ ပြီးတော့ လူတွေရဲ့ အကြင်နာကို မရတော့ စိတ်ဓာတ်ရေးရာအရလည်း သာမန်ပုဂ္ဂိုလ်တွေနဲ့ မတူဘဲ ဖြစ်နေတတ်ပါတယ်။ ဒီတော့ တစ်ဖက်သားကိုကြည့်တဲ့အခါ မယုံတဲ့

စိတ်၊ သံသယဖြစ်တဲ့စိတ်၊ နာကြည်းတဲ့စိတ်၊ အလိုမကျတဲ့စိတ်တွေကလည်း လွှမ်းမိုးနေမှာပါ။

စိတ်ကြောင့်ဖြစ်တဲ့ဒဏ်ရာကို စိတ်ကိုအခြေခံပြီး ရှုရတဲ့ ဝိပဿနာနဲ့ ကုလိုက်တာဟာ အထိရောက်ဆုံးဖြစ်မယ်လို့ ထင်ပါတယ်။ ဒါက တရားသဘော ဓမ္မရှုထောင့်က ပြောတာပါ။ ဌာနက ပြုစုစောင့်ရှောက်နည်းတွေနဲ့လည်း ပြုစုစောင့်ရှောက်ပေါ့လေ။ တစ်ဖက်က ဝိပဿနာလေးပါ တွဲသွားနိုင်ရင် အကောင်းပါပဲ။

သတင်းကြားကတည်းက စိတ်ထဲမှာ တေးထားလိုက်တာပေါ့လေ။ ဆွမ်းလည်းကျွေးရင်းပေါ့လေ။ ပြီးတော့ တရားလည်း ဟောချင်ခဲ့ပါတယ်။ အထူးသဖြင့်တော့ ဝိပဿနာတရား အဓိကထား ဟောခဲ့ချင်ပါတယ်။ ထိုင်မှတ် မှတ်တဲ့အခါ ဘယ်လိုမှတ်ရတယ်၊ စင်္ကြံကြွတဲ့အခါ ဘယ်လိုကြွရတယ်၊ အိပ်ရာထတဲ့အခါ၊ မျက်နှာသစ်တဲ့အခါ၊ ထမင်းစားတဲ့အခါ၊ အောက်ထစ်ဆုံး ကျင်ကြီးကျင်ငယ် စွန့်တဲ့အခါ စသည်ဖြင့်ပေါ့လေ။ ဘယ်လိုမှတ်ရတယ်ဆိုတာ ဟောပြပေးခဲ့ချင်တာပါ။

ဒီလိုအနေအထားရောက်နေတဲ့သူတင် မဟုတ်ပါဘူး။ ဘယ်လိုအနေအထားပဲ ရောက်နေရောက်နေ စိတ်ဓာတ်ရေးရာအရ ပြုပြင်ယူရတဲ့အခါ ဝိပဿနာနဲ့ ပြုပြင်ယူတာ အကောင်းဆုံးနဲ့ အထိရောက်ဆုံးပါ။ ဝိပဿနာ အားထုတ်ရင်း အားထုတ်ရင်းနဲ့ ဉာဏ်စဉ်လေးတွေ ဝင်ဝင်လာပါလိမ့်မယ်။ အားထုတ်ခါစမှာတော့ ချက်ချင်းဝင်လာဦးမှာ မဟုတ်ဘူး။ ရက်ကလေးရလာတာနဲ့ ဝင်လာမှာပါ။ ရုပ်နဲ့နာမ် ခွဲခြားပြီး သိသွားတာ၊ အကြောင်းနဲ့ အကျိုးကို ခွဲခြားသိသွားတာ၊ မမြဲတဲ့သဘော ဆင်းရဲတဲ့သဘော အစိုးမရတဲ့သဘောတွေကို မြင်လာတာ စသည်ဖြင့်ပေါ့။ ဉာဏ်စဉ်တွေဝင်လာတာနဲ့ ကိုယ်လုပ်နေတဲ့အလုပ် မှားသလား မှန်သလားဆိုတာပါ သိသွားမှာပါ။ ပါရမီပါခဲ့ရင် ဝိမလာတို့လို တရားထူး တရားမြတ်တွေတောင် ရသွားနိုင်ပါတယ်။ ပြီးတော့ ငယ်တုန်း တရားအားထုတ်ရတာ အကောင်းဆုံးပါပဲ။ အသက်ကြီးလာရင် ရုပ်ကလည်း အို၊ နာမ်ကလည်း အိုလာပြီး တရားအားထုတ်ရတာ မကောင်းတော့ပါဘူး။

ဘာပဲပြောပြော ကိုယ်က လူဘဝကို ပီပီပြင်ပြင် ရထားတယ်။ ပြီးတော့

ရခဲခြင်းလေးပါးကိုလည်း ရထားတယ်။ ဒီတော့ ဝိပဿနာတရားကို အားထုတ်လိုက်ရင် ဘဝရဲ့အမှန်တရားကို အလင်းတစ်ခုအနေနဲ့ သိခွင့်ရလိုက်ကြမှာပါ။

ဒီဆောင်းပါးကို မဟာစည်ဆရာတော်ဘုရားကြီးရဲ့ လင်္ကာလေးတွေနဲ့ပဲ နိဂုံးချုပ်လိုက်ကြရအောင်ပါ။

၁။ လူတစ်ယောက်ဟာ၊ ဖြစ်ဖို့ရာ၊ လွန်စွာခဲယဉ်းသည်။
ဖြစ်ခဲလှစွာ၊ လူဆိုတာ၊ ဖြစ်ကာနေကြပြီ။
၂။ လူတစ်ယောက်ဟာ၊ ရှင်ဖို့ရာ၊ လွန်စွာခဲယဉ်းသည်။
ရှင်ခဲလှစွာ၊ သက်ဆိုတာ၊ ရှင်ကာနေကြပြီ။
၃။ တရားတော်ဟာ၊ နာဖို့ရာ၊ လွန်စွာခဲယဉ်းသည်။
နာရခဲစွာ၊ တရားဟာ၊ နာကာနေကြပြီ။
၄။ သာသနာဟာ၊ တွေ့ဖို့ရာ၊ လွန်စွာခဲယဉ်းသည်။
တွေ့ခဲလှစွာ၊ သာသနာ၊ တွေ့ကာနေကြပြီ။
အကြောင်းလေးဖြာ၊ ဆုံဖို့ရာ၊ လွန်စွာခဲယဉ်းသည်။
ဆုံခဲလှစွာ၊ ကြောင်းလေးဖြာ၊ ဆုံကာနေကြပြီ။
အကြောင်းလေးဖြာ၊ ဆုံခိုက်မှာ၊ အရိယာမဂ်ဟာ ရသင့်သည်။

ကျမ်းကိုး-
ထေရီအဋ္ဌကထာ၊
ဝိမလာထေရီဝတ္ထု။

Future Light မဂ္ဂဇင်း
ဖေဖော်ဝါရီ၊ ၂၀၀၅။



## ဗင်ဂိုးရဲ့နားရွက်နှင့် သုဘာစထေရီရဲ့မျက်လုံး

မောင်ထွန်းသူရဲ့ "ရမ္မက်မီး"ဆိုတဲ့ စာအုပ်ကြီး ဖတ်ပြီးသွားတော့ ဖတ်ခဲ့တဲ့ ဇာတ်ကွက်ကလေးတစ်ခုကို ပြန်အာရုံပြုဖြစ်ရင်း "ရှုးတာ"လို့ သူများမကြားအောင် စိတ်ထဲက ပြောဖြစ်လိုက်ပါတယ်။ စာအုပ်က ဗင်ဂိုးရဲ့ အတ္ထုပ္ပတ္တိပါ၊ ပြန်သတိရဖြစ်တဲ့ ဇာတ်ကွက်ကလေးက ဒီလိုပါ။

တစ်နေ့တော့ ဗင်ဂိုးက ဖိမ်ဂေဟာတစ်ခုကို ရောက်သွားပါတယ်။ အဲဒီဖိမ်ဂေဟာမှာ ရာချယ်ဆိုတဲ့ ကောင်မလေးနဲ့ တွေ့ပါတယ်။ ကောင်မလေးက ဗင်ဂိုးနားရွက်ကလေးကိုကိုင်ပြီး ပြောင်သလိုလိုနဲ့ ချီးမွမ်းခန်းဖွင့်ပါတယ်။ အမြဲလာဖို့လည်း ပြောပါတယ်။

ဒီလိုနဲ့ တစ်ကြိမ်အသွားမှာတော့ ရာချယ်ဆိုတဲ့ ကောင်မလေးက "ချစ်တုန်းပဲလား"လို့ မေးပါတယ်။ ဗင်ဂိုးကလည်း "ချစ်တုန်းပါပဲကွယ်"လို့ ပြန်ဖြေပါတယ်။ ဒီတော့ ကောင်မလေးက ဗင်ဂိုးရဲ့နားရွက်ကလေးကို အသာအယာ လိမ်ဆွဲပြီး "တကယ်ချစ်ရင် သက်သေပြတဲ့အနေနဲ့ ရှင့်ရဲ့နားရွက်ကလေးကို ပေးမလား"လို့ မေးလိုက်ပါသတဲ့။

နောက်ရက်တစ်ရက်မှာတော့ ဗင်ဂိုးက သူ့ရဲ့ညာဘက်နားရွက်တစ်ဖက်ကို သင်တုန်းဓားနဲ့လှီးဖြတ်ပြီး ကောင်မလေးကို သွားပေးလိုက်ပါသတဲ့။

ဒီဇာတ်ကွက်ကလေးကို ပြန်သတိရပြီး "ရှုးတာ"လို့ စိတ်ထဲက ပြောလိုက်တာပါ။ တကယ်လို့ စိတ်ထဲကမပြောဘဲ အသံထွက်ပြောလိုက်ရင် စာအုပ်လက်ဆောင်လာပေးတဲ့သူနဲ့ တိုးသွားရင်တော့ နောက်ပေးတော့မှာ မဟုတ်ပါဘူး။ စာအုပ်လက်ဆောင်လာပေးတဲ့သူက UNITY စာပေက ကိုသန်းဆွေနဲ့ ကိုစိုးဝင်းပါ။ စာအုပ်က စာမျက်နှာ ၆၇၇ မျက်နှာ ပါရှိတယ်။ ဘုရားဟော ပါဠိတော်တစ်အုပ်စာလောက်ပါ။

ဗင်ဂိုးကို ရှုးတာလို့ အပြစ်တင်လိုက်ပြီး စားပွဲဘေးက ပိဋကတ်တော် စာအုပ်တွေကိုကြည့်ရင်း "ငါလည်း ဘာထူးသေးလဲ၊ အခုတော့ ဗင်ဂိုးအတွက်

အချိန်တွေ လေးငါးရက်လောက် အလကား ပေးလိုက်ရတာ။ ငါလည်း ရှုံးတာပဲ၊ ဘာထူးလဲ"လို့ ကိုယ့်ကိုယ်ကိုယ်ပြောရင်း သက်ပြင်းကို မသိမသာ ချလိုက်မိပါတယ်။ စာရေးသူမှာ စာသာရေးနေတယ်။ မဖတ်ရသေးတဲ့ ပိဋကတ်စာအုပ်အကြွေးတွေက အများကြီးပါ။

ဗင်ဂိုးနဲ့ရှုံးပြီးတော့ အကောင်းလုပ်ဖို့ ထေရီအဋ္ဌကထာကို ကိုင်ရပါတယ်။ FUTURE LIGHT မဂ္ဂဇင်းအတွက်ပါ။ ဖတ်ရင်းနဲ့ တိုက်တိုက်ဆိုင်ဆိုင် ဇာတ်လမ်းလေးတစ်ပုဒ်ကို တွေ့လိုက်ရပါတယ်။

ဇာတ်ဆောင်က အမျိုးသားတော့ မဟုတ်ပါဘူး။ အမျိုးသမီးပါ။ အမျိုးသမီးတောင် လူဝတ်ကြောင် အမျိုးသမီး မဟုတ်ပါဘူး။ အနာဂါမ်တည်ပြီး ထေရီမတစ်ပါးပါ။

သူ့နာမည်က သုဘာတဲ့။ သုဘာရဲ့အမိပ္ပာယ်က "ရုပ်ရည်အဆင်းလှပတင့်တယ်သူ"လို့ အဓိပ္ပာယ်ရပါတယ်။

နာမည်နဲ့လူနဲ့လိုက်အောင်လည်း သုဘာဟာ လှပ တင့်တယ်ချောမောသူပါတဲ့။ သူမရဲ့အလှတွေထဲမှာ အဓိကအလှက မျက်လုံးပါတဲ့။ သူမရဲ့မျက်လုံးက မြင်ရတဲ့သူကို သိပ်ဆွဲဆောင်မှု ရှိတာပါတဲ့။

သုဘာက ရာဇဂြိုဟ်မြို့က ပုဏ္ဏားကြီးတစ်ယောက်ရဲ့သမီးပါ။ လူဝတ် အပျိုစင်ဘဝကတည်းက သဒ္ဓါတရားရှိတဲ့ အမျိုးသမီးလေးပါ။ သုဘာက သူ့မှာ အလှတွေရှိပေမယ့် မတည်မြဲတဲ့ အလှရဲ့အပြစ်ကိုမြင်ပြီး မဟာပဇာပတိ ဂေါတမီဆီမှာ ဘိက္ခုနီမ ပြုလိုက်ပါတယ်။ ဘိက္ခုနီမပြုပြီး တရားကို ကြိုးကြိုးစားစား အားထုတ်လိုက်တာ အနာဂါမိဖိုလ်ကို ရသွားပါတယ်။ အရဟတ္တဖိုလ်တော့ မရသေးပါဘူး။

တစ်နေ့တော့ သူ့ဇာတိ ရာဇဂြိုဟ်မြို့က ဇီဝကရဲ့ သရက်ဥယျာဉ်ကို တစ်ပါးတည်း ထွက်ခဲ့ပါတယ်။ တရားအားထုတ်ဖို့ပါပဲ။ လမ်းကျဉ်းတစ်နေရာရောက်တော့ ရာဇဂြိုဟ်မြို့သားလည်းဖြစ်၊ ရွှေပန်းထိမ်သည်ရဲ့သားလည်းဖြစ်တဲ့ လူငယ်တစ်ယောက်နဲ့ ရင်ဆိုင်တိုးပါတော့တယ်။ ရာဇဂြိုဟ်မြို့သားလူငယ်က သုဘာထေရီကို တွေ့လိုက်တာနဲ့ မျက်လုံးရဲ့အလှကလည်း အထင်းသားပေါ်နေတာဆိုတော့ ချက်ချင်း ချစ်တဲ့စိတ် ဖြစ်သွားပါသတဲ့။ ဒါကြောင့် လမ်းမဖယ်တော့ပါဘူး။ ရှေ့က ကာထားလိုက်ပါတယ်။ သုဘာ

ထေရီက တောင်းတောင်းပန်ပန်နဲ့ ဖယ်ခိုင်းပေမယ့် မဖယ်ပါဘူး။ မဖယ်ရုံတင် မကဘဲ "အို ... နှမရယ်၊ သင်ဟာ ငယ်လည်းငယ်တယ်၊ ရုပ်ရည်အဆင်း လည်းလှတယ်၊ အခုလို ငယ်တုန်းမှာ ဘာဖြစ်လို့ ရဟန်းပြုရတာလဲ။ အဲဒီ သင်္ကန်းကြီးကိုဖယ်ပြီး ကျွန်တော်နဲ့ လိုက်ခဲ့စမ်းပါ"လို့ ချစ်ရေး စဆိုပါတော့ တယ်။

ဒီတော့ သုဘာထေရီမက "အို ... အမျိုးသား စက်ဆုပ်ဖွယ် ရွံရှာဖွယ် တွေ ပြည့်နေတဲ့ သုသာန်မြေကို တိုးပွားစေတဲ့ ဖောက်ပြန်ပျက်စီးတတ်တဲ့ ဒီခန္ဓာကိုယ်ကို သင်က ချစ်စရာလို့ ထင်မှတ်နေတယ်။ ငါ့ရဲ့ခန္ဓာကိုယ်ပေါ်က ဘာကိုများ သင်နှစ်သက်နေတာလဲ"လို့ မေးလိုက်ပါတယ်။

လူငယ်ကလည်း ချက်ချင်းပါပဲ။ "သင့်ရဲ့မျက်လုံးလေးကို ချစ်တာ" လို့ ပြန်ဖြေလိုက်ပါတယ်။

လူငယ်ရဲ့အဖြေစကား ကြားရတော့ သုဘာထေရီမက သူ့ရဲ့မျက်လုံး တစ်ဖက်ကို လက်နဲ့ထုတ်ပြီး ပေးလိုက်ပါတယ်။ စာထဲမှာတော့ မျက်လုံးလို့ပဲ သာမန်ပြထားပါတယ်။ ဘယ်လား ညာလားဆိုတာတော့ ခွဲပြမထားပါဘူး။

မထင်မှတ်တဲ့အပြုအမူနဲ့ မြင်ကွင်းကို မြင်လိုက်ရတော့ လူငယ် လည်း ကြောက်လန့်ပြီး တောင်းပန် ထွက်ခွာသွားပါတော့တယ်။

ဒီနေရာမှာ သုဘာထေရီမရဲ့ အပြုအမူကိုကြည့်ပြီး "ရူးတာ"လို့ ပြောလို့မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သုဘာထေရီမအနေနဲ့ ဒီတစ်ခု တည်းပဲ ရွေးချယ်စရာရှိလို့ပါ။ ပြီးတော့ ဒီလိုလုပ်မှလည်း လူငယ်အတွက် အဆင်ပြေမှာမို့ပါ။

တကယ်လို့ သုဘာထေရီက ဒီလိုမပြုဘဲ နှုတ်နဲ့ပဲ တရားဟောနေရင် လူငယ်က ကာယကံမြောက် ဗလက္ကာယ ပြုတော့မှာပါ။ နေရာကလည်း လူသူကင်းဆိတ်နေတာဆိုတော့ ပြုမူဖို့လည်း သိပ်လွယ်လှပါတယ်။ ကာယကံ မြောက် ကျူးလွန်မိသွားရင်တော့ လူငယ်အတွက် အဝီစိငရဲ ကျတော့မှာပါ။ သုဘာထေရီက လူငယ်ရဲ့အကျိုးကိုငဲ့ပြီး မပြုသင့်တဲ့ အပြုအမူတစ်ခုကို ပြုပေး လိုက်တာပါပဲ။

သုဘာထေရီဟာ မျက်စိတစ်ဖက်နဲ့ပဲ မြတ်စွာဘုရားရှိရာကို ထွက်ခဲ့ ပါတယ်။ မြတ်စွာဘုရားကို ဖူးတွေ့လိုက်ရတာနဲ့ ပျက်စီးသွားတဲ့ မျက်လုံးဟာ

ပကတိအတိုင်း အကောင်းပြန်ဖြစ်သွားပါတယ်။ မျက်လုံးက မြတ်စွာဘုရားရှင်ရဲ့ တန်ခိုးကြောင့် ပြန်ကောင်းရတာဆိုတော့ ပီတိတွေ ဖြစ်လာပါတယ်။ မြတ်စွာဘုရားရှင်ကလည်း သုဘာထေရီ ပီတိဖြစ်နေတာကို သိပါတယ်။ ဒါကြောင့် အရဟတ္တဖိုလ် ရဖို့အတွက် ကမ္မဋ္ဌာန်းနည်းကို ချက်ချင်းပေးလိုက်ပါတယ်။

သုဘာထေရီက မြတ်စွာဘုရားပေးတဲ့ ကမ္မဋ္ဌာန်းနည်းအတိုင်း ဖြစ်နေတဲ့ ပီတိကိုခွာပြီး ခန္ဓာကိုယ်ကို ဉာဏ်စိုက်ရှုလိုက်တာ အရဟတ္တဖိုလ် ရသွားပါတော့တယ်။

ဗင်ဂိုးလည်း နားရွက်တစ်ဖက်ကို အမျိုးသမီးလေးကို ပေးခဲ့တယ်။ သုဘာထေရီလည်း မျက်လုံးတစ်လုံးကို အမျိုးသားလေးကို ပေးခဲ့တယ်။ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုကို ပေးခဲ့တာချင်းတူပေမယ့် ခံယူချက်ခြင်း ဦးတည်ချက်ခြင်းတော့ မတူပါဘူး။ ဗင်ဂိုးရဲ့အပြုအမူက တရားသဘောနဲ့ ကြည့်ရင် ရူးတာပါ။ သုဘာထေရီရဲ့အပြုအမူက တစ်စုံတစ်ယောက်ရဲ့အကျိုးကို ငဲ့တာပါ။

တကယ့်အရှိဇာတ်ဝတ္ထုပဲဖြစ်ဖြစ်၊ ဖန်တီးထားတဲ့ ဇာတ်ဝတ္ထုပဲဖြစ်ဖြစ် ဇာတ်ဆောင်တွေရဲ့ ကံသုံးပါးအမူအရာတွေမှာ အဓိပ္ပာယ်မဲ့မှု၊ အဓိပ္ပာယ်ရှိမှုတွေကတော့ အားပြိုင်နေတတ်ပါတယ်။ တချို့ဇာတ်ဝတ္ထုတွေမှာ အဓိပ္ပာယ်မဲ့မှုတွေ ခပ်များများရယ်ပါ။

သက်ရှိလူတစ်ယောက်ရဲ့ ဘဝနေထိုင်မှုကိုကြည့်ရင်လည်း ဒီအတိုင်းပါပဲ။ လူ့ဘဝသက်တမ်းလေးက တိုတိုလေးရယ်ပါ။ အဲဒီသက်တမ်းတိုတိုလေးရဲ့ ဘဝနေထိုင်မှုတွေထဲမှာ အဓိပ္ပာယ်မဲ့မဲ့နေထိုင်မှုတွေက များနေရင် လူ့ဘဝရလာတာ ဘယ်လာအဓိပ္ပာယ်ရှိပါတော့မလဲ။ တကယ်စဉ်းစားကြည့်ရင် မန်ယူနဲ့ အာစင်နယ်ပွဲ မကြည့်ရလို့လည်း ဘဝက ဘာမှဖြစ်မသွားပါဘူး။ အဲဒီအချိန် စာအုပ်တစ်အုပ် ဖတ်နေမယ်။ တရားတိတ်ခွေ နားထောင်နေမယ်။ တရားမှတ်နေမယ်ဆိုရင် ဘဝက တကယ်အဓိပ္ပာယ်ရှိနေတာပါ။ အဲဒီလိုပြောတော့ ဘောသမားတွေကတော့ လက်ခံချင်မှ လက်ခံမှာပါ။ ဓမ္မသဘောနှယ်အောင် ပြောရရင် ကိုယ့်ရဲ့ကံသုံးပါးအမူအရာတွေဟာ ကုသိုလ်ဖြစ်နေရင် အဓိပ္ပာယ်ရှိနေတာပါ။ အကုသိုလ်ဖြစ်နေရင်တော့ အဓိပ္ပာယ်မဲ့နေ

တာပါပဲ။ တစ်နည်းအားဖြင့် ရူးနေတာပါပဲ။

သူတစ်ပါးသာ အပြစ်ပြောနေတာပါ။ ကိုယ်ကျတော့လည်း ဘာထူးလို့လဲ။ လပြည့်ညမှာ တော်တော်နဲ့မအိပ်ဖြစ်ဘဲ လကို ထိုင်ကြည့်နေခဲ့ဖူးတာ၊ မသွားဘဲနေရင် နေလို့ရတဲ့နေရာကို အပျော်သဘောမျိုး သွားဖြစ်အောင်သွားခဲ့တာ၊ မဖတ်ဘဲနေမယ်ဆိုရင် နေလို့ရတဲ့စာကို ဖတ်ပြီး အချိန်ဖြုန်းနေတာစသည်ဖြင့်ပေါ့ အများကြီးပါပဲ။ ဒါက ဖြတ်သန်းခဲ့တဲ့နှစ်နဲ့ ချိန်ပြီးပြောတာပါ။

လက်ရှိပစ္စုပ္ပန်ရဲ့ ကံသုံးပါးအမူအရာလေးတွေမှာလည်း အဓိပ္ပာယ်မဲ့တာလေးတွေက အစဉ်သဖြင့် တွဲတွဲပါနေတတ်ပါတယ်။ အဓိပ္ပာယ်မဲ့တဲ့အတွေးတွေ တွေးနေတာ၊ အဓိပ္ပာယ်မဲ့တဲ့စကားတွေ ပြောနေတာ၊ အဓိပ္ပာယ်မဲ့တဲ့အပြုအမူလေးတွေ ပြုမူနေတာ နေ့စဉ်လိုလိုပါပဲ။ ဘာတွေလဲလို့မေးရင် အမျိုးအမည်တွေကများလွန်းလို့ ပြောပြဖို့ ခပ်ခက်ခက်ရယ်ပါ။ ပန်းပွင့်လေးတွေပွင့်မပွင့် အောက်ဆင်းကြည့်တာ၊ ကိုယ်ကြိုက်တဲ့ ဘောလ်ပင်နဲ့ အရောင်မရလို့စာမရေးဘဲနေတာ စသည်ဖြင့် အများကြီးပါပဲ။

တစ်ခါတလေတော့လည်း အဓိပ္ပာယ်မဲ့တဲ့ အလုပ်ကလေးတွေလုပ်ဖြစ်ရင် သတိလေးလည်း ဝင်လာလိုက်မယ်ဆိုရင် "ရူးတာ"လို့ ကိုယ့်ကိုယ်ကိုယ်ခပ်တိုးတိုးလေး ပြောမိလိုက်ပါတယ်။

စိတ်တော့မဆိုးနဲ့နော် ... စာဖတ်သူဟာ တစ်နေ့ကို အချိန်ဘယ်လောက် ရူးဖြစ်သလဲ၊ ပုထုဇဉ်ပဲ ရူးပေါ့။ ဒါပေမယ့် ရူးချိန် သိပ်တော့မများစေနဲ့ပေါ့။ တကယ်လို့ အဓိပ္ပာယ်မဲ့တဲ့အလုပ်ကလေးကို လုပ်မိတယ်၊ သတိလေးလည်း ဝင်ဖြစ်လိုက်မယ်ဆိုရင် "ရူးတာ"လို့ ကိုယ့်ကိုယ်ကိုယ်ပြောကြည့်လိုက်ပါလား။ ဘယ်သူမှမကြားအောင်တော့ ပြောနော်။ ကြားသွားရင် ကိုယ့်ကို တကယ့်အရူးလို့ ထင်နေလိမ့်မယ်။ သတိဝင်တိုင်း မကြာမကြာပြောပြောပေးရင် ရူးချိန်တော့ လျော့လျော့သွားမှာပါပဲလေ။

Future Light မဂ္ဂဇင်း
မတ်၊ ၂၀၀၅။

ကျမ်းကိုး–

၁။ ထေရီအဋ္ဌကထာ၊ သုဘာထေရီဝတ္ထု

၂။ ထေရီထေရာရဟန္တာပုဂ္ဂိုလ်ကြီးများ (ဝဏ္ဏသိရီ)




ဆရာတော်အစဉ်အဆက်ဆက် ပြောပြခဲ့တဲ့ ဓမ္မပုံဝတ္ထုလေးတစ်ပုဒ်ကို အရင်ပြောပြရအောင်ပါ။

တစ်ခါတုန်းက ဘုန်းကြီးကျောင်းတစ်ကျောင်းကို သူတောင်းစားတစ်ယောက် ရောက်လာပါတယ်။ ကျောင်းပေါ်ရောက်တော့ ကျောင်းထိုင်ဘုန်းကြီးကိုအသင့်တွေ့တာနဲ့ “ဘုန်းကြီးဘုရား ... ဆွမ်းကျန်ကွမ်းကျန်လေးများရှိရင် စွန့်ပါဘုရား”လို့ လျှောက်လိုက်ပါတယ်။

ဒီတော့ ကျောင်းထိုင်ဘုန်းကြီးက "မင်းမှာ ခြေကော လက်ကော အကောင်းကြီး၊ ကိုယ့်ဟာကိုယ် လုပ်စားပါလား၊ ဘာဖြစ်လို့ တောင်းစားနေရတာလဲ၊ သွား မပေးနိုင်ဘူး၊ အခုဆင်းသွား"လို့ ခပ်ငေါက်ငေါက်လေး ပြောလိုက်ပါတယ်။

သူတောင်းစားက ချက်ချင်းမဆင်းသေးဘဲ လက်အုပ်ကလေးချီပြီး "ဘုန်းကြီးဘုရား တပည့်တော် အခုပဲဆင်းပါ့မယ်ဘုရား၊ မဆင်းခင် ဘုန်းကြီးကို လင်္ကာလေးနဲ့ကန်တော့ပြီး ဆင်းပါရစေဘုရား"လို့ လျှောက်လိုက်ပါတယ်။ ဘုန်းကြီးကလည်း ဆွမ်းစားခါနီးနေပြီဆိုတော့ "မင်း ကန်တော့မှာ ဖြင့်လည်း မြန်မြန်ကန်တော့၊ ကန်တော့ပြီးရင် ဆင်းတော့"လို့ ခပ်မာမာလေး ထပ်ပြောလိုက်ပါတယ်။

သူတောင်းစားကလည်း ဆောင့်ကြောင့်လေးထိုင်၊ လက်အုပ်ကလေး ချီပြီး– **"ရှေးကကောင်းလို့ ခုကောင်းပါသည်၊**
**ခုကောင်းရင် နောင်ကောင်းပါလိမ့်မည်။**
**ရှေးကမကောင်းလို့ ခုမကောင်းပါသည်၊**
**ခုမကောင်းရင် နောင်မကောင်းပါလိမ့်မည်။**"လို့ ဆိုပြီး ကန်တော့လိုက်ပါတယ်။

သူတောင်းစားက ကန်တော့ပြီး ပြန်ဆင်းမယ်လည်းလုပ်ရော ဘုန်းကြီးက "ဟဲ့ ကိုရင်လာစမ်း၊ ဟိုပြင်ထားတဲ့ ဆွမ်းအုပ်ထဲက တစ်ယောက်စာ လုံလုံလောက်လောက် ထည့်ပေးလိုက်"လို့ ပြောလိုက်ပါတော့တယ်။

သူတောင်းစားကလည်း ဆွမ်းထုပ်ရသွားတော့ ပြုံးပြုံးပြုံးပြုံးနဲ့ ကျောင်းပေါ်က ပြန်ဆင်းသွားပါသတဲ့။

သူတောင်းစားဆိုခဲ့တဲ့ လင်္ကာလေးက သိပ်ပြီး တာသွားတာပါ။ ဒီလင်္ကာလေးကို အခြေခံပြီး အတွေးလေးချက် တွေးလို့ရပါတယ်။

ရှေးက ကုသိုလ်ကောင်းမှုတွေပြုခဲ့လို့ အခုဘဝ ကောင်းနေတယ်။ အခုဘဝကုသိုလ်ကောင်းမှုတွေ ဆက်ပြုနေရင် နောင်ဘဝလည်း ဆက်ကောင်းနေဦးမှာပဲ။

ရှေးက ကုသိုလ်ကောင်းမှုတွေမပြုခဲ့လို့ အခုဘဝ မကောင်းဖြစ်နေတယ်။ အခုဘဝ ကုသိုလ်ကောင်းမှုမပြုဘူးဆိုရင် နောင်ဘဝလည်း ဆက်

မကောင်းဦးမှာဘဲ။

ရှေးက ကုသိုလ်ကောင်းမှုပြုခဲ့လို့ အခုဘဝ ကောင်းနေတယ်။ အခုဘဝ ကုသိုလ်ကောင်းမှု ဆက်မပြုဘူးဆိုရင် နောင်ဘဝ မကောင်းဘဲ ဖြစ်နေလိမ့်မယ်။

ရှေးကကုသိုလ်ကောင်းမှု မပြုခဲ့လို့ အခုဘဝ မကောင်းဘူး။ ဘာဖြစ်လဲ၊ အခုဘဝ ကုသိုလ်ကောင်းမှုတွေ ဆင့်ကာဆင့်ကာပြုနေရင် နောင်ဘဝ ကောင်းမှာပဲ။

စိတ်နေစိတ်ထားဘက်ကလှည့်တွေးမယ်ဆိုရင်လည်း ရှေးဘဝက စိတ်ထားကောင်းခဲ့လို့ အခုဘဝ ကောင်းနေတယ်၊ အခုဘဝ စိတ်ထား ကောင်းရင် နောင်ဘဝလည်း ဆက်ကောင်းဦးမှာပဲ။

ရှေးဘဝက စိတ်ထားမကောင်းခဲ့လို့ အခုဘဝ မကောင်းဖြစ်နေတယ်။ အခုဘဝ စိတ်ထားမကောင်းရင် နောင်ဘဝလည်း မကောင်းဦးမှာဘဲ။

ရှေးဘဝက စိတ်ထားကောင်းခဲ့လို့ အခုဘဝ ကောင်းနေတယ်၊ အခုဘဝ စိတ်ထားမကောင်းရင် နောင်ဘဝ မကောင်းဘဲဖြစ်နေလိမ့်မယ်။

ရှေးဘဝက စိတ်ထားမကောင်းခဲ့လို့ အခုဘဝ မကောင်းဖြစ်နေတယ်၊ ဘာဖြစ်လဲ ... အခုဘဝ စိတ်ထားကောင်းအောင်နေလိုက်ရင် နောင်ဘဝ ကောင်းမှာပဲ။

အတွေးလေးချက်က စက်လှည့်ပြီး ဆင့်ပွားထွက်လာပါတယ်။ လူဆိုတာ သူ့ကံနဲ့သူ၊ ကိုယ့်ကံနဲ့ကိုယ်ပါ။ ကံချင်းသွားယှဉ်လို့မရပါဘူး။

ဥပမာ – ဌာနတစ်ခု၊ ရုံးတစ်ခု၊ ကုမ္ပဏီတစ်ခုမှာ ကိုယ့်ထက်သာနေတဲ့လူဆိုတာ ရှိနေတတ်ပါတယ်။ ကိုယ့်ထက်သာ မနာလိုဆိုတဲ့အတိုင်း မနာလိုတတ်တဲ့ ဣဿာမစ္ဆရိယစိတ်တွေလည်း ဝင်လာပါတယ်။ ဒီလိုဝင်လာပြီဆိုရင်တော့ အဲဒီလူအတွက် အမှားကြီးမှားတော့တာပါပဲ။

ဝင်လာတဲ့ မနာလိုစိတ်ဟာ မကောင်းတဲ့စိတ်ပါ။ မကောင်းတဲ့စိတ်က မကောင်းကျိုးကိုပဲ ကောန်ပေးတတ်ပါတယ်။ အလိုလိုကမှ ရှေးက မကောင်းခဲ့လို့ ဌာနမှာ သူများအောက် နိမ့်နေရတဲ့အထဲ မကောင်းတဲ့စိတ် ထပ်ဖြစ်ရင် မြင့်ဖို့နေနေသာသာ လက်ရှိအနေအထားထက် ထပ်နိမ့်ဖို့ပဲ ရှိပါတော့တယ်။ မကောင်းတဲ့စိတ်ဖြစ်လေ အောင်မြင်မှုနဲ့ တစ်ရက်ဝေးလေ၊

မကောင်းတဲ့စိတ်ဖြစ်လေ အောင်မြင်မှုနဲ့ တစ်ရက်ဝေးလေနဲ့ ဝေးသထက်ဝေး နစ်သထက်နစ်ပါလိမ့်မယ်။

တကယ်တော့ သူတစ်ပါးရဲ့ကံကို ကိုယ်က အားကျရမှာပါ။ မနာလို ရမှာ မဟုတ်ပါဘူး။ မနာလိုတဲ့စိတ် ဖြစ်နေတာကကို ကိုယ့်ရဲ့အတွေးအခေါ် မှားနေတာပါပဲ။

ကိုယ့်ထက်သာတဲ့သူနဲ့တွေ့တဲ့အခါ နှလုံးသွင်းမှန်ဖို့ သိပ်အရေးကြီး ပါတယ်။ နှလုံးသွင်းမှားရင် နစ်သထက် နစ်သွားပါလိမ့်မယ်။

နှလုံးသွင်းမှန်ဖို့ကတော့ သိပ်ပြီးမခက်လှပါဘူး။အထက်က လင်္ကာ လေးကို ပြန်အာရုံပြုလိုက်ရုံပါပဲ။

"ဩော် ... သူက ရှေးကကောင်းခဲ့လို့ အခုကောင်းနေတာ၊ ငါက ရှေးကမကောင်းခဲ့လို့ အခုမကောင်းနေရတာ၊ သူ့လိုကောင်းအောင် အခုဘဝ မှာတော့ ကောင်းအောင်ပဲနေမယ်"လို့ နှလုံးသွင်းပြီး ကုသိုလ်ကောင်းမှုတွေ ဆင့်ကာ ဆင့်ကာ၊ ဆက်တိုက် ဆက်တိုက် ပြုနေဖို့ပါပဲ။

ကုသိုလ်ဆိုလို့ ကျောင်းကြီးတွေ ဆောက်လှူမှ၊ ရှင်တစ်ထောင် ရှင်တစ်ရာတွေ ပြုပေးမှ ကုသိုလ်ရတာ မဟုတ်ပါဘူး။ မနက်အိပ်ရာထတာနဲ့ ဂုဏ်တော်လေးပွား၊ မေတ္တာလေးပွား၊ ဝိပဿနာလေး ပွားနေလိုက်ရင်လည်း ပိုက်ဆံမကုန်ဘဲ ကုသိုလ်ဖြစ်နေတာပါ။

နောက် ငါးပါးသီလကို နေ့စဉ် အထူးစောင့်ထိန်းပြီး ရှစ်ရက်၊ ဆယ့်ငါးရက် ဥပုသ်နေ့တွေမှာလည်း ရှစ်ပါးသီလ၊ ကိုးပါးသီလတွေကို ဝတ်တစ်ခုလို စောင့်ထိန်းသွားမယ်။ ကိုယ့်ရဲ့စိတ်ထားလေးကိုလည်း မြင့်မြတ် သထက် မြင့်မြတ်အောင် တည်ဆောက်သွားမယ်ဆိုရင် မကြာခင် အချိန် အတွင်း ကိုယ်မျှော်လင့်တဲ့ကောင်းကျိုးတွေ ရောက်လာမှာပါ။

စာမှာလည်း ဣဇ္ဈတိဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာတဲ့။ အဓိပ္ပာယ်ကတော့ သီလကို အထူးစောင့်ထိန်းမယ်၊ စိတ်ထား လည်း မြင့်မြတ်အောင်နေမယ်ဆိုရင် စိတ်တောင့်တတိုင်း အကုန်ဖြစ်ပါတယ် တဲ့။

နောက်တစ်ခု သတိရတာပြောရရင် စာထဲမှာ အဆင့်လေးဆင့် ပြထားပါတယ်။

ပထမအဆင့်က ဗဟုသုတဖြစ်အောင် တရားနာပါ၊ စာဖတ်ပါတဲ့။

ဒုတိယအဆင့်က ဖတ်ထားတဲ့တရားထဲ စာထဲက ကျက်သင့်ကျက်ထိုက်တာ၊ ဆောင်သင့်ဆောင်ထိုက်တာကို ကျက်ထား၊ ဆောင်ထားပါတဲ့။

တတိယအဆင့်က ကျက်ထား ဆောင်ထားတာတွေကို ပြန်အာရုံပြုပြီး ကြံစည်စဉ်းစားပါတဲ့။

စတုတ္ထအဆင့်က ကြံစည်စဉ်းစားရုံနဲ့တင် ရပ်မထားဘဲ လက်တွေ့အသုံးချကြည့်ရမယ်တဲ့။

အဲဒီအဆင့်လေးဆင့်ကို စာသံပေသံလေးနဲ့ ပြောမယ်ဆိုရင်တော့ ဗဟုသုတဖြစ်အောင် တရားနာတာ၊ စာဖတ်တာဟာ သုတမယဉာဏ် ဖြစ်သွားတာပါ။

နာထား ဖတ်ထားတဲ့အထဲက ကိုယ့်အတွက် အသုံးတည့်ရာကို ကျက်ထား ဆောင်ထားလိုက်တာဟာ ဓာရဏာမယဉာဏ် ဖြစ်သွားတာပါ။

ကျက်ထား ဆောင်ထားတာကို ပြန်အာရုံပြုပြီး ကြံစည်စဉ်းစားတာဟာ စိန္တာမယဉာဏ် ဖြစ်သွားတာပါ။

ကြံစည်စဉ်းစားရုံနဲ့တင် ရပ်မထားဘဲ လက်တွေ့ အသုံးချကြည့်လိုက်တာဟာ ဘာဝနာမယဉာဏ် ဖြစ်သွားတာပါ။

တချို့ကျတော့ သုတမယဉာဏ်လောက်နဲ့ ရပ်ထားကြပါတယ်။ တချို့ကျတော့ ဓာရဏာမယဉာဏ်လောက်နဲ့ ရပ်ထားလိုက်ကြပါတယ်။ တချို့ကျတော့ စိန္တာမယဉာဏ်လောက်နဲ့ ရပ်ထားလိုက်ကြပါတယ်။ တချို့ကျတော့ နောက်ဆုံးအဆင့် ဘာဝနာမယဉာဏ်ဖြစ်အောင်ထိ လက်တွေ့အသုံးချလိုက်ကြပါတယ်။

စာတွေဖတ်ပါရဲ့၊ တရားတွေနာပါရဲ့၊ ဆောင်ထား ကျက်ထားပါရဲ့၊ ကြံစည်စဉ်းစားပါရဲ့၊ ဒါပေမယ့် လက်တွေ့ကျင့်သုံးမှုမရှိရင်တော့ ပန်းတိုင်မရောက်သေးပါဘူး။ မြတ်စွာဘုရားရှင်ရဲ့အလိုကျလည်း မဖြစ်သေးပါဘူး။ လက်တွေ့ကျင့်သုံးတဲ့နေရာမှာ အစစအရာရာအားလုံးကို အကုန်လိုက်ပြီး ကျင့်သုံးနေဖို့ဆိုတာတော့ မလွယ်လှပါဘူး။ ကိုယ်နဲ့အသုံးအတည့်ဆုံးကို အဓိကကျင့်သုံးသွားဖို့ပါ။

လူဆိုတာ တစ်ဦးတစ်ယောက်တည်းနဲ့ ရပ်တည်လို့ မရတာဆိုတော့ ပတ်ဝန်းကျင်ဆိုတာတော့ သေတဲ့အထိ ရှိနေမှာပါပဲ။ ပတ်ဝန်းကျင်ရှိနေတဲ့အတွက် ပတ်ဝန်းကျင်ကိုအမှီပြုပြီး ခံစားချက်မျိုးစုံတော့ ဝင်လာနေမှာပါပဲ။ ကောင်းတဲ့ခံစားချက်ဝင်လာရင် ဘာမှပြဿနာမရှိပေမယ့် မကောင်းတဲ့ခံစားချက်ဝင်လာရင်တော့ မကောင်းကျိုးကလည်း ငြိမ်နေမှာ မဟုတ်ပါဘူး။ အမြီးဆွဲပြီး လိုက်လာမှာပါ။

ပတ်ဝန်းကျင်ကိုအမှီပြုပြီး ခံစားချက်ဝင်လာရင် နှလုံးသွင်းမှန်ဖို့သိပ်အရေးကြီးပါတယ်။ နှလုံးသွင်းမှားသွားရင် ဒီပစ္စုပ္ပန်ဘဝတင်မကဘဲ နောင်သံသရာအထိ အကျိုးယုတ်မှုတွေ လိုက်သွားတတ်ပါတယ်။ လိုက်သွားတဲ့ သာဓကတွေကလည်း အများကြီးပါ။

လူဆိုတာ သူ့ကံနဲ့သူ၊ ကိုယ့်ကံနဲ့ကိုယ်ပါ။ ကိုယ်က ပညာအတွေ့အကြုံ သူ့ထက်သာချင်သာမယ်။ ကံကျတော့ သူ့ထက်သာချင်မှသာမှာပါ။ ဒီကံရဲ့သဘာဝကို ကိုယ်က ကောင်းကောင်းလက်ခံနိုင်ရပါ့မယ်။ လက်ခံပြီး သူ့ရဲ့ကံကို အပြစ်မတင်မိစေဘဲ ကိုယ့်ရဲ့ကံကိုပဲ အပြစ်တင်ပြီး "ငါ အတိတ်ဘဝက ကောင်းမှုကံနည်းခဲ့လို့ အခုဘဝမကောင်းတာပဲ။ ဒီဘဝမှာတော့ ကုသိုလ်ကောင်းမှုတွေ ဆင့်ကာ ဆင့်ကာ ပြုနေမှပဲ"ဆိုပြီး ကုသိုလ်ကောင်းမှုတွေ ပြုပြုပေးဖို့ပါ။

ဘာပဲပြောပြော ဌာနတစ်ခုမှာ ကိုယ့်ထက်သာတဲ့ တစ်ယောက်ယောက်နဲ့ကြုံပြီး မနာလိုတဲ့စိတ် ဝင်ခဲ့ရင်တော့ အောက်ပါလင်္ကာလေးကို တိုးတိုးလေးသာ ရွတ်ကြည့်လိုက်ပါတော့။

**ရှေးကကောင်းလို့ ခုကောင်းပါသည်၊**
**ခုကောင်းရင် နောင်ကောင်းပါလိမ့်မည်။**
**ရှေးကမကောင်းလို့ အခုမကောင်းပါသည်၊**
**ခုမကောင်းရင် နောင်မကောင်းပါလိမ့်မည်။**

**ကျမ်းကိုး–**
သဗ္ဗမင်္ဂလဓမ္မဒေသနာ (အရှင်ဝါသဝါဘိဝံသ)

Future Light မဂ္ဂဇင်း
ဧပြီ၊ ၂၀၀၅။


ပုတော်နှင့်
ပုတောင်း

## ရှူတော်နှင့် ရှူကောင်း

မြတ်စွာဘုရားရှင်လက်ထက်တော်က ကေူဒါနလို့ အမည်ရတဲ့ မထေရ်တစ်ပါး ရှိခဲ့ဖူးပါတယ်။ ကေူဒါနကို ပုဒ်ခွဲရင် ကေ–ဥဒါနပါ။ အဓိပ္ပါယ်ကတော့ ဥဒါန်းဂါထာ တစ်ပုဒ်ပဲရပြီး အဲဒီဂါထာတစ်ပုဒ်ကိုပဲ အမြဲရွတ်ဆိုလေ့ရှိသူလို့ အဓိပ္ပါယ်ရပါတယ်။

ဒါပေမယ့် ကေူဒါနမထေရ်ဟာ ဂါထာတစ်ပုဒ်ပဲ ရပေမယ့် အဲဒီဂါထာတစ်ပုဒ်က ပြောတဲ့အတိုင်း လိုက်နာကျင့်ကြံတဲ့သူပါ။ နည်းနည်းသိပေမယ့် သိသလောက်လေးကိုပဲ အတိအကျ လိုက်နာကျင့်သုံးသူပါ။ အဲဒီလို အသိနဲ့အကျင့် ထပ်တူကျသွားလို့လည်း မကြာခင်ကာလမှာဘဲ ရဟန္တာမထေရ်တစ်ပါး ဖြစ်သွားခဲ့ရပါတယ်။

ကေူဒါနမထေရ်ဟာ တောထဲမှာတစ်ပါးထဲပဲနေပြီး သူရတဲ့ ဂါထာလေးတစ်ပုဒ်ကိုပဲ ဥပုသ်နေ့ ရောက်လာပြီဆိုရင် ရွတ်ဆိုဟောပြောလေ့ရှိပါတယ်။ ကေူဒါနမထေရ်က ဂါထာလေးကို မရွတ်ခင် တောထဲမှာနေကြတဲ့ နတ်အားလုံးကိုလည်း တရားနာဖို့ အမြဲဖိတ်ခေါ်လေ့ရှိပါတယ်။ ကေူဒါနမထေရ် ဂါထာလေး ရွတ်ပြီးလို့ ဆုံးတာနဲ့ တောထဲမှာနေကြတဲ့ နတ်အားလုံးက ဝိုင်းပြီး သာဓုခေါ်ကြပါတယ်။ နတ်တွေရဲ့သာဓုခေါ်သံဟာ တစ်တောလုံးဟိန်းထွက်သွားလေ့ ရှိပါတယ်။

ဒီအစီအစဉ်လေးက ဥပုသ်နေ့တိုင်း ပြုမူနေကျ အစီအစဉ်လေးပါ။

ကေူဒါနမထေရ် အမြဲရွတ်လေ့ရှိတဲ့ ဂါထာလေးကိုလည်း ဗဟုသုတ

အဖြစ် မှတ်ထားလိုက်ပါဦး။

**အမိစေတသော အပ္ပမဇ္ဇတော၊**

**မုနိနော မောနပထေသုသိက္ခတော။**

**သောကာ နဘဝန္တိ တာဒိနော၊**

**ဥပသန္တဿ သဒါ သတီမတော။**

ဒီလိုနဲ့ တစ်နေ့မှာတော့ ပိဋကသုံးပုံဆောင်တဲ့ ဆရာတော်နှစ်ပါးဟာ တပည့်အခြံအရံငါးရာစီနဲ့ ကေ့ဒါနမထေရ်ရဲ့နေရာ တောထဲကို ရောက်လာကြပါတယ်။

တိပိဋက ဆရာတော်နှစ်ပါး ကြွလာတော့ ကေ့ဒါနမထေရ်က တော်တော်လေး ဝမ်းမြောက်သွားပါတယ်။ နေရာထိုင်ခင်းပေးပြီး ကေ့ဒါနမထေရ်က ဘာစလျှောက်သလဲဆိုတော့ –

"အရှင်ဘုရားတို့ ... တပည့်တော်ကို တရားဟောပါဦးဘုရား၊ တပည့်တော်တရားနာချင်လို့ပါဘုရား"လို့ လျှောက်ထားလိုက်ပါတယ်။

တိပိဋက ဆရာတော်နှစ်ပါးက "တရားနာမယ့်သူက အရှင်ဘုရား တစ်ပါးပဲလား"လို့ ပြန်မေးလိုက်ပါတယ်။

ကေ့ဒါနမထေရ်ကလည်း "တပည့်တော် တစ်ပါးတည်း မဟုတ်ပါဘူးဘုရား၊ တောထဲကနတ်တွေလည်း လာနာလေ့ရှိပါတယ်ဘုရား၊ တရားဆုံးရင် သူတို့က သာဓုခေါ်လေ့ရှိပါတယ်ဘုရား"လို့ ပြန်ဖြေလိုက်ရပါတယ်။

ဒီလိုနဲ့ တိပိဋကဆရာတော်နှစ်ပါး တစ်လှည့်စီ တရားဟောရောဆိုပါတော့။

တိပိဋကဆရာတော်နှစ်ပါးက ပိဋကသုံးပုံထဲက တကယ့်အနှစ်တွေကို ရွေးပြီး ဟောပြောကြပါတယ်။ ဒါပေမယ့် တရားသာဆုံးသွားတယ်၊ ဘယ်နတ်ကမှ သာဓုမခေါ်ပါဘူး။

ဒီတော့ တိပိဋကဆရာတော်နှစ်ပါးက မေးခွန်း ထုတ်ပါတော့တယ်။

"အရှင်ဘုရားပြောတော့ နတ်တွေကသာဓုခေါ်တယ်ဆို၊ အခုဘာသံမှမကြားရပါလား၊ တပည့်တော်တို့မှာ ဟောလိုက်ရတာ ဖတ်ဖတ်ကို မောရော"

"တပည့်တော်ဟောရင်တော့ အမြဲသာဓုခေါ်လေ့ ရှိတယ်ဘုရား"

"ဒါဆို အရှင်ဘုရား ဟောပြစမ်းပါဦး"

"မှန်ပါ့ဘုရား"

**အဓိစေတသော အပ္ပမဇ္ဇတော၊**

**မုနိနော မောနပထေသုသိက္ခတော။**

**သောကာ နဘဝန္တိ တာဒိနော၊**

**ဉပသန္တဿ သဒါ သတိမတော။**

ဧကူဒါနမထေရ်က သူရွတ်ဆိုနေကျ ဂါထာလေးကို ရွတ်လိုက်ပါတယ်။ ဂါထာဆုံးတာနဲ့ နတ်တွေက တစ်တောလုံး ညံသွားအောင် ဝိုင်းပြီး သာဓုခေါ်ကြပါတယ်။

နတ်တွေရဲ့သာဓုခေါ်သံကြားတော့ တိပိဋကဆရာတော်နှစ်ပါးရဲ့ တပည့်တွေက ဘယ်လိုပြောသလဲဆိုတော့ "နတ်တွေက မျက်နှာလိုက်တာ"တဲ့။

ကိစ္စပြီးလို့သာ ပြန်လာကြရတယ်။ တိပိဋကဆရာတော်နှစ်ပါးရဲ့ တပည့်တွေက သိပ်ပြီးမကျေနပ်ကြပါဘူး။ ဒါကြောင့် ကျောင်းပြန်ရောက်တဲ့အခါ နတ်တွေ မျက်နှာလိုက်တဲ့အကြောင်းကို မြတ်စွာဘုရားရှင်ကို လျှောက်ပြကြပါတယ်။

မကျေနပ်တဲ့စကားဆိုလာတဲ့ တိပိဋကဆရာတော်နှစ်ပါးရဲ့ တပည့်တွေကို မြတ်စွာဘုရားက ဘယ်လိုပြန်ရှင်းပြသလဲဆိုတော့ –

"ချစ်သားတို့ သင်လည်းသင်ပါရဲ့၊ သိလည်းသိပါရဲ့၊ ဟောလည်းဟောပါရဲ့၊ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်ကို တရားဆောင်တဲ့ပုဂ္ဂိုလ်လို့ မခေါ်သေးဘူး၊ သိရုံတင်မကဘူး၊ ကျင့်လည်းကျင့်ပါမှ တရားဆောင်တဲ့ပုဂ္ဂိုလ်လို့ခေါ်တယ်"လို့ ဟောပြလိုက်ရပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ အဓိကဆိုလိုချက်ကတော့ သိရုံနဲ့တင် မလုံလောက်သေးဘဲ အသိနဲ့အကျင့် တွဲပါနေမှ၊ အသိနဲ့အကျင့် ဟပ်မိနေမှ လူသာဓုခေါ်၊ နတ်သာဓုခေါ် ဖြစ်တယ်ဆိုတာပါပဲ။

* * *

ဘာရယ်တော့မဟုတ်ပါဘူး၊ ဒီအတောအတွင်း အသိနဲ့အကျင့် အကြောင်းလေး စဉ်းစားနေမိလို့ ဒီဝတ္ထုလေး ထုတ်ပြလိုက်ရတာပါ။

ဧကူဒါနမထေရ်က နည်းနည်းပဲသိပေမယ့် သိသလောက်ကို

ကျင့်သူပါ။ ကျင့်ပြီး မြတ်စွာဘုရားမျှော်လင့်တဲ့ ပန်းတိုင်ကိုလည်း ရောက်နေသူပါ။

တိပိဋကဆရာတော်နှစ်ပါးကတော့ အသိနဲ့ပတ်သက်လို့ ပိဋကသုံးပုံတောင် ဆောင်ထားတာဆိုတော့ အထူးပြောစရာမလိုတော့ပါဘူး။ ဒါပေမယ့် အကျင့်ကျတော့ မရှိသေးပါဘူး။ အဲဒီတော့ နတ်တွေက သာဓုမခေါ်တော့ဘူးပေါ့လေ။

လောကမှာ ဘယ်လောက်ပဲသိသိ၊ မိုးပျံအောင်သိ၊ ဒါပေမယ့် အကျင့်ပါ တွဲမပါနိုင်သေးဘူးဆိုရင် ဘဝက အဓိပ္ပါယ်မရှိသေးပါဘူး။ အကျင့်ဟာ လူတစ်ယောက်ရဲ့ ဘဝကို သိပ်ပြီးပြဋ္ဌာန်းပါတယ်။

ဒီနေရာမှာ အသိနဲ့အကျင့်ကို အခြေခံပြီး လူတော်နဲ့ လူကောင်းဆိုပြီး ထပ်ခွဲလို့ရပါသေးတယ်။

လူတော်ဆိုတာ ဘာသာရပ်တစ်ခုအပေါ်မှာ ကျွမ်းကျင် တတ်မြောက်တာ၊ ဒါမှမဟုတ် ဘာသာရပ်မျိုးစုံအပေါ်မှာ ကျွမ်းကျင် တတ်မြောက်တာပါ။

လူကောင်းဆိုတာ ကိုယ့်ရဲ့ကံသုံးပါးအမူအရာတွေကို အထူးစောင့်စည်းပြီး ကိုယ်တိုင်လည်း အကုသိုလ်မဖြစ်အောင်နေတယ်၊ ကိုယ့်ကြောင့်လည်း သူတစ်ပါး အကုသိုလ်မဖြစ်အောင်နေတယ်။ နောက် ... ကိုယ်တိုင်လည်း ကုသိုလ်ဖြစ်အောင်နေတယ်။ ကိုယ့်ကြောင့်လည်း သူတစ်ပါး ကုသိုလ်ဖြစ်အောင်နေတယ်။ ဒါမျိုးကတော့ လူကောင်းပေါ့။

ဒီစာရေးဆဲမှာပဲ ဓမ္မဗျူဟာဆရာမ ဒေါ်ခင်လှတင်ရဲ့ ပါရမီကျင့်စဉ်ပို့ချချက်တိတ်ခွေတွေကိုလည်း နားထောင်နေဖြစ်ပါတယ်။ လူတော်နဲ့ လူကောင်း ခွဲတဲ့နေရာမှာ ဆရာမ ပြောပြတာလေးက ပိုရှင်းပါတယ်။ ဆရာမက "လူတော်ဆိုတာ အသိပညာပိုင်း၊ အတတ်ပညာပိုင်း၊ လူကောင်းဆိုတာ က အကျင့်ပညာပိုင်း၊ အသိနဲ့ပြည့်စုံရင်လူတော်၊ အကျင့်နဲ့ ပြည့်စုံရင် လူကောင်း"ပါတဲ့။

တိုက်တိုက်ဆိုင်ဆိုင် ဒီစာရေးနေတုန်း တိတ်ခွေပါ တွဲနားထောင်ဖြစ်တော့ တော်တော်လေး အဆင်ပြေသွားပါတယ်။

လောကမှာ လူတော်နဲ့လူကောင်း၊ ဘယ်ဟာပိုလိုအပ်သလဲ မေးလာခဲ့ရင် အထူးဖြေစရာ မလိုတော့ပါဘူး။

ဒါပေမယ့် လောကအတွက် အလုပ်လုပ်တဲ့နေရာမှာတော့ လူတော်က သူ့ရဲ့ကျွမ်းကျင်မှုပညာကို အခြေခံပြီး လူကောင်းတစ်လှမ်းစာ လုပ်နိုင်ရင် သူက ငါးလှမ်းဆယ်လှမ်းစာ ပိုလုပ်နိုင်ပါတယ်။

ထပ်ပြီး "ဒါပေမယ့် ရရင်တော့"တော်ပြီး မကောင်းရင်တော့ တော်တော်ကြောက်ဖို့ကောင်းပါတယ်။ ဥပမာ–အထူးကုဆရာဝန်ကြီး တစ်ယောက်၊ သူ့ဘာသာရပ်မှာ သိပ်တော်တယ်၊ နိုင်ငံခြားကလည်း ဘွဲ့တွေ အများကြီး ရထားတယ်၊ ဒါပေမယ့် မကောင်းဘူး၊ ဆေးခန်းကို လူနာများများ လာဖို့ပဲ မျှော်လင့်နေမယ်၊ ပိုက်ဆံကို ပုံမှန်ထက်ပိုပိုယူမယ်၊ ငါးမိနစ် ကြည့်ရမှာကို နှစ်မိနစ်ပဲကြည့်မယ်၊ ဆေးကုမ္ပဏီကြီးတွေနဲ့ပေါင်းပြီး "ဆရာရေ ... ဒါကျွန်မတို့ စမ်းဖော်ထားတဲ့ဆေး၊ ဆရာ့လူနာတွေကို စမ်းသပ်ကုကြည့် စမ်းပါ။ ဒါကဆရာ့အတွက် မာစီဒီးကား"ဆိုပြီး ပေးလာတဲ့လာဘ်ကို ယူပြီး လူနာတွေကို ဆေးအစမ်းသပ်ခံပုံစံမျိုး ကျင့်သုံးနေမယ်ဆိုရင်တော့ လောက အတွက် သိပ်အန္တရာယ်ကြီးပါတယ်။

လူတော်ဖြစ်ဖို့ဆိုတာ ကံနဲ့လည်းဆိုင်ပါတယ်။ ပြည့်ပြည့်စုံစုံ ပြောရရင်တော့ ကံ၊ ဉာဏ်၊ ဆန္ဒ၊ လုံ့လ၊ ကျန်းမာ၊ ဆရာမိဘအားပေးမှုတွေနဲ့ ပြည့်စုံမှပါ။

ဒီအချိန်ကျမှ ဆရာဝန် အင်ဂျင်နီယာ ထဖြစ်ချင်လို့လည်း မရတော့ ပါဘူး။

အတိတ်ကံအရ လူတော်ဖြစ်ခွင့်မရတော့ပေမယ့် လူကောင်းဖြစ်ခွင့် တော့ ရပါသေးတယ်။ အဲဒါကတော့ လူကောင်းဖြစ်ချင်တဲ့စိတ်ကလေး ရှိလိုက်ဖို့ပါပဲ။

အဲဒီ လူကောင်းဖြစ်ချင်တဲ့စိတ်ကလေးကိုပဲ အခြေခံပြီး ကိုယ့်ရဲ့ ကံသုံးပါးကို အထူးစောင့်စည်းလိုက်ရင် မကြာခင်အချိန်အတွင်းမှာ လူကောင်း ဖြစ်လာပါလိမ့်မယ်။ လူတစ်ယောက်ရဲ့ဘဝကို ကံသုံးပါးက အဓိကပြဋ္ဌာန်း ထားတာဆိုတော့ ကံသုံးပါးကို ဂရုစိုက်လိုက်ရင်ပဲ အားလုံးပြည့်စုံသွားပါတယ်။

ချုံ့ပြောရရင်တော့ ရှင်ရာဟုလာကို ဆုံးမတဲ့အတိုင်းပါပဲ။

အတွေးတစ်ခု တွေးတော့မယ်ဆိုရင် မတွေးခင် စဉ်းစားလိုက်ပါဦး။ ကိုယ်တွေးမယ့်အတွေးဟာ မိမိကော၊ သူတစ်ပါးကော နှစ်ဦးလုံး ထိခိုက်နိုင်

မလား၊ ထိခိုက်နိုင်တယ်ဆိုရင် မတွေးပါနဲ့တော့၊ ဒီလိုပါပဲ စကားတစ်ခွန်း ပြောတော့မယ်ဆိုရင်လည်း မပြောခင် သေချာစဉ်းစားလိုက်ပါဦး၊ ကိုယ်ပြော လိုက်မယ့်စကားဟာ မိမိကော, သူတစ်ပါးကော နှစ်ဦးလုံး ထိခိုက်နိုင်မလား၊ ထိခိုက်နိုင်တယ်ဆိုရင် မပြောပါနဲ့တော့၊ အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် လည်း မလုပ်ခင် စဉ်းစားလိုက်ပါဦး၊ ကိုယ်လုပ်မယ့်အလုပ်ဟာ မိမိကော, သူတစ်ပါးကော နှစ်ဦးစလုံး ထိခိုက်နိုင်မလား၊ ထိခိုက်နိုင်တယ်ဆိုရင် မလုပ်နဲ့ တော့။

တကယ်လို့ အမှတ်တမဲ့တွေးမိ, ပြောမိ, လုပ်မိခဲ့တယ်ဆိုရင်လည်း ကိုယ့်ရဲ့အတွေး, အပြော, အလုပ်တွေဟာ မိမိ, သူတစ်ပါး, ထိခိုက်သလား ဆိုတာကို နောင် စောင့်စည်းဖို့ ပြန်ပြန်စဉ်းစားရပါတယ်။

ဒီတွေး, ပြော, လုပ် ကံသုံးပါးလေးကို မတွေးခင်၊ မပြောခင်၊ မလုပ်ခင် ကြိုကြိုစဉ်းစားတတ်တဲ့အကျင့်လေးကို စွဲသွားအောင် အကျင့်လေးလုပ်လုပ် သွားဖို့ပါပဲ။ စွဲသွားရင် နောက်ပိုင်းအထူးကြောင့်ကြစိုက်စရာ မလိုတော့ပါဘူး။

အဲဒီကတစ်ဆင့်တက်ပြီး သူတစ်ပါး အကျိုးရှိစေမယ့် အတွေးလေး တွေ တွေးသွားမယ်၊ သူတစ်ပါး အကျိုးရှိစေမယ့် အပြောလေးတွေ ပြောသွား မယ်၊ သူတစ်ပါးအကျိုးရှိစေမယ့် အလုပ်ကလေးတွေ လုပ်သွားမယ်ဆိုရင် မကြာခင်အချိန်အတွင်းမှာ လူကောင်း ဖြစ်လာမှာပါ။

တကယ်လို့ ကိုယ်ကတော်ပြီး မကောင်းဖြစ်နေတယ်ဆိုရင်လည်း (ကိုယ့်ဇာက်ကိုယ်ပဲအသိဆုံးဆိုတော့) ကိုယ့်စိတ်ကလေးကို ကောင်းချင်တဲ့ စိတ်ကလေးဖြစ်အောင် ပြောင်းယူလိုက်ဖို့ပါပဲ။ နဂိုက တော်ပြီးသားဆိုတော့ ကောင်းဖို့ပြုပြင်တဲ့နေရာမှာ သိပ်ပြီးခက်မယ် မထင်ပါဘူး။

လူ့ဘဝဆိုတာ ခဏလေးပါ။ သေတော့လည်း ထားခဲ့ရတာပါပဲ။ မသေခင်လေးမှာ ကောင်းအောင်နေလိုက်တာပဲ ကောင်းပါတယ်။ အဓိက,က တော့ ကောင်းချင်တဲ့စိတ်ကလေး ရှိဖို့ပါပဲလေ။

* * *

ဒီစာရေးလို့ ဆုံးခါနီးမှာပဲ ကိုယ့်ကိုယ်ကိုလည်း သူများမကြားအောင် စိတ်ထဲကနေ အသာလေး ပြန်မေးကြည့်မိပါတယ်။

"ရဝေနွယ်ရယ် သူများသာ အသိတွေ အကျင့်တွေ၊ လူတော်တွေ

လူကောင်းတွေ ပြောနေတာ ကိုယ်တိုင်ကော အသိနဲ့အကျင့် ထပ်တူကျပြီလား၊ လူကောင်း ဘယ်နှစ်ရာခိုင်နှုန်း ဖြစ်ပြီလဲ"

"..............."

အဖြေကထွက်မလာပါဘူး၊ အဖြေအစား သက်ပြင်းရှည်ပဲ ထွက်လာပါတယ်။

ဘာပဲပြောပြော လူကောင်းမဖြစ်သေးပေမယ့် လူကောင်းဖြစ်ချင်တဲ့စိတ်ကလေးတော့ ရှိနေတာဆိုတော့ "လူကောင်းဖြစ်ချင်တဲ့စိတ်ကလေး ရှိနေတာလေးကကို လူကောင်းဖြစ်ဖို့ အခွင့်အလမ်းတစ်ခုပဲလေ"လို့ ကိုယ့်ကိုယ်ကိုယ် ဖြေဆည်ရင်း အတွေးမေးခွန်းကို ခပ်မြန်မြန် ရပ်လိုက်ရပါတော့တယ်။

**ကျမ်းကိုး–**

၁။ ဓမ္မပဒအဋ္ဌကထာ (ဒုတွဲ)။
ကေူဒါနမထေရ်ဝတ္ထု။

၂။ ဓမ္မဇျှပာာဆရာမ
ဒေါ်ခင်လှတင်၏
ပါရမီကျင့်စဉ်ပို့ချချက်တိတ်ခွေများ။

Future Light မဂ္ဂဇင်း
ဇွန်၊ ၂၀၀၅။

ရွှေကျင်ဆရာတော်ဆိုတာ ကုန်းဘောင်ခေတ် မင်းတုန်းမင်းတရားကြီး
လက်ထက်မှာ ပေါ်ထွန်းခဲ့တဲ့ ဆရာတော်ဘုရားပါ။ ရွှေကျင်ဂိုဏ်းကို စတင်



တည်ထောင်ခဲ့တဲ့ ဆရာတော်ဘုရားလည်း ဖြစ်ပါတယ်။ ရွှေဘိုမြို့နယ် အတွင်း ရွှေကျင်ရွာဇာတိဖြစ်လို့ ရွှေကျင်ဆရာတော်လို့ ခေါ်ကြတာပါ။ ပဲခူးတိုင်း ရွှေကျင်မြို့က ရွှေကျင် မဟုတ်ပါဘူး။

ဆရာတော်ဘုရားရဲ့ဘဝသမိုင်းကိုကြည့်ရင် အကြည်ညိုရဆုံးတွေ့ရတာက ဝိနည်းကိုယ်ကျင့်သိက္ခာကို အထူးလေးစားစောင့်ထိန်းတာပါပဲ။ ဆရာတော် ဝိနည်း ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းပုံကတော့ သာသနာဝင်မှာ စာတင်ရတဲ့အထိပါပဲ။

ဒီဆောင်းပါးမှာတော့ ဆရာတော်ရဲ့ဝိနည်း ကိုယ်ကျင့်သိက္ခာပိုင်းလေးတွေကိုပဲ အဓိကထား ရေးသွားချင်ပါတယ်။

ရဟန်းတော်တွေဟာ မိဘဆွေမျိုးအရင်း မဟုတ်ရင်ဘဲဖြစ်ဖြစ်၊ ဖိတ်မထားရင်ဘဲဖြစ်ဖြစ် ဒကာ၊ ဒကာမတွေဆီမှာ အလှူခံခွင့်၊ တောင်းခံခွင့် မရှိပါဘူး။ တကယ်လို့ အလှူခံဖြစ်မယ်၊ တောင်းခံဖြစ်မယ်ဆိုရင် အညာတက ဝိညတ္တိသိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ် အာပတ်သင့်ပါတယ်။

ရွှေကျင်ဆရာတော်ဘုရား ငယ်စဉ်က ဆရာတော်က ဒီသိက္ခာပုဒ်ကို အာရုံပြုပြီး ပစ္စည်းလိုအပ်ရင် အမေဆီကိုပဲ တောင်းပါတယ်၊ အဖေဆီကို လုံးဝမတောင်းပါဘူး။

အမေနဲ့အဖေမှာ အမေကတော့ ကိုယ်တိုင်မွေးတာဆိုတော့ အမေစစ်တာ ကျိန်းသေပါတယ်။ အဖေစစ်ဖို့ကျတော့ မကျိန်းသေတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တကယ်လို့ အမေလုပ်တဲ့သူက လော်မာခဲ့ရင် အဖေလုံးဝမစစ်နိုင်တော့ပါဘူး။ အဖေမစစ်ရင် ဆွေမျိုးမတော်တဲ့အတွက် မတောင်းကောင်းတော့ပါဘူး။ တောင်းရင် အာပတ်သင့်တော့မှာပါ။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဆရာတော်ဘုရားက ဆွေမျိုးကျိန်းသေစစ်တဲ့ အမေဆီကိုပဲ တောင်းတာပါ။

အဖေစစ် မစစ် သံသယဖြစ်ပြီး အဖေကို မတောင်းတော့ အဖေလုပ်သူ ဒကာကြီးက ရယ်ရအခက်၊ ငိုရအခက် ဖြစ်ပုံရပါတယ်။ ဒီတော့ အဖေလုပ်သူ ဒကာကြီးက–

"မောင်ပဉ္ဇင်းရယ် ... အဖေစစ် မစစ် သံသယဖြစ်နေရင် မောင်ပဉ္ဇင်း ဒကာမကြီးကိုသာ မေးကြည့်ပါတော့။ ဒီလိုမျိုး သံသယဖြစ်ရတယ်လို့

တပည့်တော်တော့ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မတွေ့ဖူးဘူး”လို့ လျှောက်ထားလိုက်ပါတယ်။

တစ်ခါမှာလည်း မင်းတုန်းမင်းတရားကြီးက ရွှေကျင်ဆရာတော် အပါအဝင် ဆရာတော်တချို့ကို မြောက်ဉယျာဉ်တော်ကို ပင့်ပါတယ်။ ဆရာတော်တွေ မြောက်ဉယျာဉ်ကို ရောက်လာပေမယ့် မင်းတုန်းမင်းကြီးက တော့ ရောက်မလာသေးပါဘူး။ ဒါကြောင့် ဆရာတော်တွေက ဉယျာဉ်တော် အတွင်း အညောင်းပြေ လှည့်လည်ကြည့်ရှု တော်မူကြပါတယ်။

ရွှေကျင်ဆရာတော်ဘုရားလည်း နေရာကထပြီး လျှောက်ရင်း သစ်ပင်တစ်ပင်အောက်အရောက်မှာ သစ်ကိုင်းတစ်ကိုင်းကို လှမ်းကိုင်ပြီး ရပ်နေလိုက်ပါတယ်။

ရွှေကျင်ဆရာတော် သစ်ကိုင်းကို ကိုင်ထားဆဲမှာပဲ မင်းတုန်း မင်းကြီးက ရောက်လာပါတယ်။ ဒါပေမယ့် ရွှေကျင်ဆရာတော်က ကိုင်ထား တဲ့သစ်ကိုင်းကို လုံးဝမလွှတ်ပါဘူး။ ကိုင်မြဲတိုင်းပဲ ကိုင်ထားပါတယ်။ လက် တစ်ဖက်က မြှောက်ထားတာဆိုတော့ ချိုင်း(ဂျိုင်း)မွှေးတွေက အထင်းသား ပေါ်နေပါတယ်။ ပေါ်နေပေမယ့် ဆရာတော်က လက်ကို လုံးဝ ပြန်မရုပ်ပါဘူး။

ဒီတော့ ဆရာတော်တစ်ပါးက ဘယ်လိုပြောသလဲဆိုတော့ “ရွှေကျင် ဆရာတော်က မင်းတုန်းမင်းကြီးကို ချိုင်း(ဂျိုင်း)မွှေးတွေ လှစ်ပြလိုက်တာ လား”လို့ ပြောလိုက်ပါတယ်။

တကယ်တော့ ရွှေကျင်ဆရာတော်က မဟာနိဒ္ဒေသပါဠိတော်လာ ကြည်ညိုမှုကို ရှေးရှုပြီး ဣရိယာပုထ်ကိုပြုပြင်ခြင်း ကုဟနပုဂ္ဂိုလ် မဖြစ်အောင် နေမြဲအတိုင်း နေလိုက်တာပါ။ လာဘ်လာဘကို တောင့်တပြီး သူတစ်ပါး ကြည်ညိုအောင် ဣရိယာပုထ်ကို ပြုပြင်ရင် ကောက်ကျစ်စဉ်းလဲတဲ့ ကုဟန ပုဂ္ဂိုလ်ဖြစ်ပါတယ်။

ကုဟန ကောက်ကျစ်စဉ်းလဲလို့ရဝတဲ့ ပစ္စည်းဟာလည်း သမ္မာ အာဇီဝနဲ့ရတဲ့ပစ္စည်း မဟုတ်တော့ပါဘူး။ ရတဲ့ပစ္စည်းကို သုံးခဲ့ရင် အာဇီဝ ပါရိသုဒ္ဓိသီလ ပျက်ပါတယ်။ ဒါကိုတွေးပြီး ဆရာတော်က ဣရိယာပုထ်ကို မပြင်ဘဲ နေလိုက်တာပါ။

မင်းတုန်းမင်းကြီးဟာ ရွှေကျင်ဆရာတော်ဘုရားကြီးကို အာတော်

ကြည်ညိုတာပါ။ ဒါပေမယ့် ဆရာတော်က ရာဇဝလ္လဘအဖြစ်ကို အထူးပဲ ရှောင်ရှားစောင့်စည်းပါတယ်။ ရာဇဝလ္လဘဆိုတာ မင်းနှင့်ကျွမ်းဝင်သူလို့ အဓိပ္ပာယ် ရပါတယ်။ သီလ သမာဓိ ပညာနဲ့ ပြည့်စုံတဲ့ ဆရာတော်ဘုရားကြီးတွေဟာ ရာဇဝလ္လဘကို အပြစ်တစ်ခုလို သဘောထားပြီး ဝေးဝေးက ရှောင်ရှားလေ့ရှိကြပါတယ်။

တစ်ခါမှာလည်း မင်းတုန်းမင်းကြီးက အမတ်တစ်ယောက်ကို လွှတ်ပြီး ရွှေကျင်ဆရာတော်ဘုရားထံ ဆွမ်းစား ပင့်ခိုင်းလိုက်ပါတယ်။

ဆွမ်းစားပင့်သူအမတ် ဆရာတော်ဘုရားဆီ ရောက်တဲ့အချိန်မှာ ဆရာတော်က သင်္ကန်းရုံနေပါပြီ။ ဒါကြောင့် ပင့်သူအမတ်ကလည်း "ဆရာတော်ဘုရား ရေမြေ့ရှင် မင်းတရားကြီးက နန်းတော်ကို ဆွမ်းစားကြွဖို့ ပင့်ခိုင်းလိုက်ပါတယ်ဘုရား"လို့ ကဗျာကယာ လျှောက်လိုက်ရပါတယ်။ ရွှေကျင်ဆရာတော်ဘုရားက ဘာမှပြန်မပြောပါဘူး။ သင်္ကန်းရုံပြီးတော့ သပိတ်လွယ်ပြီး ကျောင်းပေါ်က ဆင်းသွားပါတယ်။

လာပင့်သူအမတ်ကလည်း နောက်ကနေ အသာလိုက်ကြည့်တော့ မန္တလေးတောင်ခြေက အဖိုးအို အဖွားအို နှစ်ယောက်ရဲ့တဲထဲကို ကြွသွားတာ တွေ့လိုက်ရပါတယ်။

အမတ်လုပ်သူလည်း ပြန်လာပြီး မင်းတုန်းမင်းကြီးကို အကျိုးအကြောင်း ပြန်ပြောရပါတော့တယ်။

ရွှေကျင်ဆရာတော်ဘုရားဟာ ရာဇဝလ္လဘအဖြစ်ကို အထူးရှောင်ရှားတယ်ဆိုပေမယ့် တကယ်လိုအပ်လာတဲ့အခါမျိုးမှာတော့ မင်းတုန်းမင်းကြီးကို တကူးတက သွားတွေ့ပါတယ်။

တစ်ခါမှာတော့ ထန်းပင်ရင်းတိုက်နေ ကသာစား မင်းသားလေးရဲ့ အင်္ကျီကို တစ်ခြားတစ်ယောက်က ဝတ်သွားတဲ့အတွက် ဒါကိုအခြေခံပြီး မလိုသူတွေက ပုန်ကန်ခြားနားလိမ့်မယ်ဆိုပြီး ကုန်းတိုက်စကား ပြောကြပါတယ်။ ဒီတော့ ထန်းပင်ရင်းတိုက်သား ဦးဓမ္မသာမိ အပါအဝင် ဘုန်းကြီးသုံးပါးကို ကြံရာပါဆိုပြီး ဖမ်းလိုက်ကြပါတယ်။ ပြီးတော့ နံနက်(၁၀)နာရီမှာ ကွက်မျက်ဖို့လည်း တစ်ခါတည်း အမိန့်ချလိုက်ပါတယ်။

ဒီလာ့ မတ္တရာဆရာတော်၊ မင်းတဲဆရာတော်၊ မန္တလာဆရာတော်

တို့က "မောင်ရွှေကျင်ဆီသွားပါဟ"ဆိုပြီး ဘုန်းကြီးဦးမဥ္ဇူကို လွှတ်လိုက်ပါတယ်။

ဘုန်းကြီးဦးမဥ္ဇူက ရွှေကျင်ဆရာတော်ရဲ့တူ ကိုရင်ရာဇကိုခေါ်ပြီး ညတွင်းချင်းပဲ ရွှေကျင်ဆရာတော်ဆီ သွားပါတယ်၊ ရွှေကျင်ဆရာတော်ဆီ ရောက်ချိန်မှာ ည(၁၀)နာရီ ထိုးနေပါပြီ။

ရွှေကျင်ဆရာတော်ကို ဖြစ်စဉ်လျှောက်ပြတော့ "အင်း ... အင်း ကိုယ်ကျိုးနဲလို့၊ ကိုယ်ကျိုးနဲလို့၊ ဖြစ်မှ ဖြစ်ရပလေ၊ ပြောတော့ သာသနာ့ဒါယကာ၊ သာသနာ့ ဒါယကာနဲ့ သံဃာတွေသတ်ပစ်ရင် ရာဇဝင်ရိုင်းတော့မှာပဲ။ ကိုင်း ... ခုတော့ မိုးချုပ်ပြီ၊ ပြန်ကြဦး။ မနက်မှကြွခဲ့မယ်"လို့ မိန့်လိုက်ပါတယ်။

မနက်စောစောရောက်တော့ ရွှေကျင်ဆရာတော်ဘုရားက နန်းတော်ကိုကြွပြီး ဘုန်းကြီးသုံးပါးကို လွှတ်စေပါတယ်။ ပြီးတော့ မင်းတုန်းမင်းကြီးကိုလည်း မြည်တွန် ဆုံးမပြီး ဩဝါဒပေးခဲ့တယ်လို့ ဆိုပါတယ်။

ရိက္ခာထက် ကိုယ်ကျင့်တရားကိုပဲ တစ်သက်လုံး ငဲ့ခဲ့တဲ့ ဆရာတော်ဘုရားရဲ့ ပုံရိပ်တွေကို ဖျက်လို့မရတဲ့ အက္ခရာတွေနဲ့ သမိုင်းမှာ ကမ္ပည်းထိုးထားကြပါတယ်။ သာသနာတည်နေသရွေ့ ဒီကမ္ပည်းအက္ခရာတွေဟာ ဘယ်တော့မှ ပျက်သွားမှာမဟုတ်တော့ပါဘူး။

သီလ သမာဓိ ပညာနဲ့ ပြည့်စုံတဲ့ ဆရာတော်တွေဟာ လုပ်သင့်လုပ်ထိုက်တာတွေကိုလုပ်ပြီး၊ ရှောင်သင့် ရှောင်ထိုက်တာကို ရှောင်ရှားလေ့ရှိပါတယ်။

*****

**စဇေဓနံ အင်္ဂဝရဿ ဟေတု၊**
**အင်္ဂံ စဇေ ဇီဝိတံ ရက္ခမာနော။**
**အင်္ဂံဓနံ ဇီဝိတဥ္စာပိ သဗ္ဗံ၊**
**စဇေ နရော ဓမ္မမနုဿရန္တော။**

ဒီဂါထာလေးက ငါးရာငါးဆယ် မဟာသုတသောမ ဇာတ်ကလာတဲ့ ဂါထာလေးပါ။ စွန့်ရမယ့်အရာအဆင့်ဆင့်ကို ပြထားတာပါ။

ပထမအဆင့်က လက်ခြေစတဲ့ အင်္ဂါနဲ့ ပစ္စည်းဝတ္ထု နှစ်ခုထဲက

တစ်ခုခုကို စွန့်ဖို့ကြုံလာရင် ပစ္စည်းဝတ္ထုကို စွန့်လိုက်ပါတဲ့။

ဥပမာ လမ်းမှာ လူဆိုး ဓားပြတွေနဲ့ တွေ့တဲ့အခါ ခန္ဓာကိုယ်ကို အနာမခံပါနဲ့။ ပစ္စည်းဝတ္ထုကို စွန့်လိုက်ဖို့ပါ။ ပစ္စည်းဝတ္ထုဆိုတာ အချိန်မရွေး ပြန်ရှာလို့ ရပါတယ်။

ဒုတိယအဆင့်က အသက်နဲ့ လက်ခြေစတဲ့ အင်္ဂါ တစ်ခုခုစွန့်ဖို့ ကြုံလာရင် လက်ခြေကို စွန့်လိုက်ပါတဲ့။

ဥပမာ ရောဂါတစ်ခုခုဖြစ်လို့ ဆေးရုံတက်ရတဲ့အခါ ကိုယ့်ရဲ့ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုဟာ ပျက်စီးနေတဲ့အတွက် စွန့်ဖို့ကြုံလာရင် အသက်ကိုငဲ့ပြီး ခန္ဓာကိုယ်အစိတ်အပိုင်းကို စွန့်ရပါမယ်။

တတိယအဆင့်က ကိုယ်ကျင့်သိက္ခာပျက်စီးဖို့ အခွင့်ကြုံလာရင် ပစ္စည်းဥစ္စာ အင်္ဂါခြေလက် အားလုံး စွန့်လိုက်ပါ။ ကိုယ်ကျင့်သိက္ခာကိုတော့ လုံးဝမစွန့်ပါနဲ့တဲ့။လူတွေပြောပြောနေကြတဲ့ သိက္ခာကို ရိက္ခာနဲ့မလဲဘူးဆိုတာ ဒီကလာတာပါ။

လောကကြီးမှာ မက်မောစရာအာရုံတွေက အများကြီးဆိုတော့ ကိုယ်ကျင့်သိက္ခာကိုမက်ပြီး အာရုံနောက်ကို လိုက်သွားမိတတ်ကြတာပါ။

ဆန်တစ်အိတ် ဆီတစ်ပုံးနဲ့လည်း ကိုယ့်ရဲ့ကိုယ်ကျင့်သိက္ခာကို လဲလိုက်ကြတာပါပဲ။ ပုဆိုးတစ်ထည် လုံချည်တစ်ထည်နဲ့လည်း ကိုယ့်ရဲ့ ကိုယ်ကျင့်သိက္ခာကို လဲလိုက်ကြတာပါပဲ။ နာမည်တစ်လုံးအတွက်နဲ့လည်း ကိုယ့်ရဲ့ကိုယ်ကျင့်သိက္ခာကို လဲလိုက်ကြတာပါပဲ။ ငွေတစ်ထောင် တစ်သောင်း တစ်သိန်းနဲ့လည်း ကိုယ့်ရဲ့ကိုယ်ကျင့်သိက္ခာကို လဲလိုက်ကြတာပါပဲ။

အဲဒီလိုလူမျိုးဟာ လူကမသေသေးပေမယ့် ကိုယ်ကျင့်တရားကတော့ သေသွားပါပြီ။ ကိုယ်ကျင့်တရားသေနေတဲ့ လူတစ်ယောက်ကို သူ့ရဲ့ဝတ္ထု ပစ္စည်းအရှိန်တွေကြောင့် အပြင်ပန်းက ပြုံးပြဆက်ဆံနေရပေမယ့် "ရိက္ခာနဲ့ သိက္ခာလဲသူကြီး၊ ကိုယ်ကျင့်တရားသေနေသူကြီး၊ ဘုရားအလိုတိုင်းမနေတဲ့ သူကြီးရယ်"လို့ ရင်ထဲကတော့ ပြောနေကြမှာပါ။

ကိုယ်ကျင့်သိက္ခာနဲ့လဲပြီး ရတဲ့ပစ္စည်းတွေဟာ အပူစာတွေပါ။ ကိုယ့်ကံ၊ ကိုယ့်ဉာဏ်၊ ကိုယ့်ချွေး၊ ကိုယ့်သွေးနဲ့ ရင်းပြီးရတဲ့ပစ္စည်း မဟုတ်တဲ့ အတွက် ငြိမ်းချမ်းတဲ့ဘဝကို ဘယ်တော့မှ မရနိုင်ပါဘူး။ တစ်မျိုးမဟုတ်

တစ်မျိုး လိုအပ်ချက်တွေနဲ့ ပူလောင်နေရမှာပါ။

မြတ်စွာဘုရားက ကိုယ်ကျင့်သိက္ခာနဲ့ အသက် ယှဉ်လာရင်တောင် အသက်ကိုစွန့်ရမယ်။ ကိုယ်ကျင့်သိက္ခာကို ဘယ်တော့မှ မစွန့်ရဘူးလို့ ဟောထားတာဆိုတော့ ပစ္စည်းဝတ္ထုဆိုရင် ပြောစရာတောင် မလိုတော့ပါဘူး။

ဗုဒ္ဓဘာသာမဟုတ်ပေမယ့် ဗုဒ္ဓရဲ့အဆုံးအမကို မခံယူဖူးပေမယ့် ကမ္ဘာ့ရာဇဝင်မှာ ကိုယ်ကျင့်သိက္ခာနဲ့ အသက်နဲ့ယှဉ်လာရင် အသက်ကိုပဲ စွန့်သွားကြတဲ့ သာဓကတွေ အများကြီးပါ။

ကိုယ်ကျင့်သိက္ခာနဲ့ အသက်ကို လဲသွားတဲ့လူတွေကို နောင်ကျန်ခဲ့တဲ့ မျိုးဆက်တွေက အဆင့်ဆင့်လေးစားနေရဆဲပါ။ သမိုင်းစာမျက်နှာတွေမှာလည်း လက်ဆင့်ကမ်း ကမ္ပည်းထိုးလာခဲ့ကြတာ ဒီနေ့အထိပါပဲ။

ဒီလိုပါပဲ။ ကိုယ်ကျင့်သိက္ခာကိုစွန့်ပြီး ပစ္စည်းဝတ္ထုတွေနောက်လိုက်သွားတဲ့သူတွေကိုလည်း သမိုင်းစာမျက်နှာမှာ ကမ္ပည်းတင်ထားကြပါတယ်။

"သေသွားတော့လည်း သိတော့တာမှ မဟုတ်တာ၊ သမိုင်းတွေ၊ ရာဇဝင်တွေ၊ ကမ္ပည်းတွေ လာပြောမနေစမ်းပါနဲ့။ လက်ရှိပစ္စုပ္ပန်မှာပဲ ကောင်းကောင်းခံစားဖို့ပဲ အရေးကြီးတယ်"လို့ ပြောလာမယ်ဆိုရင်လည်း ကိုယ့်လုပ်ပိုင်ခွင့်နဲ့ ကိုယ်ပါပဲ။ ဒါပေမယ့် လုပ်ပိုင်ခွင့်ရဲ့နောက်မှာ ကိုယ်ဉာဏ်မမီတဲ့ နောက်ဆက်တွဲအရာတွေ အများကြီးရှိတယ်ဆိုတာရယ်၊ မြတ်စွာဘုရားအလိုကျ မဟုတ်ဘူးဆိုတာရယ်လေးကိုတော့ သိထားသင့်ပါတယ်။

အမြင့်ဆုံးဖြစ်တဲ့အသက်အထိ တင်ပြောနေရပေမယ့် အသက်နဲ့ယှဉ်ပြီးဖြစ်ရတဲ့ အဆင့်အထိတော့ ဖြစ်ခဲ့ကြပါတယ်။ အဖြစ်များနေကြတာက ပစ္စည်းဝတ္ထုတွေနဲ့ ရင်ဆိုင် ရင်ဆိုင်နေကြရတာပါ။ ပစ္စည်းဝတ္ထုနဲ့တင် ကိုယ်ကျင့်သိက္ခာကို စွန့်စွန့်နေကြတော့ တကယ်တမ်း အသက်နဲ့ယှဉ်လာရင်တောင် ချစ်တဲ့အသက်ကလေးကို စောင့်ရှောက်လိုက်တော့မှာပါ။

ရခဲလှတဲ့ လူ့ဘဝရခိုက်လေးမှာ ရပ်တည်ချက် မှန်ကန်ဖို့ သိပ်အရေးကြီးပါတယ်။ ပစ္စည်းဝတ္ထုတွေကြောင့် ရပ်တည်ချက် ယိမ်းယိုင်ပြီး တောင်တောင်အီအီတွေပြော၊ တောင်တောင်အီအီတွေရေး၊ တောင်တောင်အီအီတွေလုပ်နေမယ်ဆိုရင် ဘဝရဲ့ကာလတစ်ခုမှာ ဓမ္မရဲ့ဒဏ်ခတ်ခြင်းကို ခံရပါ

လိမ့်မယ်။ ဘာပဲပြောပြော ကိုယ့်ရဲ့ရပ်တည်ချက်ဟာ အများအကျိုးရှိမှုကိုတော့ ရှေ့ရှုဦးတည်နေရပါမယ်။

တကယ်သေချာစဉ်းစားကြည့်ရင် ရခဲလှတဲ့ လူ့ဘဝကို ရထားတာပါ။ ရခဲတဲ့လူ့ဘဝကို ရနိုက်လေးမှာ တကယ်လုပ်ရမယ့်အလုပ်ကို လုပ်မိလိုက်ဖို့ အရေးကြီးပါတယ်။ လူတစ်ယောက်မှာ အရေးအကြီးဆုံး တကယ်လုပ်ရမယ့်အလုပ်က ဝိပဿနာတရား အားထုတ်ခြင်းပါပဲ။

ဝိပဿနာတရားကို တကယ်အားထုတ်လိုက်ရင် ကိုယ်တစ်ချိန်က အထင်ကြီးခဲ့တဲ့ ပစ္စည်းဝတ္ထုတွေဟာ အလကားဖြစ်သွားပါပြီ။ ပုထုဇဉ်ပီပီ ရှေ့မှာ မသိလို့ မေ့လို့ မှားခဲ့တာတွေတော့ ထားလိုက်ပါတော့။ တရားဆိုတာ နောက်ကျတယ် မရှိပါဘူး။ သိလိုက်တဲ့အချိန်ဟာ အဖိုးတန်ဆုံး အချိန်ပါ။ သိတာနဲ့ ကျင့်ပစ်လိုက်ဖို့ပါပဲ။

ဝိပဿနာတရားသာ အားထုတ်ပစ်လိုက်စမ်းပါ။ အားထုတ်ရင်းနဲ့ပဲ ကိုယ်ဘာဆက်လုပ်ရမယ်ဆိုတာ အသိဉာဏ်ထဲမှာ အလိုလိုပေါ်လာပါလိမ့်မယ်။တကယ်တော့ သံသရာနဲ့ချီပြောရင် ကိုယ်မခံစားဖူးတဲ့ စည်းစိမ် ဆိုတာ မရှိပါဘူး။ စကြဝတေးမင်းစည်းစိမ်လည်း ခံစားဖူးတာပဲ။ ဘုရင့် စည်းစိမ်လည်း ခံစားဖူးတာပဲ။ မိဖုရားကြီးစည်းစိမ်လည်း ခံစားဖူးတာပဲ။ သူဌေးကြီးစည်းစိမ်လည်း ခံစားဖူးတာပဲ။ ဖြစ်ခဲ့တဲ့ဘဝတွေကို မမှတ်မိတော့လို့ သာပါ။


ဘာပဲပြောပြော လူ့ဘဝကို တကယ်ရထားတာပါ။ တကယ်ရထားခိုက်မှာ တကယ်လုပ်ရမယ့် အလုပ်ကလေးကို လုပ်ဖြစ်လိုက်ဖို့ပါပဲလေ။

**ကျမ်းကိုး–**

၁။ ရွှေကျင်နိကာယ သာသနာဝင်
   ရွှေဟင်္သာဆရာတော် အရှင်ပဏ္ဍိတထေရ်။

၂။ ရွှေကျင်ဆရာတော်
   ဦးမာနိတသိရီဘိဝံသ။

**အလင်းတန်းဂျာနယ်**
၁၅.၈.၂၀၀၅။


ဝန်ထမ်းနှင့်
နတ်ပြည်

## ဝန်ထမ်းနှင့် နတ်ပြည့်

မြတ်စွာဘုရားလက်ထက်တော်က သူဌေးကြီးတစ်ယောက် ရှိပါတယ်။ သူက "နေ့တိုင်း ကုသိုလ်ဖြစ်စေရမယ်"လို့ အဓိဋ္ဌာန်ပြီး ရဟန်းသံဃာတော်တွေကို အိမ်မှာ ဆွမ်းခံကြွစေပါတယ်။

ဒီလိုနဲ့ ဆွမ်းလောင်းလှူလာလိုက်တာ ကာလတစ်ခုမှာတော့ သူတို့ရပ်ကွက်ကို သူခိုးသူဝှက်တွေ မကြာခဏ လာလာကပ်လာပါတယ်။ ဒါကြောင့် ဇနီးလုပ်သူက အိမ်ခြံဝင်းတံခါးကို အမြဲပိတ်ခိုင်းထားလိုက်ပါတယ်။

ဒီတော့ ဆွမ်းခံကြွလာတဲ့ ရဟန်းသံဃာတော်တွေက ပိတ်ထားတဲ့ တံခါးကိုကြည့်ပြီး ပြန်လှည့်သွားကြပါတယ်။ ပထမတော့ အိမ်ရှင်သူဌေးကြီးက စီးပွားရေးအလုပ်တွေနဲ့ ရှုပ်နေတဲ့အတွက် သတိမထားမိပါဘူး။ တစ်နေ့ အလုပ်အားတဲ့ရက် သံဃာတော်တွေ ကြွမလာတာ တွေ့တာနဲ့ အိမ်ရှင်ဇနီးကို မေးကြည့်ပါတယ်။

"ရှင်မရေ အိမ်မှာ သံဃာတော်တွေကော နေ့စဉ် ဆွမ်းခံကြွရဲ့လား"

"အခုတလော မကြွဖြစ်ကြပါဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"အခုတလော ရပ်ကွက်မှာ သူခိုးတွေ ကပ်ကပ်နေတယ်။ ဒါကြောင့် အိမ်တံခါးကို အမြဲသော့ခတ်ထားရတယ်"

"အို ... ဖြစ်မှဖြစ်ရလေ စာစောက ပြောရောပေါ့။ ဆွမ်းဒါနကုသိုလ် ကတော့ မရလို့ မဖြစ်ဘူး။ ဆွမ်းလောင်းနိုင်အောင်တော့ စီစဉ်ပေးပါဦးမယ်"

အိမ်ရှင်သူဌေးကြီးက အိမ်ရှင်မကို အဲဒီလိုပြောပြီး သူနဲ့သိကျွမ်းတဲ့ လူငယ်ကောင်လေးတစ်ယောက်ဆီ သွားပါတယ်။ လူငယ်လေးကိုတွေ့တော့ အကျိုးအကြောင်းပြောပြပြီး

"မောင်ရင်လေးရယ် ဦးတို့တံခါးကို အထူးလုံခြုံအောင် စောင့်ပေး ပါ။ ရဟန်းသံဃာတွေ ကြွလာတဲ့အခါ တံခါးဖွင့်ပေးပြီး၊ သံဃာတွေ အိမ်ထဲ ရောက်တဲ့အခါ တံခါးကို သေချာပြန်ပိတ်ပေးပါ။ မောင်ရင်လေးအတွက် လည်း လခများများ ပေးပါ့မယ်"လို့ ပြောလိုက်ပါတယ်။

လူငယ်ကောင်လေးကလည်း "ကျွန်တော် ဦးတို့ စိတ်တိုင်းကျ ဆောင်ရွက်ပေးပါ့မယ်"လို့ ပြန်ပြောလိုက်ပါတယ်။

ဒီလိုနဲ့ လူငယ်လေးဟာ သူဌေးကြီးအိမ်မှာ တံခါးစောင့်ရာထူး ရသွားရောပဲ ဆိုပါတော့ အလုပ်ဝင်ကတည်းက လူငယ်လေးဟာ သူ့ရဲ့စိတ်ကို အထူးပဲ စောင့်ရှောက်ထားပါတယ်။ အထူးသဖြင့်တော့ သူ့ရဲ့ကိုယ်အမူအရာ တိုင်းကို သတိကပ်ထားပါတယ်။

ရဟန်းသံဃာတွေ ကြွလာလို့ တံခါးဖွင့်ရပြီ ဆိုရင် လူငယ်လေးက "ငါ့ရဲ့တံခါးဖွင့်ပေးမှုကြောင့် ရဟန်းသံဃာတော်တွေ စိတ်ချမ်းသာ ကိုယ်ချမ်း သာနဲ့ ဆွမ်းခံကြွ ဘုဉ်းပေးနိုင်ပါစေ။ အိမ်ရှင် မိသားစုတွေလည်း ကုသိုလ် ဝက်ကို စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ ပြုနိုင်ကြပါစေ"လို့ မေတ္တာစိတ်ကလေး ညွတ်ညွတ်ပြီး ဖွင့်ပေးပါတယ်။ ဒီလိုပါပဲ တံခါးပြန်ပိတ် တဲ့အခါမှာလည်း မေတ္တာစိတ်ကလေးကို သေချာညွတ်ပြီး ပြန်ပိတ်ပါတယ်။

သံဃာတော်တွေ အိမ်ထဲရောက်တဲ့အခါမှာလည်း ဆွမ်းစားဖို့ အတွက် ကူလုပ်ပေးပြန်ပါတယ်။ ကူလုပ်နေတဲ့အခါတိုင်း အလုပ်တစ်ခုလို သဘောမထားဘဲ၊ ကုသိုလ်တွေလို့ပဲ သဘောထားပြီး မေတ္တာစိတ်ကလေးကို

အထူးညွတ်ညွတ်ပြီး ကူပါတယ်။ သံဃာတော်တွေ ဆွမ်းစားပြီးလို့ သရဏဂုံ သီလ ပေးတဲ့အခါ ဝင်ယူသလို၊ တရားဟောပြီးလို့ အလှူရှင်ဖြစ်တဲ့ အိမ်ရှင်တွေက ရေစက်ချ အမျှပေးဝေတဲ့အခါမှာလည်း စိတ်ကလေးကို အထူးပဲ သတိကပ်ပြီး ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုခေါ်ပါတယ်။

အလုပ်တိုင်းကို အလုပ်လို သဘောမထားဘဲ ကုသိုလ်တွေလိုပဲ နှလုံးသွင်းထားမိတဲ့အတွက် လုပ်နေရတဲ့အလုပ်ကို ပင်ပန်းတယ်လို့ အာရုံမပြုမိတော့သလို "ငါက ဒီအိမ်မှာ တံခါးစောင့်ရတဲ့ အနိမ့်ဆုံးရာထူးပဲ"ဆိုပြီးလည်း သိမ်ငယ်မနေတော့ပါဘူး။

ဒီလိုနဲ့ သေလွန်ကြတဲ့အခါမှာတော့ အိမ်ရှင်အမျိုးသားကြီးဟာ ယာမာနတ်ပြည်မှာ သွားဖြစ်ပါတယ်။ တံခါးစောင့်လူငယ်လေးကတော့ တာဝတိံသာနတ်ပြည်မှာ အလွန်လှတဲ့ ရွှေဗိမာန်ကြီးနဲ့ သွားဖြစ်ပါတယ်။ အလွန်လှတဲ့ နတ်သမီးတွေကလည်း တစ်ဖက်ငါးရာနဲ့ပါ။ နတ်သမီးလေးတွေက သူ့ကို ဘယ်လိုခေါ်ကြသလဲဆိုတော့ "ကိုကို တံခါးစောင့်နတ်သားလေး"တဲ့။ လူ့ပြည်က တံခါးစောင့်ဘဝကနေ ရောက်လာတဲ့အတွက် "ကိုကို တံခါးစောင့် နတ်သားလေး"လို့ ခေါ်ကြတာပါ။

ကျန်တဲ့ဝန်းကျင်က နတ်သားတွေကလည်း တံခါးစောင့် နတ်သားလေးလို့ပဲ ခေါ်ကြပါတယ်။ နတ်သားတစ်ဖြစ်လဲ လူငယ်ကလေးကလည်း သူ့ကို တံခါးစောင့်နတ်သားလေးလို့ ခေါ်ကြတာကို လုံးဝစိတ်မဆိုးပါဘူး။ အဲဒီလိုခေါ်တဲ့အတွက် သူ့ကိုယ်သူ ပိုတောင်ဂုဏ်ယူပါသတဲ့။ သူ့ရဲ့ သာမန်တံခါးစောင့်အလုပ်ကလေးက ဒီဘဝရောက်အောင် ပို့ပေးလိုက်လို့ပါတဲ့။ ဒီစာရေးနေဆဲ၊ ဒီစာဖတ်နေဆဲမှာ တံခါးစောင့်နတ်သားလေးကတော့ နတ်သမီး တစ်ဖက်ငါးရာနဲ့ တာဝတိံသာနတ်ပြည်မှာ ဒီနေ့ ဒီအချိန်ထိ ပျော်ရွှင်ဆဲ ရှိချင်ရှိနေဦးမှာပါပဲ။

* * *

ခန္ဓာရှိနေတဲ့အတွက် မိသားစုရှိနေတဲ့အတွက် အရွယ်ရောက်လာရင် ဝန်ထမ်းတော့ လုပ်ရမှာပါ။ ပုဂ္ဂလိကဝန်ထမ်းပဲဖြစ်ဖြစ်၊ အစိုးရဝန်ထမ်းပဲ

ဖြစ်ဖြစ် တစ်ခုခုပေါ့။

ဒီတော့ ကိုယ်က ဘယ်လိုဝန်ထမ်းပုံစံမျိုးနဲ့ ဖြတ်သန်းမလဲ။

ကိုးနာရီခွဲ ဆယ်နာရီလောက် ရုံးတက်၊ လေးနာရီခွဲလောက် ရုံးဆင်း၊ ရုံးချိန် အလုပ်အားတဲ့အချိန်တွေမှာ စုစု,စုစုနဲ့ သူတစ်ပါးအတင်းပြော၊ ကိုယ့်ထက်သာသွားတဲ့လူကို မနာလို ဣဿာမစ္ဆရိယဖြစ်၊ ဝန်ထမ်းဘဝကို အဲဒီလိုပုံစံမျိုးနဲ့ ဖြတ်သန်းမလား ...?

. . . . . . . . . . . . . . . . . . .

အဲဒီလိုပုံစံမျိုးနဲ့ ဖြတ်သန်းရင်တော့ သေတဲ့အခါ အထက်မတက်ဘဲ အောက်စိုက်သွားနိုင်ပါတယ်။

ကိုယ့်ကိုယ်ကိုယ် သေချာပြန်ကြည့်ရင် အမြင့်မြတ်ဆုံးဖြစ်တဲ့ လူ့ဘဝကို ရထားတာပါ။ နိဗ္ဗာန်မရသေးရင်တောင် ဘဝကို အဓိပ္ပာယ်ရှိရှိလေးတော့ နေသွားဖို့ ကောင်းပါတယ်။

အဲဒီအတွက် အဓိက,ကတော့ စိတ်ကလေးပါပဲ။ ကောင်းတာပြုချင်တာလည်း ဒီစိတ်ပဲ၊ မကောင်းတာပြုချင်တာလည်း ဒီစိတ်ပဲ။ ဒီတော့ ကိုယ့်ရဲ့စိတ်ကလေးကို မြင့်မြတ်တဲ့လမ်းကြောင်းလေးပေါ်ကို တင်ပေးလိုက်ရုံပါပဲ။

အသိကောင်လေးတစ်ယောက် ရှိပါတယ်။ သူက ကုမ္ပဏီတစ်ခုမှာ လုပ်ပါတယ်။ သူက ဆောင်ပုဒ်တစ်ခုကို အသေလက်ကိုင်ထားပါတယ်။ သူ့ရဲ့ဆောင်ပုဒ်က **"ကောင်းတဲ့စိတ်ထားရင် ကောင်းတဲ့အကျိုးပေးမယ်၊ မကောင်းတဲ့စိတ်ထားရင် မကောင်းတဲ့အကျိုးပေးမယ်"**ဆိုတဲ့ ဆောင်ပုဒ်ကလေးပါ။

ဒီဆောင်ပုဒ်ကလေးကို သူက တစ်နေ့သုံးကြိမ်လောက် ရင်ထဲရောက်နေအောင် နှလုံးသွင်း ဆင်ခြင်ပါသတဲ့။ အဲဒီဆောင်ပုဒ်ကလေးနဲ့ ကုမ္ပဏီမှာ အလုပ်လုပ်ပါသတဲ့။

ဒီတော့ သူ့အနေနဲ့ ရာထူးလေးတွေ ဆင့်ကဲဆင့်ကဲ တိုးတိုးသွားခဲ့ပါတယ်။ ပြီးတော့ ကုမ္ပဏီရဲ့စရိတ်နဲ့ပဲ အပြင်သင်တန်းတွေပါ တက်ခွင့်ရပါတယ်။

ဒါပေမယ့် သူနဲ့အတူတူ အလုပ်ဝင်ဖက်တစ်ယောက်ကတော့

သူ့အပေါ် အမြဲဝန်တိုနေပါသတဲ့။

အဲဒီဝန်တိုနေတဲ့ သူနဲ့လုပ်ဖော်ကိုင်ဖက် မိတ်ဆွေဟာ ရာထူးက တိုးတိုးမလာဘဲ ဒုံရင်းဒုံရင်းအတိုင်းပါပဲတဲ့။

ဒါကိုကြည့်ပြီး သူက ဘယ်လိုထပ်နှလုံးသွင်းပြန်သလဲဆိုတော့ "ကောင်းတဲ့စိတ်ထားရင် ကောင်းတဲ့အကျိုးပေးတယ်၊ မကောင်းတဲ့စိတ်ထားရင် မကောင်းတဲ့အကျိုးပေးတယ်"လို့ နှလုံးသွင်း ဆင်ခြင်ပါသတဲ့။ နှလုံးသွင်းတဲ့နေရာမှာ သူတစ်ပါး ရာထူးမတက်တာကို ဝမ်းသာစိတ်နဲ့ နှလုံးသွင်းတာမဟုတ်ဘဲ မကောင်းတဲ့စိတ်ရဲ့ဆိုးကျိုးကို သံဝေဂစိတ်နဲ့ နှလုံးသွင်းဆင်ခြင်တာပါတဲ့။

ကောင်လေးက သူ့ရဲ့လက်တွေ့ဘဝနဲ့ အသုံးတည့်နေလို့ ဆင်ခြင်နေပေမယ့် သူ ဆင်ခြင်နေတဲ့ ဆောင်ပုဒ်ကလေးက ဘယ်ပါဠိက လာတယ်ဆိုတာတော့ သူ မသိပါဘူးတဲ့။ တကယ်တော့ ပါဠိကို သိတာ မသိတာက သိပ်ပြီး အရေးမကြီးလှပါဘူး။ ကိုယ်နားလည်တဲ့ ဘာသာစကားနဲ့ ကိုယ့်ရဲ့လက်တွေ့ဘဝထဲမှာ အသုံးတည့်နေရင် ပြီးတာပါပဲ။

ဒါပေမယ့် စာဖတ်သူတွေကတော့ ပါဠိလေးကို ဗဟုသုတအဖြစ် မှတ်ထားလိုက်ပါဦး။

**ကုသလံ အနဝဇ္ဇ သုခ ဝိပါက လက္ခဏံ** - ကုသိုလ်ဟာ အပြစ်ကင်းပြီး ကောင်းကျိုးကိုပေးခြင်း လက္ခဏာရှိတယ်။

**အကုသလံ သာဝဇ္ဇ ဒုက္ခ ဝိပါက လက္ခဏံ** - အကုသိုလ်ဟာ အပြစ်နှင့်တကွ မကောင်းကျိုးကိုပေးခြင်း လက္ခဏာရှိတယ်။

ဒါက ပါဠိရှိတဲ့အတိုင်း တိုက်ရိုက် မြန်မာပြန်ပေးတာပါ။ တကယ်လို့ ကိုယ်က ပါဠိလေးပါတွဲပြီး ဆင်ခြင်ချင်တယ်ဆိုရင် ဆင်ခြင်လို့ ရအောင်ပါ။

ဘယ်လိုပဲဆင်ခြင်ဆင်ခြင် ကိုယ့်ရဲ့လက်တွေ့ဘဝထဲမှာ အသုံးတည့်နေဖို့ပဲ အရေးကြီးပါတယ်။

ပုထုဇဉ်တစ်ယောက်မှာ သိဖို့ရယ်၊ ကျင့်ဖို့ရယ်ဆိုပြီး အဆင့်နှစ်ဆင့် ရှိပါတယ်။ ပထမ သိအောင် လေ့လာရပါမယ်၊ ဒုတိယ အသိကို အခြေခံပြီး လက်တွေ့ကျင့်သုံးကြည့်ရပါမယ်။

ကဲ ... ဥပမာပဲ ထားပါတော့။ မြန်မာ့အသံက ဆေးပညာရပ်ဆိုင်ရာ တစ်ခုကို ထုတ်လွှင့်တော့မယ် ဆိုပါစို့။ အသံလွှင့်ဖို့အတွက် တစ်ယောက်တည်းလွှင့်လို့ မရပါဘူး။ အနည်းဆုံး ဝန်ထမ်းနှစ်ဆယ်ကျော်လောက်နဲ့ လုပ်ကြရတော့မှာပါ။ အသံလွှင့်ဖို့ ဆေးပညာဆိုင်ရာစာစုကို ကွန်ပျူတာ စာစီမယ်၊ စာစီတဲ့သူကလည်း "ငါစီလိုက်တဲ့စာလေးတွေဖတ်ပြီး ပြည်သူပြည်သားတွေ ဆေးပညာဗဟုသုတလေးတွေရပြီး ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ" ဆိုပြီး မေတ္တာစိတ်ညွတ်ပြီး စာစီမယ်ဆိုရင် ကုသိုလ်တွေ ဖြစ်နေတာပါ။

ဒီလိုပါပဲ အသံလွှင့်ချက်ကို ဖတ်ကြားမယ့်သူ၊ အသံဖမ်းမယ့်သူ၊ စက်ကိုကြီးကြပ်မယ့်သူ၊ မီးကိုဂရုစိုက်ပြီး ကြည့်ပေးမယ့်သူ၊ အသံလွှင့်နေတုန်း ဝင်းတံခါးကို စောင့်ပေးနေမယ့်သူ စသည်ဖြင့် အများကြီးပါပဲ။

အသံလွှင့်ဖို့ စီစဉ်အားထုတ်သူအားလုံးဟာ အလုပ်လုပ်နေကြဆဲမှာ "ငါတို့ထုတ်လွှင့်တဲ့ ဆေးပညာဗဟုသုတလေးတွေကို နားထောင်ပြီး ပြည်သူပြည်သားတွေ ဆေးပညာဗဟုသုတတွေ ရကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ"လို့ မေတ္တာစိတ်ကလေး ညွတ်ပြီး လွှင့်နေရင် မေတ္တာကုသိုလ်တွေ တစ်လှေကြီး ရနေတာပါ။

ဒီလို ကောင်းတဲ့စိတ်ကလေး ဖြစ်နေတဲ့အတွက် ကောင်းကျိုးတွေကလည်း ဆင့်ကဲဆင့်ကဲ ဖြစ်နေမှာ ဖြစ်သလို သေလွန်တဲ့အခါမှာလည်း နတ်ပြည်မှာ နတ်သမီး တစ်ဖက်ငါးရာက အသင့်ကြိုနေဦးမှာပါ။ ကိုယ်က အမျိုးသမီးဆိုရင်လည်း နတ်သမီးလှလှလေး ဖြစ်ရဦးမှာပါ။

နောက်အကျိုးတစ်ခုကတော့ အဘိဓမ္မာသဘောတရားအရ စိတ်ဆိုတာ အာရုံနှစ်ခု ယူလို့ရတာ မဟုတ်တော့ မေတ္တာစိတ်ကလေး ဖြစ်နေတဲ့အချိန်မှာ ဝန်ထမ်းအချင်းချင်း တစ်ဦးအပေါ်တစ်ဦး မနာလိုဝန်တိုတတ်တဲ့ ဣဿာမစ္ဆရိယစိတ်လည်း ဖြစ်မနေတော့ပါဘူး။ မကောင်းတဲ့စိတ်က ကိုယ့်သန္တာန်မှာ ရှိမနေတဲ့အတွက် နေရထိုင်ရ လုပ်ရကိုင်ရတာလည်း ငြိမ်းငြိမ်းချမ်းချမ်းလေးနဲ့ ပျော်ရွှင်နေတတ်ပါတယ်။ စိတ်ပျော်ရွှင်နေရင် အလုပ်လုပ်ရတာလည်း ပင်ပန်းတယ်လို့ မထင်တော့ပါဘူး။

အဲဒီအရသာဟာ ဘာနဲ့မှလဲလို့ မရပါဘူး။

အလုပ်အားနေတဲ့အချိန်လေးတွေမှာလည်း အပိုအဆစ်အနေနဲ့ ရုံးမှာ တံမြက်စည်းလှည်းနေလိုက်မယ်၊ ပြတင်းပေါက်တံခါးတွေကိုလည်း အဝတ်စုတ်ကလေးတစ်ခုနဲ့ ဖုန်လိုက်သုတ်ပေးနေလိုက်မယ်၊ သောက်ရေအိုးတွေကို ရေဖြည့်မယ်၊ သောက်ရေခွက်ကလေးတွေကို တိုက်ချွတ် ဆေးကြောမယ်၊ အများသုံးအိမ်သာကိုလည်း သန့်ရှင်းရေး သွားလုပ်ပေးနေလိုက်မယ်ဆိုရင်လည်း ပိုက်ဆံမကုန်ဘဲနဲ့ ကုသိုလ်တွေ ရနေတာပါ။

နောက် အပိုအဆစ်တစ်ခုအနေနဲ့ ရုံးဆင်းခါနီးမှာလည်း "ဒီနေ့ပြုသော ကုသိုလ်အဖို့ကို ဤရုံးကို စောင့်ရှောက်နေကြသော နတ်ကောင်းနတ်မြတ်အပေါင်းအားလည်းကောင်း၊ ဤမဟာပထဝီမြေကြီးကို စောင့်ရှောက်နေကြသော နတ်ကောင်းနတ်မြတ်အပေါင်းအားလည်းကောင်း၊ အမျှ အမျှ အမျှ ပေးဝေပါ၏။ အမျှ အမျှ အမျှ ယူတော်မူကြပါ"လို့ နတ်ကောင်းနတ်မြတ်တွေကိုလည်း အမျှပေးဝေလိုက်ပါဦး။

တကယ်လို့ ဘဝမှာ အခက်အခဲတစ်စုံတစ်ရာနဲ့ ကြုံလာတဲ့အခါ ကိုယ်နေ့စဉ် အမျှပေးဝေခဲ့တဲ့ နတ်ကောင်းနတ်မြတ်တွေကို တိုင်တည်ပြီး အကူအညီတောင်းလို့လည်း ရပါတယ်။ အမျှပေးဝေထားတဲ့ နတ်ကောင်းနတ်မြတ်တွေကလည်း ကူညီ မစမှာပါ။

ရေသောက်တဲ့အခါတိုင်း "ဤရေအေးမြသလို ငါ့ရဲ့လုပ်ဖော်ကိုင်ဖက် ရုံးသူရုံးသားတွေလည်း စိတ်ကော ရုပ်ကော အေးမြကြပါစေ"လို့ မေတ္တာပို့သောက်မယ်။ အားတဲ့အခါလေးတွေမှာလည်း မျက်လုံးလေးမှိတ်ပြီး "ဒီရုံးမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ရုံးသူရုံးသားအားလုံး ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ အစစအရာရာ အဆင်ပြေကြပါစေ"လို့ ကိုယ့်ရဲ့ ရုံးသူ ရုံးသားတွေကို သီးသန့် သီးခြားလေး ဝတ်တစ်ခုလိုထားပြီး မေတ္တာပို့ပေးနေလိုက်မယ်ဆိုရင်လည်း ကုသိုလ်တွေ ဖြစ်နေတာပါ။ ကိုယ်က သူတို့ရဲ့ မေတ္တာကို လိုချင်ရင် ကိုယ်က အရင်ပေးရမှာပါ။

တွေ့ကြဆုံကြတယ်ဆိုတာကလည်း တကယ့်ခဏလေးပါ။ တစ်သက်လုံး တွေ့မနေကြပါဘူး။ အချိန်စေ့တော့လည်း ခွဲကြရမှာပါ။ တွေ့ခိုက်ဆုံခိုက်လေးမှာ မေတ္တာနဲ့နေကြတာတော့ အကောင်းဆုံးနေထိုင်မှုပါပဲ။

အဲဒီလိုမှမဟုတ်ဘဲ မထားသင့်တဲ့စိတ်တွေထားပြီး သေသွားရင် ရောက်ရမယ့်ဂတိက သိပ်ပြီးမကောင်းနိုင်ပါဘူး။

ကုသိုလ်ဆိုတာ ရှင်တစ်ထောင် ရှင်တစ်သောင်း ပြုပေးမှ၊ ကျောင်းဆောင်ကြီးတွေ ဆောက်လှူမှ ကုသိုလ် မဟုတ်ပါဘူး။ စားဝတ်နေရေးအတွက် လုပ်နေရတဲ့ အလုပ်တွေဟာလည်း စိတ်ထားတတ်ရင် ကုသိုလ်တွေပါပဲ။ ဘာမှ မခက်လှပါဘူး။ ကိုယ့်စိတ်ကလေးကို အမည်လေး ပြောင်းတပ်ပေးလိုက်ရုံပါပဲ။ စိတ်ကို စိတ်နဲ့ပဲ ပြန်ပြောင်းပေးရတာဆိုတော့ ဘာမှလည်း မပင်ပန်းပါဘူး။

အရာဝတ္ထုတော်တော်များများကို စိတ်ကပဲ နာမည်တွေ လိုက်တပ်ထားတာပါ။ စိတ်တပ်ထားတဲ့ နာမည်လေးတွေကို ကိုယ်က သတိနဲ့ပြန်ပြီး နာမည်လေး ပြန်ပြောင်းတပ်လိုက်ရုံပါပဲ။ ရုံးမှာလုပ်နေရတဲ့ အလုပ်တွေကို ဒါတွေဟာ ကုသိုလ်တွေလို့ နာမည်ပြောင်းတပ်လိုက်ရုံပါပဲ။ မခက်ပါဘူး။

အဲဒီလိုသာ ကိုယ့်စိတ်ကလေးကို ကျင့်ကျင့်ပေးသွားရင် မကြာခင်မှာ စိတ်ထားမြင့်မြတ်တဲ့ လူသားတစ်ယောက် ဖြစ်လာမှာပါ။ စိတ်ထားမြင့်မြတ်တဲ့သူကို နေရာတိုင်းက လိုချင်ကြပါတယ်။

ဒီလိုပါပဲ။ အကျင့်ဆိုတာ ကျင့်ကျင့်ပြီး ယူသွားရတာပါပဲ။ အကျင့်ဆိုတာ ကျင့်ပါများသွားရင် အထုံဖြစ်သွားတတ်ပါတယ်။ အထုံဖြစ်သွားပြီဆိုရင် အထူးကြောင့်ကြစိုက်စရာ မလိုတော့ဘဲ ဘာပဲလုပ်လုပ် အလိုလိုမေတ္တာစိတ်ကလေး ညွတ်ပြီးသား ဖြစ်နေတတ်ပါတယ်။ မေတ္တာစိတ်ရှိနေတဲ့သူရဲ့မျက်နှာဟာ ကြည်ပြီး သိပ်သိသာနေတတ်ပါတယ်။ မျက်နှာကြည်နေတဲ့အတွက် မြင်ရတဲ့လူတိုင်းကလည်း အလိုလိုချစ်ပြီးသား ဖြစ်နေတတ်ပါတယ်။ သေတဲ့အခါကျရင်လည်း နတ်ပြည်ကို ရောက်ရဦးမှာပါ။

* * *

ကဲ ... စာဖတ်သူ၊ မနက်ဖြန်ကစပြီး ရုံးတက်ရင် ဘာပဲလုပ်လုပ် မေတ္တာစိတ်ကလေးညွတ်ပြီးလုပ်တော့နော်။ ရာထူးတွေ မြန်မြန်တိုးပြီး လူချစ်လူခင်များသွားအောင်လို့ပါ။ ပြီးတော့ သေတဲ့အခါမှာလည်း

တာဝတိံသာနတ်ပြည်မှာ ..............လို့ပါ။

ကျမ်းကိုး–

(၁) ဝိမာနဝတ္ထု အဋ္ဌကထာ
ဒွါရပါလက ဝိမာနဝတ္ထု။

(၂) ဝိမာနဝတ္ထုတော်ကြီး၊
မြို့မိဆရာတော်။

မြန်မာ့အသံ နှစ်(၆၀)ပြည့်မဂ္ဂဇင်း
၂၀၀၆။



# ယောကျ္ခမနှင့် ချွေးမ

မြတ်စွာဘုရားလက်ထက်တော်က အရှင်မဟာမောဂ္ဂလာန်ရဲ့ ဆွမ်းခံအိမ်မှာ အမျိုးသမီးငယ်လေးတစ်ယောက် ရှိပါတယ်။ သူ့မှာ ကိုယ်ပိုင်အမိဋ္ဌာန်လေးတစ်ခု ရှိပါတယ်။ ဘာလဲဆိုတော့ မိမိစားမယ့်အစာရဲ့တစ်ဝက်ကို အလှူခံပုဂ္ဂိုလ်ကို ဦးဦးဖျားဖျားလှူပြီးမှ စားလေ့ရှိတာပါပဲ၊ တကယ်လို့ အလှူခံပုဂ္ဂိုလ် အနားမှာ အလွယ်တကူမရှိရင်လည်း တစ်ဝက်ကိုဖယ်ထားပြီးမှ စားလေ့ရှိတာပါ။

အဲဒီအမျိုးသမီးလေးရဲ့ နောက်ထူးခြားချက်တစ်ခုကတော့ သူတောင်းစားတွေကို ပေးကမ်းရတာလည်း သိပ်ဝါသနာပါတာပါ။

ဒါကြောင့် အမျိုးသမီးငယ်လေးရဲ့အမေက သူ့သမီးကို နာမည်လေးတစ်ခု ထပ်ပေးထားပါတယ်။ ဘယ်လိုလဲဆိုတော့ 'ဒါနဇ္ဈာသယလေး'တဲ့။ အဓိပ္ပါယ်ကတော့ လှူဒါန်းပေးကမ်းလိုစိတ်ရှိတဲ့သူလေးပါတဲ့။

ဒီလိုနဲ့ အရွယ်ရောက်လာတော့ ရာဇဂြိုဟ်ပြည်က အမျိုးသားတစ်ယောက်နဲ့ အိမ်ထောင်ပြုဖြစ်ပါတယ်။

အိမ်ထောင်ကျတော့လည်း ပြုနေကျ သူ့ရဲ့ဒါနဝတ်ကို ဆက်ပြုပါတယ်။ ဒါတင်မကပါဘူး။ ကောင်းတဲ့စိတ်ထားလေးတွေက အိမ်မှာကတည်းက ပါလာတာဆိုတော့ သူ့မှာ ကောင်းမြတ်တဲ့ ကံသုံးပါးအမူအရာလေးတွေလည်း ရှိနေပါတယ်။

လင်ယောကျ်ားအိပ်ပြီးမှအိပ်တယ်၊ ထတဲ့အခါ လင်ယောကျ်ားအရင် ထဖြစ်တယ်၊ ထိုင်စရာရှိရင်လည်း လင်ယောကျ်ားနောက်ကပဲထိုင်တယ်၊ လင်ယောကျ်ား နှစ်သက်စေမယ့် အမူအရာလေးတွေနဲ့ပဲနေတယ်၊ လင်

ယောကျ်ားကို စကားပြောတဲ့အခါ နားပူနားဆာစကားကို မပြောဘဲ ချစ်ခင်စရာစကားကိုပဲ ရွေးပြောတယ်၊ လင်ယောကျ်ားကို ဘယ်လိုလုပ်ရမလဲလို့ မေးမြန်းတိုင်ပင်ပြီးမှ လုပ်တယ်၊ လင်ယောကျ်ားရဲ့မျက်နှာကိုကြည့်ပြီး သူ့အလိုကျပဲနေတယ်၊ မှန်တဲ့စကားကိုပဲ ပြောလေ့ရှိတယ်။

နောက်တစ်ခုထူးခြားတာကတော့ ယောက္ခမလုပ်သူကို အမေမိဘလို သဘောထားဆက်ဆံတာပါပဲ။ ခေါ်တဲ့အခါမှာလည်း "အမေ အမေ"လို့ပဲ ခေါ်ခေါ်ပြီး ဆက်ဆံပါတယ်။

ဒါပေမယ့် ယောက္ခမနဲ့ ချွေးမ၊ ချွေးမနဲ့ယောက္ခမဆိုတာ ကမ္ဘာ့ရန်ဆိုတော့ ချွေးမဖြစ်သူအမျိုးသမီးလေးက ဘယ်လောက်ပဲကောင်းအောင် နေပြနေပြ၊ ယောက္ခမလုပ်သူက လုံးဝမကြည်ဖြူပါဘူး၊ အကောင်းလည်း မမြင်ပါဘူး။ ဘာလုပ်လုပ် အပြစ်ပဲမြင်မြင်နေလေ့ရှိပါတယ်။ ဒါကို သိထားတဲ့ အတွက် ချွေးမဖြစ်သူ အမျိုးသမီးငယ်လေးက ယောက္ခမလုပ်သူကို လိုအပ်တာထက် ပိုဂရုစိုက်ပေးပါတယ်။

ဒီလိုနဲ့ တစ်နေ့မှာတော့ အိမ်ရှေ့ကို အရှင်မဟာမောဂ္ဂလာန်က ဆွမ်းခံလာရပ်ပါတယ်၊ အမျိုးသမီးငယ်လေးကလည်း အပျိုစင်ဘဝကတည်းက အရှင်မဟာမောဂ္ဂလာန်နဲ့ သိနေတာဆိုတော့ ချက်ချင်းပဲ "အိမ်ထဲကို ဝင်တော်မူပါဘုရား"လို့ လျှောက်ထားလိုက်ပါတယ်။

ဒါပေမယ့် အလှူယ်တကူလောင်းစရာမရှိပါဘူး၊ ရှာကြည့်လိုက်တော့ ယောက္ခမရဲ့ အိုးကင်းကြော်မုန့်ကိုပဲ တွေ့ရပါတယ်။ ယောက္ခမလုပ်သူကို ရှာကြည့်တော့လည်း မတွေ့ပြန်ပါဘူး၊ ဒါကြောင့် "နောက်မှပဲပြောပြပြီး ဝမ်းမြောက်စေတော့မယ်"ဆိုပြီး ယောက္ခမရဲ့မုန့်ကို အရှင်မဟာမောဂ္ဂလာန်ကို လောင်းလှူလိုက်ပါတယ်။

အရှင်မဟာမောဂ္ဂလာန်လည်း အနုမောဒနာတရားဟောပြီး ပြန်ကြွသွားပါတယ်၊ အရှင်မဟာမောဂ္ဂလာန် ပြန်ကြွပြီး မကြာခင်မှာဘဲ ယောက္ခမလုပ်သူက ပြန်ရောက်လာပါတယ်၊ ဒီတော့ချွေးမဖြစ်သူအမျိုးသမီးလေးက ဝမ်းသာအားရနဲ့ "အမေရေ အမေ့ဖို့ထားတဲ့မုန့်ကို အရှင်မဟာမောဂ္ဂလာန်ကို လောင်းလှူလိုက်ပါတယ်၊ အမေ ဝမ်းမြောက်စွာ သာဓုခေါ်ပါ"လို့ ပြောလိုက်ပါတယ်။

ဒီတော့ ယောက္ခမလုပ်သူက "ဘာ....ဘာ.... ဘာပြောလိုက်တယ်၊

ငါ့မုန့်ကို ငါ့ကိုခွင့်မတောင်းဘဲ ရဟန်းကို ပေးပစ်တယ်..ဟုတ်လား”လို့ ဒေါသတွေထွက်ပြီး အနားမှာရှိတဲ့ ကျည်ပွေ့နဲ့ ချွေးမလုပ်သူလေးရဲ့ပခုံးစွန်းကို ရိုက်ချလိုက်ပါတယ်၊ ချွေးမလုပ်သူကလည်း ထင်မှတ်မထားဘဲ ရုတ်တရက် ရိုက်ချလိုက်တာဆိုတော့ ရှောင်ချိန်လည်း မရလိုက်ပါဘူး။ ရိုက်ချက်က တကယ့်ချက်ကောင်းကို ထိသွားပါတယ်။

နှစ်ရက်သုံးရက်အတွင်းမှာ ချွေးမလုပ်သူလေးဟာ ဝေဒနာကို ပြင်းထန်စွာ ခံစားနေရပါတယ်၊ ဒါပေမယ့်အံ့ဩဖို့ကောင်းတာက ယောက္ခမ လုပ်သူရဲ့ လုပ်ရပ်ဆိုးကို လုံးဝစိတ်ညွတ်မထားဘဲ အရှင်မဟာမောဂ္ဂလာန်ကို မုန့်လှူလိုက်ရတာလေးကိုပဲ စိတ်ညွတ်ထားခဲ့ပါတယ်။

သုံးရက်မြောက်တဲ့နေ့မှာတော့ ယောက္ခမလုပ်သူရဲ့ ရိုက်ချက်ဒဏ်ရာ ကြောင့်ပဲ ကွယ်လွန်သွားပါတယ်။ ကွယ်လွန်တဲ့အခါမှာလည်း အရှင်မဟာ မောဂ္ဂလာန်ကို မုန့်လှူလိုက်တဲ့အတွက် ဝမ်းမြောက်တဲ့ ကုသိုလ်စိတ်ကလေး ကိုပဲ အာရုံပြုပြီးတော့ ကွယ်လွန်သွားပါတယ်။

ကွယ်လွန်တော့ တာဝတိံသာနတ်ပြည်မှာ ဥဋ္ဌာရာလို့ အမည်ရတဲ့ အလွန်လှတဲ့ နတ်သမီးလေး သွားဖြစ်ပါတယ်။

တစ်နေ့မှာတော့ အရှင်မဟာမောဂ္ဂလာန်က တာဝတိံသာနတ်ပြည်ကို ကြွလာပါတယ်။ ဥဋ္ဌာရာ နတ်သမီးလေးကို တွေ့လိုက်ရတော့ “ဘယ်လို ကုသိုလ်ကံကြောင့် နတ်သမီး လာဖြစ်ရတာလဲ”လို့မေးပါတယ်။ ဥဋ္ဌာရာ နတ်သမီးလေးကလည်း သူနဲ့သူ့ယောက္ခမရဲ့ ဖြစ်စဉ်တွေကို ပြန်ပြောပြပြီး “အရှင်မြတ်ကို လှူဒါန်းခဲ့တဲ့ ကုသိုလ်ဒါနကို အာရုံညွတ်ပြီး သေလွန်ရတဲ့ အတွက် နတ်သမီးဖြစ်ရတာပါဘုရား”လို့ ပြန်လျှောက်လိုက်ပါတယ်။

ဒီဝတ္ထုလေး ထုတ်ပြလိုက်ရတာကတော့ အမျိုးသမီးငယ်လေးရဲ့ သေခါနီးသုံးရက်အလိုလောက်မှာ ထားရှိတဲ့စိတ်ထားလေးကို ကြိုက်လို့ပါ။

အမျိုးသမီးလေးအနေနဲ့ သေခါနီးသုံးရက်လောက်အလိုမှာ ထင်ရှားတဲ့အာရုံကြီးနှစ်ခုနဲ့ ကြုံနေရပါတယ်။ တစ်ဖက်က ယောက္ခမက ကျည်ပွေ့နဲ့ထုထည့်လိုက်တဲ့အာရုံ၊ နောက်တစ်ဖက်က အရှင်မဟာ မောဂ္ဂလာန်ကို လှူဒါန်းလိုက်တဲ့ အာရုံပါ။

အာရုံနှစ်ခုက ထင်ရှားတဲ့အာရုံတွေပါ။ အာရုံတွေက ထင်ရှားတော့

စိတ်ညွတ်ရတာလည်း သိပ်လွယ်ကူပါတယ်။

အမျိုးသမီးငယ်လေးက ထင်ရှားတဲ့အာရုံကြီးနှစ်ခုနဲ့ ကြုံနေရပေမယ့် သူ့စိတ်ကို ဘယ်ကိုပို့ထားရမယ်ဆိုတာ သိပုံရပါတယ်။ ဒါကြောင့် စိတ်ကို ယောက္ခမဆီကို လုံးဝမညွတ်ဘဲ အရှင်မဟာမောဂ္ဂလာန်ဆီကိုပဲ စိတ်ညွတ်ထားလိုက်ပါတယ်။

တကယ်ဆို အမျိုးသမီးငယ်လေးဟာ သာမန်ပုထုဇဉ်အဆင့်ပဲရှိပါသေးတယ်။ ပုထုဇဉ်ပီပီ ဒေါသထွက်မယ်ဆိုရင် ထွက်စရာပါ။ ဒေါသကို အခြေခံပြီး "နောက်ဘဝ ဒီယောက္ခမကို နိုင်ရပါလို၏"လို့ ဆုတောင်းပြီး သေမယ်ဆို သေသွားနိုင်စရာပါ။

အဲဒီလိုသာ စိတ်ကို ယောက္ခမဆီညွတ်ထားပြီး ဒေါသစိတ်ကို အာရုံပြုပြီးသေသွားရင် မကောင်းတဲ့ဂတိ တစ်ခုခုကို ရောက်သွားနိုင်ပါတယ်။

ဒါပေမယ့် အမျိုးသမီးငယ်လေးက ဆိုးကျိုးအားလုံးကို ကြိုတွက်မိပုံရပါတယ်။ ဒါကြောင့် ဘဝအတွက် အရေးအကြီးဆုံးအချိန်မှာ စိတ်ကို ယောက္ခမဆီ မညွတ်တော့ဘဲ အရှင်မဟာမောဂ္ဂလာန်ဆီကိုပဲ ညွတ်ထားလိုက်ပါတယ်။ ကလေးဘဝမှာကတည်းက ကုသိုလ်ဘက်ကိုယိမ်းပြီး ဆုံးဖြတ်တတ်တဲ့ အထုံအကျင့်လေးက သူ့သန္တာန်မှာ ကိန်းနေတာလည်း ပါမှာပါ။

ဘာပဲပြောပြော အမျိုးသမီးငယ်လေးရဲ့ ဆုံးဖြတ်ချက်ဟာ မှန်ကန်တဲ့ ဆုံးဖြတ်ချက် ဖြစ်သွားတာတော့ အမှန်ပါပဲ။

ဘဝမှာ ဆုံးဖြတ်ချက်မှန်ကန်ဖို့ သိပ်အရေးကြီးပါတယ်။ ဆုံးဖြတ်ချက် မှားသွားရင် တချို့ဆုံးဖြတ်ချက်တွေကျတော့ သံသရာအထိပါသွားတတ်ပါတယ်။ ဒါကလည်း အလေ့အထုံနဲ့ ဆိုင်မယ်ထင်ပါတယ်။

ဘယ်အာရုံပဲကြုံကြုံ ကုသိုလ်ဘက်ကိုယိမ်းပြီး ဆုံးဖြတ်တတ်တဲ့ အထုံရှိတဲ့သူဟာ ကုသိုလ်ဘက်ကိုပဲယိမ်းပြီး ဆုံးဖြတ်တော့မှာပါ။ ဘယ်အာရုံကိုပဲကြုံကြုံ အကုသိုလ်ဘက်ကိုယိမ်းပြီး ဆုံးဖြတ်တတ်တဲ့ အထုံရှိတဲ့သူဟာ အကုသိုလ်ဘက်ကိုပဲယိမ်းပြီး ဆုံးဖြတ်တော့မှာပါ။

ဒါကြောင့် ကိုယ်က အထုံဖြစ်အောင် ကျင့်စဉ်တစ်ခုလိုကို သဘောထားပြီး ကျင့်ယူရပါမယ်။ နေ့စဉ် အာရုံမျိုးစုံနဲ့ ကြုံနေရတာဆိုတော့ အာရုံတွေကိုအခြေခံပြီး ဆုံးဖြတ်ချက်မျိုးစုံ ဆုံးဖြတ်နေရမှာပါ။ ကြုံလာတဲ့အာရုံလေး

တွေကို ကိုယ်က သတိကပ်ပြီး ဆုံးဖြတ်သွားရုံပါပဲ။

ဒီလိုအကျင့်လေးလုပ်သွားရင် ကြာရင် အထုံဖြစ်သွားမှာပါ။ တချို့ ဆုံးဖြတ်ချက်တွေဟာ ဘဝအတွက် အရေးမကြီးပေမယ့် တချို့ဆုံးဖြတ်ချက်တွေကျတော့ ဘဝအတွက် တော်တော်လေး အရေးကြီးပါတယ်။ ဆုံးဖြတ်ချက်မှားသွားရင် သံသရာအထိ ပါသွားတတ်လို့ပါ။

ကိစ္စတစ်ခုကြုံလာရင် ထူပူနေတုန်းမှာ မဆုံးဖြတ်ဘဲ အချိန်ယူပြီးမှ ဆုံးဖြတ်တာကတော့ အကောင်းဆုံးပါပဲ။

အမျိုးသမီးငယ်လေးနဲ့ ယောက္ခမကြုံရတဲ့ကိစ္စမှာ တကယ့်အာရုံဆိုးကြီးတွေပါ။ အမျိုးသမီးငယ်လေးအနေနဲ့ ဆုံးဖြတ်ချက် မှားမယ်ဆိုရင် မှားချင်စရာပါ။

ဒါပေမယ့် အမျိုးသမီးငယ်လေးက ကိုယ့်ရဲ့ ကိုယ် နှုတ် စိတ်ကို အထူးစောင့်စည်းပြီး မိမိကိုယ်ကိုပဲ အကောင်းဆုံးဖြစ်အောင် တည်ဆောက်နေသူဆိုတော့ ကိုယ့်ကိုယ်ကို အမှားမခံပါဘူး။

ကမ္ဘာပေါ်မှာ အိမ်ထောင်ပြုခြင်းဆိုတဲ့ အလေ့အထ ရှိနေသရွေ့ ယောက္ခမနဲ့ ချွေးမ၊ ချွေးမနဲ့ ယောက္ခမဆိုတဲ့ အခေါ်အဝေါ် ဝေါဟာရတစ်ခုကတော့ အစဉ်သဖြင့် ရှိနေဦးမှာပါ။

ယောက္ခမ လုပ်သူကလည်း "ငါကအကြီး၊ ငါက ယောက္ခမ"ဆိုတဲ့ မာန်လေးတွေရှိသလို ချွေးမလုပ်သူကလည်း "ငါကအငယ်၊ ငါကချွေးမ"ဆိုတဲ့ မာန်လေးတွေ ကိုယ်စီရှိကြပါတယ်။

ပြဿနာဆိုတာလည်း မာန်ရှိသူချင်းမှသာ ဖြစ်တာပါ။ တစ်ဖက်က မာန်တွေ ဘယ်လောက်ပဲရှိရှိ၊ တစ်ဖက်က မာန်မရှိဘူးဆိုရင် မရှိအောင်နေတယ်ဆိုရင် ပြဿနာ မဖြစ်ပါဘူး။

ပြဿနာတစ်ခုဖြစ်လာပြီဆိုရင် ကိုယ့်ဘက်က ဓမ္မနဲ့အညီ နေနိုင်သမျှနေဖြစ်အောင် ကြိုးစားရပါတယ်။ "ဓမ္မောဟဝေရက္ခတိဓမ္မစာရီ = တရားကို စောင့်တဲ့သူကို တရားက ပြန်စောင့်ရှောက်သွားမှာပဲ"လို့ နှလုံးသွင်းပြီး ဓမ္မနဲ့ ညီနိုင်သမျှ ညီအောင်နေရပါမယ်။ ပြီးတော့ သီလကိုလည်း တိုးတိုးပြီး စောင့်ထိန်းသင့်ပါတယ်။

ဘယ်လိုပြဿနာမျိုးပဲဖြစ်ဖြစ် ဒီနည်းကတော့ အကောင်းဆုံးပါပဲ၊

ကိုယ့်ဘက်က တာလုံအောင်နေလိုက်တဲ့ သဘောပါ။ အဆင်ပြေတာ မပြေတာက ဒုတိယကိစ္စပါ။

စာဖတ်သူတွေ သတိမထားမိမှာစိုးလို့ ထပ်ပြောပါရစေ။ ဘယ်လိုပြဿနာမျိုးပဲဖြစ်ဖြစ် ပြဿနာတစ်ခုခု ဖြစ်လာပြီဆိုရင် **ကိုယ့်ဘက်က ခမ္မနဲ့အညီ နေနိုင်သမျှနေပါ။ သီလကို တိုးတိုးပြီးစောင့်ထိန်းပါ။** ဒီနှစ်ချက်ကိုတော့ ချစ်တဲ့စာဖတ်သူတွေ အထူးပဲ အာရုံပြုထားစေချင်ပါတယ်။

စာရေးသူကတော့ ကိုယ့်မှာ စိတ်အနှောင့်အယှက်ဖြစ်စရာ တစ်ခုခုနဲ့ကြုံလာရင် အထက်ကအတိုင်း ကျင့်သုံးလေ့ ရှိပါတယ်။ ကိုယ့်မှာ တကယ်အားကိုးစရာက ခမ္မနဲ့ သီလပါ။

တကယ်တော့ ဒါတွေအားလုံးဟာစိတ်ပါပဲ။ စိတ်ကနေ "ဒီယောက္ခမကြီးကမုန်းစရာကြီးလို့"လျှောက်သတ်မှတ်ထားလို့ပါ။ အမှန်ကတော့ ကိုယ့်စိတ်ကလေးကို ပြန်ပြင်လိုက်ရုံပါပဲ။ စိတ်ကလေးကို ပြောင်းယူလိုက်ရုံပါပဲ။

ကိုယ့်ကိုယ်ကိုယ် ပြန်အာရုံပြုကြည့်ပေါ့။ ငါဒီလိုစိတ်တွေ ဖြစ်နေတဲ့အတွက် စိတ်ချမ်းသာသလားဆိုတာ။ စိတ်မချမ်းသာတဲ့အလုပ်ကြီးကို ဘာလို့ဆက်လုပ်နေမှာလဲ။ စိတ်ချမ်းသာအောင်ပဲ နေမှာပေါ့၊ စိတ်ချမ်းသာအောင် နေထိုင်နည်းတွေကလည်း အများကြီးရှိနေတဲ့ဥစ္စာ။ လူတစ်ယောက်ရဲ့ဘဝမှာ စိတ်ချမ်းသာမှုက သိပ်ပြီးအရေးကြီးပါတယ်။

စိတ်ချမ်းသာတယ် စိတ်ဆင်းရဲတယ်ဆိုတာ အဓိက ကိုယ့်စိတ်ကပဲလိုက်ဖန်တီးနေတာပါ။ ဘယ်လောက်ပဲ ရာထူးဌာနန္တရတွေရှိရှိ ဘယ်လောက်ပဲချမ်းသာချမ်းသာ စိတ်မချမ်းသာဘူးဆိုရင် နေရထိုင်ရတာ မပျော်ပါဘူး။ ဒါမျိုးတွေက ကိုယ်တွေ့လေးတွေ ကိုယ်စီရှိနေကြတာဆိုတော့ အထူးပြောဖို့မလိုတော့ပါဘူး။

ဒီသက်သေလေးတွေကို အသေအချာအာရုံပြုပြီး ကိုယ့်စိတ်ကလေးကို ပြုပြင်လိုက်ရုံပါပဲ။

နှစ်ဦးနှစ်ဖက် အဆင်မပြေကြဘူးဆိုတာ မေတ္တာမရှိကြလို့ပါ။ မေတ္တာထားနိုင်လိုက်ရင် အဆင်ပြေသွားကြတာပါပဲ။

ဥပမာပဲ ထားပါတော့၊ ယောက္ခမနဲ့ချွေးမ အဆင်မပြေဘူးဘဲ ထားပါတော့။ ယောက္ခမက ကိုယ့်ကို အသေအလဲ မုန်းနေတယ်ပဲထားပါတော့။

ဒါဆို ရေမေတ္တာသာ နာနာပို့ပစ်လိုက်စမ်းပါ။

မြတ်စွာဘုရားကို ရေကပ်၊ ရေကပ်ပြီးတဲ့အခါ "ဤရေအေးမြသလို ငါ့ရဲ့ယောက္ခမဖြစ်သူ ဒေါ်ဘယ်သူလည်း စိတ်ကော ရုပ်ကောအေးမြပါစေ၊ အစစအရာရာ အဆင်ပြေပါစေ"လို့ ယောက္ခမကို မျက်လုံးထဲမှာမြင်အောင် ထားပြီး ပြုံးလာတဲ့အဆင့်ထိ မေတ္တာပို့ပါ။

ကိုယ့်ရဲ့မေတ္တာသမာဓိအား ကြီးတယ်ဆိုရင် လေးငါးခြောက်ရက်နဲ့ တင် ထူးခြားလာပါလိမ့်မယ်။ ကိုယ့်ရဲ့မေတ္တာသမာဓိက အားနည်းနေသေး တယ်ဆိုရင်တော့ တစ်လနှစ်လလောက်တော့ ကြာချင်ကြာပါလိမ့်မယ်။

ယောက္ခမလုပ်သူကလည်း အထက်ကအတိုင်း ချွေးမလုပ်သူကို ရေမေတ္တာပို့ကြည့်ပါ။

တစ်ခုတော့ရှိပါတယ်။ မေတ္တာပို့သူ ကိုယ်တိုင်ကလည်း အဆင်ပြေ ချင်စိတ် ချစ်ချစ်ခင်ခင်နေလိုတဲ့စိတ် ရှိနေရပါ့မယ်။ မေတ္တာတွေတော့ပို့နေပါရဲ့၊ အဲဒီလိုစိတ်မျိုး မရှိဘူးဆိုရင်တော့ မေတ္တာကထိရောက်မှာ မဟုတ်ပါဘူး။

တချို့ဆိုယောက္ခမနဲ့ အဆင်မပြေလို့ ရသင့်ရထိုက်တဲ့ အမွေတွေ မရလိုက်တာတောင် ရှိပါတယ်။

ကဲ ... စာဖတ်သူ။ ယောက္ခမနဲ့ချွေးမ အဆင်မပြေဖြစ်နေခဲ့ရင် ရေမေတ္တာသာ ပို့ကြည့်လိုက်စမ်းပါ။ မကြာခင်အချိန်အတွင်းမှာ "အမေရဲ့ သမီးရဲ့၊ သမီးရဲ့ အမေရဲ့" ဆိုပြီး ဘေးကလူတွေ မနာလိုချင်လောက်ကို အဆင်ပြေသွားပါလိမ့်မယ်။ ပြီးတော့ အမွေတွေလည်း အများကြီးရလိုက် ပါလိမ့်မယ်။

ကျမ်းကိုး:-

၁။ ဝိမာနဝတ္ထုအဋ္ဌကထာ၊
ဥဋ္ဌာရာဝိမာနဝတ္ထု။

၂။ ဝိမာနဝတ္ထုတော်ကြီး၊ မြို့မိဆရာတော်။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း
ဖေဖော်ဝါရီ၊ ၂၀၀၆။



## လူငယ်နှင့် ဝိပဿနာ

ဘယ်အရွယ်မှာ တရားအားထုတ်ရမလဲ....?

ဒီမေးခွန်းရဲ့အဖြေကို မဖြေခင် အာရုံနိုးတဲ့အနေနဲ့ အားလုံးကြားဖူးပြီး ဖြစ်တဲ့ ဝတ္ထုလေးတစ်ပုဒ်ကို အရင်ပြောပြရအောင်ပါ။

မဟာဓနသူဌေးသားရဲ့ဝတ္ထုလေးပါ။

မြတ်စွာဘုရားလက်ထက်တော်က ကုဋေရှစ်ဆယ် ချမ်းသာတဲ့ သူဌေးသားတစ်ယောက်ရှိပါတယ်။သူဌေးသားရဲ့ မိဘတွေက သားဖြစ်သူကို ချစ်လွန်းလို့ ဒီတစ်သက် စားမကုန်ဘူးဆိုပြီး ပညာမသင်စေဘဲ ကတာ၊ သီချင်းဆိုတာ၊ တီးမှုတ်တာလောက်ပဲ သင်စေပါတယ်။ အရွယ်ရောက်လာ တော့ သူ့လိုပဲ ကုဋေရှစ်ဆယ်ချမ်းသာတဲ့ ပညာမတတ်တဲ့ သူဌေးသမီး တစ်ယောက်နဲ့ အိမ်ထောင်ချပေးပါတယ်။

နှစ်ယောက်ပေါင်းလိုက်တော့ ကုဋေတစ်ရာ့ခြောက်ဆယ်ချမ်းသာတဲ့

သူဌေးလင်မယားပေါ့။ ဒီလိုနဲ့ နှစ်ဘက်မိဘတွေ ကွယ်လွန်သွားကြရောပဲ ဆိုပါတော့။

သူဌေးဆိုတော့ ဘုရင့်ဆီကို နေ့စဉ် အခစားဝင်ရပါတယ်။ ဒါကို နေ့စဉ်တွေ့နေရတဲ့ အရက်သမားတွေက စည်းရုံးဖို့ ပြင်ဆင်ကြပါတယ်။

တစ်နေ့ သူဌေးသား ဘုရင့်ဆီက ပြန်အလာ လမ်းမှာ အရက်သမားတွေက အရက်ကိုသောက်ပြ၊ အမြည်းကိုစားပြနဲ့ "အရှင်သူဌေးသား အသက်တစ်ရာ ရှည်ပါစေ၊ အရှင်သူဌေးသားကို အမှီပြုပြီး စားနိုင်သောက်နိုင်ရပါလို၏ "လို့ ဆုတောင်းကြပါတယ်။ ဒီလိုနဲ့ အရက်သမားတွေနဲ့ ပေါင်းမိပြီး အရက်တွေ သောက်ဖြစ်သွားပါတယ်။

စာထဲမှာပြထားတာကတော့ သူဌေးသားက ငွေတွေကို ဘေးမှာပုံပြီး သူ့ရဲ့သောက်ဖော်သောက်ဖက် အရက်သမားတွေနဲ့ ပန်းတွေဝယ်ခိုင်းလိုက်၊ နံ့သာတွေဝယ်ခိုင်းလိုက်၊ ပြီးတော့ တီးတတ်၊ မှုတ်တတ်တဲ့သူတွေခေါ် တီးခိုင်း၊ မှုတ်ခိုင်း၊ သီးချင်းဆိုတတ်တဲ့သူတွေခေါ် သီချင်းဆိုခိုင်း၊ ကတတ်တဲ့သူတွေကို ကခိုင်း၊ ဆုငွေတွေကို တစ်ထောင် နှစ်ထောင်မျိုး ဆုချလိုက်၊ အရက်တွေ သောက်လိုက်နဲ့ အလုပ်မလုပ်ဘဲ အရက်ချည်းထိုင်သောက်နေလိုက်တာ ပစ္စည်းတွေ ကုန်ခမ်းပြီး တောင်းစားရတဲ့ဘဝ ရောက်သွားရောပဲ ဆိုပါတော့။

တစ်နေ့ မြတ်စွာဘုရားက တောင်းစားနေတဲ့ သူဌေးလင်မယားကို ရဟန်းသာမဏေတွေက စားကြွင်း စားကျန်တွေ ပေးနေတာ တွေ့မြင်တော့ အရှင်အာနန္ဒာကို အောက်ပါအတိုင်း မိန့်တော်မူပါတယ်။

"ချစ်သားအာနန္ဒာ အခုမြင်နေရတဲ့နှစ်ယောက်ကို ကြည့်စမ်းပါ၊ သူဌေးသားဟာ ပထမအရွယ်မှာ တကယ်လို့ စီးပွားရှာလိုက်ရင် ဒီမြို့မှာ ပထမအချမ်းသာဆုံး သူဌေးကြီး ဖြစ်လိမ့်မယ်။ အိမ်မှထွက်ပြီး ရဟန်းပြု တရားအားထုတ်လိုက်မယ်ဆိုရင် အရဟတ္တဖိုလ်ကို ရလိမ့်မယ်။ သူ့မယားဟာလည်း အနာဂါမိဖိုလ်ကို ရလိမ့်မယ်။ဒါမှမဟုတ် ဒုတိယအရွယ်မှာ စီးပွားရှာလိုက်ဦးမယ်ဆိုရင်လည်း ဒီမြို့မှာ ဒုတိယအချမ်းသာဆုံး သူဌေးကြီး ဖြစ်လိမ့်မယ်။ ရဟန်းပြု တရားအားထုတ်မယ်ဆိုရင် အနာဂါမ်ဖြစ်လိမ့်မယ်။ မယားလည်း သကဒါဂါမ်ဖြစ်လိမ့်မယ်။ ဒါမှမဟုတ် သတိဉာဏ်ဝင်ပြီး တတိယအရွယ်မှာ စီးပွားရှာလိုက်ဦးမယ်ဆိုရင်လည်း တတိယအချမ်းသာဆုံး

သူဌေးကြီးဖြစ်လိမ့်မယ်။ ရဟန်းပြု တရားအားထုတ်မယ်ဆိုရင် သကဒါဂါမ် ဖြစ်လိမ့်မယ်။ မယားက သောတာပန်ဖြစ်လိမ့်မယ်။

အခုအရွယ်မှာတော့ အချိန်တွေလွန်ခဲ့ပြီ၊ လူ့စည်းစိမ်တွေမှ ဆုတ်ယုတ်ခဲ့သလို ရဟန်းအဖြစ်ဆိုတဲ့ မဂ်ဖိုလ်တွေမှလည်း ဆုတ်ယုတ်ခဲ့ပြီ၊ ရေခြောက်သွေ့နေတဲ့ ရေအိုင်ကို ရောက်ရှိ နေတဲ့ ကြိုးကြာငှက်လို ဖြစ်ခဲ့ရရှာပြီ"

အားလုံးကြားဖူးထားတဲ့ ဝတ္ထုလေးပါ။

အထက်ကဝတ္ထုလေးမှာ မြတ်စွာဘုရားက အရှင်အာနန္ဒာကို မှတ်ချက်ချပြတဲ့ စကားလေးက အဓိက လိုရင်းပါ။ မြတ်စွာဘုရားရဲ့ အဓိက လိုရင်း မှတ်ချက်ကလေးကိုပဲကိုင်ပြီး ပြောရအောင်ပါ။

လောကလူသားတွေပြောနေကြတဲ့စကား ရှိပါတယ်။ ဘာလဲဆိုတော့ "ပထမအရွယ် ပညာရှာ၊ ဒုတိယအရွယ် ဥစ္စာရှာ၊ တတိယအရွယ် တရားရှာ"တဲ့။

ဒီဆောင်းပါးမှာတော့ တရားထူးတရားမြတ်ရဖို့ နည်းလမ်းကိုပဲ ဦးစား ပေး ရေးသွားမှာဆိုတော့ ကျန်တဲ့အစိတ်အပိုင်းတွေကို မသုံးသပ်တော့ပါဘူး။

ဒီတော့ "တရားထူးတရားမြတ်ရဖို့ ဘယ်အရွယ်ဟာ အခွင့်အရေး အသာဆုံးလဲ"ဆိုရင် မြတ်စွာဘုရားရှင်ရဲ့စကားတော်ကိုထောက်ပြီး ပထမ အရွယ်ဟာ တရားထူး တရားမြတ်ရဖို့ အခွင့်အရေးအသာဆုံးပါ။

မဟာဓနသူဌေးသားဝတ္ထုလေးကို ထပ်အာရုံပြုကြည့်ပါဦး။

မဟာဓနသူဌေးသားလင်မယားဟာ ပထမအရွယ်မှာသာ တရား အားထုတ်ရင် ယောကျ်ားက ရဟန္တာဖြစ်ပြီး မိန်းမက အနာဂါမ်ဖြစ်ရမှာပါ။

ပထမအရွယ်မှာ သတိမေ့ပြီး တရားအားမထုတ်ဖြစ်တာ ထားလိုက် ပါဦး။

ဒုတိယအရွယ်မှာ သတိသံဝေဂဖြစ်ပြီး တရားအားထုတ်လိုက်မယ်ဆို ရင်လည်း ယောကျ်ားက အနာဂါမ်တည်ပြီး မိန်းမက သကဒါဂါမ်ဖြစ်ရမှာပါ။

ဒုတိယအရွယ်မှာ သတိမေ့ပြီး တရားအားမထုတ်ဖြစ်တာ ထားလိုက် ပါဦး။

တတိယအရွယ်မှာ သတိသံဝေဂဖြစ်ပြီး တရားအားထုတ်လိုက်မယ် ဆိုရင်လည်း ယောကျ်ားလုပ်သူက သကဒါဂါမ်ဖြစ်ပြီး မိန်းမလုပ်သူက သောတာပန်ဖြစ်ရမှာပါ။

အခုတော့ အရွယ်သုံးပါးလွန်ခဲ့ပြီဖြစ်သလို တရားထူး တရားမြတ်တွေနဲ့ဝေးသွားခဲ့ရပါပြီ။

ဒီဝတ္ထုလေးကိုထောက်ပြီး တရားထူးတရားမြတ်ရဖို့ ပထမအရွယ်ဟာ ပထမအခွင့်အရေးအသာဆုံးပါ။ ဒုတိယအရွယ်ဟာ ဒုတိယအခွင့်အရေးအသာဆုံးပါ။ တတိယအရွယ်ဟာ တတိယအခွင့်အရေးအသာဆုံးပါ။

အဓိကပြောလိုရင်းကတော့ ငယ်ရွယ်နုပျိုနေတဲ့ ပထမအရွယ်ဟာ တရားထူးတရားမြတ်ရဖို့ အခွင့်အရေး အသာဆုံးဖြစ်သလို တရားအားထုတ်လို့ အကောင်းဆုံးအရွယ်လည်း ဖြစ်ပါတယ်။

စာရေးသူကတော့ လူငယ်တွေနဲ့ တွေ့ရတဲ့အခါတိုင်း "တရားအားထုတ်တာ ငယ်လေကောင်းလေပဲ"လို့ ဆိုပြီး အထူးပဲ တိုက်တွန်းဖြစ်ပါတယ်။

လူငယ်တွေဟာ လောကီအာရုံတွေ အများကြီး မတွေ့ရသေးတော့ တကယ့်အဖြူထည်လေးတွေပါ။အရောင်မတင်ရသေးပါဘူး။

အရောင်မတင်ရသေးတဲ့ အဖြူဆွတ်ဆွတ်မှာ ဘာအရောင်တင်တင်စွဲပါတယ်။ ဒါ့ကြောင့် အဖြူထည်အရွယ်လေးတွေမှာ ဝိပဿနာအရောင်ဆိုးပေးရင် သိပ်စွဲလွယ်သလို သိပ်လည်းခိုင်ခန့်ပါတယ်။

ဣဿာမစ္ဆရိယ ရာဂ လောဘ ဒေါသ သောက စတဲ့ ကိလေသာအညစ်အကြေးတွေ နည်းနေသေးတာရယ်၊ ရုပ်ကလည်း နုပျို၊ နာမ်ကလည်းနုပျိုနေတာရယ်ကြောင့် တရားအားထုတ်ရတာ အကောင်းဆုံးအရွယ်ပါပဲ။

ရုပ်ကလည်းနုပျို နာမ်ကလည်းနုပျိုနေတဲ့ အချိန်ဟာ ဘာလုပ်လုပ်တက်တက်ကြွကြွရှိသလို ရုပ်နောက်ကို နာမ်ကကောင်းကောင်းလိုက်နိုင်သလို နာမ်နောက်ကိုလည်း ရုပ်ကကောင်းကောင်းလိုက်နိုင်ပါတယ်။

ကမ္မဋ္ဌာန်းဆရာက ထိုင်ဆိုလည်း ထိုင်လိုက်နိုင်တာပါပဲ။ ထဆိုလည်း ထလိုက်နိုင်တာပါပဲ။ စင်္ကြံလျှောက်ဆိုလည်း လျှောက်လိုက်နိုင်တာပါပဲ။ ဒီလိုပြင်မှတ်လိုက်ဆိုလည်း မှတ်လိုက်နိုင်တာပါပဲ။ ဒါဟာနုပျိုခြင်းရဲ့အခွင့်အရေးတွေပါပဲ။

နုပျိုခြင်းဆိုတာ ဘဝမှာတစ်ကြိမ်သာ ရတာပါ။ ဘဝမှာ တစ်ကြိမ်သာရတဲ့ နုပျိုခြင်းဆိုတဲ့ အခွင့်အရေးကို ရနေတုန်းမှာ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ကို လုပ်ပစ်လိုက်တာဟာ ဘဝအတွက် အဓိပ္ပါယ်ရှိသွားတာပါပဲ။

နုပျိုတုန်းမှာ တရားအားထုတ်ပါဆိုတော့ ပညာသင်ကြားမှု အလုပ်လုပ်မှု အားလုံးကိုစွန့်လွှတ်ပြီး အားထုတ်ရမှာလားဆိုတော့ အဲဒီလိုလည်း မဟုတ်ပါဘူး။

ဝိပဿနာတရား အားထုတ်တယ်ဆိုတာ ကိုယ့်ဟာကိုယ် အားထုတ်လို့မရပါဘူး။ ဆရာလိုပါတယ်။ နည်းလိုပါတယ်။ဆရာနဲ့နည်းရဖို့အတွက် ရိပ်သာတစ်ခုခုမှာ ဆယ်ရက်ဖြစ်စေ၊ ဆယ့်ငါးရက်ဖြစ်စေ ဝင်ရပါ့မယ်၊ တစ်လလောက် ဝင်လိုက်နိုင်တယ်ဆိုရင်တော့ အကောင်းဆုံးပါပဲ၊ လူဆန်ဆန်ပြောရင်တော့ သင်တန်းတက်လိုက်တာပါပဲ။ ဒါဆို နည်းကောင်းကောင်းရသွားပါပြီ။ နည်းရပြီဆိုရင် ကိုယ့်အိမ်မှာ အချိန်ပိုင်းလေးနဲ့ အားထုတ်သွားလို့ရပါတယ်။

မနက်နာရီဝက်၊ နေ့ခင်းနာရီဝက်၊ ညနာရီဝက်လောက် အားထုတ်သွားနိုင်တယ်ဆိုရင်ပဲ မဆိုးပါဘူး။ တရားအားထုတ်ပြီးစမှာ စိတ်ထားလေးတွေက ကောင်းနေတတ်ပါတယ်။ စိတ်ထားလေးကောင်းနေတော့ ဘယ်သူနဲ့ပဲ စကားပြောပြော အဆင်ကိုပြေနေတာပါပဲ။ တစ်ဖက်သားက မချေမင် ပြောလာရင်တောင် ကိုယ်ကသည်းခံပြီးသား ဖြစ်နေတတ်ပါတယ်။

ဒါပေမယ့် နေ့ခင်းပိုင်းလောက်အရောက်မှာတော့ စိတ်ထားလေးက နည်းနည်း ညှံ့ချင် လာပါပြီ။ ဒီတော့ ဘက်ထရီအားကုန်တဲ့အခါ ချာဂျင်ပြန်သွင်းရသလိုပါပဲ။ ကိုယ့်နှလုံးသားထဲကို ဝိပဿနာချာဂျင် နာရီဝက် ဒါမှမဟုတ် ဆယ့်ငါးမိနစ် လောက် ပြန်သွင်းရပါတယ်။

ဒီလိုပါပဲ ညပိုင်းကျတော့ စိတ်ထားလေးက ညှံ့ချင်လာပြန်ပါပြီ။ ဒါကြောင့် တစ်ခါ ဝိပဿနာချာဂျင် နာရီဝက်၊ ဆယ့်ငါး မိနစ်လောက် ထပ်သွင်းရပါတယ်။ တစ်နေ့ကို ဝိပဿနာချာဂျင် မနက်တစ်ခါ၊ နေ့လည် တစ်ခါ၊ ညတစ်ခါ တစ်နေ့သုံးခါလောက်တော့ နေ့စဉ်သွင်းပေးရပါ တယ်။ ဒီအပြုအမူလေးတွေဟာ ကိုယ့်ဘဝနဲ့ကိုယ့်လုပ်ငန်းခွင်ကို အထောက်အကူပြုပြီးသား ဖြစ်နေတတ်ပါတယ်။

တစ်နေ့ တစ်နေ့ လူမျိုးစုံနဲ့တွေ့နေရတာဆိုတော့ ဆုံးဖြတ်ချက်မှားမသွားအောင် ကိုယ့်နှလုံးသားထဲကို ဝိပဿနာချာဂျင်လေးတွေ အားကုန်ခါနီးတိုင်း ပြန်ပြန် သွင်းသွင်းပေးရပါတယ်။

တကယ်လို့ တစ်စုံတစ်ယောက်နဲ့ အဆင်မပြေဖြစ်ပြီး စကားကို

ပက်ကနဲပြန်ပြောမိခဲ့ပြီဆိုရင် ကိုယ့်ကိုယ်ကို သတိထားကြည့်လိုက်ပါ။ ဝိပဿနာချာဂျင် အားကုန်နေလို့ဆိုတာ တွေ့ရပါလိမ့်မယ်။

တရားအားထုတ်လို့ရတဲ့အရသာဟာ ဘာနဲ့မှလဲလို့မရပါဘူး။ ဒါက အားထုတ်ဖူးသူတိုင်း သိပါတယ်။ မဝင်ဖူးသေးရင်သာ 'ဖြစ်ပါ့ဖြစ်ပါ့မလား' ဆိုပြီး စိုးရိမ်နေတတ်တာပါ။ ရိပ်သာထဲရောက်သွားရင်တော့ သူလိုကိုယ်လို လူတွေအများကြီးနဲ့တွေ့ပြီး အဆင်ပြေသွားကြတာပါပဲ။

ကဲ ထားပါတော့။

တတိယအရွယ်အိုမှ တရားဝင်ပြီပဲဆိုပါတော့။

တတိယအရွယ်ဆိုတာ ရုပ်ကလည်းအို၊ နာမ်ကလည်း အိုလာပါပြီ။

ရုပ်ကအိုလာပြီဆိုရင် ထိုင်ရ၊ ထရတာလည်း အဆင်မပြေတော့သလို ထိုင်တဲ့အခါမှာလည်း ကြာကြာမထိုင်နိုင်တော့ပါဘူး၊ ဆယ့်ငါးမိနစ်တစ်ခါ လောက် ပြင်ပြင်နေရပါတယ်။ တချို့ဝတဲ့သူတွေဆိုရင် ထိုင်ရတာ တော်တော် လေး ခက်ပါတယ်၊ တချို့ဆိုရင် လူတွဲနဲ့မှ ထိုင်နိုင်ထနိုင်ပါတယ်၊ ဒါဟာ ရုပ်အိုခြင်းရဲ့ လက္ခဏာတချို့ပါ။

နာမ်အိုတယ်ဆိုတာက သတိတွေမေ့မေ့နေတာပါ၊ ဥပမာ အခန်းထဲ ဆေးယူမယ်ဆိုပြီး ဝင်သွား၊ အခန်းထဲကျတော့ 'ငါဘာယူမလို့ပါလိမ့်'ဆိုပြီး မေ့နေ။ အခန်းထဲကနေ အပြင်ပြန်ထွက်လာပြီးမှ 'သြော် ငါဆေးယူဖို့ ဝင်သွား တာပဲ'ဆိုပြီး သတိရပြီး အခန်းထဲပြန်ဝင်ရ၊ ဒါ နာမ်အိုမှုရဲ့ လက္ခဏာတချို့ပါ။

တရားထိုင်တဲ့အခါမှာလည်း ရုပ်အိုလာတဲ့အတွက် ကြာကြာ မထိုင်နိုင်၊ ကြာကြာမထိုင်နိုင်တော့ မကြာခဏပြင်၊ မကြာခဏပြင်တော့ သမာဓိကပျက်။

နောက် နာမ်ကအိုလာတဲ့အတွက် ကမ္မဋ္ဌာန်းအာရုံပေါ်မှာ သတိက ကောင်းကောင်းမကပ်နိုင်တော့ပါဘူး။ နာမ်နဲ့လုပ်ရတဲ့အလုပ်မှာ နာမ်က အိုသွားတဲ့အတွက် ကောင်းကောင်းအလုပ်မလုပ်နိုင်တော့တဲ့သဘောပါ။

ဒီတော့ သမာဓိက တော်တော်နဲ့မဖြစ်၊ သမာဓိ မဖြစ်တော့ ဉာဏ်စဉ် တွေက မထင်နဲ့။ ကမ္မဋ္ဌာန်းဆရာက တရားစစ်တဲ့အခါကျတော့ ရှေ့ကယောဂီ ငယ်ငယ် ကလေးမလေးတွေကသာ "ဘယ်လိုမှတ်လိုက်တယ်ဘုရား၊ ဘယ်လို မှတ်လိုက်တယ်ဘုရား"နဲ့ လျှောက်စရာတွေတစ်လှေကြီးနဲ့ လျှောက်သွား၊ ကိုယ့်မှာတော့ဘာမှလျှောက်စရာမရှိ၊ ဒီတော့စိတ်ဓာတ်တွေကျပြီး အိမ်ပြန်ချင်

စိတ်ပေါက်လာ၊ အိမ်ပြန်ရောက်ပြီး နောက်တစ်ခါတရားဝင်ဖို့ သားသမီးတွေက တိုက်တွန်းရင် တစ်ကြိမ်တည်းနဲ့ သေမလောက် ကြောက်သွားတော့တာပါပဲ။

ဒါ တတိယအရွယ်လို့ခေါ်တဲ့ ရုပ်နာမ်အိုခြင်းရဲ့ ဆိုးပြစ်လက္ခဏာတွေပါပဲ။

နောက် တတိယအရွယ်ရဲ့ ဆိုးကျိုးတစ်ခုလည်း ရှိပါသေးတယ်။

ယောဆရာတော်ဘုရားရဲ့တရားတွေထဲမှာ အိုလာပြီဆိုရင် "အိုပယ် ဖြစ်တတ်တယ်"ဆိုတဲ့ စကားလုံးလေး မကြာခဏပါလေ့ရှိပါတယ်။ အိုပယ် ဆိုတဲ့စကားလုံးကလေးက သိပ်လှတာပါ။ အိုလာပြီဆိုရင် ကိုယ့်ရဲ့သားသမီး မြေးမြစ်တွေက ကိုယ့်ကို ပယ်ထားလိုက်တာပါ။

ထမင်းကျွေးရဲ့၊ အဝတ်ဆင်ရဲ့ကလွဲလို့ အကြံဉာဏ်ယူတာ တိုင်ပင် ဆွေးနွေးတာတွေ မရှိတော့ပါဘူး။ ကိုယ့်နဲ့ခပ်လှမ်းလှမ်းမှာ မြေးတွေက တိုးတိုး တိုးတိုးနဲ့ စကားပြောနေမယ်၊ ကိုယ်ကဒါကို 'ဟဲ့ မြေးတို့ ဘာတွေပြော နေတာလဲ'လို့ သွားမေးမယ်၊ ဒီတော့ မြေးတွေက 'အို ဒါလူကြီးတွေရဲ့ကိစ္စ မဟုတ်ပါဘူး၊ လူငယ်တွေကိစ္စပါ'လို့ ပြန်ပြောခံရ။

တချို့ဆို ငွေကြေးလည်းချမ်းသာပါရဲ့၊ ပညာလည်းတတ်ပါရဲ့၊ မိသားစုအသိုင်းအဝိုင်းကလည်း ပေါပါရဲ့၊ သတင်းစာ စာအုပ်ကြော်ငြာလေး ကိုဖတ်ပြီး "သားရေ အရှင်ဆန္ဒာဓိကရဲ့ နောက်ဆုံးထွက်စာအုပ်ကလေး ဝယ်ခဲ့ပါဦး"လို့ မှာဖြစ်လိုက်ပါရဲ့။

တစ်ရက်လာလည်းပါမလာ၊ နှစ်ရက်လာလည်း ပါမလာ၊ ရက်တွေသာ ကြာသွားတယ် လိုချင်တဲ့စာအုပ်က မရ။

ကိုယ်တိုင်ထွက်ဝယ်ဖို့ကျတော့လည်း ကားရှိပေမယ့် မောင်းပို့မယ့် သူမရှိ၊ ဒါတွေဟာ အိုပယ်ရဲ့ ထင်ရှားတဲ့လက္ခဏာဆိုးတချို့ပါ။ တခြား ဒီထက်ဆိုးတဲ့ကိစ္စတွေလည်း ရှိချင်ရှိဦးမှာပါ။

တကယ်လို့သာ ပထမအရွယ်မှာ တရားကို ကြိုးကြိုးစားစား အားထုတ်ခဲ့ရင် သူတို့ဘယ်လောက်ပဲ **"အိုပယ်"** လုပ်ထားလုပ်ထား၊ ကိုယ်က ကိုယ့်ဝိပဿနာတရားလေးနဲ့ နေနေလိုက်ရင် **"အိုပျော်"**ဖြစ်သွားမှာပါ။

ဝိပဿနာတရားဆိုတာ တစ်ယောက်တည်း တစ်စိတ်တည်း **အားထုတ်ရတာဆိုတော့ သူတို့ အိုပယ်လုပ်လေ ကိုယ့်အတွက် တရားမှတ်ရ**

တာ အကောင်းဆုံး ဖြစ်လေပါပဲ။

တရားထူးတရားမြတ်ရတာကို ခဏထားလိုက်ပါဦး။ လူ့ဘဝ သက်တမ်းကို ယေဘုယျ ခုနစ်ဆယ့်ငါးနှစ်နဲ့တွက်ရင် အသက်နှစ်ဆယ့်ငါးနှစ် အတွင်းဟာ တရားအားထုတ်လို့ ပထမအကောင်းဆုံးအရွယ်ပါ။ အသက် ငါးဆယ်အတွင်းဟာ တရားအားထုတ်လို့ ဒုတိယအကောင်းဆုံးပါပဲ။ ကျန်တဲ့ တတိယအရွယ်သက်တမ်းကိုတော့ ဆက်မပြောပါရစေနဲ့တော့။ ကိုယ့်အရွယ် ကိုယ်ပြန်ကြည့်ပြီး ဆုံးဖြတ်ဖို့ပဲ လိုပါတယ်။

လူ့ဘဝကို ရလာတယ်။ လူ့ဘဝကိုရလာပြီး လူ့ဘဝရဲ့အနှစ်သာရဖြစ်တဲ့ ဝိပဿနာတရားလေးမှ အားထုတ်မသွားရဘဲ သေသွားမယ်ဆိုရင် လူ့ဘဝကို ရလာတာ ဘာမှအဓိပ္ပါယ်မရှိတော့ပါဘူး။ လူဆိုတာ သေမျိုးပါ။ မသေခင် လေးမှာ ဒီဝိပဿနာတရားလေးတော့ ကုသိုလ်ဖြစ်လောက်ပဲဖြစ်ဖြစ်၊ ဗဟု သုတဖြစ်လောက်ပဲဖြစ်ဖြစ်၊ ပါရမီပါသွားအောင် အားထုတ်သွားသင့်ပါတယ်။

လောကီထဲမှာ နေနေကြတာဆိုတော့ လောကီအာရုံတွေနဲ့တော့ ကင်းလို့မရပါဘူး။ ဒါပေမယ့် မော်ဒန်တွေ၊ ပို့စ်မော်ဒန်တွေ၊ မန်ယူတွေ၊ အာစင်နယ်တွေ၊ နှစ်လုံး သုံးလုံးတွေ၊ ရာထူးဌာနန္တရတွေ၊ အပြန်အလှန် တုံ့ပြန်မှုတွေ၊ အောင်မြင်ကျော်ကြားမှုတွေနောက် တစ်ကောက်ကောက် လိုက်နေရမှုတွေနဲ့တော့ အရွယ်သုံးပါးလုံးကို အချိန်ကုန်မသွားသင့်ပါဘူး၊ ဒါတွေကို ဘဝရဲ့အစိတ်အပိုင်းတစ်ခုအနေနဲ့ပဲ သဘောထားသင့်ပါတယ်။ ဘဝရဲ့အဓိက အခန်းကဏ္ဍထဲမှာ ရှိမနေသင့်ပါဘူး။

ကဲ...စာဖတ်သူ "ဘယ်အရွယ်တရားအားထုတ်လို့ အကောင်းဆုံး လဲ"လို့ မေးလာခဲ့ရင် ပထမအရွယ်ပါပဲ။ ဘဝမှာ တစ်ကြိမ်သာရတဲ့နုပျိုခြင်းကို ဝိပဿနာအရာမှာ ကောင်းကောင်းကြီး အသုံးချပစ်လိုက်စမ်းပါ။

ဒီစာစုကို သဒ္ဓမ္မရံသီဆရာတော်ဘုရားကြီးရဲ့ လင်္ကာလေးနဲ့ပဲ နိဂုံးချုပ်လိုက်ကြအောင်ပါ။

**အိုရမည့်ဘေး မရောက်သေး မျှော်တွေးဆင်ခြင်ပါ။**
**မအိုသေးခင် တရားဝင် အဆင်ပြေလှသည်။**

အိုသောအခါတွင် တရားဝင် အဆင်မပြေပြီ။
အိုသောခါမှ တရားမရ မှားကြပါလိမ့်မည်။

ကျမ်းကိုး –
၁။ ဓမ္မပဒ (ဒုတိယတွဲ)
မဟာဓနသူဌေးသားဝတ္ထု။
၂။ သိကောင်းစရာဤခြောက်ဖြာ၊
သဒ္ဓမ္မရံသီဆရာတော်ဘုရားကြီး။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း
ဇန်နဝါရီ၊ ၂၀၀၆။



# ရေဝတီ

ရေဝတီဆိုတဲ့နာမည်လေးက တော်တော်လေး လှတာပါ။ နာမည်ကြားရုံနဲ့တင် သူ့အကြောင်း သိချင်နေတာပါ။ ပြီးတော့ နာမည်လေးက လှသလို သူ့ရဲ့ဘဝသမိုင်းလေးကလည်း လှမှာပဲဆိုပြီး တကူးတကကို ရှာဖတ်ကြည့် ဖြစ်ပါတယ်။

ဖတ်ကြည့်မှ အထင်နဲ့အမြင် တက်တက်စင်အောင် လွဲတော့တာပါပဲ။ ရေဝတီရဲ့ဇာတ်လမ်းလေးက ဒီလိုပါ။

တစ်ခါတုန်းက နန္ဒိယဆိုတဲ့ အမျိုးသားကောင်းလေးတစ်ယောက် ရှိပါတယ်။ သူ့ရဲ့ထူးခြားချက်ကတော့ ဒါနပြုတာ သိပ်ဝါသနာပါတာပါ။ အိမ်ရှေ့မှာ ဆွမ်းစားဇရပ်ဆောက်ပြီး ရဟန်းသံဃာတော်တွေကို ဆွမ်းလောင်း ဆွမ်းကပ်ရုံတင်မကဘဲ မရှိဆင်းရဲသားတွေကိုလည်း နေ့စဉ် ထမင်းပေးလှူတာပါ။ ဒါနကို စေတနာပါပါနဲ့ နေ့စဉ်ပြုနေတော့ စီးပွားရေးကလည်း ဆထက်ထမ်းပိုး ပိုပိုအဆင်ပြေလာပါတယ်။ ဒါနရဲ့အကျိုးကို လက်တွေ့ခံစားနေရတော့ နန္ဒိယက သူ့ရဲ့အလှူဒါနကို လျှော့မသွားစေဘဲ တိုးတိုးပဲ လှူနေပါတော့တယ်။

နန္ဒိယရဲ့အိမ်ရှေ့မှာ ရေဝတီဆိုတဲ့ အမျိုးသမီးလေး ရှိပါတယ်။ နန္ဒိယနဲ့ မောင်နှမတစ်ဝမ်းကွဲ တော်ပါတယ်။ နန္ဒိယအမေနဲ့ ရေဝတီအဖေက မောင်နှမအရင်းပါ။

နန္ဒိယအမေက သူ့သားနန္ဒိယကို တူမရေဝတီနဲ့ နေရာချပေးချင်ပါတယ်။ ဒါပေမယ့် နန္ဒိယက ငြင်းပါတယ်။ နန္ဒိယငြင်းရတဲ့အကြောင်းရင်းကတော့ ရေဝတီဟာ ဘာသာရေး စိတ်ဝင်စားမှုနည်းလို့ပါတဲ့။

ဒီတော့ နန္ဒိယရဲ့အမေက သူ့တူမကို အကြံသွားပေးရပါတယ်။

"တူမလေးရယ် နန္ဒိယက ဒါနပြုတာ သိပ်ဝါသနာပါ ာ။ နန္ဒိယ ဆွမ်းလောင်းတဲ့အခါ လာကူရတယ်။ ရဟန်းသံဃာတော်တွေ ကြွလာတဲ့အခါမှာ သပိတ်ကို လှမ်းယူရတယ်။ ဆွမ်းစားပြီးတဲ့အခါလည်း သပိတ်တွေကို ဆေးပေးရတယ်။ ငါ့တူမကလည်း ညှဲ့လိုက်ပါဘိ"

ရေဝတီက အဒေါ်ပြောတဲ့အတိုင်း လာကူပါတယ်။ ရက်ကလေးကြာလာတော့ အမေလုပ်သူက နန္ဒိယကို "သားရယ် ဟိုမှာတွေ့လား၊ ရေဝတီက သိပ်လိမ္မာတာပဲ။ သပိတ်တွေကို ကိုယ်တိုင်ဆေးပေးနေတာ"လို့ တူမ ကောင်းကွက်ကလေးတွေကို ပြပါတယ်။

နောက်ဆုံးတော့ နန္ဒိယနဲ့ ရေဝတီ ညားရောပဲ ဆိုပါတော့။

ညားခါစမှာတော့ ရေဝတီက ဟန်ဆောင်ပန်ဆောင် နန္ဒိယနဲ့အတူတူ လိုက်လုပ်ပါသေးတယ်။ ဒါပေမယ့် စိတ်ထဲကတော့ လုံးဝကို မပါပါဘူး။

နောက် နန္ဒိယက ဣသိပတနကျောင်းတိုက်ကြီးထဲမှာ ကျောင်းဆောင်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းပါတယ်။

နန္ဒိယက လှူတာတောင် ရိုးရိုးရေစက်ချ မလှူပါဘူး။ မြတ်စွာဘုရားရှင်ရဲ့လက်တော်ကို ရေလောင်းပြီး ရေစက်ချ လှူတာပါ။ မြတ်စွာဘုရားရှင်ကိုယ်တိုင်ကလည်း နန္ဒိယရဲ့အပြုအမူကို ကျေကျေနပ်နပ်နဲ့ ခွင့်ပြုပါတယ်။

နန္ဒိယရဲ့သဒ္ဓါတရားက သိပ်ထက်သန်နေတော့ ထူးထူးခြားခြား ဘာထဖြစ်သလဲဆိုတော့ တာဝတိံသာနတ်ပြည်မှာ ကြိုဗိမာန်ပေါက်တော့တာ ပါပဲ။ ဗိမာန်တင် မကပါဘူး။ ပြုစုမယ့် နတ်သမီးတွေကလည်း အသင့်ကြိုစောင့်နေကြပါတယ်။

နန္ဒိယကသာ ဒါနတွေပြုပြီး နတ်ပြည်မှာ ကြိုဗိမာန် ပေါက်နေတာ၊ ရေဝတီကတော့ နန္ဒိယပြုလုပ်နေတာ တစ်စက်မှကို သဘောမကျပါဘူး။ သူ့စိတ်ထဲမှာ လှူရင် ကုန်တယ်လို့ပဲ ထင်နေတာပါ။ မပြောရဲလို့သာ အသာ ကြည့်နေရတာပါ။ စိတ်ထဲကတော့ လုံးဝမကြည်ဖြူပါဘူး။

ဒီလိုနဲ့ တစ်နေ့တော့ နန္ဒိယဟာ ကုန်ရောင်း ကုန်ဝယ်ကိစ္စနဲ့ ခရီးထွက်ဖို့ ကြုံလာပါတယ်။ ခရီးမထွက်ခင် ရေဝတီကို "ရေဝတီရေ၊ ခရီးထွက်နေတုန်းမှာ ရဟန်းသံဃာတွေလောင်းတဲ့ ဆွမ်းဝတ်ကို ဂရုစိုက် လောင်းနော်၊ မရှိဆင်းရဲသားတွေကို ပေးလှူတဲ့ဝတ်ကိုလည်း မလျော့စေနဲ့၊ ဂရုစိုက်လုပ်ပါ"လို့ မှာခဲ့ပါတယ်။

ဒါပေမယ့် ရေဝတီက နန္ဒိယ ခရီးထွက်သွားတာနဲ့ ရဟန်းသံဃာ တော်တွေကို ဆန်ကွဲထမင်းနဲ့ ပုန်းရည်ဟင်းပဲ လောင်းပါတော့တယ်။ မရှိ ဆင်းရဲသားတွေကိုတော့ လုံးဝ မပေးလှူတော့ပါဘူး။

နန္ဒိယ ကုန်ရောင်းကုန်ဝယ်ကိစ္စပြီးလို့ သူ့မြို့ကို ပြန်လာတဲ့အခါ အိမ်မရောက်ခင် သတင်းဆိုးကို အရင်ကြားလိုက်ရပါတယ်။ ဒါကြောင့် သူ့အိမ်ကို မဝင်သေးဘဲ "ရေဝတီ အိမ်ပေါ်ကအခုဆင်း"လို့ လူတစ်ယောက်ကို လွှတ်ပြီး ဆင်းခိုင်းလိုက်ပါတယ်။ နန္ဒိယပြောတဲ့အတိုင်း ရေဝတီလည်း အိမ်ပေါ်က ဆင်းသွားရရှာပါတယ်။

နောက်တော့ သူငယ်ချင်းမိတ်ဆွေတွေက "နန္ဒိယရယ် ကျောင်းဒကာ ဖြစ်ပြီး ကိုယ့်ဇနီးကို အိမ်ပေါ်ကနှင်ချတာ မကောင်းပါဘူး။ ပြန်ခေါ်လိုက်ပါ" လို့ ဝိုင်းတိုက်တွန်းလို့ ပြန်ခေါ်ဖြစ်ပါတယ်။

ရေဝတီ အိမ်ပေါ်ရောက်ပြီး မကြာခင်ကာလမှာဘဲ နန္ဒိယလည်း ကွယ်လွန်သွားပါတယ်။ ကွယ်လွန်တော့ သူ့အတွက် ကြိုပေါက်နေတဲ့ တာဝတိံသာနတ်ဗိမာန်မှာ နတ်သားသွားဖြစ်ပါတယ်။

နန္ဒိယကွယ်လွန်တော့ ရေဝတီက သိပ်ဝမ်းသာသွားပါတယ်။ သူ့အထက်မှာ ဘယ်သူမှ မရှိတော့လို့ပါ။

ရေဝတီ ပထမဆုံး ဖျက်ဆီးပစ်လိုက်တဲ့ဝတ်က မရှိဆင်းရဲသား တွေကို ပေးလှူတဲ့ ဒါနဝတ်ပါ။ နောက်ထပ်ပြီး ဖျက်ဆီးတာက ရဟန်းသံဃာ တော်တွေကို နေ့စဉ် ဆွမ်းလောင်းလှူတဲ့ဝတ်ပါ။

ဝတ်ဖျက်ရုံတင်မကဘဲ ရဟန်းသံဃာတွေ ဆွမ်းလာခံတဲ့အခါ ရေဝတီက "ဒီကိုယ်တော်တွေကြောင့် ငါ့ရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ဆုံးရှုံးရတာ"လို့ဆိုပြီး ရေရွတ်ဆဲရေးပါသတဲ့။ သူရေရွတ်ဆဲရေးတဲ့အထဲမှာ ရဟန္တာတွေလည်း ပါပါတယ်။ ရဟန္တာတွေကို ရေရွတ်ဆဲရေးလိုက်တဲ့ အကုသိုလ်ကံဟာ ရေဝတီအတွက် အကြီးမားဆုံး ဖြစ်သွားခဲ့ပါတယ်။ ပြီးတော့ အသေးစားအကုသိုလ် အခြံအရံတွေကလည်း ဝိုင်းဝိုင်းလည် နေတာဆိုတော့ နောက်ဆုံး အရှင်လတ်လတ် ငရဲကျသွားရပါတော့တယ်။

ရေဝတီရဲ့ဇာတ်သိမ်းပိုင်းလေးကိုဖတ်ပြီး "ဩော် ... ရေဝတီရယ်"လို့ စုပ်သပ်ရင်း ခေါင်းထဲကို တစ်ခြားဝတ္ထုလေးတွေလည်း ဆင့်ကာဆင့်ကာ ဝင်လာပါတယ်။

ပထမဆုံးဝင်လာတာက ဗောဓိမင်းသားဝတ္ထုပါ။

ဗောဓိမင်းသားတို့ လင်မယားဟာ သားသမီး သိပ်လိုချင်ကြပါ တယ်။ ဒါပေမယ့် မရကြပါဘူး။ နောက်ဆုံး ဘယ်လိုအကြံထုတ်သလဲ ဆိုတော့ မြတ်စွာဘုရားကို အိမ်ပင့်မယ်။ မြတ်စွာဘုရားကြွလာတဲ့အခါ နင်းသွားဖို့အခင်း ဖြန့်ခင်းထားမယ်။ မြတ်စွာဘုရား အခင်းပေါ် နင်းသွားတဲ့ အခါ "သားသမီးရရပါလို၏"လို့ ဆုတောင်းမယ်ပေါ့လေ။ သူ့အဓိဋ္ဌာန်နဲ့ သူပါ။

မြတ်စွာဘုရားရှင်က ဗောဓိမင်းသားအိမ်ကို ကြွတော့လာပါတယ်။ ဒါပေမယ့် သူတို့တောင်းမယ့်ဆု မပြည့်နိုင်ဘူးဆိုတာသိလို့ အခင်းကို မနင်း ပါဘူး။ ဗောဓိမင်းသားကတော့ ဖွတ်နင်းခိုင်းနေပါတယ်။

နောက်ဆုံးတော့ မြတ်စွာဘုရားက သူတို့သားသမီးမရနိုင်တဲ့ အကြောင်းကို ပြောပြရပါတယ်။

သူတို့လင်မယားဟာ ဘဝတစ်ခုမှာ သင်္ဘောနဲ့ခရီးထွက်ရင်း သင်္ဘောပျက်ပါတယ်။ သင်္ဘောပျက်တော့ ကျွန်းတစ်ကျွန်းကို ရောက်သွားပါ တယ်။

အဲဒီကျွန်းမှာ စားစရာမရှိတာနဲ့ ငှက်ဥလေးတွေကို ဖောက်စားကြပါ သတဲ့။ နောက် ငှက်ဥကလေးတွေကုန်တော့ ငှက်ကလေးတွေကို သတ်စား ကြပါသတဲ့။ အဲဒီ အကုသိုလ်ကံကြောင့် သားသမီး မရတာပါတဲ့။ တကယ်လို့

သာ ဇနီးမောင်နှံနှစ်ယောက်ထဲက တစ်ယောက်ယောက်ကသာ မစားခဲ့ရင် သားသမီး ရမှာပါတဲ့။

နောက်ဝတ္ထုတစ်ခုက အားလုံးသိကြတဲ့ သူဆင်းရဲ မောင်ပုဏ္ဏ ဝတ္ထုလေးပါ။ အရှင်သာရိပုတ္တရာကို ခင်ပွန်းက ရေဒပူကပ်တယ်။ ဇနီးက ခင်ပွန်းအတွက် ယူလာတဲ့ ထမင်းကို အရှင်သာရိပုတ္တရာကို ကပ်တယ်။ တစ်ယောက်နဲ့တစ်ယောက် မမြင်ကွယ်ရာမှာ ကပ်လှူကြပေမယ့် တစ်ယောက် ကုသိုလ်ကို တစ်ယောက်က ကျေနပ်သဘောတူခဲ့ကြပါတယ်။

ကုဏ္ဍလကြွမုဆိုးဝတ္ထုမှာတော့ ခင်ပွန်းလုပ်သူမုဆိုး တောသွားခါနီးမှာ ဇနီးဖြစ်သူက လေးတွေ မြားတွေ ပြင်ပေးရပေမယ့် ဇနီးတစ်ယောက်အနေနဲ့ လင်ယောကျ်ားရဲ့စကားကို လိုက်နာရမယ့်ဝတ္တရားရှိတယ်လို့ နှလုံးသွင်းပြီး သေစေလိုတဲ့ အကုသိုလ်စေတနာလည်း လုံးဝမပါခဲ့ပါဘူး။ ဒါကြောင့် ဇနီး ဖြစ်သူမှာ အပြစ်ဖြစ်မနေခဲ့ပါဘူးတဲ့။

အတွေးထဲမှာ ဝတ္ထုလေးတွေက ဆင့်ကာဆင့်ကာ ဝင်လာခဲ့ပါတယ်။

ထားပါတော့လေ၊ မျက်မှောက်လောကမှာ ခင်ပွန်းလုပ်သူက အပြင်မှာ စီးပွားထွက်ရှာနေရတယ်။ အိမ်မှာကျန်ခဲ့တဲ့ ဇနီးလုပ်သူက ခင်ပွန်းရဲ့ မမြင်ကွယ်ရာမှာ ဆွမ်းလောင်းတာတို့၊ တခြားပန်းကပ်တာတို့ လုပ်နေမယ်။ ဒါကို ခင်ပွန်းလုပ်သူက မမြင်တွေ့ရပေမယ့် ကျေနပ်သဘောတူနေရင် ကုသိုလ်က ဇနီးမောင်နှံနှစ်ယောက်လုံး အတူတူဖြစ်နေတာပါ။ ကျေနပ် သဘောတူနေဖို့ပဲ အရေးကြီးပါတယ်။

တကယ်လို့ ခင်ပွန်းလုပ်သူက ကျေနပ်သဘောတူမှု မရှိခဲ့ရင်တော့ ဇနီးပြုတဲ့ ကောင်းမှုကုသိုလ်တွေဟာ ဇနီးအတွက်ပဲ ဖြစ်နေမှာပါ။

ဒါက ကောင်းတဲ့ကုသိုလ်ဘက်က ပြောတာပါ။ မကောင်းတဲ့ အကုသိုလ်ဘက်က ပြောမယ်ဆိုရင်လည်း ဥပမာပေါ့လေ ခင်ပွန်းလုပ်သူက မသမာတဲ့နည်းနဲ့ စီးပွားရှာနေမယ်။ ဒါမှမဟုတ် လာဘ်စားနေမယ်။ ဒီကိစ္စကို ဇနီးလုပ်သူက ကျေကျေနပ်နပ်နဲ့ သဘောတူနေမယ်။ လာဘ်စားလို့ ရလာတဲ့ ပစ္စည်းကို ကျေကျေနပ်နပ်နဲ့ သုံးဆောင်နေမယ်ဆိုရင် အကုသိုလ်က ဇနီး မောင်နှံ အတူတူ ဖြစ်နေမှာပါ။

တကယ်လို့ ဇနီးလုပ်သူက သဘောမတူခဲ့ရင်တော့ အကုသိုလ်က

ခင်ပွန်းအတွက်ပဲ ဖြစ်နေမှာပါ။

အပြစ်ဆိုတာ ပြုပြီးရင် အပြစ်ရဲ့အကျိုးကို ကာလတစ်ခုမှာတော့ ခံရမှာ ဧကန်ပါ။

တကယ်စဉ်းစားကြည့်ရင် လူတစ်ယောက်ရဲ့ဘဝမှာ ငွေက အဓိက မပြဌာန်းပါဘူး။ ငွေထက်ပြဌာန်းတဲ့ အရာတွေ အများကြီးရှိပါတယ်။

ငွေတွေ၊ တိုက်တွေ၊ ကားတွေ၊ ရာထူးဂုဏ်သိန်တွေ မရှိပေမယ့် ကိုယ်ကျင့်သီလလေး ဖြူဖြူစင်စင် ရှိမယ်။ ဂုဏ်တော်မေတ္တာပွားတဲ့ သမထ အကျင့်စရဏလေးရှိမယ်။ အချိန်ရသမျှ ဝိပဿနာတရားလေး အားထုတ်နေမယ်ဆိုရင် ဘဝက တော်တော်လေးအဓိပ္ပာယ်ရှိနေတာပါ။ ကိုယ်ကျင့်သီလမဲ့ပြီး ပစ္စည်းဥစ္စာတွေနဲ့ အသက်တစ်ရာရှည်ရတာထက် ကိုယ်ကျင့်သီလ ရှိပြီး တစ်ရက်ပဲအသက်ရှည်ရတာက ပိုမြတ်ပါတယ်။

ကိုယ်ကျင့်သီလကော၊ ပစ္စည်းဥစ္စာကော ပြည့်စုံနေတယ်ဆိုရင်တော့ အထူးပြောစရာ မလိုတော့ပါဘူး။ ဂွတ်ရှယ်ပါပဲ။

ဇနီးမောင်နှံဆိုတာ အတိတ်ရေစက်ကြောင့် တွေ့ကြရတာပါ။ သဘောတူသင့်တာကို သဘောတူပြီး၊ သဘောမတူသင့်တာကို လုံးဝသဘော မတူရပါဘူး။ တားသင့်တာကို တားရပါမယ်။

ရေဝတီဟာ ခင်ပွန်းရဲ့အပြုအမူတွေကို ငြိမ်ငြိမ်လေးသာလိုက်ပြီး သဘောတူနေရင် တာဝတိံသာနတ်ပြည်မှာ နန္ဒိယနဲ့အတူ စံစားနေရမှာပါ။ လူတစ်ယောက်ရဲ့ဘဝမှာ ပစ္စည်းဝတ္ထုတွေဟာ အဓိကမပြဌာန်းဘူးဆိုတာ ရေဝတီ လူ့ပြည်မှာရှိနေတုန်း သိမသွားရှာပါဘူး။ ငရဲရောက်မှပဲ ဒီပစ္စည်းဝတ္ထု တွေကတစ်ဆင့် သူ့ကို ငရဲချလိုက်တယ်ဆိုတာ သိရတာပါ။ သိချိန်မှာ နောက် ကျသွားပါပြီ။ နောက်ကျမှ ရတဲ့အသိက အသုံးမဝင်တော့ပါဘူး။ ဒါပေမယ့် ရေဝတီက လူ့ပြည်မှာကျန်ခဲ့တဲ့လူသားအားလုံးကို တရားပြသွားခဲ့ပါတယ်။ အဓိကကတော့ စိတ်ပါပဲ။ ကိုယ့်စိတ်ကလေးကို သတိထား စောင့်ရှောက် လိုက်ဖို့ပါပဲ။

ဒီဆောင်းပါးလေးကို မန်လည်ဆရာတော်ဘုရားကြီးရဲ့ မဃဒေဝ လင်္ကာလေးနဲ့ပဲ နိဂုံးချုပ်လိုက်ရအောင်ပါ။

**အကုသိုလ်နှင့်၊ ကုသိုလ်နှစ်ပါး၊ ကံတရားကား၊ မယားပြုရာ၊**

စိတ်မပါလျှင်၊ လင်မှာမရ၊ လင်ပြုကလည်း၊ မယားအိမ်သူ၊ စိတ်မတူသော်၊ မှန်ယူ မှန်စွာ၊ မရရာဘူး။

ကျမ်းကိုး–
၁။ ဝိမာနအဋ္ဌကထာ၊ စာမျက်နှာ ၂၀၄
၂။ ဟောစဉ်တရားတော်များ (စတုတ္ထတွဲ)
မင်းကွန်းဆရာတော်ဘုရားကြီး

Future Light မဂ္ဂဇင်း
မေ၊ ၂၀၀၅။



## ကံကိုပြင်လိုက်ပါ

သီဟိုဠ်ရာဇဝင်မှာ ဝသဘမင်းဆိုတာ ရှိခဲ့ဖူးပါတယ်။ မင်းမဖြစ်ခင် သာမန်လူတစ်ယောက် ဘဝတုန်းက ဦးရီးတော် စစ်သူကြီးဆီမှာ နေ့နေရပါတယ်။ ဒီလိုနဲ့ တစ်နေ့မှာ ဟူးရားပညာရှိတွေက ဝသဘအမည်ရှိတဲ့သူဟာ မင်းဖြစ်လိမ့်မယ်လို့ ဟောပြောလာကြပါတယ်။ ဒီစကား ကြားရတော့ လက်ရှိမင်းလုပ်နေတဲ့ ယသဋ္ဌာလကမင်းက သီဟိုဠ်ကျွန်းမှာ ဝသဘအမည်ရတဲ့သူအားလုံးကို သတ်စေလို့ မိန့်ပါတယ်။ ဒီတော့ စစ်သူကြီးက သူ့ဆီမှာနေတဲ့ ဝသဘကို မင်းဆီအပ်ဖို့ မယားလုပ်သူကို ပြောပြပါတယ်။ ရာထူးတိုးချင်တာလည်း ပါမှာပါ။ နံနက်စောစောရောက်တော့ စစ်သူကြီးက ဝသဘကို အသာခေါ်ပြီး မင်းနန်းတော်ကို ထွက်ခဲ့ပါတယ်။ ဝသဘကိုသတ်ဖို့ ခေါ်သွားပြီဆိုတာ သိထားတဲ့ စစ်သူကြီးရဲ့မယားက ကွမ်းအလွန်ကြိုက်တဲ့ စစ်သူကြီးအတွက် ထုံးမပါတဲ့ကွမ်းကို ထည့်ပေးလိုက်ပါတယ်။

စစ်သူကြီး မင်းနန်းတော်တံခါးဝရောက်လို့ ကွမ်းစားမယ်လည်းလုပ်ရော ထုံးမပါတာတွေ့တာနဲ့ ဝသဘကို အိမ်ပြန်ထုံးယူစေပါတယ်။ ဝသဘက အိမ်ရောက်တော့ စစ်သူကြီးရဲ့မယားက သူကြံစည်တဲ့အတိုင်း ဖြစ်လာလို့ ဝမ်းသာအားရနဲ့ပဲ "ဝသဘ သင့်ဦးကြီးက သင့်ကို မင်းကြီးဆီ

အပ်ပြီးသတ်မှာ၊ ရော့ ... အသပြာတစ်ထောင်ယူပြီး လွတ်ရာကို ပြေးပေတော့"ဆိုပြီး ပြေးခိုင်းလိုက်ပါတယ်။ ဝသဘလည်း မင်းနဲ့ဝေးတဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ပုန်းနေပါတယ်။ ရဟန်းတော်တွေကလည်း သူ့ကို ကြည့်ရှုထားကြပါတယ်။

ဒီလိုနဲ့နေရင်း တစ်နေ့မှာ ပညာရှိ လူနူတစ်ယောက်က ဝသဘရဲ့ ဇာတာကိုကြည့်ပြီး "သင် မင်းဖြစ်လိမ့်မယ်"လို့ ဟောလိုက်ပါတယ်။ ဒီစကားကြားရတော့ ဝမ်းမြောက်ဝမ်းသာနဲ့ပဲ သတ္တိရှိတဲ့ယောကျ်ားတွေ စုရုံးပါတယ်။ အတော်အတန်စုမိတော့ "မုန့်သည်မ,သားသည် မုန့်အနားကစ၍ စားရသည်" ဆိုတဲ့ ရှေးထုံးကို နှလုံးမူပြီး၊ မြို့စွန်ရွာစွန်ကစပြီး သိမ်းပါတယ်။ လိုရင်းပြောရရင်တော့ နောက်ဆုံး ဝသဘ မင်းဖြစ်သွားတယ်ပဲ ဆိုပါတော့။

ဝသဘ မင်းဖြစ်လာတော့ ဟူးရားပညာရှိတွေကို ဆိတ်ကွယ်ရာခေါ်ပြီး သူဘယ်နှစ်နှစ်လောက် မင်းပြုရမလဲဆိုတာ တွက်ခိုင်းပါတယ်။ ဟူးရားပညာရှိတွေက တွက်ချက်ပြီး "(၁၂)နှစ် မင်းပြုရမယ်"လို့ ဟောလိုက်ပါတယ်။ ဝသဘမင်းက ဟူးရားပညာရှိတွေကို အသပြာတစ်ထောင်ပေးပြီး ဒီအကြောင်း ဘယ်သူ့မှမပြောနဲ့ဆိုပြီး ပြန်လွှတ်လိုက်ပါတယ်။ အဲဒီနောက် ရဟန်း၊ သံဃာတွေဆီကပ်ပြီး "အရှင်ဘုရားတို့ မင်းသက်ရှည်ရာရှည်ကြောင်း ကုသိုလ်ကောင်းမှု မရှိဘူးလားဘုရား"လို့ လျှောက်ပါတယ်။

ဒီတော့ သံဃာတွေက . . .

"ဝသဘမင်းမြတ် . . . ရေစစ်လှူပါ။ နာမကျန်းဖြစ်နေတဲ့ ရဟန်းတွေကို ဆေးလှူပါ။ ဟောင်းနွမ်းဆွေးမြည့်နေတဲ့ ကျောင်းဟောင်း စေတီဟောင်းတွေကို ပြုပြင်ပါ။ ငါးပါးသီလကို နေ့စဉ်စောင့်ထိန်းပါ။ ရှစ်ရက်ဥပုသ်၊ ဆယ့်ငါးရက်ဥပုသ်နေ့တွေမှာ ရှစ်ပါးသီလ၊ ကိုးပါးသီလကို စောင့်ထိန်းပါ။ ဒါဆို မင်းသက်ရှည်လိမ့်မယ်"လို့ မိန့်လိုက်ပါတယ်။

ဝသဘမင်းလည်း ရဟန်းသံဃာတော်တွေ လမ်းညွှန်တဲ့အတိုင်း ပြုပါတယ်။ စာထဲမှာတော့ ဝသဘမင်းပြုခဲ့တဲ့ ကောင်းမှုတွေ အများကြီး ပြထားပါတယ်။ စာရှည်နေမှာစိုးလို့ ရေးမပြတော့ပါဘူး။ လိုရင်းပြောရရင်တော့ ဝသဘမင်းဟာ (၄၄)နှစ် နန်းစံခဲ့ရပါတယ်။

ဒီဝတ္ထုမှာ အဓိကပြောချင်တာက ဝသဘမင်းဟာ အတိတ်ကံအရ

(၁၂)နှစ်ပဲ နန်းစံရမှာပါ။ ဒါပေမယ့် အတိတ်ကံကို ပစ္စုပ္ပန်ကံနဲ့ ပြုပြင်ယူလိုက်တော့ (၄၄)နှစ်တောင် နန်းစံခဲ့ရပါတယ်။ အပိုကြေးအနေနဲ့ (၃၂)နှစ်ပိုနန်းစံခဲ့ရပါတယ်။

ဝသဘမင်း ပြုခဲ့တဲ့ ကုသိုလ်(၆)မျိုးက အသက်ရှည်ကြောင်းကုသိုလ်တွေပါ။ သူ့အနေနဲ့တော့ နန်းသက်ရှည်ကြောင်း သီးခြားကုသိုလ်တွေပေါ့။ ဒီကုသိုလ်(၆)မျိုးကို အောက်ပါလင်္ကာလေးနဲ့ တွဲမှတ်ထားလိုက်ပါဦး။ ဗဟုသုတ အဖြစ်ပေါ့။

**ရေစစ်, ဆေး ကျောင်း အဟောင်းပြုပြင်၊**
**ပဉ္စင်အဌ သီလဖြူစင်၊**
**သက်ရှည်ကြောင်းစု ကောင်းမှုခြောက်အင်၊**
**အခွင့်စိုက် ပြုလိုက်ထာဝစဉ်။**

ဝသဘမင်းကတော့ သူနဲ့အသုံးတည့်မယ့် သက်ရှည်ကြောင်းကုသိုလ်တွေကို ရွေးပြုပြီး ပြုပြင်သွားတာပါ။

အခု စာဖတ်သူတွေကတော့ တခြားဘဝလိုအပ်ချက်တွေ တခြားအဆင်မပြေမှုတွေလည်း ရှိနေကြမှာပါ။

လူမှုရေးနဲ့ပတ်သက်လို့ ကံဆိုးချင်ဆိုးနေမယ်။ စီးပွားရေးနဲ့ပတ်သက်လို့ ကံဆိုးချင်ဆိုးနေမယ်။ ကျန်းမာရေးနဲ့ ပတ်သက်လို့ ကံဆိုးချင်ဆိုးနေမယ်။ ပညာရေးနဲ့ပတ်သက်လို့ ကံဆိုးချင်ဆိုးနေမယ်။ ရာထူးဌာနန္တရနဲ့ပတ်သက်လို့ ကံဆိုးချင်ဆိုးနေမယ်။ နိုင်ငံခြားခရီးနဲ့ပတ်သက်လို့ ကံဆိုးချင်ဆိုးနေမယ်။ ကြိုက်သလောက် ဆိုးနေပါစေ။ နောက်ဆုံး သေချင်လောက်အောင်အထိ ဆိုးနေစမ်းပါစေ။ ဝသဘမင်းဝတ္ထုကို အာရုံပြုပြီး ဆိုးနေတဲ့ကံကို စိတ်ကြိုက်ပြုပြင်ယူလို့ရတယ်ဆိုတဲ့ အသိလေးကိုပဲ အာရုံပြုပစ်လိုက်စမ်းပါ။

ဒီတော့ ဘယ်လိုပြုပြင်ယူမလဲ .....?

အဲဒီအမြင့်ဆုံး သေချင်လောက်အောင်အထိ ဆိုးနေတဲ့ကံကို ကုသိုလ်(၅)မျိုးနဲ့ ပြုပြင်ယူလို့ရပါတယ်။ တိုက်တွန်းစကားအနေနဲ့ ပြောရရင်တော့ သေချင်လောက်အောင် ဆိုးနေတဲ့ကံကို ကုသိုလ်(၅)မျိုးနဲ့ နေ့စဉ်ပြုပြင်ပစ်လိုက်စမ်းပါ။ ဆိုးနေတဲ့ကံ "နင်နေ ငါသွား" ဖြစ်သွားပါလိမ့်မယ်။

ကုသိုလ်(၅)မျိုးက ဒါနရယ်, သီလရယ်, ဂုဏ်တော်ရယ်, မေတ္တာ

ရယ်, ဝိပဿနာရယ်ပါ။

အဲဒီကုသိုလ်(၅)မျိုးကို နေ့စဉ်ဖြစ်စေရမယ်လို့ အဓိဋ္ဌာန်ပြီး နေ့စဉ်ပြုလုပ်သွားဖို့ပါပဲ။

ကုသိုလ်(၅)မျိုးထဲက ဒါနဆိုတဲ့နေရာမှာ ရှင်တစ်သောင်းတွေပြုမှ၊ ကျောင်းကြီးတွေဆောက်လှူမှ ဒါနမဟုတ်ပါဘူး။ အိမ်မှာရှိတဲ့ဘုရားကို ရေချမ်းကပ်လိုက်မယ်ဆိုရင်လည်း ဒါနဖြစ်သွားတာပါပဲ။ နောက် ကိုယ်ထမင်းချက်မယ့်ဆန်ထဲက လက်တစ်ဆုပ်စာလောက်လေးနှိုက်ပြီး အိမ်ရှေ့မှာ စာကလေးတွေ၊ ခိုကလေးတွေကို ပစ်ကျွေးလိုက်မယ်ဆိုရင်လည်း ဒါနဖြစ်သွားတာပါပဲ။ ဆန်လက်တစ်ဆုပ်စာလောက်တော့ မိသားစုထမင်းဝိုင်းအတွက် သိပ်ပြီးလည်း မထိခိုက်လောက်ပါဘူး။ နေ့စဉ် ဆန်လက်တစ်ဆုပ်စာ ငှက်ကလေးတွေကို ကျွေးနေမယ်ဆိုရင်လည်း ကိုယ့်ဝန်ကိုယ့်အားနဲ့ညီမျှတဲ့ ဒါနဖြစ်နေတာပါ။

ဒုတိယက သီလပါ။

သီလမှာလည်း လောကီထဲမှာနေတဲ့ လူတစ်ယောက်အတွက် ငါးပါးသီလလောက်ကို လုံလုံခြုံခြုံလေး စောင့်ထိန်းနိုင်လိုက်တယ်ဆိုရင်ပဲ တော်တော်လုံလောက်သွားပါပြီ။ တစ်ဆင့်တက်ပြီး ဥပုသ်နေ့တွေမှာ ရှစ်ပါးသီလ၊ ကိုးပါးသီလကို စောင့်ထိန်းနိုင်တယ်ဆိုရင်တော့ အကောင်းဆုံးပေါ့။ သီလကိုစောင့်ရှောက်တဲ့အတွက် သီလကလည်း ကိုယ့်ကို သူ့သတ္တိအားလျော်စွာ ပြန်စောင့်ရှောက်ပါလိမ့်မယ်။

တတိယက ဂုဏ်တော်ပါ။

ဂုဏ်တော်(၉)ပါးထဲက ကိုယ်နှစ်သက်ရာ တစ်ခုခုကို ပွားလို့ရပါတယ်။

အရဟံဂုဏ်တော်ကိုပဲ အရဟံ – ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား၊ အရဟံ–ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား၊ အရဟံ – ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရားလို့ ပွားလို့ရပါတယ်။

အရဟံဆိုတဲ့ ပါဠိလေးရယ်၊ အရဟံရဲ့အနက် သုံးမျိုးရယ်က ပွားလို့ ဆင်ခြင်လို့ သိပ်ကောင်းတဲ့ ပါဠိနဲ့ အနက်ကလေးပါ။

ဂုဏ်တော်ပွားတဲ့အတွက် ဂုဏ်တော်က သူ့သတ္တိအားလျော်စွာ ပြန်စောင့်ရှောက်နေပါလိမ့်မယ်။

စတုတ္ထက မေတ္တာပါ။

မေတ္တာပွားတဲ့နေရာမှာ ပွားနည်းတွေကတော့ သီးသန့်အကျယ်ကို ရှိပါတယ်။ စာရေးသူရဲ့ "မေတ္တာအတွေးများစာအုပ်"မှာလည်း ပွားပုံ ပြည့်ပြည့်စုံစုံ ရေးပြထားပါတယ်။

မေတ္တာပွားတဲ့နေရာမှာ အဓိကအကြံပေးချင်တာကတော့ ပထမ ကိုယ့်အပေါ် ကျေးဇူးရှိတဲ့ ကျေးဇူးများတဲ့ လူပုဂ္ဂိုလ်အားလုံးကို တစ်ယောက်ချင်း ကုန်အောင်ပွားပါ။ ပြီးရင် နတ်ကောင်းနတ်မြတ်တွေကို ကိုယ်စောင့်နတ် အိမ်စောင့်နတ်ကစပြီး လမ်း၊ မြို့နယ်၊ မြို့၊ နိုင်ငံကို စောင့်ရှောက်နေကြတဲ့ နတ်ကောင်း နတ်မြတ်တွေကို အဆင့်ဆင့်ပွားပါ။ "ငါ၏အိမ်ကို စောင့်ရှောက်နေကြသော နတ်ကောင်းနတ်မြတ်အားလုံး ကိုယ်ဆင်းရဲ ကင်းပါစေ စိတ်ဆင်းရဲ ကင်းပါစေ၊ အစစအရာရာ အဆင်ပြေ ပါစေ" စသည်ဖြင့်ပေါ့။

ပဥ္စမက ဝိပဿနာပါ။

ဝိပဿနာကတော့ ကိုယ်အားထုတ်ဖူးတဲ့နည်းအတိုင်း မှတ်လို့ရပါ တယ်။

ကဲ . . . စာဖတ်သူ စိတ်ကူးနဲ့ပဲ ကုသိုလ်(၅)မျိုး စမ်းကြည့်ရ အောင်ပါ။

မနက်အိပ်ရာကထတာနဲ့ ကိုယ်လက်သန့်စင်ပြီး မိသားစုကိစ္စ တွေကို ဘာမှမလုပ်ပါနဲ့ဦး၊ ဘုရားခန်းကို အရင်သွားပါ။ ဘုရားသောက်တော် ရေကို အရင်ကပ်လိုက်ပါ။ ကပ်ပြီးရင် ငါးပါးသီလ ခံယူလိုက်ပါ။ အဲဒီနှစ်မျိုး ပြီးတော့မှ ဂုဏ်တော်ကို ငါးမိနစ်၊ မေတ္တာကို ငါးမိနစ်၊ ဝိပဿနာကို ငါးမိနစ် ပွားပါ။ ဆယ့်ငါးမိနစ်လောက်တော့ အားလုံး လုပ်နိုင်လောက်မယ်ထင်ပါ တယ်။

ဘဝတစ်နေ့တာရဲ့အစကို ကုသိုလ်(၅)မျိုးနဲ့ စလိုက်တာ ဘယ်လောက်ကျက်သရေရှိသွားသလဲ။မနက် အိပ်ရာထမှာပဲ ကုသိုလ်ငါးမျိုး က ရနေပါပြီ။

အဲဒီလို ကုသိုလ်(၅)မျိုးပြုပြီးမှ မိသားစုရဲ့ဝေယျာဝစ္စတွေကိုပြုပါ။

အဲလိုနဲ့ မနက်စာစားပြီးသွားတဲ့အခါ ဆန်လက်တစ်ဆုပ်ယူပြီး ခြံရှေ့မှာ ငှက်ကလေးတွေအတွက် ပက်ကျွေးလိုက်ပါဦး။

ကျွေးပြီးသွားရင် အဆစ်အနေနဲ့ "ဒီနေ့မနက်ပြုတဲ့ ကုသိုလ်(၅)မျိုးကို နတ်ကောင်းနတ်မြတ်အားလုံးကိုလည်း အမျှဝေပေးပါတယ် အမျှ အမျှ အမျှ ယူတော်မူကြပါ။ သာဓု သာဓု သာဓု"ဆိုပြီး နတ်ကောင်းနတ်မြတ်တွေကိုလည်း အမျှဝေပေးလိုက်ပါဦး။

တတ်နိုင်တယ်။ အချိန်ရတယ်ဆိုရင် ညပိုင်း ကိုရီးယားဇာတ်ကား မလာခင်၊ ဒါမှမဟုတ် ကိုရီးယားဇာတ်ကား ပြီးသွားတဲ့အခါ ကုသိုလ်(၅)မျိုးကို ထပ်လုပ်လိုက်ပါဦး။

ဒီအတိုင်းသာ နေ့စဉ်ပြုသွားစမ်းပါ။ ဆိုးနေတဲ့ကံဟာ တောင်းပန်ပြီး တောင် ထွက်သွားဦးမှာပါ။

ဒါပေမယ့် ဒီနေ့လုပ် မနက်ဖြန်ဖြစ်ဆိုတဲ့ ပုံစံမျိုးတော့ ဘယ်ဖြစ်မှာလဲ၊ တစ်လတန်သည်၊ နှစ်လတန်သည်၊ တစ်နှစ်တန်သည်တော့ စွဲလုပ်ရပါ့မယ်။ အကုသိုလ်ဆိုတဲ့ရန်သူက အင်အားကြီးနေတော့ ချက်ချင်းတော့ တောင့်တင်းလာရင် ရန်သူကံဆိုးလည်း ပြန်တောင်တိုက်နေမှာ မဟုတ်တော့ ပါဘူး၊ ကုသိုလ်အင်အားကိုကြည့်ပြီး လန့်ပြေးတော့မှာပါ။

ဒါတွေက ကံဆိုးနေတဲ့သူအတွက် ပြောတာပါ။

ကံကောင်းနေတဲ့သူတွေအတွက်လည်း အမြဲတမ်း ကံကောင်းနေအောင် ကုသိုလ်(၅)မျိုးကို နေ့စဉ် ပြုနေသင့်ပါတယ်။

ဒီဘဝကုသိုလ်(၅)မျိုးနဲ့ ကံကောင်းအောင် လုပ်နေတဲ့အတွက် ဒုတိယဘဝ၊ တတိယဘဝ စသည်တွေမှာလည်း ဆက်ပြီး ကံကောင်းနေဦးမှာပါ။

ကုသိုလ်(၅)မျိုးကို ကံကောင်းခြင်း၊ ကံဆိုးခြင်းကြောင့်မဟုတ်ဘဲ နေ့စဉ်ဝတ်တစ်ခုအနေနဲ့ ပြုနေမယ်။ အဲဒီလိုပြုနေစဉ်အတွင်းမှာပဲ ဘဝ အခက်အခဲတစ်ခုနဲ့ ကြုံလာမယ်၊ ဒါဆို ကိုယ်ပြုနေတဲ့ ကုသိုလ်(၅)မျိုးကို နေ့စဉ် အမျှပေးဝေနေတဲ့ နတ်ကောင်းနတ်မြတ်တွေကို တိုင်တည်ပြီး သစ္စာဆိုလို့လည်း ရပါတယ်။ "ကျွန်ုပ်သည် ကုသိုလ် (၅)မျိုးကို နေ့စဉ်ပြုပြီး

နတ်ကောင်းနတ်မြတ်တို့ကိုလည်း နေ့စဉ် အမျှပေးဝေခဲ့ပါတယ်။ ဤသစ္စာစကား မှန်ကန်ပါက ယခုတွေ့ကြုံနေရသောအခက်အခဲ ပြေပျောက်ပါစေသတည်း။ နတ်ကောင်းနတ်မြတ်တို့ကလည်း ကူညီမစတော်မူပါ စသည်ဖြင့်ပေါ့။


ကုသိုလ်(၅)မျိုးထဲမှာ ဝိပဿနာလည်း ပါနေတာဆိုတော့ တရားမှတ်ရင်း ပါရမီပါခဲ့ရင် အရဟတ္တမဂ် အရဟတ္တဖိုလ်ဆိုတဲ့ တရားထူးတရားမြတ်တွေရသွားပြီး သံသရာဝဋ်ကတောင် ကျွတ်သွားဦးမှာပါ။

ကုသိုလ်(၅)မျိုးကို ဘယ်အဆင့်အထိ ပြုရမလဲဆိုရင် ညအိပ်ရာဝင်လို့မှ ဒီနေ့တစ်နေ့တာ ကုသိုလ်(၅)မျိုးကို မပြုဖြစ်လိုက်ရင် အိပ်လို့မပျော်တဲ့ အဆင့်အထိ ပြုရပါ့မယ်။

ကဲ . . . စာဖတ်သူ ကံနဲ့ပတ်သက်လို့ "သေချင်လောက်အောင်ဆိုးနေပါစေ" ကုသိုလ်(၅)မျိုးနဲ့သာ နေ့စဉ် ပြုပြင်လိုက်စမ်းပါ၊ မကြာခင် ကံကောင်းလာပါလိမ့်မယ်။

**ကျမ်းကိုး–**
- မဟာဝင်ဝတ္ထု၊
- ကျီးသဲလေးထပ်ဆရာတော်။

**အလင်းတန်းဂျာနယ်**
**၁၈.၇.၂၀၀၅။**



။၇။

# အကုသိုလ်ပယ်နည်း (၁)

ကဿပဘုရားရှင်လက်ထက်တော်က ဇမ္ဗုကမထေရ်ဆိုတဲ့ မထေရ်တစ်ပါး ရှိခဲ့ဖူးပါတယ်။ မထေရ်က တောရွာတစ်ရွာမှာ ကျောင်းထိုင်ဘုန်းကြီးအဖြစ်နဲ့ သီတင်းသုံးနေတာပါ။

စာထဲမှာတော့ မထေရ်တစ်ပါးလို့ပဲ ဆိုထားပါတယ်။ နာမည်တော့ တပ်မထားပါဘူး။ ဇာတ်သိမ်းမှာ ဇမ္ဗုကမထေရ်အဖြစ်နဲ့ ဇာတ်သိမ်းထားတာမို့ မှတ်လို့လွယ်အောင် ဇမ္ဗုကမထေရ်လို့ပဲ သုံးလိုက်ရတာပါ။

ထားပါတော့၊ ဒီစာစုမှာ နာမည်က အဓိကမကျပါဘူး။ မထေရ်ရဲ့ ကံသုံးပါးအမူအရာတွေကိုပဲ အဓိကထား ပြောချင်တာပါ။

ရွာမှာရှိတဲ့ သူကြွယ်တစ်ယောက်က မထေရ်ရဲ့ပစ္စည်းလေးပါးကို တာဝန်ယူထားပြီး နေ့စဉ်လည်း အိမ်ကို ဆွမ်းခံကြွစေပါတယ်။ မထေရ်က သီလကို အထူးစောင့်ထိန်းသလို ကျောင်းတိုက်မှာ တံမြက်လှည်းတာ ကုဋီသန့်ရှင်းရေးလုပ်တာ စတဲ့ ဝတ်ကြီးဝတ်ငယ်တွေကိုလည်း နေ့စဉ်ပြုပါတယ်။ မထေရ်ရဲ့သီလကိုကြည့်ပြီး သူကြွယ်ရဲ့ကြည်ညိုမှုကလည်း ခိုင်မြဲနေခဲ့ပါတယ်။ အမှန်ဆို ကဿပဘုရား ပွင့်တော်မူဆဲကာလမှာ ရဟန်းဖြစ်ခွင့်ရနေတာဆိုတော့ မထေရ်အနေနဲ့ သူ့ရဲ့လက်ရှိသီလစင်ကြယ်မှုကို အခြေခံပြီး ဝိပဿနာတရားကို ဆက်အားထုတ်လိုက်ရင် ကဿပဘုရားရှင် လက်ထက်တော်မှာပဲ ရဟန္တာ ဖြစ်သွားနိုင်ပါတယ်။ ရဟန္တာမဖြစ်ရင်တောင်မှ ပျံလွန်တော်မူတဲ့အခါ ကောင်းမြတ်တဲ့ သုဂတိဘုံတစ်ခုခုကို ရောက်သွားနိုင်ပါတယ်။

ဒါပေမယ့် မထေရ်ရဲ့ကံသုံးပါးဟာ ဟန်ချက်မညီ ယိမ်းယိုင်သွားခဲ့တဲ့အတွက် အမြတ်ဆုံးပန်းတိုင်နဲ့လွဲပြီး အပါယ်ငရဲ ကျသွားခဲ့ရပါတယ်။

ဖြစ်ပုံက ဒီလိုပါ။

တစ်နေ့မှာ မထေရ်သီတင်းသုံးရာရွာကို အာဂန္တုရဟန္တာတစ်ပါး

ကြွလာပါတယ်။ အာဂန္တုရဟန္တာကိုမြင်တော့ မထေရ်ရဲ့ဒကာက အိမ်မှာပင့်ပြီး ဆွမ်းလည်းကျွေး၊ သင်္ကန်းလည်းလှူ၊ ပြီးတော့ ဆံပင်တွေရှည်နေတဲ့အတွက် ဆတ္တာသည်ခေါ်ပြီး ခေါင်းလည်းရိပ်ပေးလိုက်ပြန်ပါတယ်။

အဲဒီအချိန်မှာပဲ ကျောင်းထိုင်မထေရ်ကြွလာပါတယ်။ အာဂန္တုရဟန္တာကို ချစ်ချစ်ခင်ခင်ပြုစုနေတဲ့ မြင်ကွင်းကို မြင်လိုက်ရတော့ မထေရ်ရဲ့သန္တာန်မှာ ဣဿာမစ္ဆရိယတွေ ထုနဲ့ထည်နဲ့ဝင်လာပါတော့တယ်။ ဒကာသူကြွယ်က သူ့ရဲ့ကျောင်းထိုင်မထေရ်ကို အာဂန္တုရဟန္တာမထေရ်နဲ့ မိတ်ဆက်ပေးပါတယ်။ မိတ်ဆက်ပေးရုံတင်မကဘဲ ဒကာက ကျောင်းထိုင်မထေရ်ကို "အရှင်ဘုရား ဒီကိုယ်တော်က အရှင်ဘုရားကျောင်းမှာ ဒီညကျိန်းမယ်ဘုရား၊ ကျိန်းမယ့်ကုတင်အပိုလည်း ထည့်ပေးလိုက်မယ်ဘုရား၊ ပြီးတော့ မနက်ကျရင် နှစ်ပါးအတူတူ တပည့်တော်အိမ်ကို ဆွမ်းစားကြွခဲ့ပါဘုရား"လို့ ပင့်ဖိတ်လိုက်ပါတယ်။ ဒကာရဲ့စကား ကြားလိုက်ရတော့ လက်ရှိကျောင်းထိုင်မထေရ်ရဲ့သန္တာန်မှာဖြစ်နေတဲ့ ဣဿာမစ္ဆရိယဟာ နှစ်ဆတက်ပြီး နှလုံးသားကို ဆောင့်တိုးပြန်ပါတယ်။ ဒီလိုနဲ့ပဲ မထေရ်နှစ်ပါး ကျောင်းကို ပြန်ခဲ့ပါတယ်။ ကျောင်းရောက်ပေမယ့် ကျောင်းထိုင်မထေရ်က ဧည့်ဝတ်စကားတောင် မပြောပါဘူး၊ ခပ်တည်တည်ပဲ နေနေပါတယ်၊ ညချမ်းရောက်တဲ့အခါမှာတော့ ကျောင်းထိုင်မထေရ်ရဲ့နှလုံးအိမ်ကို ဣဿာမစ္ဆရိယမျိုးစုံဟာ အင်နဲ့အားနဲ့ ဆောင့်ဆောင့်တိုးနေပါတော့တယ်။ ကျောင်းထိုင်မထေရ်ဟာ ဣဿာမစ္ဆရိယ တစ်ချိန်လုံးနှိပ်စက်နေတဲ့အတွက် အိပ်လို့ကို မပျော်ပါဘူး၊ ဟိုဘက်လှိမ့်လိုက် ဒီဘက်လှိမ့်လိုက်နဲ့ လူးလှိမ့်နေရပါတယ်၊ ကံအနေနဲ့ ပြောရရင်တော့ မနောကံ အနေနဲ့ဖြစ်နေတာပါ။

ကျောင်းထိုင်မထေရ်ဟာ ပထမတော့ ကြိုးစားပြီး သည်းခံပါသေးတယ်။ ညသန်းခေါင်ရောက်လာတော့ မရတော့ပါဘူး။

ဒါကြောင့် အာဂန္တုရဟန္တာကျိန်းစက်ရာကိုသွားပြီး "အရှင်ဘုရားဟာ တပည့်တော်ဒကာရဲ့ဆွမ်းကိုလည်း စားတယ်၊ တပည့်တော်ဒကာခေါ်ပေးတဲ့ ဆတ္တာသည်နဲ့လည်း ဆံရိပ်တယ်၊ တပည့်တော်ရဲ့ဒကာလှူတဲ့ သင်္ကန်းကို လည်းဝတ်တယ်၊ ပြီးတော့ တပည့်တော်ဒကာရဲ့ ကုတင်ပေါ်မှာလည်း အိပ်တယ်၊ ဘာကောင်းလဲ"လို့ ဆဲရေးပါတော့တယ်။ ကျောင်းထိုင်မထေရ်က

ရှန့်ရှင်းကြမ်းတမ်းတဲ့စကားတွေနဲ့ ဆဲရေးနေပေမယ့် အာဂန္တုရဟန္တာမထေရ်ကတော့ ကိုယ်အမှတ်နဲ့ကိုယ် သည်းခံနေပါတယ်။ အဲဒီမှာတင် ကျောင်းထိုင်မထေရ်ရဲ့အကုသိုလ် ဝစီကံအဆင့်ထိ ရောက်လာပါတယ်။ နှုတ်ကဆဲရေးပြောဆိုလိုက်ရလို့ ရင်ထဲပေါ့သလိုဖြစ်သွားပေမယ့် ဆက်အိပ်လို့ မပျော်တော့ပါဘူး၊ ဒီလိုနဲ့ပဲ မနက်အရုဏ်တက်ချိန် ရောက်လာပါတယ်။

ဒီမှာတင် ကျောင်းထိုင်မထေရ်က ဝိနည်းကို လက်တစ်လုံးကြားလုပ်ပြန်ပါတယ်။ ခေါင်းလောင်းကို လက်သည်းဖျားနဲ့ ခေါက်ပါတယ်၊ ခေါက်ပြီး သူတစ်ပါးထဲပဲ ဒကာအိမ်ကို ဆွမ်းစားကြွခဲ့ပါတယ်။ ဒကာက အာဂန္တုကိုယ်တော် မပါတာနဲ့ "အာဂန္တုကိုယ်တော်ရောဘုရား" လို့မေးတော့ "ဒကာကြီးကိုယ်တော်အကြောင်းတော့ ပြောကိုမပြောချင်တော့ပါဘူး ခေါင်းလောင်းထိုးတာတောင် မနိုးဘူး ဆက်အိပ်နေတယ်"လို့ မျက်နှာကို ရှုံ့မဲ့ပြီး ပြောလိုက်ပါတယ်။

အခြေအနေအရပ်ရပ်ကိုကြည့်ပြီး ဒကာကတော့ ရိပ်မိသွားပါပြီ၊ ဒါကြောင့် ဆွမ်းကပ်ပြီးတဲ့အခါ ကျောင်းထိုင်မထေရ်ရဲ့သပိတ်ထဲကို ဆွမ်းအပြည့်ထည့်ပြီး "အရှင်ဘုရား ဒီဆွမ်းတွေကို အာဂန္တုကိုယ်တော်ကို ကပ်ပေးပါဘုရား"လို့ လျှောက်ပါတယ်။

ကျောင်းထိုင်မထေရ်ဟာ ဒကာထည့်ပေးလိုက်တဲ့သပိတ်ကို မလွှဲသာမရှောင်သာ သယ်လာရပေမယ့် တစ်စက်မှ သယ်မလာချင်ပါဘူး၊ လမ်းတစ်ဝက်ရောက်တဲ့အခါမှာတော့ မထေရ်ရဲ့သန္တာန်မှာ ဖြစ်နေတဲ့ ဣဿာမစ္ဆရိယဟာ တစ်ကိုယ်လုံး ပျံ့နှံ့သွားပါတော့တယ်၊ ဒါကြောင့် သပိတ်ထဲမှာပါလာတဲ့ ဆွမ်းတွေကို လမ်းဘေးမှာပဲ သွန်ပစ်လိုက်ပါတယ်၊ ဒီနေရာအရောက်မှာတော့ ကျောင်းထိုင်မထေရ်ရဲ့အကုသိုလ်ဟာ ကာယကံမြောက်အဆင့်အထိ ရောက်သွားပါပြီ။

မထေရ်က သူလုပ်ချင်တာ လုပ်လိုက်ရလို့ ကျေကျေနပ်နပ်နဲ့ ကျောင်းကို ပြန်လာခဲ့ပေမယ့် ကျောင်းရောက်တဲ့အခါမှာတော့ အာဂန္တုရဟန္တာမထေရ်က သူ့ရဲ့စိတ်အကြံတွေသိပြီး ကျောင်းက ထွက်ခွါသွားပါပြီ။

နောက်ဆုံးတော့ ကျောင်းထိုင်မထေရ် ပျံလွန်တော်မူတဲ့အခါ အဝီစိငရဲကျသွားရပါတော့တယ်။

ဂေါတမဘုရားရှင်ပွင့်တော်မူမှပဲ ငရဲကလွတ်ပြီး သူဌေးမိသားစုတစ်စု အိမ်မှာ လူလာဖြစ်ရပါတယ်။ ဒါပေမယ့် သူဟာ အစားကောင်းကောင်းကိုလည်း မစားချင်၊ အဝတ်ကောင်းကောင်းကိုလည်း မဝတ်ချင်၊ နေရာကောင်းကောင်းမှာလည်း မနေချင် ဖြစ်နေပါတယ်။ အရွယ်ရောက်လာတော့ မိဘတွေက သူ့ကို အာဇီဝကတက္ကတွန်းတွေဆီ ပို့ပေးလိုက်ပါတယ်။ တက္ကတွန်းတွေက သူ့ကို ရဟန်းပြုပေးပါတယ်။ နာမည်ကိုလည်း ဇမ္ဗုကတက္ကတွန်းလို့ ခေါ်လိုက်ကြပါတယ်။

ဇမ္ဗုကတက္ကတွန်းဟာ ငါးဆယ့်ငါးနှစ်ပတ်လုံး တက္ကတွန်းအဖြစ်နဲ့ ကျင်လည်နေရပါတယ်။

ဒါပေမယ့် ကဿပဘုရားလက်ထက်မှာတုန်းက အနှစ်နှစ်သောင်း ရဟန်းပြုပြီး သီလကို လုံလုံခြုံခြုံစောင့်ထိန်းခဲ့တဲ့ ပါရမီကုသိုလ်ဟာ ဒီမှာ အကျိုးပေးဖို့အခွင့်စိုက်လာပါပြီ။ ဒါကြောင့် မြတ်စွာဘုရားရှင်ရဲ့ညဏ်တော်မှာ ဇမ္ဗုကတက္ကတွန်း လာထင်ပါတော့တယ်။ ကျောက်ဖျာတစ်ခုမှာနေနေတဲ့ ဇမ္ဗုကတက္ကတွန်းကို မြတ်စွာဘုရားရှင်က တသီးတသန့်ကို တရားသွားဟောပေးပါတယ်။

တရားနာရင်းနဲ့ ရဟန္တာဖြစ်သွားပြီး မြတ်စွာဘုရားရှင်က ဧဟိဘိက္ခု ခေါ်လိုက်တာနဲ့ ရဟန်းဖြစ်သွားပါတော့တယ်။

မျက်မှောက်ခေတ်မှာ ဖြစ်ခဲ့တဲ့ဇာတ်လမ်းလေးတစ်ပုဒ်ကိုလည်း ဒီမှာကြုံတုန်းပြောသွားရအောင်ပါ။

လွန်ခဲ့တဲ့လေးငါးနှစ်လောက်က မန္တလေးမှာ ဆရာဝန်မလေး နှစ်ယောက် ကလေးအထူးကုလားမသိပါဘူး။ ဘွဲ့လွန်တက်ကြရင်း တစ်ဦးနဲ့ တစ်ဦး မနာလိုဝန်တိုမှု ဣဿာမစ္ဆရိယတွေဖြစ်ကြပြီး ဆရာဝန်မ တစ်ယောက်က အဆင်မပြေဖြစ်နေတဲ့ ဆရာဝန်မတစ်ယောက်ကို အက်ဆစ်နဲ့ ပက်လိုက်တာ မျက်စိနှစ်လုံး ပျက်စီးသွားပါတယ်။ ဒီတော့ အမှုတွေဖြစ်ကြရင်းနဲ့ အက်ဆစ်နဲ့ပက်လိုက်တဲ့ ဆရာဝန်မလေးလည်း ဥပဒေရဲ့အရေးယူမှုကို ခံသွားရတယ်လို့ဆိုပါတယ်။

ဒီနေရာမှာ စာဖတ်သူကို နည်းနည်းလောက် မေးခွန်းထုတ်ကြည့်ရအောင်ပါ။

အက်ဆစ်နဲ့ပက်တဲ့ ဆရာဝန်မလေးရယ်၊ အပက်ခံရတဲ့ ဆရာဝန်မလေးရယ် အဲဒီနှစ်ယောက်ထဲက ဘယ်သူကို အပြစ်တင်မလဲ ... ? ဖြေကြည့်

ပါဦး။

. . . . . . . . . . . . . . . . . . . . .

"အက်ဆစ်နဲ့ပက်တဲ့ ဆရာဝန်မလေးကို"

ဒါဆိုရင်တော့၊ မှားသွားပါပြီ။ ပုဂ္ဂိုလ်ကို အပြစ်တင်လိုက်ရင် အပြစ်တင်တဲ့သူဟာ အပြစ်ပြန်ဖြစ်သွားတတ်ပါတယ်။ ဒါကြောင့် ပုဂ္ဂိုလ်ကို အပြစ်မတင်ရပါဘူး၊ ဒီတော့ ဘယ်သူ့ကို အပြစ်တင်ရမလဲဆိုရင် ဆရာဝန်မလေး နှစ်ယောက်ရဲ့သန္တာန်မှာ ဖြစ်နေတဲ့ ဣဿာမစ္ဆရိယ အကုသိုလ်စိတ်ကို အပြစ်တင်ရမှာပါ။

ဩော် ... ဣဿာ၊ မစ္ဆရိယဆိုတာ တော်တော်ကြောက်ဖို့ ကောင်းပါလား။ ဘဝကို ချာချာလည်သွားအောင် ဘဝကို ကမောက်ကမဖြစ်သွားအောင် လုပ်တတ်ပါလား စသည်ဖြင့် အဲဒီလို အပြစ်တင်ရမှာပါ။ ပုဂ္ဂိုလ်ကို အပြစ်တင်ရင် အပြစ်ပြန်ဖြစ်သွားတတ်ပါတယ်။ ဒါကြောင့် ဘယ်တော့မှ ပုဂ္ဂိုလ်ကို အပြစ်မတင်ရပါဘူး၊ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဖြစ်နေတဲ့ မကောင်းတဲ့ အကုသိုလ်စိတ်ကိုပဲ အပြစ်တင်ရပါတယ်။

ဒီအကြောင်းအရာလေးတွေ ရေးပြနေတာ တစ်ဖက်သားကို ထိခိုက်နစ်နာစေလိုတဲ့စိတ်နဲ့ ရေးပြတာ မဟုတ်ပါဘူး။ ဣဿာမစ္ဆရိယတွေရဲ့ ဆိုးပြစ်ကို သံဝေဂယူလို့ ရအောင်ပါ။ ကာယကံရှင်တွေနဲ့ မသိပေမယ့် ကရုဏာစိတ်ကတော့ တော်တော်လေး ဖြစ်မိပါတယ်။

*****

အထက်က ဝတ္ထုလေးနှစ်ပုဒ်ကိုထောက်ပြီး ဣဿာမစ္ဆရိယဖြစ်တယ်ဆိုတာ ဘုန်းကြီးဖြစ်တာ၊ လူဖြစ်တာနဲ့လည်း မဆိုင်ပါဘူး၊ ပညာတတ်တာ မတတ်တာနဲ့လည်း မဆိုင်ပါဘူး။ ဘုန်းကြီးကော လူကော ပညာတတ်ကော ပညာမတတ်ကော အကုန်ဖြစ်နိုင်ပါတယ်။

ဇမ္ဗုကမထေရ်ဟာ ဘုန်းကြီးတစ်ပါးဖြစ်သလို ဆရာဝန်မလေးနှစ်ယောက်ဟာလည်း ပညာတတ်တွေပါ။ တကယ်ဆို ဇမ္ဗုကမထေရ်ဟာ ဣဿာမစ္ဆရိယသာ မဖြစ်ခဲ့ရင် ကဿပဘုရားရှင်လက်ထက်မှာပဲ ရဟန္တာဖြစ်ချင်ဖြစ်၊ မဖြစ်ရင်တောင် ပျံလွန်တော်မူတဲ့အခါ ကောင်းရာသုဂတိကို ရောက်သွားရမှာပါ၊ အခုတော့ ဣဿာမစ္ဆရိယ ဖြစ်လိုက်တဲ့အတွက်

တရားထူး တရားမြတ်ရဖို့အရေး ဘုရားတစ်ဆူစာလောက် ဝေးသွားရသလို ကြားထဲမှာလည်း ငရဲကျသွားရပါတယ်။

တစ်ခုတော့ရှိပါတယ်၊ ဇမ္ဗူကမထေရ်ဟာ ဣဿသာမစ္ဆရိယကို မနောကံ အဆင့်လောက်ထိပဲ ဖြစ်နေမယ်၊ ဝစီကံနဲ့ ကာယကံကို ကောင်းကောင်းထိန်းချုပ် ထားလိုက်နိုင်မယ်ဆိုရင်တော့ ဒီလောက်ဆိုးဆိုးဝါးဝါးကြီး ဖြစ်သွားမှာ မဟုတ် ပါဘူး၊ သူက ဆဲရေးပြီး ဝစီကံအနေနဲ့ တစ်ဆင့်တက်လိုက်တာရယ်၊ နောက် တစ်ခါ သပိတ်ထဲကဆွမ်းတွေကို သွန်ပစ်လိုက်ပြီး ကာယကံအဆင့်ကို ထပ်တက် လိုက်ပြန်တာရယ်ကြောင့်ပါ။ ကံသုံးပါးလုံးကို ဆင့်ကဲဆင့်ကဲ ကျူးလွန်လိုက် တဲ့အတွက် နိဗ္ဗာန်နဲ့ဝေးသွားရသလို အပါယ်ငရဲကိုလည်း ကျသွားရတာပါ။

နောက်တစ်ခုရှိတာက စာမှာ ဂုဏ်ရှိတဲ့သူကို ပြစ်မှားရင် ပိုအပြစ်ကြီး ပါတယ်တဲ့။ ဇမ္ဗူကမထေရ် ပြစ်မှားတဲ့သူက ရဟန္တာမထေရ်ဖြစ်နေတဲ့အတွက် ပိုအပြစ်ကြီးသွားတာလည်းပါပါတယ်။ တကယ်လို့ ဇမ္ဗူကမထေရ်ပြစ်မှား လိုက်တဲ့ မထေရ်က သာမန်ရဟန်းတစ်ပါး ဖြစ်နေမယ်ဆိုရင်တော့ ဒီလောက် ကြီး အပြစ်ကြီးသွားမှာ မဟုတ်ပါဘူး။

ကံသုံးပါးနဲ့ကျူးလွန်လိုက်တာရယ်၊ ကိုယ်ပြစ်မှားလိုက်တဲ့သူက ဂုဏ်ကြီးနေတာရယ်ကြောင့် အပြစ်က ပိုကြီးသွားရတာပါ။

ဒီဝတ္ထုလေးကို အာရုံပြုပြီး အတွေးတချို့ တွေးဖြစ်ပါတယ်၊ ဒီဝတ္ထုနဲ့ တိုက်ရိုက်သီးသန့် ဆိုင်ချင်မှလည်းဆိုင်မှာပါ။ အတွေးထဲမှာ တွေးမိတာလေး တွေပါ။

ပုထုဇဉ်လူသားတွေကိုကြည့်ရင် အလွှာသုံးမျိုး တွေ့ရပါတယ်။ ရင်ထဲမှာမကျေနပ်စရာတစ်ခုခုရှိရင် **“ဖုန်း…ဒိုင်း”**ဆိုပြီး လက်နဲ့ ဒါမှမဟုတ် ခြေနဲ့ ဒါမှမဟုတ် တုတ်ဓါးတစ်ခုခုနဲ့ ဖြေရှင်းပစ်လိုက်တဲ့အလွှာက တစ်မျိုး ပါ။ ဒါက ကာယကံမြောက် ကျူးလွန်တတ်တဲ့အလွှာပါ။ အကြမ်းစားအလွှာပေါ့။

နောက်အလွှာတစ်ခုကျတော့ ရင်ထဲမှာ မကျေနပ်စရာ တစ်ခုခုရှိရင် လက်တွေ၊ ခြေတွေမပါပေမယ့် နှုတ်က ပက်ကနဲ ပြောပစ်တတ်တဲ့အလွှာပါ။ ဒါက ဝစီကံမြောက် ကျူးလွန်တတ်တဲ့အလွှာပါ။ အလတ်စားအလွှာပေါ့။

နောက်အလွှာတစ်ခုကျတော့ မကျေနပ်စရာ အာရုံတစ်ခုခုကြုံရ ပေမယ့် ရင်ထဲမှာပဲထားလိုက်ပါတယ်။ ကာယကံမြောက်လည်းမလွန်ကျူး

ဘူး၊ ဝစီကံမြောက်လည်း မလွန်ကျူးဘူး၊ မနောအဆင့်အနေနဲ့ပဲ ဖြစ်နေတာပါ။ ကိုယ့်ရင်ထဲမှာဖြစ်နေတဲ့ မကောင်းတဲ့စိတ်ကို အပြင်လူသိခွင့်မပေးဘဲ မနောကံအဆင့်အနေနဲ့ပဲ ဖြစ်နေတာပါ။

ရင်ထဲမှာဖြစ်နေပေမယ့်ကာယကံနဲ့ ဝစီကံကို ကောင်းကောင်း ထိန်းချုပ်ထားလိုက်နိုင်တော့ အပြင်လူလည်း သိခွင့်မသာတော့ပါဘူး။ ရင်ထဲမှာ ဖြစ်နေတဲ့ ခပ်ညံ့ညံ့စိတ်ထားကို အပြင်လူကို သိခွင့်မပေးဘဲ ကာယကံနှင့် ဝစီကံကို ထိန်းချုပ်ထားလိုက်နိုင်တယ်ဆိုတာ နည်းတဲ့သတ္တိ မဟုတ်ပါဘူး။

ဒါက အနုစားအလွှာပေါ့။

ကဲ . . . စာဖတ်သူ။ အထက်ကအလွှာသုံးမျိုးထဲမှာ စာဖတ်သူက ဘယ်အလွှာထဲမှာပါမလဲ...?၊ ဖြေကြည့်ပါဦး။

. . . . . . . . . . . . . . . . . . . .

" အနုစားအလွှာ"

မနောက်ပါနဲ့ စာဖတ်သူရယ်၊ အတင်းတွေ ဘာတွေ ပြောဖူးတယ် မဟုတ်လား၊

ဒါဆိုဘယ်အလွှာထဲ ပါသွားပြီလဲ၊ စာဖတ်သူကော စာရေးသူကော မထူးလှပါဘူး၊ အလယ်အလတ်တန်းအလွှာထဲမှာပဲ ထည့်လိုက်ကြရအောင်ပါ။

အလွှာတူသွားပြီဆိုတော့ အားမနာတမ်းပြောလို့ ရသွားပါပြီ။ ဒီတော့ ယေဘုယျ အလယ်အလတ်တန်းစားအလွှာအတွက်ပဲ ပြောကြရအောင်။ ကိုယ်က ဝစီကံအဆင့်လောက်အထိတော့ ကျူးလွန်တတ်တယ် ဆိုပါတော့၊ ဒါဆို အထုံဖြစ်နေတဲ့ ကိုယ့်ရဲ့ခပ်ညံ့ညံ့ဝစီကံကို ဘယ်လို ပယ်မလဲ၊ လွယ်ပါတယ်၊ အင်္ဂါလေးပါးကို လက်ကိုင်ထားလိုက်ပါ။

အင်္ဂါလေးပါးက . . .

(၁) သူတစ်ပါးမကောင်းကြောင်းမပြောပါနဲ့။

(၂) သူတစ်ပါးကောင်းကြောင်းပြောပါ။

(၃) မိမိကောင်းကြောင်းမပြောပါနဲ့။

(၄) မိမိမကောင်းကြောင်းကိုလိုအပ်လာရင် ရဲရဲဝံ့ဝံ့ ပြောပါတဲ့၊

ဒီတော့ မနက်အိပ်ရာထတာနဲ့ "ငါ ဒီနေ့ သူတစ်ပါး မကောင်း ကြောင်း မပြောဘူး၊ သူတစ်ပါးကောင်းကြောင်းပဲ ပြောမယ်၊ ငါ့ရဲ့ကောင်း

ကြောင်းကို မပြောဘူး၊ ငါ့ရဲ့ မကောင်းကြောင်းကို လိုအပ်လာရင် ပြောပြမယ်" အဲဒီလို သုံးကြိမ်လောက် ခပ်တိုးတိုးလေး ရွတ်လိုက်ပါ။

ရွတ်လိုက်တာက လက်တွေ့ကျင့်သုံးကြည့်ဖို့ အားယူလိုက်တာပါ။ တကယ်လည်း လက်တွေ့ကျင့်သုံးကြည့်ရပါ့မယ်။ ဒီလိုနဲ့ ရုံးရောက်လာပြီပဲ ဆိုပါတော့၊ လူစုမိတာနဲ့ "ဟိုကောင်မ မိဖြူပေါ့"လို့ သူတစ်ပါး မကောင်းကြောင်းပြောဖို့ စလိုက်မိမယ်၊ စကားအစမှာတင် မနက်က ရွတ်ခဲ့တာလေးကို သတိရပြီး ချက်ချင်းရပ်ပစ်လိုက်ပါ။

ဒီတော့ စုစုစုစုနဲ့ နားထောင်နေကျ ရုံးသူတွေက "ဟဲ့ . . . ပြောပါဦး မိဖြူဘာဖြစ်လဲ"လို့ နားထောင်ချင်ဇောနဲ့ ပြန်မေးလာပြီဆိုရင် အင်္ဂါထဲမှာ သူတစ်ပါးမကောင်းကြောင်း မပြောနဲ့၊ သူတစ်ပါးကောင်းကြောင်းကို ပြောပါဆိုတော့ "မိဖြူရယ်လေ လမ်းဖြတ်ကူးဖို့ခက်နေတဲ့အဖွားကြီးကို ဟိုဘက်လမ်းထိပ်အထိရောက်အောင် ကူကူးပေးနေတာ တွေ့ရတယ်"လို့ ပြောချလိုက်ပါ။

သူတစ်ပါးမကောင်းကြောင်းပြောတာက အကုသိုလ်ပါ၊ သူတစ်ပါးကောင်းကြောင်းကိုပြောတာက ကုသိုလ်ပါ၊ ကုသိုလ်နဲ့အကုသိုလ်မှာ အကုသိုလ်မဖြစ်ဖို့က ပထမ၊ ကုသိုလ်ဖြစ်ဖို့က ဒုတိယပါ၊ ဒီတော့ကုသိုလ်မဖြစ်ရင် နေပါစေ၊ အကုသိုလ်မဖြစ်အောင်တော့ အထူးစောင့်စည်းရမှာပါ။

ပြီးတော့ သူတစ်ပါးမကောင်းပြောတာဟာ အပြစ်ဖြစ်တယ်၊ အကုသိုလ်ဖြစ်တယ်ဆိုတာကိုလည်း နှလုံးသွင်းထားရပါ့မယ်၊ ဘာပဲပြောပြော သူတစ်ပါးမကောင်း ပြောတတ်တဲ့အကျင့်ကိုတော့ ဖျောက်ကိုပစ်ရပါ့မယ်။

တစ်နေ့တာကုန်လို့ ညအိပ်ရာဝင်တဲ့အခါမှာလည်း နဖူးပေါ် လက်တင်ပြီး ဒီနေ့တစ်နေ့တာရဲ့ အပြုအမူ အပြောအဆိုတွေကို ပြန်စဉ်းစားကြည့်ရပါမယ်။ "ငါ ဒီနေ့ သူတစ်ပါးမကောင်းကြောင်း ပြောမိလား သူတစ်ပါးကောင်း ကြောင်းကိုကော ပြောဖြစ်ရဲ့လား"စသည်ဖြင့်ပေါ့။ အဲဒီလို သာ ကိုယ့်ရဲ့နှုတ်ကို စောင့်စည်းသွားစမ်းပါ။ မကြာခင် အလယ်အလတ် တန်းစားအလွှာကိုကျော်ပြီး အနုစားအလွှာအဆင့်အထိ ရောက်လာပါလိမ့်မယ်။

ဘာပဲပြောပြော စာဖတ်သူရယ်၊ သူတစ်ပါး မကောင်းကြောင်း, သူတစ်ပါးအပြစ်, သူတစ်ပါး အားနည်းချက်ကို မပြောမိအောင် ကြိုးစား

လိုက်စမ်းပါ။ ဘာဖြစ်လို့လဲဆိုတော့ သူတစ်ပါးမကောင်းကြောင်း တစ်ခါပြော လိုက်ရင် ကိုယ့်သန္တာန်မှာ အကုသိုလ်တစ်မှတ် ဝင်လာတာပါ၊ ကိုယ်က သာမန်ပြောလိုက်ပေမယ့် အပြောခံရသူတစ်ဖက်သားမှာလည်း အများကြီး နစ်နာရပါတယ်။ အထူးသဖြင့် တစ်ဖက်သားရဲ့ ဂုဏ်သိက္ခာနဲ့ အကျိုးရလာဒ် ကို အများကြီးထိခိုက်ပါတယ်။ ဒါကြောင့် ကိုယ့်ဂုဏ်သိက္ခာအတွက် စောင့်ထိန်းရသလို သူ့ဂုဏ်သိက္ခာအတွက်လည်း စောင့်ထိန်းပေးရပါတယ်။

ပြီးတော့ နားထောင်တဲ့သူက ပညာရှိရင် "ဒီလူ သူတစ်ပါးမကောင်း ကြောင်း ပြောတတ်တဲ့အကျင့်ရှိပါလား"ဆိုပြီး ကိုယ့်ကိုလည်း အထင်သေး သွားတတ်ပါတယ်။ ဒါကို ပြောနေသူကိုယ်တိုင်က မသိပါဘူး။

ဘာပဲဖြစ်ဖြစ် မနက်ဖြန်ကစပြီး သူတစ်ပါးမကောင်းကြောင်း, သူတစ်ပါးအပြစ်, သူတစ်ပါးအားနည်းချက်ကို မပြောပါနဲ့တော့။ သူတစ်ပါး မကောင်းကြောင်း ပြောတာဟာ အကုသိုလ်ပါ။ ကြာလာရင် အကုသိုလ်တွေ များလာနိုင်ပါတယ်။ ဝင်လာတဲ့အကုသိုလ်က အင်အားများလာရင် အလကား နေမှာတော့ မဟုတ်ဘူးလေ။

**ကျမ်းကိုး–**

၁။ ဓမ္မပဒ အဋ္ဌကထာ (ပထမတွဲ)။
၂။ ဗုဒ္ဓသို့မဟုတ်အနှိုင်းမဲ့ဆရာကြီး ဦးရွှေအောင်။

**အလင်းတန်းဂျာနယ်**
**၂၅-၇-၂၀၀၅။**
**၁.၈.၂၀၀၅။**



## အကုသိုလ်ပယ်နည်း (၂)

အရင်ဆောင်းပါးမှာ ဝစီကံမှာဖြစ်တတ်တဲ့ အကုသိုလ် ပယ်ပုံလေးကို ပြောခဲ့ပါတယ်။ ဒီဆောင်းပါးမှာတော့ အဆက်အနေနဲ့ မနောကံမှာဖြစ်တတ်တဲ့ အကုသိုလ်ကို ပယ်ပုံလေးကို ပြောရအောင်ပါ။ ပယ်ပုံ မပြောခင် သာဓကဝတ္ထု လေးကို အရင်ပြောပြရအောင်ပါ။

မြတ်စွာဘုရားရှင်လက်ထက်တော်က သီဟဆိုတဲ့ စစ်သူကြီး တစ်ယောက် ရှိပါတယ်။ သူ့မှာ နှမက မွေးထားတဲ့ တူမလေးတစ်ယောက် လည်း ရှိပါတယ်။ ဦးရီးဖြစ်သူရဲ့နာမည်က သီဟဆိုတော့ တူမလေးနာမည် ကိုလည်း သီဟာလို့ မှည့်ထားကြပါတယ်။

သီဟစစ်သူကြီးဟာ မြတ်စွာဘုရားကိုပင့်ပြီး အိမ်မှာ မကြာခဏ ဆွမ်းကပ်လေ့ ရှိပါတယ်။ ဒါကြောင့် တူမသီဟာလေးဟာလည်း မြတ်စွာ ဘုရား တရားတော်တွေနဲ့ ယဉ်ပါးနေခဲ့ပါတယ်။

တစ်ခါဆွမ်းကပ်မှာတော့ မြတ်စွာဘုရားရှင်ရဲ့ တရားတော်ကို နာကြားပြီး ရဟန်းပြုချင်စိတ်ဖြစ်သွားပါတယ်။ ဒါကြောင့် မိဘတွေကို ခွင့်ပန်ပြီး ရဟန်းပြုလိုက်ပါတယ်။

သဒ္ဓါတရားနဲ့ ရဟန်းပြုလာသူဆိုတော့ ဝိပဿနာတရားကို ကြိုးကြိုးစားစားအားထုတ်ပါတယ်။ ဒါပေမယ့် တရားအားထုတ်ချိန်မှာ ဘာတွေဝင်လာသလဲဆိုတော့ ကာမ ရာဂစိတ်တွေပါ၊ ဒီတော့ တရားမှတ်လို့ မရတော့ပါဘူး။ "လူ့ဘဝနေတုန်းက ကာမရာဂစိတ်က ဒီလောက်မနှိပ်စက်ဘူး၊ ရဟန်းပြုပြီး တရားအားထုတ်ကာမှ ကာမ ရာဂစိတ်တွေ ဝင်လာရတယ်" ဆိုပြီး ရှက်စိတ်နဲ့အတူ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေရပါတော့တယ်။

စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေတော့ ဆွမ်းကိုလည်း ကောင်းကောင်း မစားနိုင်တော့ပါဘူး။ ဒါကြောင့် ခန္ဓာကိုယ်က ပိန်လာပြီး အသားအရေကလည်း ခြောက်သွေ့လာပါတယ်။ ဒီလိုပုံစံမျိုးဖြစ်နေတာ ဘယ်လောက်ကြာသွားလဲဆိုရင် ခုနစ်နှစ်တောင် ကြာလာခဲ့ပါတယ်။

ဒီအချိန်ကျမှ လူထွက်ဖို့ကလည်း မဖြစ်နိုင်တော့ပါဘူး။ ရဟန်းဝတ်နဲ့ ဆက်ပြီး တရားအားထုတ်ပြန်တော့လည်း ကာမ ရာဂ နှိပ်စက်လို့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ပြီး တရားထူးက မရ။ နောက်ဆုံးသေတာပဲ ကောင်းပါတယ် ဆိုပြီး ကြိုးတစ်ချောင်းယူ တောထဲကို ထွက်ခဲ့ပါတယ်။

တောထဲရောက်တော့ စိတ်ကြိုက်သစ်ပင်တစ်ပင်ကိုရွေးပြီး သစ်ပင်ပေါ်တက်လိုက်ပါတယ်၊ ပါလာတဲ့ကြိုးနဲ့ ကြိုးတစ်စကို သစ်ကိုင်းမှာချည်၊ ကျန်တစ်စကို မိမိရဲ့လည်ပင်းမှာ ချည်လိုက်ပါတယ်။

ဟိုဘက်ဒီဘက်ကြိုးချည်ပြီးချိန်မှာ အတွေးတစ်ခုက ခေါင်းထဲကို ဝင်လာပါတယ်။ ဝင်လာတဲ့အတွေးက သူ့ဘဝကို ပြောင်းလဲပစ်မယ့်အတွေးပါ၊ ဝင်လာတဲ့ သူ့ရဲ့အတွေးက ဒီလိုပါ။

"ငါဟာ ကာမရာဂစိတ်တွေဖြစ်ပေမယ့် မနောကံအဆင့်အထိပဲ ဖြစ်နေတာ၊ ဝစီကံအဆင့်အထိလည်း မကျူးလွန်ဘူး၊ ကာယကံအဆင့်အထိလည်း မကျူးလွန်ဘူး၊ မြတ်စွာဘုရားရှင်ကလည်း "မနောဒွါရေ အနာပတ္တိ – မနော ဒွါရမှာဖြစ်တာ အာပတ်မသင့်ဘူးတဲ့၊ ဘာပဲပြောပြော ငါ့ရဲ့သီလဟာ ဖြူစင်နေခဲ့တယ်" အဲဒီလို တွေးလိုက်ပါတယ်။ ကိုယ့်ရဲ့သီလဖြူစင်နေတာကို တွေ့လိုက်ရတော့ စိတ်က အလိုလိုကြည်လင်လာပြန်ပါတယ်။

သီဟာထေရီမဟာ စိတ်ကြည်လင်နေဆဲမှာပဲ၊ လည်ပင်းကြိုးကွင်းတန်းလန်းကြီးနဲ့ပဲ ခုနစ်နှစ်တိုင်တိုင် အားထုတ်ခဲ့တဲ့ ဝိပဿနာတရားကို

ပြန်အားထုတ်လိုက်ပါတယ်။ စိတ်ကြည်လင်နေတဲ့အတွက် သမာဓိကလည်း မြန်မြန်ဖြစ်သွားပါတယ်၊ သမာဓိရှိရှိနဲ့ပဲ ခန္ဓာကိုယ်ကို ဉာဏ်စိုက်ရှုလိုက်တာ ပဋ္ဌိသမ္ဘိဒါလေးပါးနဲ့ အရဟတ္တဖိုလ်ကို ရသွားပါတော့တယ်။ အရဟတ္တဖိုလ် ရသွားတာနဲ့ တစ်ပြိုင်နက် လည်ပင်းမှာစွပ်ထားတဲ့ ကြိုးလည်း သူ့အလိုလို ကျွတ်သွားပါတော့တယ်။

လူတစ်ယောက်ရဲ့ဘဝဟာ တဒင်္ဂအတွင်းမှာပဲ ပြောင်းလဲသွားနိုင်ပါတယ်။ အဲဒီပြောင်းလဲမှုဟာလည်း ကိုယ့်ရဲ့အတွေးတစ်ခုကို အခြေခံပြီး ဖြစ်သွားနိုင်ပါတယ်။

အတွေးတစ်ခုဟာ အကောင်းဘက်ကို ရောက်သွားနိုင်သလို အဆိုးဘက်ကိုလည်း ရောက်သွားနိုင်ပါတယ်။

သီဟာထေရီရဲ့အတွေးကတော့ အမြတ်ဆုံးလို့ ပြောရမယ့် သံသရာဝဋ်က ကျွတ်ပြီး နိဗ္ဗာန်အထိရောက်သွားနိုင်အောင် ပို့ပေးနိုင်ခဲ့ပါတယ်။

တချို့အတွေးတွေဟာ နိဗ္ဗာန်အထိရောက်သွားနိုင်သလို တချို့အတွေးတွေကတော့ ငရဲအထိ ရောက်သွားနိုင်ပါတယ်။ ဒါက အမြင့်ဆုံးကို တင်ပြောတာပါ၊ ကြားထဲမှာလည်း အတွေးကြောင့် ထောင်ကျသွားတာ၊ အတွေးကြောင့် မိတ်ပျက်သွားတာ၊ အတွေးကြောင့် စီးပွါးပျက်သွားတာ၊ အတွေးကြောင့် ရာထူးဂုဏ်သိန်မြင့်သွားတာ၊ အတွေးကြောင့် စီးပွားတက်သွားတာ အတွေးကြောင့် ဘာသာရေးခံယူချက် ပြောင်းသွားတာ စသည်ဖြင့်ပေါ့ အများကြီးပါပဲ။

အတွေးတွေအကြောင်းသာပြောနေရတာ တကယ်တမ်း ခွဲကြည့်ရင် အတွေးက ကုသိုလ်ဖြစ်စေတဲ့အတွေးနဲ့ အကုသိုလ်ဖြစ်စေတဲ့ အတွေး နှစ်မျိုးပဲရှိပါတယ်။

မနက်အိပ်ရာထကနေ အိပ်ရာဝင်တဲ့အထိ ဒီအတွေးနှစ်မျိုးကို တွေးနေကြရတာပါ။

ပုထုဇဉ်တစ်ယောက်ရဲ့အတွေးတွေထဲမှာ ကုသိုလ်အတွေးနဲ့ အကုသိုလ်အတွေး ဘယ်ဟာက အချိန်များများယူသလဲဆိုရင် အထူးပြောစရာ မလိုတော့ပါဘူး။

အကုသိုလ်ကိလေသာတွေက အရိယာမဂ်အဆင့်ဆင့်ရမှပဲ မဖြစ်

တော့တာပါ၊ အရိယာမဂ်အဆင့်ဆင့် မရသေးသရွေ့ ပုထုဇဉ်ဖြစ်နေသေးသရွေ့တော့ အကုသိုလ်ကိလေသာတွေက အစဉ်သဖြင့် ဖြစ်နေကြမှာပါ။

အရိယာမဂ်ကို မရသေးဘူး၊ ပုထုဇဉ်အဆင့်ပဲ ရှိနေသေးတာဆိုတော့ ဖြစ်ပေါ့။ စာမှာကကို ပုထုကိလေသေ ဇနေတီတိ ပုထုဇ္ဇနော အကုသိုလ်ကိလေသာ များစွာဖြစ်တတ်လို့ ပုထုဇဉ်ပါတဲ့၊ ပုထုဇဉ်နဲ့ အကုသိုလ်၊ အကုသိုလ်နဲ့ ပုထုဇဉ်က ခွဲထုတ်လို့ကို မရနိုင်ပါဘူး၊ အတွဲတစ်ခုအနေနဲ့ ရှိကိုရှိနေမှာပါ။

အကုသိုလ်ကိလေသာနဲ့ပတ်သက်လို့ နှစ်ပိုင်းတွေ့ရပါတယ်။ အကုသိုလ်ဖြစ်ချင်လို့ ဖြစ်နေတဲ့ ပုဂ္ဂိုလ်ရယ်၊ မဖြစ်ချင်ဘဲနဲ့ ဖြစ်နေတဲ့ ပုဂ္ဂိုလ်ရယ်ပါ။

အကုသိုလ်ဖြစ်ချင်လို့ ဖြစ်နေတဲ့ ပုဂ္ဂိုလ်ဆိုတာက အကုသိုလ်ကို အလုပ်တစ်ခုလို သဘောထားပြီး ကိုယ်ကျိုးကို တစ်ချိန်လုံးငဲ့နေတဲ့ ပုဂ္ဂိုလ်ပါ။ ကိုယ်ကျိုးကိုငဲ့တဲ့နေရာမှာလည်း လက်ရှိအနေအထားထက် လျော့သွားမှာကို အထူးငဲ့နေသလို၊ လက်ရှိအနေအထားထက် မြင့်မြင့်သွားအောင်လည်း ငဲ့နေတာပါ။ ဒီပုဂ္ဂိုလ်ကတော့ သူ့ဘဝမှာ အကုသိုလ်မရှိလို့ကို မဖြစ်ပါဘူး၊ အကုသိုလ်ကို မိတ်ဆွေတစ်ယောက်လို သဘောထားပြီး အဖော်အဖြစ်ခေါ်ထားသူပါ။ ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော၊ ဘာပဲတွေးတွေး၊ သူ့မိတ်ဆွေ အကုသိုလ်ကိုပဲ တိုင်ပင်ပါတယ်၊ ဒီပုဂ္ဂိုလ်မျိုးကတော့ အကုသိုလ်ကို ဖြစ်ချင်လို့ကို ဖြစ်နေတာပါ။

အကုသိုလ်မဖြစ်ချင်ဘဲဖြစ်နေတဲ့ပုဂ္ဂိုလ်ကတော့ မလွဲသာမရှောင်သာလို့ ဖြစ်လိုက်ရပေမယ့် နည်းနည်းမှကို မဖြစ်ချင်ပါဘူး။ ဖြစ်ပြီးတဲ့ အကုသိုလ်ကိုလည်း နောင်မဖြစ်ရအောင် ဘယ်လိုပယ်ရမလဲဆိုတာ ပြန်စဉ်းစားတဲ့သူပါ။

ယေဘုယျအားဖြင့်ပြောရင် ကိစ္စတစ်ခုကြုံရင် ကိုယ့်ဘက်ကိုပဲ အရင်တွေးတဲ့ ပုဂ္ဂိုလ်ဟာ အကုသိုလ်အဖြစ်များပြီး၊ သူတစ်ပါးအတွက် ထည့်ထည့်တွေးပေးတတ်တဲ့သူကတော့ အကုသိုလ်အဖြစ်နည်းပါတယ်။ ဒီအပြုအမူကလည်း အလေ့အကျင့်နဲ့ ဆိုင်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင်အထုံပေါ့။

ကိုယ့်ဘက်ကိုပဲတွေးတတ်တဲ့သူ အထုံပါတဲ့သူ အထုံရှိနေတဲ့သူဟာ ဘယ်ကိစ္စနဲ့ပဲကြုံကြုံ၊ ကြုံလာတာနဲ့ ကိုယ့်ဘက်ကိုပဲတွေးပြီးသား ဖြစ်နေတတ်ပါတယ်၊ သူတစ်ပါးအတွက် ထည့်ထည့်တွေးပေးတတ်တဲ့သူကလည်း ဘယ်ကိစ္စပဲကြုံကြုံ၊ ကြုံလာတာနဲ့ သူတစ်ပါးအတွက်ကို အလိုလိုထည့်ထည့်တွေးပြီးသား ဖြစ်နေတတ်ပါတယ်။

ဒီစာစုမှာ အဓိကပြောချင်တာက အကုသိုလ်ကို ဖြစ်ချင်လို့ဖြစ်နေတဲ့ ပုဂ္ဂိုလ်ရယ်၊ မဖြစ်ချင်ဘဲနဲ့ ဖြစ်နေရတဲ့ ပုဂ္ဂိုလ်ရယ်ပါ။

အကုသိုလ်ဖြစ်ကြတာချင်းတော့ အတူတူပါပဲ။ ဒါပေမယ့် လက်ခံပုံချင်းတော့မတူပါဘူး၊ အထက်က သီဟာထေရီမလေးကတော့ အကုသိုလ်ကို မဖြစ်ချင်ဘဲနဲ့ ဖြစ်နေရတာပါ။ ထေရီမလေးက ကြိုးစားပြီးပယ်ပေမယ့် မရဘူး ဖြစ်နေပါတယ်။ နောက်ဆုံးတော့ ဖြစ်နေတဲ့အကုသိုလ်တွေကို မုန်းလွန်းလို့ ငါသေသွားရင် သူတို့လည်းသေသွားမှာပဲဆိုပြီး သေပစ်ဖို့ကြံတာပါ။

လူသေပေမယ့် အကုသိုလ်ကတော့ ဘယ်တော့မှသေမှာ မဟုတ်ပါဘူး။ နောက်ဘဝအထိ လိုက်နေဦးမှာပါပဲ။ ဆိုင်ရာအရိယာမဂ်တွေကို ရသွားမှပဲ အကုသိုလ်က သေသွားမှာပါ။

ဒီတော့ ပုထုဇဉ်ပဲ ဖြစ်ပေ့ါ၊ ဖြစ်တဲ့အကုသိုလ်ကို ပယ်နည်းက ရှိနေပါတယ်။ တစ်ခုတော့ရှိပါတယ် ကိုယ်က အကုသိုလ်မဖြစ်ချင်တဲ့ အမျိုးအစားထဲမှာ ပါနေဖို့တော့ လိုပါတယ်။ ဒါဆို ပယ်ရတာလည်း လွယ်သွားပါတယ်။

ထားပါတော့၊ အကုသိုလ်စိတ်ဖြစ်ပြီပဲ ဆိုပါတော့၊ ဒါဆို လုပ်လက်စအလုပ်ကို ခဏရပ်ချလိုက်ပါ၊ တကယ်လို့ ကိုယ်က လမ်းသွားနေတယ်ဆိုရင်လည်း လမ်းသွားနေတာကို ခဏရပ်လိုက်ပါ။ ပြီးတော့ ဖြစ်နေတဲ့ အကုသိုလ်စိတ်ကလေးကို တည့်တည့်စိုက်ကြည့်လိုက်တာပါ။ စိုက်ကြည့်တယ်ဆိုတာက မျက်စိနဲ့ကြည့်ခိုင်းတာ မဟုတ်ပါဘူး။ စိတ်နဲ့ ကြည့်ခိုင်းတာပါ၊ စိတ်ကို စိတ်နဲ့ ပြန်ကြည့်တဲ့သဘောပါ။

ကြည့်လို့မိပြီဆိုရင် ဖြစ်နေတဲ့အကုသိုလ်လေးက ဘယ်လိုလေးလဲ၊ ဘယ်လိုလေးဖြစ်နေတာလဲ စသည်ဖြင့် သဘောလေးအထိ မိအောင်သိရပါတယ်။ သဘောလေးအထိ သိအောင် ညွတ်ပြီးဖြစ်နေတဲ့ အကုသိုလ်စိတ်ကလေးကိုပဲ အကုသိုလ်စိတ်ဖြစ်တယ် ဖြစ်တယ် ဒါမှမဟုတ် ဖြစ်နေတဲ့

အကုသိုလ်ကို အမည်ပေးတတ်ပြီး မှတ်လို့လည်း ရပါတယ်။ ဥပမာ ဣဿာ မစ္ဆရိယဖြစ်တယ်ဆိုရင်လည်း ဣဿာမစ္ဆရိယ ဖြစ်တယ် ဖြစ်တယ်ဆိုပြီး အချက်နှစ်ဆယ်လောက် မှတ်ပစ်လိုက်ပါ။

မှတ်တယ်ဆိုတာက အလုပ်သဘောဆန်အောင် ပြောနေရတာပါ၊ လိုရင်းကတော့ အကုသိုလ်စိတ်ဖြစ်၊ ဖြစ်တာနဲ့သိလိုက်ဖို့ပါပဲ။ ကိုယ်က ဖြစ်နေတဲ့အကုသိုလ်စိတ်ကို မှတ်လိုက်တဲ့အခါ အကုသိုလ်စိတ်က ဆက်ဖြစ်ချင်လည်း ဖြစ်နေမယ်၊ ရပ်ချင်လည်းရပ်သွားမယ်၊ အကုသိုလ်စိတ် ဆက်ဖြစ်နေတာ မဖြစ်နေတာ၊ ရပ်တာ မရပ်တာက အကုသိုလ်ရဲ့အလုပ်ပါ၊ ကိုယ့်ရဲ့ အလုပ်က မှတ်ပစ်လိုက်ဖို့ပါပဲ။

မကောင်းတဲ့စိတ်ဖြစ်၊ ဖြစ်တာနဲ့သိ၊ သိတာနဲ့မှတ် အဲဒီလိုမှတ်ပါများလာရင်၊ မှတ်တဲ့အလေ့အထုံများလာရင် အကုသိုလ်ဖြစ်ကြောတွေ လျော့လျော့လာပါလိမ့်မယ်။ လိုရင်းကတော့ ပုထုဇဉ်ပီပီ အကုသိုလ်စိတ် မကောင်းတဲ့စိတ်ဖြစ်ပါ၊ ဖြစ်တာနဲ့သိ၊ သိပြီးမှတ်ပစ်လိုက်ဖို့ပါ။

ဒီနေရာမှာ သူ့အလုပ်၊ ကိုယ့်အလုပ် ခွဲထားလိုက်ပါ။ အကုသိုလ်စိတ်ဖြစ်တာ၊ ဖြစ်ပြီးဆက်ဖြစ်နေတာ၊ မဖြစ်ဘဲနေတာက အကုသိုလ်ရဲ့အလုပ်ပါ။ သိဖို့ မှတ်ပစ်ဖို့က ကိုယ့်အလုပ်ပါ။ သူလည်းသူ့အလုပ်သူလုပ်၊ ကိုယ်လည်း ကိုယ့်အလုပ် ကိုယ်လုပ်လိုက်ရုံပါ။ အဓိကကတော့ သူ့အလုပ်၊ ကိုယ့်အလုပ် ခွဲထားလိုက်ပြီး ကိုယ့်အလုပ် ကိုယ်လုပ်လိုက်ဖို့ပါ။

ဖြစ်တဲ့အကုသိုလ်စိတ်ကို သိပြီး မှတ်လိုက်တာဟာ ဝိပဿနာစကားနဲ့ပြောရင် စိတ္တာနုပဿနာပါ၊ ရှေ့စိတ် ဖြစ်နေတာလေးကို နောက်စိတ်ကလေးက လိုက်လိုက်သိသွားတဲ့ သဘောပါ။ တစ်နည်းအားဖြင့် ရှေ့စိတ်နောက်စိတ် ခွဲပြီး ရှေ့ကစိတ်က ဘာစိတ်ပဲဖြစ်ဖြစ် နောက်ကစိတ်က လိုက်လိုက်သိနေဖို့ပါ။

မြတ်စွာဘုရားက မဟာသတိပဋ္ဌာနသုတ်မှာ သရာဂံဝါစိတ္တံ "သရာဂံ စိတ္တံ" န္တိ ဇာနာတိ။ ရာဂစိတ်ဖြစ်ရင် ရာဂဖြစ်တယ်လို့ သိလိုက်ပါတဲ့။ သဒေါသံဝါ စိတ္တံ "သဒေါသံ စိတ္တန္တိ" ပဇာနာတိ။ ဒေါသစိတ်ဖြစ်ရင် ဒေါသစိတ်ဖြစ်တယ်လို့ သိလိုက်ပါတဲ့။ မြတ်စွာဘုရားရှင်က ရိုးရိုးလေးပဲဟောထားတာပါ၊ သိပ်ပြီးမခက်လှပါဘူး။ မြတ်စွာဘုရားက သိပါဆိုတော့ သိလိုက်ရုံပါပဲ။

ကဲ စာဖတ်သူ . . . မကောင်းတဲ့စိတ်ဖြစ်တာနဲ့ သိသိပြီး မှတ်ပစ်လိုက်စမ်းပါ၊ အကုသိုလ်စိတ်ဖြစ်ကြောတွေ တိုသွား လျော့သွားအောင်ပါ။

ကျမ်းကိုး–

၁။ ထေရီဂါထာအဋ္ဌကထာ
သီဟာထေရီဝတ္ထု။
၂။ ထေရီဘာသာပြန် (တတိယတွဲ)
လယ်တီပဏ္ဍိတ ဦးမောင်ကြီး။
၃။ ထေရီထေရာရဟန္တာပုဂ္ဂိုလ်ကြီးများ
ဝတ္ထုသီရိ။

အလင်းတန်းဂျာနယ်
၈.၈.၂၀၀၅။



# ခံတွင်းနဲ့ ကောင်းချင်ရင်

အကုသိုလ်အကျိုးအပြစ်တွေ အများကြီးရှိတဲ့အထဲက တချို့ အကုသိုလ်အကျိုးအပြစ်တွေကိုတော့ တော်တော်လေး ကြောက်မိပါတယ်။ အကြောက်ဆုံးတွေထဲက အကြောက်ဆုံးတစ်ခုကတော့ ခန္ဓာကိုယ်အနံ့

အသက်ဆိုး ရှိမှာကိုပါပဲ။ အထူးသဖြင့်တော့ ခံတွင်းက(ကြာညိုနံ့ မသင်းရင် နေပါစေ)အနံ့အသက် ရှိမှာကိုပါ။

ဒါကြောင့် ဒီလိုဆိုးပြစ်တွေဖြစ်စေမယ့် အကုသိုလ်မျိုးကိုတော့ အထူးပဲ သတိထားရှောင်ဖြစ်ပါတယ်။

အသိတစ်ဦး ရှိပါတယ်။ သူက ပညာရေးမှာ သိပ်တော်ပါတယ်။ လူငယ်ဘဝ ရည်းစားတစ်ယောက်လည်း ရှိပါတယ်။ တစ်နေ့တော့ သူ့ကောင်မလေးကို သွားခိုးပါသတဲ့။

ဒါပေမယ့် ကောင်မလေးက တစ်ရက်ပဲပေါင်းပြီး နောက်နေ့မှာ သူ့မိဘအိမ် ပြန်သွားပါသတဲ့။

စိတ်ဝင်စားလို့ တစ်ခြားအသိတစ်ယောက်ကို မေးကြည့်တော့ ပညာရေးမှာတော်လှတဲ့ စာရေးသူရဲ့အသိမှာ အထက်ကပြောခဲ့တဲ့ အကုသိုလ်ဆိုးကျိုးလေးတွေ ရှိနေလို့ပါတဲ့။

တကယ်တော့ ဒီအကြောင်းတွေကို ရေးပြနေရတာတောင် တော်တော်လေး အားနာလှပါတယ်။ သတိလွတ်ပြီး အဲဒီလိုအကုသိုလ်မျိုးကို အမှတ်တမဲ့ ကျူးလွန်မိကြမှာ စိုးလို့ပါ။

ဒီလိုအကျိုးအပြစ်တွေနဲ့ပတ်သက်လို့ အများဆုံးတွေ့ရတာကတော့ ပေတဝတ္ထုအဋ္ဌကထာမှာပါပဲ။ အဲဒီ ပေတဝတ္ထုထဲက တစ်ပုဒ်လောက် အရင် ပြောပြရအောင်ပါ။

ကဿပဘုရားရှင်လက်ထက်တော်က မထေရ်နှစ်ပါးဟာ တောရွာတစ်ရွာမှာ ကျောင်းထိုင်နေကြပါတယ်။ နှစ်ပါးစလုံးက သီလဖြူစင်သလို၊ ဆွမ်းခံအတူတူ၊ ဆွမ်းစား အတူတူ၊ တံမြက်လှည်းအတူတူ စသည်ဖြင့် ဘာလုပ်လုပ် အတူတူလုပ်ကြပါတယ်။

နှစ်ပါး ညီညီညွတ်ညွတ်နေနေကြတော့ ညီညွတ်ခြင်းရဲ့အကျိုးဖြစ်တဲ့ စိတ်ချမ်းသာမှုကိုလည်း နှစ်ပါးစလုံး ရရှိခံစားနေကြရတယ်။

ဘဝမှာ ဘာတွေပဲ မပြည့်စုံ မပြည့်စုံ စိတ်ချမ်းသာနေရင် တော်တော်လေး နေပျော်ပါတယ်။

တစ်နေ့မှာတော့ မထေရ်နှစ်ပါး သီတင်းသုံးရာရွာကို အာဂန္တုမထေရ်တစ်ပါး ကြွလာပါတယ်။ အာဂန္တုမထေရ်ရောက်လာတော့ လက်ရှိ

ကျောင်းထိုင်မထေရ်နှစ်ပါးကလည်း ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုဆိုကြပါတယ်။ နေရာထိုင်ခင်း ကောင်းကောင်းပေးပြီး မနက်ဆွမ်းခံကြွတဲ့အခါ အာဂန္တုမထေရ်ကိုပါ ခေါ်ခဲ့ပါတယ်။

ရွာထဲက ဒကာ၊ ဒကာမတွေက ဆွမ်းဟင်းကောင်းကောင်း၊ အချိုပွဲကောင်းကောင်းတွေ လှူကြတာရယ်၊ ကြည်ညိုချစ်ခင်တဲ့အမူအရာရှိကြတာရယ်ကြောင့် အာဂန္တုမထေရ်က ရွာကို သဘောကျသွားပါတယ်။ ကျောင်းပြန်ရောက်လို့ ကျောင်းကိုသေသေချာချာကြည့်တဲ့အခါမှာလည်း အကျယ်အဝန်းကော၊ အရိပ်အာဝါသကော၊ ကျောင်းအဆောက်အအုံကောကောင်းနေတာရယ်ကြောင့် ကျောင်းမှာအမြဲနေချင်တဲ့ အတွေးလေး ဝင်လာပါတယ်။ ကျောင်းမှာနေချင်တဲ့ အတွေးလေးဝင်လာတာ ပြဿနာမရှိပါဘူး။ ကျောင်းထိုင်မထေရ်နှစ်ပါးကလည်း ကောင်းကောင်းလက်ခံမှာပါ။ ဒါပေမယ့် သူ့အတွေးက မတွေးကောင်းတဲ့အတွေးကို တွေးတာပါ။ ဘယ်လိုတွေးသလဲဆိုတော့ "ဒီရွာဟာ သိပ်ပြီးလာဘ်လာဘပေါတယ်၊ နေလို့ ထိုင်လို့လည်း ကောင်းတယ်၊ လက်ရှိကိုယ်တော်နှစ်ပါးကို ကျောင်းက ပထုတ်လိုက်ပြီး ငါတစ်ပါးတည်း နေရရင် သိပ်ကောင်းမှာပဲ"တဲ့။

အတွေးပြီးရင် အပြောလာမယ်၊ အပြောပြီးရင် အလုပ်လာမယ်ဆိုတဲ့ ကံသုံးပါးတို့ရဲ့သဘောဖြစ်စဉ်အတိုင်း အာဂန္တုမထေရ်က အတွေးကတစ်ဆင့် အပြောကို တက်ယူပါတယ်။ အတွေးညံ့တော့ အပြောကလည်း ဆက်ညံ့သွားပါတယ်။

ကျောင်းထိုင်မထေရ်နှစ်ပါး ပူးတွဲမရှိတဲ့အချိန်ကို စောင့်နေပါတယ်။ ဒီလိုနဲ့ တစ်နေ့ တခြားတစ်ပါး အပြင်သွားနေတဲ့အချိန်မှာ ကျန်ခဲ့တဲ့မထေရ်ရဲ့ အနားကိုသွားပြီး စကားစပါတော့တယ်။

"အရှင်ဘုရား ... အရှင်ဘုရားကို စကားနည်းနည်းလောက် လျှောက်စရာရှိလို့ပါဘုရား"

"လျှောက်ပါဦး"

"အရှင်ဘုရားမိတ်ဆွေက မျက်မှောက်မှာသာ မိတ်ဆွေလို ဆက်ဆံနေတာ၊ မျက်ကွယ်မှာတော့ အရှင်ဘုရားကို ရန်သူလို သဘောထားတာဘုရား"

"ငါ့ရှင် ဘာတွေလာပြောနေတာလဲ၊ တပည့်တော်မိတ်ဆွေဟာ ဒီလို သဘောမျိုး မရှိပါဘူးဘုရား"

"အရှင်ဘုရား မယုံရင် စောင့်ကြည့်ပါဘုရား၊ အရှင်ဘုရားက ရိုးတော့ ဘယ်သိမလဲ၊ တစ်နေ့ကျရင် သိလာမှာပါဘုရား"

အာဂန္တုမထေရ်က အဲဒီလိုလျှောက်တော့ ကျောင်းထိုင်မထေရ်လည်း ပုထုဇဉ်ပဲရှိသေးတာဆိုတော့ အခြေအနေအရပ်ရပ်ရဲ့ အမှားအမှန်ကို မသုံးသပ်နိုင်ပါဘူး။ ဒါကြောင့် စိတ်ထဲမှာ ဟုတ်များဟုတ်လေမလားဆိုပြီး သံသယစိတ်ကလေး ဝင်သွားပါတယ်။

အာဂန္တုမထေရ်က တခြားမထေရ်ကိုလည်း တစ်ပါးတည်း ရှိနေခိုက်မှာ အထက်ကအတိုင်း သွားပြောပြန်ပါတယ်။

အာဂန္တုမထေရ်ရဲ့အတွေးထဲမှာ ရွာနဲ့ကျောင်းမှာရှိတဲ့ လာဘ်လာဘအားလုံး သူပိုင်ဆိုင်ဖို့ပဲ အချိန်ပြည့် တွေးတောနေတာပါ။

ဒါကြောင့် မထေရ်နှစ်ပါး အချစ်ပျက်သွားအောင် မကြာခဏ ကုန်းချောစကား ပြောပါတော့တယ်။

ကြာလာတော့ အလွန်ချစ်ခင်တဲ့ မထေရ်နှစ်ပါးဟာ အမုန်းကြီးမုန်းသွားပြီး စကားတွေများကြပါတော့တယ်။ ပြီးတော့ ဆွမ်းခံလည်း အတူတူ မကြွတော့သလို ဆွမ်းကိုလည်း အတူတူ မစားတော့ပါဘူး။

တစ်ညမှာတော့ မထေရ်နှစ်ပါးဟာ စကားတွေ အကြီးအကျယ်များပြီး မနက်ရောက်တော့ နှစ်ပါးထဲက တစ်ပါးက "ငါမုန်းနေတဲ့သူရှိတဲ့ အရပ်မှာ မနေတော့ဘူး"ဆိုတဲ့အတွေးနဲ့ တစ်ပါးမှ အသိမပေးဘဲ ထွက်သွားပါတယ်။

နောက်တစ်ပါးကလည်း "မချစ်မနှစ်သက်တဲ့သူနဲ့တော့ အတူတူ မနေနိုင်ဘူး"ဆိုပြီး ထွက်သွားပြန်ပါတယ်။

မထေရ်နှစ်ပါး ထွက်သွားကြတော့ ကျန်ခဲ့တဲ့ အာဂန္တုမထေရ်က သူတို့ရဲ့လာဘ်လာဘဥစ္စာတွေ ငါအကုန်ရပြီဆိုပြီး သဘောကျ ကျေနပ်နေပါတော့တယ်။ မနက် ရွာထဲကို ဆွမ်းခံကြွတော့ ဒကာ ဒကာမတွေက "အရှင်ဘုရား ဟိုဘုန်းဘုန်းနှစ်ပါးကော"လို့မေးတော့ "ညတုန်းက တစ်ပါးနဲ့တစ်ပါး ရန်ဖြစ်စကားများပြီး ထွက်သွားကြတယ်၊ ဦးဇင်းကတော့ တားပါသေးတယ်၊

သူတို့ကကို မနေချင်တော့တာ” လို့ မဟုတ်တဲ့စကားကို ပြောလိုက်ပါတယ်။ ဒီတော့ ရွာသူရွာသားတွေက “ဒါဆို အရှင်ဘုရားပဲ ဒီရွာမှာ ကျောင်းထိုင်ဘုန်းကြီးအဖြစ်နဲ့ သီတင်းသုံးပေးပါဘုရား”လို့ လျှောက်လိုက်ကြပါတယ်။

အာဂန္တုမထေရ်ကလည်း “ဒကာ ဒကာမတွေကို ချီးမြှောက်သောအားဖြင့် နေရတာပေါ့လေ”လို့ ပြန်ပြောလိုက်ပါသတဲ့။ ဒီလိုနဲ့ပဲ မထေရ်နှစ်ပါးရဲ့ကျောင်းမှာ ကျောင်းထိုင်ခွင့် ရသွားပါတယ်။

အာဂန္တုမထေရ်ဟာ သူမျှော်လင့်ထားသလိုပဲ လာဘ်လာဘတွေတော့ ရလိုက်ပါတယ်။ ဒါပေမယ့် လူဆိုတာ သေမျိုးဆိုတော့ အချိန်တန်တော့လည်း သေပေးရပါတယ်။

သေတဲ့အခါကျတော့ ပြုခဲ့တဲ့ကံအားလျော်စွာ အဝီစိငရဲ ကျသွားပါတယ်။ ယခင်ကျောင်းထိုင်မထေရ်နှစ်ပါးကတော့ အာဂန္တုမထေရ် ပျံလွန်တော်မူမှပဲ အဖြစ်မှန်ကိုသိပြီး ကုန်ခဲ့တဲ့အချိန်တွေအတွက် ဝမ်းနည်းပြီး တစ်ပါးနဲ့တစ်ပါး ဖက်ငိုကြပါသတဲ့။ နှစ်ပါးလုံးပဲ မူလကျောင်းမှာပဲ ပြန်ထိုင်ကြပါတယ်။ ကာလတစ်ခုကြာတော့ အာဂန္တုမထေရ်လည်း ငရဲကလွတ်ပါတယ်။ ဒါပေမယ့် ငရဲကလွတ်ပြီး ရာဇဂြိုဟ်ပြည်အနီးမှာ ခံတွင်းပုပ်ပြီး ခံတွင်းနံ့ဆိုးတဲ့ပြိတ္တာ ဖြစ်ရပြန်ပါတယ်။ သူ့ရဲ့ခံတွင်းနံ့ဟာ အနီးဝန်းကျင်မှာ ပျံ့နှံ့နေပါသတဲ့။

တစ်နေ့မှာ အရှင်နာရဒမထေရ်က “အသင်ပြိတ္တာရယ် သင်ကရုပ်ရည်အဆင်းကတော့ ရွှေလိုလှပပြီး ဘယ်အကုသိုလ်ကံကြောင့် ခံတွင်းနံ့တွေ ဆိုးနေရတာလဲ”လို့ မေးကြည့်ပါတယ်။

ပြိတ္တာကလည်း “အရှင်ဘုရားရယ် တပည့်တော်ဟာ ချစ်ခင်နေတဲ့သူနှစ်ယောက်ကို ကွဲပြားသွားအောင် ကုန်းတိုက်စကား ပြောခဲ့လို့ပါဘုရား။ ဒါနဲ့ အရှင်ဘုရားရယ် ကုန်းတိုက်စကားပြောရင် သူတစ်ပါးရဲ့ချစ်ခြင်းကိုခွဲရင် ဒီလိုခံရတယ်ဆိုတာ အရှင်ဘုရားရဲ့တပည့် ဒကာ၊ ဒကာမတွေကို တဆိတ်ပြောဟောပေးပါဘုရား”လို့ နောင်တစကားပါ ပြန်ပြောလိုက်ပါတယ်။

နောင်မှရတဲ့နောင်တဟာ ဘာမှအသုံးမဝင်တော့ပါဘူး။ တကယ်တမ်း စဉ်းစားကြည့်ရင် ခံတွင်းနံ့ပုပ်တဲ့ ပြိတ္တာဖြစ်ရတဲ့ အာဂန္တုမထေရ်ဟာ လူဆန်ဆန်ပြောရင် ပစ္စည်းဥစ္စာတွေလိုချင်လို့ ကုန်းတိုက်စကား ပြောခဲ့တာပါ။

ဒါပေမယ့် ခံလိုက်ရတဲ့ ဆိုးပြစ်တွေက မချိမဆန့်ပါ။

ပစ္စည်းရှာတဲ့နေရာမှာ တရားတဲ့နည်းနဲ့လည်း ရှာလို့ရပါတယ်။ မတရားတဲ့နည်းနဲ့လည်း ရှာလို့ရပါတယ်။

လူတစ်ယောက်ရဲ့ဘဝမှာ ပစ္စည်းဝတ္ထုဟာ အဓိက မပြဋ္ဌာန်းပါဘူး။ ပစ္စည်းဝတ္ထုထက်ပြဋ္ဌာန်းတဲ့အရာတွေ အများကြီးရှိနေပါသေးတယ်။ ဒီပစ္စည်းဝတ္ထုကြောင့်ပဲ ဆွေမျိုးတွေကနေ တစိမ်းတွေဖြစ်ရ၊ မိတ်ဆွေတွေကနေ ရန်သူတွေဖြစ်ရ၊ တရားရုံးတွေရောက်ရ။ ဒါတွေက လက်တွေ့ဆိုးကျိုးတွေပါ။ သေသွားတော့လည်း ဒါတွေက ထားခဲ့ရတာပါပဲ။

မသေခင်မှာ ဘဝကို ဘယ်လိုနေထိုင်သွားမလဲဆိုတဲ့ အတွေးလေးကိုတော့ မကြာခဏ တွေးပေးသင့်ပါတယ်။ ဒီလိုတွေးဖြစ်တယ်ဆိုရင်ပဲ မကောင်းတာပြုချင်တဲ့ စိတ်ညံ့လေးတွေလည်း လျော့သွားတတ်ပါတယ်။

အထက်က ဝတ္ထုလေးကို ပြန်ကောက်ချက်ချကြည့်ရအောင်ပါ။ ချစ်ခင်နေတဲ့လူနှစ်ယောက် ကွဲပြားသွားအောင် ကုန်းတိုက်စကားပြောတာဟာ အရကောက်ကြည့်ရင် ပိသုဏာဝါစာပါ။

ဗဟုသုတအဖြစ် ပါဠိလိုလေး မြည်းကြည့်ပါဦး။ ပိသတိ သာမဂ္ဂိံ သဥ္စုဏ္ဏေတီတိ ပိသုဏာ၊ သာမဂ္ဂိံ – ညီညွတ် သူတို့၏အဖြစ်ကို၊ ပိသတိ – ကြိတ်ချေတတ်၏။ သဥ္စုဏ္ဏေတိ – မှုန့်မှုန့်ညက်ညက်ပြုတတ်၏။ ဣတိတသ္မာ– ထို့ကြောင့်။ ပိသုဏာ – ပိသုဏာမည်၏တဲ့။

လိုရင်းကတော့ ချစ်ခင်နေတဲ့လူနှစ်ယောက်ကို ကွဲပြားသွားအောင် ပြုလုပ်တာပါပဲ။ ကွဲပြားသွားအောင် လုပ်တဲ့နေရာမှာ ကုန်းတိုက်သူက ရည်ရွယ်ချက်နှစ်မျိုး ရှိပါတယ်။ အဲဒီနှစ်ချက်က လာဘ်လာဘ ပစ္စည်းဥစ္စာရဖို့ရယ်၊ မိမိကိုချစ်ပြီး သူတစ်ပါးကိုမုန်းဖို့ရယ်ပါ။ ရည်ရွယ်ချက်တစ်ခုကြောင့် ကုန်းချောတာလည်း ဖြစ်နိုင်သလို၊ ရည်ရွယ်ချက်နှစ်ခုလုံးကြောင့် ကုန်းချောတာလည်း ဖြစ်နိုင်ပါတယ်။

ပိသုဏာဝါစာကံထိုက်ဖို့အတွက် အင်္ဂါလေးပါး ရှိပါတယ်။ အင်္ဂါလေးပါးက–

(၁) ခွဲစရာတစ်ပါးသူရှိခြင်း။

(၂) ကွဲစေလိုစိတ်ရှိခြင်း၊ မိမိကိုချစ်စေလိုခြင်း။

(၃) လုံ့လပြုခြင်း။

(၄) ကုန်းတိုက်စကားပြောဆိုခံရသူသိခြင်းရယ်ပါ။

ဒါပေမယ့် ကိုယ်က ကုန်းတိုက်စကားပြောပေမယ့် ကိုယ် ကုန်းတိုက်စကားပြောတဲ့သူနှစ်ယောက်က ကွဲမသွားဘူးဆိုရင်တော့ ပိသုဏဝါစာ မမြောက်ပါဘူး။ ဆိုလိုတာက ကွဲသွားရင် အပြစ်ကြီးမယ်၊ မကွဲရင် အပြစ်သေးမယ်၊ ဒါပါပဲ။

ကျောင်းထိုင်မထေရ်နှစ်ပါးဟာ ကွဲသွားခဲ့တဲ့အတွက် ကံမြောက်သွားရတာပါ။ တကယ်တော့ ကိုယ်လုပ်မယ့်အလုပ်ကလေးတွေ၊ ကိုယ်လုပ်နေဆဲ အလုပ်ကလေးတွေကို ပြန်ပြန်စဉ်းစားဖြစ်တယ်ဆိုရင်ပဲ ကိုယ့်ရဲ့ အကုသိုလ်လေးတွေက တန့်တန့်သွားတတ်ပါတယ်။ ကိုယ်လုပ်နေတဲ့ အလုပ်ရဲ့အမှားအမှန်ကို မသိရလောက်တဲ့အထိတော့ ဘယ်သူမှ မညံ့ကြပါဘူး။

တစ်ခုတော့ ရှိပါတယ်။ အကုသိုလ်တစ်ခုခုကို လုပ်ပြီဆိုရင် အကုသိုလ်နဲ့ယှဉ်ဘက်သူငယ်ချင်းတွေဖြစ်တဲ့ အဝိဇ္ဇာ တဏှာ လောဘ ဒေါသ မောဟ စတဲ့ တခြား မကောင်းတဲ့ အကုသိုလ်စေတသိက်မျိုးစုံကလည်း ခြံရံကာရံပြီး ကူညီတတ်လေ့ရှိပါတယ်။

အဲဒီလို အကုသိုလ်စေတသိက်မျိုးစုံ ခြံရံကာရံထားတော့ ကုသိုလ်ဘက်ကို လှမ်းပြီးမမြင်နိုင်တော့ပါဘူး။

ဒီလိုပါပဲ၊ ကုသိုလ်တစ်ခုခုလုပ်တဲ့နေရာမှာလည်း ကုသိုလ်ရဲ့ သူငယ်ချင်းတွေဖြစ်တဲ့ မေတ္တာ ကရုဏာ မုဒိတာ သဒ္ဓါ ပီတိ စတဲ့ ကောင်းတဲ့ စေတသိက်တွေက ပတ်ပတ်လည်ကနေ ခြံရံကာရံပေးထားတာဆိုတော့ တော်ရုံတန်ရုံ အကုသိုလ်ဘက်ကို မတွေးဖြစ်တော့ပါဘူး။

တရားသောနည်းနဲ့မဟုတ်ဘဲ မတရားသောနည်းနဲ့ရတဲ့ အရာမှန်သမျှ၊ နောက်ဆက်တွဲရလဒ်တစ်ခုက ရှိကိုရှိနေမြဲပါ။ တချို့ရလဒ်တွေကျတော့ သေးငယ်ပေမယ့် တော်တော်လေး ထိတ်လန့်ဖို့ ကောင်းပါတယ်။

ရုပ်လည်းချောပါရဲ့၊ ပညာလည်းတတ်ပါရဲ့ ပစ္စည်းဥစ္စာလည်း ပြည့်စုံပါရဲ့။ ဒါပေမယ့် ခံတွင်းနံ့ မကောင်းဘူးဆိုရင် သွားရောပါ။

တကယ်လို့များ ကိုယ့်မှာ အတိတ်ဝဋ်ကြွေးကြောင့်ပဲဖြစ်ဖြစ်၊

ကျန်းမာရေးကြောင့်ပဲဖြစ်ဖြစ် အနံ့အသက်တွေ ရှိနေခဲ့ရင် ပြေပျောက်ဖို့အတွက် အကောင်းဆုံးကုသိုလ်ကတော့ မြတ်စွာဘုရားကို အမွှေးနံ့သာနဲ့ လှူဒါန်းပူဇော်ခြင်း ပါပဲ။ အမွှေးနံ့သာဆိုတော့ ပန်းတို့၊ နံ့သာရည်တို့၊ ရေမွှေးတို့ပါ။ ရေမွှေးနဲ့ပူဇော်တဲ့အခါမှာ လက်ကိုင်ပုဝါဖြူဖြူလေးကို အခေါက်ကလေးခေါက် ရေမွှေးလေးဆွတ်၊ ပန်းကန်လေးထဲထည့်ပြီး ဘုရားရှေ့မှာ ပူဇော်လို့ရပါတယ်။

ပူဇော်ရင်းနဲ့ "ဤအမွှေးနံ့သာ လှူဒါန်းပူဇော်ရသော ကောင်းမှုကြောင့် အနံ့အသက်များ ပြေပျောက်ရပါလို၏၊ ကောင်းမွှန်တဲ့အနံ့အသက်များ ရရှိရပါလို၏ "လို့ ဆုတောင်းလို့လည်း ရပါတယ်။ တစ်ဖက်ကလည်း အတိတ်အကုသိုလ်ဝဋ်ကြွေးကို သံဝေဂယူပြီး အနံ့အသက်ဖြစ်စေမယ့် အကုသိုလ်မျိုးကို အထူးပဲ သတိထားရှောင်ရပါတယ်။

ဘာပဲဖြစ်ဖြစ် ကုန်းချောစကားပြောမိရင် ခံတွင်းနံ့ ဆိုးတတ်တာလေးကို ဗဟုသုတအဖြစ် သိထားလိုက်မယ်ဆိုရင်ပဲ စာရေးသူကော၊ စာဖတ်သူကော အကျိုးရှိသွားပါပြီ။

ကဲ ... စာဖတ်သူကော၊ စာရေးသူကော ကုန်းချောစကားကို ရှောင်လိုက်ကြရအောင်နော်။

**ကျမ်းကိုး--**

၁။ ပေတဝတ္ထုအဋ္ဌကထာ
   ပူတိမုခပြိတ္တာဝတ္ထု။
၂။ ပေတဝတ္ထုမြန်မာပြန်
   သာသနာ့မဏ္ဍိုင်ဆရာတော်။
၃။ ပေတဝတ္ထုတော်ကြီး
   အရှင်ဓမ္မသာမိဘိဝံသ။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း
အောက်တိုဘာ၊ ၂၀၀၅။



## မနေရလို့သေကြရတဲ့အခါ

တစ်ခါတုန်းက ဘုရားအလောင်းဟာ ဘဝတစ်ခုမှာ ကဏှာသတို့သားအဖြစ်နဲ့ ကျင်လည်ခဲ့ဖူးပါတယ်။ တစ်နေ့တော့ ကဏှာသတို့သားဟာ သူ့ရဲ့ဘဏ္ဍာတိုက်ထဲကို ဝင်ကြည့်ဖြစ်ပါတယ်။ ဘဏ္ဍာတိုက်ထဲက ငွေကြေးနေတွေကိုကြည့်ပြီး တော်တော်လေးအံ့သြသွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘဏ္ဍာတိုက်ထဲက ငွေကြေးဥစ္စာတွေဟာ တောင်ပုံယာပုံဖြစ်နေလို့ပါ။ တအံ့တသြဖြစ်နေတဲ့ ကဏှာသတို့သားကို ဘဏ္ဍာရေးမှူးလုပ်တဲ့သူက အစီရင်ခံပါတယ်။

"အရှင်သူဌေး ... ဒီဘက်ကပစ္စည်းတွေကတော့ မောင့်ဘေးတွေကျန်ခဲ့တဲ့ ပစ္စည်းတွေပါ၊ ဟိုဘက်ကပစ္စည်းတွေကတော့ မောင့်ဘိုးတွေကျန်ခဲ့တဲ့ ပစ္စည်းတွေပါ။ ဟိုဘက်ထောင့်ကပစ္စည်းကတော့ မောင့်အဖေအမေတွေ ကျန်ခဲ့တဲ့ ပစ္စည်းတွေပါ"

ဘဏ္ဍာတိုက်ထဲမှာမြင်နေရတဲ့ ပစ္စည်းတွေကို သေလွန်တဲ့သူတွေရဲ့နာမည်တွေကိုပါ တွဲပြောပြလိုက်တော့ ကဏှာသတို့သားဟာ ပစ္စည်းတွေကိုကြည့်ပြီး ခေါင်းထဲကို အတွေးသုံးချက်က ညင်ညင်သာသာလေး ဝင်လာပါတယ်။

" ဒီပစ္စည်းတွေကို ငါ့ရဲ့ဘိုးဘွားမိဘတွေဟာ ကြိုးကြိုးစားစား ရှာခဲ့ကြတယ်၊ ဒါပေမယ့် သေတဲ့အခါမှာတော့ ယူမသွားနိုင်ဘူး၊

ငါကတော့ ယူသွားနိုင်အောင် လုပ်ရမှာပဲ၊ ပစ္စည်းဝတ္ထုတွေဟာ ရန်သူမျိုး ငါးပါးနဲ့ဆက်ဆံနေရတဲ့အတွက် ဘာတစ်ခုမှ အနှစ်သာရမရှိဘူး၊ အချိန်မရွေး ပျက်စီးသွားနိုင်တယ်၊ ဒီပစ္စည်းတွေရဲ့အနှစ်သာရကို ရှာကြည့်ရင် ပေးလှူခြင်း ဆိုတဲ့ ဒါနပဲ။

ခန္ဓာကိုယ်ကြီးဟာလည်း ဇရာ ဗျာဓိ မရဏ စတဲ့ ဒုက္ခတွေနဲ့ ဆက်ဆံနေရ တယ်၊ ခန္ဓာကြီးရဲ့အနှစ်သာရကို ရှာကြည့်ရင် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ စောင့်ထိန်းခြင်းဆိုတဲ့ သီလပဲ။

အနိစ္စ စတဲ့ ဖြစ်ပျက်ဒဏ်တွေ နှိပ်စက်ခံနေရတဲ့အတွက် အသက် ဟာလည်း ဘာမှအနှစ်သာရမရှိဘူး။ အသက်ရဲ့အနှစ်ဟာ ဝိပဿနာတရား အားထုတ်ခြင်းပဲ"

ကဏှာသတို့သားဟာ အတွေးသုံးချက်ကိုတွေးပြီး လက်ရှိမင်းလုပ် နေတဲ့ ဗြဟ္မဒတ်မင်းကို သူတွေးဖြစ်တဲ့ အတွေးသုံးချက်ကို သွားပြောပါတယ်။ ပြီးတော့ ရှိသမျှပစ္စည်းအားလုံးကို ပေးကမ်းလှူဒါန်းပြီး ရသေ့ဝတ် တော ထွက်ဖို့လည်း ခွင့်တောင်းပါတယ်။

ဗြဟ္မဒတ်မင်းကလည်း ကဏှာသတို့သားရဲ့ တောင်းဆိုချက်ကို ခွင့်ပြုလိုက်ပါတယ်။ ကဏှာသတို့သားဟာ အိမ်ပြန်ရောက်တာနဲ့ ရှိသမျှပစ္စည်း အားလုံးကို မရှိဆင်းရဲသားတွေကို ပေးကမ်းလှူဒါန်းပါတော့တယ်။ ပစ္စည်း တွေ လှူဒါန်းပြီးတော့ သူ့ရည်ရွယ်ချက်အတိုင်း ရသေ့ဝတ်သွားပါတော့ တယ်။ တောထဲမှာလည်း အကျင့်ကို ပြင်းပြင်းထန်ထန်ကျင့်လိုက်တာ လောကီစျာန် အဘိဉာဉ် သမာပတ်တွေ ရသွားပြီးတော့ သေလွန်တဲ့အခါ ဗြဟ္မာပြည်ကို ရောက်သွားရပါတော့တယ်။ စာထဲမှာတော့ သိကြားမင်းနဲ့ တွေ့တာတွေ၊ သိကြားမင်းက လိုချင်တာ တောင်းခိုင်းတာတွေ စသည်ဖြင့် ပါပါသေးတယ်။ ဒါပေမယ့် ဒီနေရာမှာ ဇာတ်ရဲ့အဓိကပြောလိုရင်းမဟုတ်တဲ့ အတွက် ထားလိုက်ပါတော့။

ဒီကဏှဇာတ်ကလေးကိုဖတ်ပြီး ပထမဆုံးသတိရမိတာက သတင်းစာထဲမှာ အမွေလုကြတဲ့ကြော်ငြာတွေပါ။

ကဏှာသတို့သားကတော့ သေသွားကြတဲ့ မိဘဘိုးဘွားတွေရဲ့ ပစ္စည်းတွေကိုကြည့်ပြီး "ဩော် သူတို့ အသက်ရှင်စဉ်က ကြိုးကြိုးစားစား

ရှာခဲ့ကြပေမယ့် သေသွားတော့ ဘာမှယူမသွားနိုင်ပါဘူး။ ငါကတော့ ယူသွားနိုင်အောင် လုပ်မှပဲ”လို့ တွေးဖြစ်ပါတယ်။

မျက်မှောက်ခေတ် ပုထုဇဉ်တချို့ကတော့ သေသွားကြတဲ့ မိဘတွေရဲ့ ပစ္စည်းတွေကို ကြည့်ပြီး “ငါက ပိုရအောင် ဘယ်လိုလုပ်ရမလဲ”ဆိုပြီး ရှေ့နေတွေနဲ့ အထူးတိုင်ပင် ဆွေးနွေး တွေးတောနေကြပါတယ်။ တွေးပုံချင်းက မတူပါဘူး။ ကိုယ့်ကိုယ်ကိုယ်တော့ မသေမှာကျနေတာပါပဲ။ အနော်ရထာတို့ ကျန်စစ်သားတို့လည်း ပစ္စည်းတွေအများကြီး ပိုင်ဆိုင်ခဲ့ကြပေမယ့် သေတော့ လည်း ထားခဲ့ကြရတာပါပဲ။ ဝေးဝေးမကြည့်ပါနဲ့၊ကုန်းဘောင်ခေတ်နောက်ဆုံး ဘုရင်တွေဖြစ်တဲ့မင်းတုန်းမင်းတို့၊ သီပေါမင်းတို့လည်း ပစ္စည်းတွေ အများကြီး ပိုင်ဆိုင်ခဲ့ကြတာပါပဲ။ သေတော့လည်း ထားခဲ့ကြရတာပါပဲ။ ဒီနေ့ဒီအချိန်မှာ သူတို့ပိုင်ဆိုင်ခဲ့တဲ့ပစ္စည်းတွေကို ပြပါဆိုရင် ပြစရာတောင်မရှိတော့ပါဘူး။ အင်္ဂလန်က ပြတိုက်ထဲမှာတော့ တချို့တလေ ရှိဦးမှာပေါ့။ ဒါပေမယ့် သူတစ်ပါးပိုင် ဖြစ်သွားပါပြီ။

ပစ္စည်းဝတ္ထုတွေဟာ သေရင်ထားခဲ့ရတယ်ဆိုတာရယ်။ ဒီပစ္စည်းဝတ္ထုတွေဟာ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူဆိုတဲ့ ရန်သူမျိုးငါးပါးနဲ့ ဆက်ဆံနေရတဲ့အတွက် အချိန်မရွေး ပျက်စီးသွားနိုင်တယ်ဆိုတာရယ်၊ အနှစ်သာရ ဘာမှအခိုင်အမာမရှိလှတဲ့ ပစ္စည်းဝတ္ထုတွေထဲက အနှစ်ထုတ်ယူချင်ရင် ပေးကမ်းလှူဒါန်းခြင်းဆိုတဲ့ ဒါနဖြစ်တယ်ဆိုတာရယ်၊ ဒီအပိုင်းသုံးပိုင်းကို စာသိဆိုတဲ့ သညာသိတော့သိနေကြတာပါပဲ။ သိပေမယ့် ပညာသိဆိုတဲ့ ရင်ထဲ နှလုံးသားထဲအထိရောက်အောင် နှလုံးသွင်းနိုင်ဖို့ဆိုတာကတော့ ပုထုဇဉ်တစ်ယောက်အနေနဲ့ တော်တော်မလွယ်လှတဲ့ ကိစ္စပါ။

အထက်က အပိုင်းသုံးပိုင်းထဲမှာ နောက်ဆုံးအပိုင်းဖြစ်တဲ့ ပေးကမ်းလှူဒါန်းခြင်းကို ခဏထားလိုက်ပါဦး။

ပစ္စည်းဝတ္ထုတွေဟာ သေရင်ထားခဲ့ရတယ်ဆိုတာရယ်၊ ဒီပစ္စည်းဝတ္ထုတွေဟာ ရန်သူမျိုးငါးပါးနဲ့ ဆက်ဆံနေတဲ့အတွက် အချိန်မရွေး ပျက်စီးသွားနိုင်တယ်ဆိုတာရယ်လေးကိုတော့ ရင်ထဲရောက်အောင် အရင်ကြိုးစားသင့်ပါတယ်။

ဒီအသိလေး အတွေးလေး ရင်ထဲအထိရောက်အောင် ဘာလုပ်ရ

မလဲဆိုရင် အဓိကအဖြေကတော့ ဝိပဿနာတရား အားထုတ်ခြင်းပါပဲ။ ဝိပဿနာတရား အားထုတ်တဲ့နေရာမှာလည်း ရင်ထဲအထိရောက်အောင် အားထုတ်ပါမှ ဒီအသိကို လက်ခံနိုင်ပါမှာ။ ကုသိုလ်ဖြစ်လောက်သာ အားထုတ်ရုံလောက်နဲ့တော့ ဒီအသိကို ခိုင်ခိုင်မာမာ လက်ခံနိုင်ဦးမှာ မဟုတ်သေးပါဘူး။ အတိတ်ဘဝတွေက ပါရမီပါခဲ့တယ်ဆိုရင်တော့ တစ်မျိုးပေါ့လေ။

ဒါပေမယ့် ကိုယ်ကပုထုဇဉ်ပဲလေဆိုပြီး နေရာတကာ "ဇဉ်...ဇဉ်...ဇဉ်"ဆိုပြီး ကိုယ့်ကိုယ်ကိုယ် လျှော့ချထားလို့ မဖြစ်ဘူးလေ၊ အထူးသဖြင့်တော့ မနက်အိပ်ရာထလေးတွေမှာ မျက်လုံးလေးမှိတ်ပြီး သေချာလေးစဉ်းစားရင် ဒီအသိလေးတွေ ရင်ထဲရောက်လာနိုင်ပါတယ်။ မနက်အိပ်ရာထဆိုတော့ ဘယ်သူနဲ့မှလည်း မဆက်ဆံရသေးတော့ စိတ်ကလေးက ရှင်းနေတတ်ပါတယ်။ စိတ်ရှင်းရင် အသိဉာဏ်လည်း ရှင်းနေတတ်ပါတယ်။

စာရေးသူကတော့ ဘဝနဲ့ယှဉ်တဲ့ တချို့ကိစ္စလေးတွေကို ဆုံးဖြတ်တော့မယ်ဆိုရင် မနက်စောစောမှာ စဉ်းစားဆုံးဖြတ်တာများပါတယ်။

လုပ်ကောင်းလား၊ မလုပ်ကောင်းလားတော့ မသိပါဘူး။ တကယ့်အရေးကြီးတဲ့ကိစ္စလေးတွေဆိုရင်တော့ မနက်စောစော တရားထိုင်ရင်း အလယ်လောက်အရောက်မှာ တရားမှတ်မှုကို ခဏရပ်ပြီးဆုံးဖြတ်တာပါ။

တရားထိုင်နေတာဆိုတော့ ဘာပဲပြောပြော၊ စိတ်က ကုသိုလ်ဘက်ကိုပဲ ယိမ်းနေတာပါ။ စိတ်က ကုသိုလ်ဘက်ကို ယိမ်းနေတဲ့အချိန်မှာ စဉ်းစားဆုံးဖြတ်တဲ့ကိစ္စဟာလည်း ကုသိုလ်ဘက်ကို ယိမ်းဆုံးဖြတ်ပြီးသား ဖြစ်သွားတတ်ပါတယ်။

ဒါကတော့ စာရေးသူ ကိုယ့်ခံယူချက်နဲ့ကိုယ်ပြုမူတဲ့ အပြုအမူပါ။ ပညာရှင်တွေ လက်ခံချင်မှလည်း လက်ခံမှာပါ။ တကယ်သေချာစဉ်းစားကြည့်ရင် ကိုယ်ကမသေသေးလို့ သုံးနေရပေမယ့် နေ့စဉ်သေနေကြသူတွေကတော့ ထားထားခဲ့ကြရတာပါ။ ပြီးတော့ ရန်သူမျိုးငါးပါးကြောင့်ပဲ နေရာတိုင်းမှာ ကိုယ်မသိပေမယ့် နေ့စဉ်ပျက်စီးဆုံးရှုံးနေကြရတာပါ။

မကြာသေးခင်က အသိတစ်ယောက်က ဘာပြောသလဲဆိုတော့ သူတို့မောင်နှမတွေ အမွေအမှုဖြစ်ကြတာ အထွေထွေစရိတ်က တစ်ယောက်ကို နှစ်ဆယ့်ခုနှစ်သိန်းစီလောက် ကုန်သွားပါတယ်တဲ့။ အမှုပြီးတော့လည်း

ညီအစ်ကိုမောင်နှမတွေ အတူတူပဲ ညီတူမျှတူ ခွဲယူကြရတာပါပဲတဲ့။ အစကတည်းက အတူတူခွဲယူလိုက်ရင်ပြီးရောတဲ့။ ကြားထဲက ဒိုင်စားသွားတာတဲ့။

သူကတော့ ရယ်သလိုမောသလိုနဲ့ ပြောသွားတာပါ။ နောက်ဆက်တွဲ အကျိုးဆက်ကတော့ ညီအစ်ကိုမောင်နှမတွေ စကားမပြောကြတော့တာပါဘဲ။ အမွေအမှုဖြစ်လာကြပြီဆိုရင် ကဏ္ဍဇာတ်ကလေးကို ပြန်ပြန်အာရုံပြုဖို့ကောင်းပါတယ်။ အသိဉာဏ်လေးတွေ ဝင်လိုဝင်ငြားပေါ့။ ဝင်လာလိုက်တယ်ဆိုရင်ပဲ ကောင်းကျိုးရလဒ်ကလေးတစ်ခုတော့ ရလိုက်မှာပါ။

ဒါတွေကတော့ ရယူမှုနဲ့ပတ်သတ်တဲ့ အပိုင်းတွေပါ။

နောက်တစ်ခုက တစ်ခါတလေ ကိုယ်ရဲ့ပစ္စည်းတွေဟာ တစ်စုံတစ်ယောက်က လိမ်လည်လှည့်ဖြားလို့ပဲဖြစ်ဖြစ်၊ ကိုယ့်ထက်အင်အားကြီးတဲ့သူက အနိုင်ကျင့်ယူလို့ပဲဖြစ်ဖြစ်၊ ရေမီးစတဲ့ သဘာဝဘေးရန်တွေကြောင့်ပဲဖြစ်ဖြစ် ပျက်စီးဆုံးရှုံးသွားရတတ်ပါတယ်။ အဲဒီအခါမျိုးမှာ ပူဆွေးသောကကြောတွေ ရှည်နေတတ်ကြပါတယ်။ အစကတည်းက ဒီပစ္စည်းဝတ္ထုတွေဟာ ရန်သူမျိုးငါးပါးနဲ့ ဆက်ဆံနေတဲ့အတွက် အချိန်မရွေးပျက်စီးသွားနိုင်တယ်။ ဒီပစ္စည်းဝတ္ထုတွေဟာ ဆိုင်ရုံပဲဆိုင်တယ်။ မပိုင်ဘူးဆိုတာ ဘုရားဟောက ရှိပြီးသားပါ။ တရားသဘောအရ ဘာမှစိတ်ဆင်းရဲဖြစ်နေစရာ မလိုပါဘူး။ တရားသဘောလေးတွေ ရင်ထဲရှိနေတဲ့သူကတော့ "ပျက်စီးဆုံးရှုံးတတ်တဲ့ပစ္စည်းဟာ ပျက်စီးဆုံးရှုံးသွားတာ သဘာဝပဲလေ၊ ဘုရားဟောက ရှိပြီးသားပဲလေ"ဆိုပြီး ပုထုဇဉ်ပီပီ စိုးရိမ်ပူဆွေးသောကကို တဒင်္ဂလောက်ပဲ အဖြစ်ခံပါတယ်။ သောကဖြစ်ကြောရှည်ခွင့် မပေးပါဘူး။ ဒီတရားသဘောလေးတွေ ပြောပြနေတော့ စာဖတ်သူတွေက မေးဦးမယ် "ဒါဆိုရင် ပစ္စည်းဝတ္ထုတွေ မရှာရတော့ဘူးလား...ရှိတဲ့ပစ္စည်းတွေ အကုန်လွှင့်ပစ်ရမှာလား ..."

ဒီလိုယူဆရင် ဒီအယူအဆက အစွန်းရောက်သွားပါတယ်။ မှန်တဲ့အယူအဆလည်း မဟုတ်တော့ပါဘူး။ ခန္ဓာရှိတဲ့အတွက် မိသားစုရှိတဲ့အတွက် ပစ္စည်းဝတ္ထုတွေကတော့ ရှာကိုရှာရပါ့မယ်။ အဓိကကတော့ ဒီပစ္စည်းတွေကို အမှီပြုပြီး လောဘ၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယစတဲ့ အကုသိုလ်တရားတွေ မဖြစ်ဖို့ပါ။ ပစ္စည်းဝတ္ထုနဲ့ယှဉ်တဲ့ အသိမှန်လေးတွေ ရင်ထဲရောက်ဖို့က ပထမကိစ္စပါ။ လှူတာ မလှူတာက ဒုတိယကိစ္စပါ။

နောက်မောင်နှမတစ်စုကတော့ အမွေအမှုတွေ ဖြစ်ကြတဲ့အခါ အစ်ကို လုပ်သူတစ်ယောက်က "ဒီလောက်မှဖြစ်နေတာ ဒီပစ္စည်းတွေကို ငါလည်း မယူဘူး၊ နင်တို့လည်းမယူနဲ့ အကုန်လှူပစ်မယ် ကျေနပ်ကြလား"လို့မေးတော့ ကျန်တဲ့မောင်နှမတွေကလည်း ကျေနပ်လက်ခံကြပါသတဲ့။ ပြောတဲ့အတိုင်းပဲ ဘုန်းကြီးကျောင်းတစ်ကျောင်းကို အကုန်လှူပစ်လိုက်ကြပါသတဲ့။

ဒါမျိုးကျတော့လည်း ဉာဏ်ယှဉ်တဲ့ အပြုအမူ မဟုတ်ပြန်ပါဘူး။ ဉာဏ်မယှဉ်တဲ့ အပြုအမူပါ။ မြတ်စွာဘုရားအလိုကျလည်းမဟုတ်ပါဘူး။ ကိုယ်ကမသေသေးတဲ့အတွက် ကိုယ့်သားသမီး မြေးမြစ်တွေလည်း ရှိနေ သေးတဲ့အတွက် ပစ္စည်းဥစ္စာဆိုတာ လိုကိုလိုအပ်နေပါတယ်။ ဒီတော့ ကိုယ်ဘာပဲလုပ်လုပ် ဉာဏ်ယှဉ်ပြီးလုပ်ရပါမယ်။

**အတ္တာ ဂေဟေ နိဝတ္တန္တိ၊**
**သုသာနေ မိတ္တ ဗန္ဓဝါ၊**
**သုကဋံ ဒုက္ကဋံ ကမ္မံ၊**
**ဆာယာဝ အနုယာယိနီ။**

ဂါထာလေးက ဘာပြောသလဲဆိုတော့ ကိုယ်သေသွားတဲ့အခါ ပစ္စည်းဥစ္စာတွေဟာ အိမ်မှာထားခဲ့ရ ကျန်ခဲ့ရပါတယ်တဲ့။ ကိုယ့်ရဲ့ဇနီးမယား ခင်ပွန်း သားသမီး ဆွေမျိုး မိတ်ဆွေတွေကတော့ သုသာန်အထိတော့ လိုက်ပို့ကြပါတယ်တဲ့။

လိုက်ပို့သူအားလုံးဟာ သုသာန်က လှည့်ပြန်ကြတာပါပဲတဲ့။ ဒါပေမယ့် အသက်ရှင်စဉ် ကိုယ်ပြုမူခဲ့တဲ့ ကုသိုလ် အကုသိုလ်ကံနှစ်ခုကတော့ အရိပ်တစ်ခုလို ဟိုဘက်ဘဝအထိ လိုက်ပါသွားပါတယ်တဲ့။

တကယ်စဉ်းစားကြည့်တော့လည်း ဟုတ်တာပါပဲ။ သေသွားတဲ့ အခါ သက်ရှိသက်မဲ့အရာအားလုံးကို ထားခဲ့ရတာပါ။ ကိုယ့်ကိုချစ်လှပါတယ် ဆိုတဲ့သူ အားလုံးကလည်း သုသာန်အထိတော့ လိုက်ပို့ကြပါရဲ့။ ပြီးရင် သုသာန်က လှည့်ပြီး ပြန်ကြတာပါပဲ။ တကယ်တမ်း ကိုယ့်နောက်ကို အရိပ်တစ်ခုလို လိုက်လာမှာက အသက်ရှင်စဉ် ကိုယ်ပြုခဲ့တဲ့ ကောင်းကံ မကောင်းကံတွေပါ။ ရှေ့ကစာပိုဒ်က သံဝေဂဖြစ်အောင် ပြောနေရတာပါ။ အဲဒီမှာ အဓိကကတော့ "အသက်ရှင်စဉ် ကိုယ်ပြုခဲ့တဲ့ ကံတွေကပဲ

ကိုယ့်နောက်ကို လိုက်လာမှာ”ဆိုတဲ့ စကားလေးက အဓိကပါ။ ဒီဂါထာလေးကိုပဲ အခြေခံပြီး သီကုံးထားတဲ့ လင်္ကာလေးရှိပါတယ်။ ဘယ်ဆရာတော်ဘုရားရေးခဲ့တယ်ဆိုတာတော့ မသိပါဘူး။ နှုတ်ထဲမှာရနေတဲ့ လင်္ကာလေးပါ။

**မနေရလို့ သေကြတဲ့အခါ၊**
**ကိုယ့်နောက်ကိုကား ဘာများပါမှာ။**
**ပစ္စည်းဟူက မြူမျှမပါ၊**
**ကိုယ်ပြုထား ကံများကိုယ့်နောက်ပါ။**

တစ်ခါတလေ အားတဲ့အခါလေးတွေမှာ ဒီလင်္ကာလေးကို စိတ်ထဲက တိုးတိုးလေး ရွတ်ဖြစ်ပါတယ်။ သုံးခေါက်လောက် ရွတ်ဖြစ်လိုက်တဲ့အခါ ပစ္စည်းဝတ္ထုတွေရဲ့ သဘောအမှန်ကို ခပ်ရေးရေးလေး သိလိုက်ရသလိုပါပဲ။ ပြီးတော့ ကိုယ်တကယ်လုပ်ရမယ့်အလုပ်ကို သတိပေးလိုက်သလိုလည်း ခံစားရပါတယ်။

ကဲ ... စာဖတ်သူကော တစ်ခါတလေ ပစ္စည်းဝတ္ထုတွေနဲ့ ပတ်သက်ပြီး စိတ်ကသိကအောက်ဖြစ်ရတဲ့အခါ စိတ်ထဲက တိုးတိုးလေး ရွတ်ကြည့်ပါလား....။ အသိကလေးတစ်ခုတော့ရလိုက်မှာပါ။

ပြောနေတာကြာပါတယ်။ အခုပဲ တစ်ခေါက်လောက် ရွတ်ကြည့်လိုက်ရအောင်ပါ။ သံဝေဂအသိလေး ခဏပဲဖြစ်ဖြစ် ဝင်လာအောင်ပါ။

**မနေရလို့ သေကြတဲ့အခါ၊**
**ကိုယ့်နောက်ကိုကား ဘာများပါမှာ။**
**ပစ္စည်းဟူက မြူမျှမပါ၊**
**ကိုယ်ပြုထား ကံများကိုယ့်နောက်ပါ။**

ကျမ်းကိုး–
ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊
ကဏှဇာတ်။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း
နိုဝင်ဘာ၊ ၂၀၀၅။



# ဗိဿာမြတ် ဈေးရောင်းနည်း

မြတ်စွာဘုရားလက်ထက်တော်က ရာဇဂြိုဟ်ပြည်မှာ ဈေးသည်အမျိုးသမီး လေးယောက်ရှိပါတယ်။ သူတို့လေးယောက်မှာလင်ယောကျ်ားနဲ့ သားသမီးတွေလည်း ကိုယ်စီရှိကြပါတယ်။ သူတို့က ထောပတ်၊ ပျားရည်၊ ဆီ၊ ဆန်၊ ဆား စသည်တွေရောင်းပြီး လင်ယောကျ်ားနဲ့ သားသမီးတွေကို လုပ်ကျွေးနေကြတာပါ။

ဒါပေမယ့် သူတို့ဈေးရောင်းချမှုဟာ မှန်ကန်မှု မရှိပါဘူး။အလေးခိုး သလို စဉ်းလဲကောက်ကျစ်တဲ့နည်းတွေနဲ့လည်း ရောင်းလေ့ရှိပါတယ်။ ဈေးကိုလည်း ပုံမှန်ဈေးထက်ပိုတင်တင်ပြီး ရောင်းတတ်ပါတယ်။ဒီလိုရောင်းတဲ့အတွက် စီးပွားရေးတွေက ခဏလေးတွေနဲ့ တိုးတက်သွားပြီး ခြံကြီးကြီး

အိမ်ကြီးကြီးတွေနဲ့ ဖြစ်သွားပါတယ်။

စီးပွားရေးတွေ အဆင်ပြေနေဆဲကာလမှာပဲ ဈေးသည်အမျိုးသမီးလေးယောက်ဟာ အကြောင်းမယ်မယ်ရရ မရှိဘဲနဲ့ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြပါသတဲ့။

ကွယ်လွန်ပြီး ဘယ်ရောက်သွားသလဲဆိုတော့ မြို့ကျုံးရဲ့အပြင်ဘက်နားမှာ ပြိတ္တာမတွေသွားဖြစ်ပါသတဲ့။ ဒီတော့ လူ့ပြည်မှာကျန်ခဲ့တဲ့ လင်ယောကျ်ားလေးယောက်က သူတို့ဇနီးတွေကို လွမ်းဆွေးတမ်းတ မနေကြပါဘူး။ ကွယ်လွန်ပြီး မကြာခင်မှာဘဲ ယခင်ဇနီးဟောင်းတွေထက် ချောတဲ့ငယ်တဲ့ ဇနီးသစ်ကလေးတွေကို ကိုယ်စီ ကောက်ယူလိုက်ကြပါသတဲ့။ ပြီးတော့ ဇနီးဟောင်းတွေရှာခဲ့တဲ့ ပစ္စည်းတွေကို ဇနီးသစ်ကလေးတွေနဲ့ ဒူးနှံ့ပြီး သုံးဆောင်ခံစားနေကြပါသတဲ့။ ပြိတ္တာဖြစ်နေရတဲ့ ဈေးသည်မိန်းမလေးယောက်ဟာ သူတို့ရှာဖွေခဲ့တဲ့ပစ္စည်းလေးတွေကို ခင်ပွန်းလောင်းနဲ့ နောက်မိန်းမက ပျော်ပျော်ပါးပါးခံစားသုံးဆောင်နေကြတာတွေ့ရတော့ ပြိတ္တာဖြစ်နေရလို့စိတ်ဆင်းရဲနေရတဲ့အထဲ လုပ်ရက်လေခြင်းဆိုပြီး ပိုစိတ်ဆင်းရဲသွားကြပါသတဲ့။

ဒါကြောင့် ကျုံးအပြင်ဘက်ကနေ မြို့ထဲကလူတွေ ကြားအောင် အသံဆိုးကြီးတွေနဲ့ လှမ်းလှမ်းအော်ပါတော့တယ်။

ဘယ်လိုအော်သလဲဆိုတော့ "ငါတို့ဟာ လိမ်လည်ကောက်ကျစ်ပြီး ဈေးရောင်းခဲ့တဲ့အတွက် ပြိတ္တာမတွေ ဖြစ်နေရတယ်။ ငါတို့ရှာခဲ့တဲ့ပစ္စည်းတွေကိုတော့ ခင်ပွန်းဟောင်းတွေက နောက်မိန်းမငယ်လေးတွေနဲ့ ခံစားပျော်ပါးနေကြတယ်။ ဥစ္စာပစ္စည်းရှာခဲ့တဲ့ ငါတို့မှာတော့ ကိုယ်ရှာခဲ့တာ မသုံးဆောင်ရဘဲ ဆင်းရဲဒုက္ခမျိုးစုံနဲ့ ကြုံနေရတယ်"လို့ အော်ကြပါတယ်။

ညညဆို ကျုံးအပြင်ဘက်ကနေ အသံဆိုးကြီးတွေနဲ့ လှမ်းလှမ်းအော်နေတော့ မြို့ထဲမှာနေကြတဲ့သူတွေက ထိတ်လန့်ကုန်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်တွေကိုပင့်ပြီး ဆွမ်းကပ်၊ ဆွမ်းကပ်ပြီးတဲ့အခါကျတော့ မြတ်စွာဘုရားကို ကျုံးအပြင်ဘက်က လှမ်းလှမ်းအော်နေကြတဲ့အကြောင်း လျှောက်ပြကြပါတယ်။

ဒီတော့ မြတ်စွာဘုရားက "ဒါယကာတို့ ဒီအသံတွေဟာ သင်တို့ကို အန္တရာယ်ပြုမယ့်အသံတွေ မဟုတ်ပါဘူး။ ပြိတ္တာမလေးယောက် ဆင်းရဲခြင်း

တွေ နှိပ်စက်နေလို့ အော်နေကြတာပါ”လို့ မိန့်တော်မူပြီး ဖြစ်ကြောင်းကုန်စဉ်ကို မြတ်စွာဘုရားက ပြန်ဟောပြပါတယ်။

မြတ်စွာဘုရားက တဆက်တည်း သစ္စာလေးပါးကို ဆက်ဟောပြပေးပါတယ်။ တရားအဆုံးမှာတော့ တရားနာပရိသတ်တွေ သောတာပတ္တိဖိုလ်စတဲ့ တရားထူးတွေ ရသွားကြပါတယ်။စာထဲမှာတော့ ဈေးသည်ပြိတ္တာမလေးယောက်ပါ တရားထူးရသွား တယ်လို့ ပြမထားပါဘူး။ တခြားအဖွင့်တွေမှာ ပြထားရင်တော့ မပြောတတ်ပါဘူး။ ဘာပဲပြောပြော စဉ်းလဲကောက်ကျစ်တဲ့နည်းတွေနဲ့ ဈေးရောင်းခဲ့တဲ့အတွက် သေတဲ့အခါ ပြိတ္တာဖြစ်သွားရတာတော့ အမှန်ပါပဲ။

ဒီခေတ်မှာလည်း တချို့ပုဂ္ဂိုလ်တွေဟာ စဉ်းလဲကောက်ကျစ်တဲ့နည်းမျိုးစုံနဲ့ ဈေးရောင်းနေကြတာတွေ ရှိပါတယ်။ကားကိုလိမ်ရောင်းတာ၊ တီဗွီကိုလိမ်ရောင်းတာ၊ ထီကိုလိမ်ရောင်းတာ၊ ကြက်သားကို ရေထိုးပြီးရောင်းတာ၊ ပဲတွေထဲကို ခဲထည့်ပြီးရောင်းတာ စသည့်ဖြင့်အများကြီးပါပဲ။ အလိမ်ခံလိုက်ရတဲ့ စားသုံးသူတွေက သူတို့ခံလိုက်ရတဲ့အကြောင်းတွေ ရေးပြထားတဲ့စာတွေလည်း ဂျာနယ်တွေမှာ မကြာခဏဖတ်နေရပါတယ်။

တန်ဖိုးကြီးတဲ့ပစ္စည်းတွေကို လိမ်ရောင်းတဲ့သူတွေက လိမ်ရောင်းသလို၊ တန်ဖိုးနည်းတဲ့ပစ္စည်းတွေကို လိမ်ရောင်းတဲ့သူတွေကလည်း လိမ်ရောင်းနေကြတာပါပဲ။

ဖရဲသီးရောင်းတဲ့သူ တစ်ယောက်ဆိုရင် ရေခွက်လေးထဲမှာ ဆေးသကြားလေးတွေ ထည့်ထားပါသတဲ့။ ဖရဲသီးလှီးတဲ့ဓားရဲ့ ဓားဦးလေးကိုလည်း ဆေးသကြားထည့်ထားတဲ့ ရေခွက်ကလေးထဲ စိုက်ထားပါသတဲ့။

သာမန်အားဖြင့်ကြည့်ရင် ရေခွက်ထဲကို ဓားဦးလေး စိုက်ထားတဲ့ပုံစံလေးပါ။ ဈေးဝယ်သူလာတဲ့အခါ ဖရဲသီးကို နမူနာ မြည်းကြည့်ရအောင်ဆိုပြီး ဆေးသကြားတို့ထားတဲ့ ဓားဦးကလေးနဲ့ လက်တစ်ဆစ်စာလောက်ကလေး ဝိုက်လှီးပြီး ကျွေးပါသတဲ့၊ ဈေးဝယ်သူကလည်း “ဟယ် ... ချိုလိုက်တာ”ဆိုပြီး ဝယ်သွားပါသတဲ့။ ဒါလေးက ကြားဖူးတာပါ။

ဈေးရောင်းသူက ကိုယ်ကောက်ကျစ်လိုက်တာကို ဈေးဝယ်သူမသိဘူးဆိုပြီး ကိုယ့်ကိုယ်ကိုယ်တော့ ဟုတ်လှပြီ ထင်နေမှာပါ။

ဒါပေမယ့် ကျန်တဲ့သူတွေသာ မသိရင်နေမယ် ဈေးရောင်းသူကိုယ်တိုင်တော့ သိနေခဲ့ပါပြီ။ကိုယ်ရဲ့အပြုအမူဟာ မဟုတ်မမှန်ဘူးဆိုတာလည်း သိတယ်။ သိလျက်နဲ့လည်း ပြုမူတယ်ဆိုတာ ကိုယ်ရထားတဲ့လူ့ဘဝကို လုံးဝတန်ဖိုး မထားတာပါ။

ကံဆိုတာ ပြုပြီးရင်မြောက်သွားတာပါ။ ဘာမှ ပြန်လုပ်လို့ မရတော့ပါဘူး။ မြောက်သွားတဲ့ကံက အလကား နေတော့မှာတော့ မဟုတ်ပါဘူး။ အခွင့်အခါသင့်တာနဲ့ ပြန်အကျိုးပေးတော့မှာပါ။ ကောက်ကျစ်စဉ်းလဲတဲ့ကံတွေ များရင်များသလောက် အကျိုးပေးမှာပါ။ ကိုယ်ကပြုပြီး စားသောက်ပြီးမေ့ချင်မေ့နေမယ်။ ကံကတော့ မမေ့ပါဘူး။ အချိန်ကျရင် သူ့အလုပ်သူလုပ်မှာပါ။

အထက်မှာ ကောက်ကျစ်စဉ်းလဲစွာ ဈေးရောင်းခဲ့တဲ့ ဝတ္ထုလေးပြခဲ့လို့ ကောက်ကျစ်စဉ်းလဲတဲ့အကြောင်းတွေ ပြောနေရတာပါ။ မှန်မှန်ကန်ကန်နဲ့ မေတ္တာစေတနာအပြည့်နဲ့ ဈေးရောင်းနေကြတဲ့ ဈေးသည်တွေလည်း အများကြီးပါ။

ကိုယ်က မှန်မှန်ကန်ကန် ရောင်းခဲ့တဲ့အတွက်၊ မေတ္တာ စေတနာထားရောင်းခဲ့တဲ့အတွက် ကိုယ်ပြုခဲ့တဲ့ကံကလည်း အလကားနေမှာမဟုတ်ပါဘူး။ သူ့အကျိုးအားလျော်စွာ တုန့်ပြန်မှာပါ။

ကိုယ့်ရဲ့အပြုအမူတွေကို မေ့ခြင်းသုံးမျိုးနဲ့ ချိန်ကြည့်လို့ ရပါတယ်။ မေ့ခြင်းသုံးမျိုးက–

၁။ အမေ့ကြီး မေ့နေတာရယ်။

၂။ အသင့်အတင့် မေ့နေတာရယ်။

၃။ မမေ့သင့်တာကို မေ့နေတာရယ်ပါ။

**အမေ့ကြီး** မေ့နေတယ်ဆိုတာက "ငွေရဖို့ အဓိက၊ ပစ္စည်းဥစ္စာရဖို့အဓိက၊ ရာထူးအာဏာရဖို့အဓိက၊ အောင်မြင်ကျော်ကြားဖို့အဓိက" အဲဒီလိုနှလုံးသွင်းပြီး မသမာတဲ့နည်း စဉ်းလဲကောက်ကျစ်တဲ့နည်း ဒုစရိုက်နည်းတွေနဲ့ စီးပွားရှာနေကြတာပါ။ အဲဒီပုဂ္ဂိုလ်မျိုးတွေသေရင် ပြိတ္တာဖြစ်ရင်ဖြစ်၊ မဖြစ်ရင် အပါယ်ငရဲကျမှာပါ။

နောက်ဒုတိယ **အသင့်အတင့်မေ့နေတယ်** ဆိုတာက ကာမဂုဏ်အာရုံတွေမှာ စိတ်ညွတ်ပြီး ကုသိုလ်ကောင်းမှုပြုဖို့၊ တရားအားထုတ်ဖို့ မေ့နေ

တာပါ။

အဆင်းကောင်းကောင်း၊ အသံကောင်းကောင်း၊ အနံ့ကောင်းကောင်း၊ အရသာကောင်းကောင်း၊ အတွေ့အထိကောင်းကောင်းဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေမှာပဲ စိတ်ညွတ်ပြီး ကုသိုလ်ကောင်းမှုပြုဖို့ မေ့နေကြတဲ့ ပုဂ္ဂိုလ်တွေပေါ့။ ကိုရီးယားဇာတ်ကားလေးကြည့်ပြီး မေ့နေတာ၊ ဘောလုံးပွဲတွေကို ည(၁)နာရီ (၂)နာရီအထိ စောင့်ကြည့်ပြီး မေ့နေတာ၊ မင်္ဂလာဆောင်ဧည့်ခံပွဲတွေမှာ မချိမဆန့် မီးကုန် ယမ်းကုန်ဝတ်လာပြီး "ငါ့ရဲ့ ဝတ်စားဆင်ယင်မှုက သူတို့ထက်သာတယ်"ဆိုပြီး ကိုယ့်ဝတ်စားဆင်ယင်မှုကို သာယာပြီး မေ့နေတာ၊ "ငါ့ဘဝမှာ ကိုကိုသာ အဓိကဆိုပြီး ကိုယ့်ကိုကိုရဲ့ ဝေယျာဝစ္စတွေနဲ့ပဲ အချိန်ကုန်ပြီး တရားအားထုတ်ဖို့ မေ့နေတာ၊ ကိုယ့်ရဲ့ မြေးလေးနဲ့ပဲ အချိန်ကုန်ပြီး အားထုတ်ဖို့ မေ့နေတာ စသည် စသည်ဖြင့်ပေါ့၊ အဓိကကတော့ အဲဒီအာရုံတွေကြောင့် တရားအားထုတ်ဖို့၊ တရားဝင်ဖို့ မေ့နေတာမျိုးကို ဆိုလိုတာပါ။

ဒီမေ့ခြင်းတွေကတော့ အပါယ်ငရဲကို ကျစေတတ်တဲ့ မေ့ခြင်းတွေတော့ မဟုတ်ပါဘူး။ ဒါပေမယ့် သံသရာရှည်ပြီး နိဗ္ဗာန်နဲ့တော့ ဝေးဝေးနေတတ်ပါတယ်။

နောက်တတိယ **မမေ့သင့်တာကို မေ့နေတယ်** ဆိုတာကတော့ တရားရိပ်သာဝင်တဲ့အခါ အမှတ်တွေ ကျဲကျဲနေတာကို ပြောတာပါ၊ တရားထိုင်တဲ့အခါ စိတ်တွေက တောရောက်တောင်ရောက် အိမ်ရောက်၊ ရုံးရောက်နဲ့ သမာဓိတွေ ကျဲနေတာပါ။

ဒီမေ့ခြင်းကလည်း ငရဲကိုကျစေတတ်တဲ့မေ့ခြင်းတော့ မဟုတ်ပါဘူး။ ဒါပေမယ့် တရားအတွေ့တွေ နှေးနေတတ်ပါတယ်။ မေ့ခြင်းသုံးမျိုးထဲမှာ လူသားတစ်ယောက်အနေနဲ့ လုံးဝမရှိသင့်တဲ့ မေ့ခြင်းကတော့ ပထမမေ့ခြင်းပါ။

ဘာဖြစ်လို့လဲဆိုတော့ ပထမမေ့ခြင်းနဲ့မေ့ရင် အပါယ်ငရဲကို ဧကန် မုချ ကျမှာမို့ပါ။

အထက်က ဈေးသည်မိန်းမလေးယောက်က ပထမ မေ့ခြင်းမျိုးနဲ့ မေ့နေခဲ့တဲ့အတွက် ပြိတ္တာမတွေ ဖြစ်သွားရတာပါ။

တကယ်စဉ်းစားကြည့်ရင် စဉ်းလဲကောက်ကျစ်တဲ့နည်းတွေနဲ့

စီးပွားရှာ၊ သေတဲ့အခါကျ အဲဒီပစ္စည်းတွေ ထားခဲ့ပြီးတော့ ငရဲကျ၊ အတွေးထဲမှာတောင် မရှိသင့်တဲ့မေ့ခြင်းပါ။ ကိုယ့်ဘဝအတွက် အရှုံးကြီးရှုံးတဲ့ မေ့ခြင်းပါ။ စဉ်းလဲကောက်ကျစ်တဲ့နည်းတွေနဲ့ ပစ္စည်းတွေဘယ်လောက်ပဲ ရထားရထား၊ အဲဒီလူဟာ ဘယ်တော့မှ မငြိမ်းချမ်းနိုင်ပါဘူး။ တစ်မျိုးမဟုတ်တစ်မျိုးတော့ ပူလောင်နေမှာပါ။ ဗုဒ္ဓဘာသာဝင်တစ်ယောက်ရဲ့ ပန်းတိုင်အစစ်ဟာ ပစ္စည်းဝတ္ထုတွေ ရာထူးဌာနန္တရတွေ မဟုတ်ပါဘူး။ ပန်းတိုင်အစစ်က နိဗ္ဗာန်ပါ။ တကယ်လို့ နိဗ္ဗာန်မရသေးရင်တောင် ဘဝကို ငြိမ်းငြိမ်းချမ်းချမ်းလေး နေသွားရဖို့က အဓိကပါ။

ပစ္စည်းတွေတော့ ပေါပါရဲ့၊ ဒါပေမယ့် ဘဝက မငြိမ်းချမ်းဘူးဆိုရင်လည်း ဘဝက အဓိပ္ပါယ်မရှိလှပါဘူး။

ဘာပဲပြောပြော ပြိတ္တာဖြစ်စေတဲ့ စီးပွားရှာနည်းတွေကိုတော့ အထူးရှောင်ဖို့ပဲ အရေးကြီးပါတယ်။

မေ့ခြင်းသုံးမျိုးကို သဒ္ဓမ္မရံသီဆရာတော်ကြီးရဲ့ လင်္ကာလေးနဲ့ ကပ်မှတ်ထားလိုက်ကြရအောင်ပါ။

**ဒုစရိုက်သာ၊ ပြုလုပ်ခါ၊ နေတာမေ့နေမည်။**

**ကာမဂုဏ်မှာ၊ စိတ်ညွတ်ခါ၊ နေတာမေ့နေမည်။**

**ဘာဝနာမှာ၊ စိတ်လွတ်ခါ၊ နေတာမေ့နေမည်။**

**ကျမ်းကိုး–**

၁။ ပေတဝတ္ထု အဋ္ဌကထာ
ဘောဂသံဟရဏပေတဝတ္ထု။

၂။ ပေတဝတ္ထု မြန်မာပြန်
သာသနာ့မဏ္ဍိုင်ဆရာတော်။

၃။ ပေတဝတ္ထုတော်ကြီး
အရှင်ဓမ္မသာမီဘိဝံသ။

၄။ သောတာပန်၏ ဝင့်သုံးပါးပယ်ပုံ တရားတိတ်ခွေ
သဒ္ဓမ္မရံသီဆရာတော်ဘုရားကြီး။

**ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း**
**ဒီဇင်ဘာ၊ ၂၀၀၅။**



# ကမ္ဘသတ္တိလေးတွေ

ဇာတ်လမ်းလေးတစ်ပုဒ်ကို အရင်ပြောပြရအောင်ပါ။

မြတ်စွာဘုရားလက်ထက်တော်က ဥဂ္ဂသေနဆိုတဲ့ သူဌေးသား တစ်ယောက် ရှိပါတယ်။ တစ်နေ့တော့ သူနေထိုင်ရာ ရာဇဂြိုဟ်မြို့ကို လူပေါင်းငါးရာပါတဲ့ ကျွမ်းဘားအဖွဲ့ကြီးတစ်ဖွဲ့ ရောက်လာပါတယ်။

အဲဒီကျွမ်းဘားအဖွဲ့ကြီးက ဗိမ္ဗိသာရမင်းကြီးရဲ့ နန်းတော်မှာ ကပြကြ

ပါတယ်။ ဗိမ္ဗိသာရမင်းကြီးကလည်း သူ့ရဲ့ပြည်သူပြည်သားတွေကိုပါ လာကြည့်ခွင့်ပေးပါတယ်။ စာထဲမှာတော့ ညောင်စောင်းတွေချပြီး ကြည့်ကြတာလို့ ဆိုပါတယ်။ အဲဒီခေတ်က ကုလားထိုင်ပဲ မပေါ်သေးလို့လား၊ ဒါမှမဟုတ် ချမ်းသာတဲ့သူတွေပဲ ဝိုင်းကြည့်ကြတဲ့ပွဲမို့လား မသိပါဘူး။

လူငါးရာပါတဲ့ ကျွမ်းဘားအဖွဲ့ထဲမှာ ပရိသတ် စိတ်အဝင်စားဆုံးက အသက်နှစ်ဆယ်အရွယ် ကချေသည်မလေးပါ။ အဲဒီကချေသည်မလေးက ရုပ်ရည်လည်း အလွန်လှဆိုပဲ။ လှရုံတင် မဟုတ်ပါဘူး။ သူက ဝါးလုံးပေါ်တက်ပြီး ကျွမ်းဘား ကစားပြတာပါ။ ပရိသတ်ကလည်း အဲဒီ ကျွမ်းဘား ကစားပြတာကို သဘောကျပြီး ဆုငွေတွေ ဝိုင်းချကြပါသတဲ့။ လက်ခုပ်သံတွေ တဖြောင်းဖြောင်းနဲ့လည်း အားပေးကြပါသတဲ့။ ပရိသတ်ထဲက တစ်ယောက်ဖြစ်တဲ့ ဥဂ္ဂသေနကတော့ အားပေးရုံတင်မကတော့ဘဲ သံယောဇဉ်ပါ ဖြစ်သွားပါသတဲ့။ ဒါကလည်း အတိတ်ရေစက်တစ်ခုကြောင့်ပါ။

ပွဲပြီးလို့ အိမ်ပြန်ရောက်တော့ သူ့မိဘတွေကို ကချေသည်မလေးကို လိုချင်တဲ့အကြောင်း ပူဆာတော့တာပါပဲ။ ဒါပေမယ့် သူဌေးသားနဲ့ ကချေသည်ဆိုတော့ အလွှာသိပ်ကွာနေတာနဲ့ မိဘတွေက သဘောမတူပါဘူး။ ဒီတော့ ဥဂ္ဂသေနက အစာငတ်ခံ ဆန္ဒပြပါတယ်။ နောက်ဆုံးတော့ ဥဂ္ဂသေနရဲ့သူငယ်ချင်းတစ်ယောက်ကိုခေါ်ပြီး "ဒီအသပြာတစ်ထောင်ကို ယူသွားပြီး ကချေသည်မလေးရဲ့အဖေကို ပေးပါ။ ပြီးတော့ ကချေသည်မလေးကို ဥဂ္ဂသေနနဲ့ပေးစားဖို့ ထည့်လိုက်ပါလို့"ပြောပြီး လွှတ်လိုက်ပါတယ်။

ဒါပေမယ့် ကချေသည်မလေးရဲ့အဖေက ဒီသမီးလေးနဲ့ပဲ လုပ်စားနေရတာဆိုတော့ ဥဂ္ဂသေနအိမ်ကို ထည့်မပေးလိုက်နိုင်ပါဘူး။ သူ့သမီးကို လက်ထပ်ချင်သပဆိုရင် သူတို့နဲ့ပဲ လိုက်နေရမယ်လို့ ပြောလိုက်ပါတယ်။

ဥဂ္ဂသေနလည်း သတင်းစကားကြားတာနဲ့ ငေါက်ခနဲထ၊ မိဘတွေရဲ့ ဆန္ဒကို ဆန့်ကျင်ပြီး ကချေသည်မလေးရှိရာကို ထွက်ခဲ့ပါတယ်။ ကချေသည်မလေးဆီ ရောက်တော့ ဖခင်ဖြစ်သူကလည်း တစ်ခါတည်း သမီးဖြစ်သူနဲ့ ပေးစားလိုက်ပါတယ်။ ဒီလိုနဲ့ ဥဂ္ဂသေနဟာ ကျွမ်းဘားအဖွဲ့ကြီးနဲ့ မြို့တကာ နယ်တကာလှည့်ပြီး လိုက်နေခဲ့ပါတယ်။ ဒါပေမယ့် ဥဂ္ဂသေနက ဘာမှမတတ်တော့ လှည်းစောင့်တာ၊ နွားတွေအစာကျွေးတာ၊ ပစ္စည်းသယ်တာလောက်ပဲ

လုပ်ပေးနိုင်ပါတယ်။ ဒီလိုနေလာရင်းနဲ့ သားလေးတစ်ယောက် ရလာပါတယ်။

သားရလာတော့ ကချေသည်မလေးက ကလေးချော့တဲ့အခါ ဘယ်လိုသီချင်းဆိုပြီး ချော့သလဲဆိုတော့ "လှည်းစောင့်သမားရဲ့သား အိပ်ပါတော့လား၊ ပစ္စည်းသယ်သမားရဲ့သား အိပ်ပါတော့လား" အဲဒီလိုဆိုပြီး ချော့ပါတယ်။ ဒီတော့ ဥဂ္ဂသေနက မခံမရပ်နိုင်ဖြစ်ပြီး "မင်း ငါ့ကို စောင်းဆိုတာလား"လို့ မေးလိုက်ပါတယ်။ ဇနီးဖြစ်သူ ကချေသည်မလေးကလည်း "စောင်းဆိုတာ မဟုတ်ဘူး၊ တည့်တည့်ဆိုတာ"လို့ ပြန်ပြောလိုက်ပါတယ်။

ဥဂ္ဂသေနာဟာ သူ့မာနကို ထိခိုက်လာတော့ ... ချက်ချင်းပဲ ယောက္ခမလုပ်သူထံသွားပြီး သူ့ကို ကျွမ်းဘားအတတ်ပညာ သင်ပေးဖို့ ပြောပါတယ်။ ယောက္ခမလုပ်သူကလည်း တအံ့တသြနဲ့ပေါ့။ နောက်ဆုံးတော့ မခံချင်စိတ်နဲ့ သင်လိုက်တာ ဝါးလုံးထိပ်ဖျားမှာ ကျွမ်းပစ်ပြီးကစားတဲ့အတတ်ကို ကောင်းကောင်းတတ်သွားပါတော့တယ်။

ယောက္ခမလုပ်သူကလည်း သူ့သားမက်ကို ရွာငယ်မြို့ငယ်ကစပြီး ပွဲထုတ်ပေးပါတယ်။ ဥဂ္ဂသေနဟာ ကစားရင်း ကစားရင်းနဲ့ သူ့ဇနီးကချေသည်မလေးထက် သာသွားပါတယ်။ ဒီလိုနဲ့ ရွာတကာလှည့်လည် ကပြနေခဲ့ရင်း သူ့ဇာတိ ရာဇဂြိုဟ်မြို့ကို ကပြဖို့ အလှည့်ကျလာပါတယ်။

ရာဇဂြိုဟ်မြို့သူမြို့သားတွေကလည်း သူတို့ဇာတိ သူဌေးသား ဥဂ္ဂသေန ကျွမ်းဘားကစားပြမယ်ဆိုတော့ အားလုံးကလည်း စိတ်ဝင်စားနေကြပါတယ်။ ဥဂ္ဂသေနကလည်း သူ့ဇာတိမြို့ဆိုတော့ အရင်စံချိန်ထက်တင်ပြီး ကစားပြဖို့ ပြင်ထားပါတယ်။

ဒီလိုနဲ့ ရာဇဂြိုဟ်ကိုရောက်လာတဲ့အခါ အတောင်ခြောက်ဆယ်ရှိတဲ့ ဝါးလုံးထိပ်ဖျားမှာ ကျွမ်းခုနစ်ပတ်ပစ်ပြီး ကစားပြပါတယ်။ အဲဒီအချိန်မှာ မြတ်စွာဘုရားရှင် ကြွလာပါတယ်။ မြတ်စွာဘုရားကြွလာတော့ ပွဲကြည့်တဲ့ ပရိသတ်က မြတ်စွာဘုရားဆီ ရောက်ကုန်တော့တာပါပဲ။

မဟာကရုဏာရှင်ဖြစ်တဲ့ မြတ်စွာဘုရားက "ဥဂ္ဂသေနတစ်ယောက် သူ့အတတ်ပညာကို အစွမ်းကုန်ပြနေတဲ့အချိန်မှာ ပရိသတ်က ငါ့ဆီရောက်လာရင် နှလုံးမသာမယာဖြစ်တော့မှာပဲ"ဆိုပြီး အတူပါလာတဲ့ အရှင်မောဂ္ဂလာန်

ကို"ချစ်သားမောဂ္ဂလာန် ... ဥဂ္ဂသေနကို သွားပြောချေ၊ ကျွမ်းဘားကို ဆက်ပြပါလို့ မြတ်စွာဘုရားက ပြောခိုင်းလိုက်ပါတယ်လို့"မြတ်စွာဘုရားက အဲဒီလိုပြောခိုင်းလိုက်တော့ အရှင်မောဂ္ဂလာန်ကလည်း ချက်ချင်းသွားပြောပါတယ်။ ဒီတော့ ဥဂ္ဂသေနက ဘယ်လိုတွေးသလဲဆိုတော့ "မြတ်စွာဘုရားက ငါ့ရဲ့ကျွမ်းဘားကို ကြည့်ရှုလိုလို့ပဲ" ဆိုပြီး အစွမ်းကုန် ဆက်ပြပါတယ်။

ဥဂ္ဂသေနကစားပြလို့ ပြီးသွားတဲ့အခါ ဥဂ္ဂသေနက ဝါးလုံးထိပ်ဖျားကပဲ မြတ်စွာဘုရားကို လက်အုပ်ချီ အရိုအသေပြုပါတယ်။

မြတ်စွာဘုရားက အောက်ကပဲ "ချစ်သား ဥဂ္ဂသေန ပညာရှိတဲ့သူဟာ အတိတ် အနာဂတ် ပစ္စုပ္ပန် ခန္ဓာတွေမှာဖြစ်တဲ့ တွယ်တာခြင်းတဏှာကို ပယ်စွန့်ပြီး ပဋိသန္ဓေတည်ခြင်းမှ လွတ်မြောက်ဖို့ သင့်လှပေတယ်"လို့ တရားဟောလိုက်ပါတယ်။ ဝါးလုံးထိပ်ဖျားက တရားနာရင်းပဲ ဥဂ္ဂသေနဟာ ရဟန္တာဖြစ်သွားပါတယ်။ ပွဲကြည့်ပရိသတ်အားလုံးလည်း တရားထူး တရားမြတ်တွေရသွားကြပါတယ်။ လူဝတ်နဲ့ ရဟန္တာဖြစ်သွားတာဆိုတော့ သင်္ကန်းဝတ်ကို ကူးရပါတယ်။ မကူးရင် အဲဒီနေ့မှာပဲ ပရိနိဗ္ဗာန် စံရပါတယ်။ ဒါကြောင့် အောက်ကိုဆင်းလာပြီး မြတ်စွာဘုရားဆီ ရဟန်းပြုပေးဖို့ ခွင့်တောင်းပါတယ်။ မြတ်စွာဘုရားကလည်း ဧဟိဘိက္ခုလို့ခေါ်ပြီး ရဟန်းပြုပေးလိုက်ပါတယ်။

ပြီးတော့ မြတ်စွာဘုရားက သံဝေဂယူဖို့ ဥဂ္ဂသေန ကချေသည်ဖြစ်ရတဲ့အကြောင်းရင်းကို ဆက်ဟောပြပါတယ်။

ကဿပဘုရားရှင်လက်ထက်မှာ ပြည်သူပြည်သားတွေက ရွှေစေတီတစ်ဆူ ဝိုင်းတည်ကြပါတယ်တဲ့။ ပြည်သူပြည်သားတွေက လုပ်အားလာပေးတဲ့အခါ စားစရာ သောက်စရာတွေပါ လှည်းနဲ့တင်ယူလာခဲ့ကြပါတယ်။ ဥဂ္ဂသေနလောင်း ဇနီးမောင်နှံတို့လည်း လှည်းနဲ့လာခဲ့ကြပါတယ်။ လှည်းနဲ့လာရင်း လမ်းမှာ ဆွမ်းခံကြွတဲ့ ရဟန္တာတစ်ပါးကို ဖူးတွေ့လိုက်ရပါတယ်။ ဒါကြောင့် လှည်းကိုရပ်ပြီး ပါလာတဲ့ ဆွမ်းဘောဇဉ်တွေကို လောင်းလှူပါတယ်။ ဆွမ်းလောင်းပြီးတော့ ဇနီးမောင်နှံနှစ်ယောက်လုံးက "ဤကုသိုလ်ကောင်းမှုကြောင့် အရှင်ဘုရားသိတဲ့ တရားထူးကို သိရပါလို၏"လို့ ဆုတောင်းလိုက်ပါတယ်။

ရဟန္တာအရှင်မြတ်ကလည်း ဆုတောင်းတဲ့အတိုင်း ပြည့်မှာဖြစ်လို့

အသိအမှတ်ပြုတဲ့အနေနဲ့ ပြုံးတော်မူလိုက်ပါတယ်။ အဲဒီလို ပြုံးလိုက်တာကို တွေ့လိုက်ရတော့ ဇနီးဖြစ်သူက ဘာပြောသလဲဆိုတော့ "အို ... အရှင်မြတ် ပြုံးတဲ့ အပြုံးက ကချေသည်တစ်ယောက်ရဲ့အပြုံးမျိုးပဲ၊ မဟုတ်မှလွဲရော ကချေသည်တစ်ယောက်ဖြစ်ခဲ့လို့ ထင်တယ်နော်"လို့ ပြောလိုက်ပါတယ်။ ဒီတော့ ယောကျ်ားလုပ်သူကလည်း "အေး ... ဟုတ်လောက်တယ်"လို့ ထောက်ခံချက် ပေးလိုက်ပါသတဲ့။

ဥဂ္ဂသေနတို့ တရားထူးရတာက ရဟန္တာကို စေတနာပါပါ ဆွမ်းလောင်းခဲ့တဲ့ ကုသိုလ်အထောက်အပံ့ကြောင့်ပါတဲ့။ ကချေသည်ဖြစ်ရတာကတော့ ရဟန္တာကို ကချေသည်နဲ့တူတယ်လို့ လျှာရှည်မိလိုက်တဲ့ အကုသိုလ်ကံကြောင့်ပါတဲ့။ တကယ်လို့ ယောကျ်ားလုပ်သူက "အင်း"မလိုက်ခဲ့ရင် မိန်းမပဲ ကချေသည်ဖြစ်ရမှာပါ။ အခုတော့ ယောကျ်ားကပါ "အင်း"လိုက်ခဲ့တဲ့အတွက် နှစ်ယောက်လုံး ကချေသည်ဖြစ်ရတာပါ။

အဲဒီလို အတိတ်ရေစက်ကြောင့်ပဲ သူတို့နှစ်ယောက်ဟာ ဒီဘဝမှာပဲ ပြန်တွေ့ရတာပါတဲ့။ အတိတ်ရေစက်တွေ ပါလာခဲ့ရင်တော့ ဘယ်လို အကြောင်းတွေ ကာဆီးကာဆီး နောက်ဆုံးတော့ တွေ့ဆုံကြရတာပါပဲ။

ဒီနေရာမှာ အဓိကပြောချင်တာက ဒီဇာတ်လမ်း မဟုတ်ပါဘူး။ ကမ္မသတ္တိလေးတွေအကြောင်းပါ။ ဒါပေမယ့် ဒီဇာတ်လမ်းမှာ ကောင်းကံဆိုးကံ နှစ်ခုက ဒွန်တွဲပါနေလို့ သီးခြားရွေးချယ်ပြီး ရေးလိုက်တာပါပဲ။

အဓိကပြောချင်တဲ့ ကမ္မသတ္တိလေးတွေအကြောင်း ပြောရအောင်ပါ။

မကြာသေးခင်ကာလက မန္တလေးက အဖွားတစ်ယောက်က ဘယ်လိုပြောလာသလဲဆိုတော့ "ဗုဒ္ဓဘာသာတွေ ပြောနေတဲ့ ကံ,ကံရဲ့အကျိုးကိုတောင် ယုံရမှာ မချင့်မရဲ ဖြစ်လာတယ်"တဲ့။ အဖွားက ကံ,ကံရဲ့သဘောသတ္တိလေးတွေကို ကောင်းကောင်းသိမှာပါ။ ဒါပေမယ့် သူ့ဝန်းကျင်ကို ကြည့်ပြီး အားမလိုအားမရနဲ့ ပြောလိုက်တာ ထင်ပါတယ်။

ကံပြုတဲ့နေရာမှာ ဘာအရေးကြီးဆုံးလဲဆိုရင် စေတနာပါ။ ဒါကြောင့် မြတ်စွာဘုရားက "စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ၊ ရဟန်းတို့ စေတနာကို ကံလို့ ငါဘုရား ဟောတယ်"လို့ မိန့်ကြားထားတာပါ။ အဲဒီ စေတနာနဲ့ကံ၊ ကံနဲ့စေတနာ ဘာထူးသလဲမေးရင် ပြုလုပ်ဆဲ အမှုတွေဟာ

စေတနာပါ။ ပြီးပြီးသွားတာက ကံပါ။

ဥပမာ – ဝက်တစ်ကောင်ကို သတ်နေတယ်။ သတ်နေဆဲကာလဟာ စေတနာပါ။ သတ်ပြီးလို့ သေသွားတဲ့အခါ၊ သတ်ခြင်းကိစ္စ ပြီးသွားတဲ့အခါဟာ ကံပါ။ ဒီလိုပါပဲ ... ရဟန်းတစ်ပါးကို ဆွမ်းလောင်းနေဆဲဟာ စေတနာပါ၊ ဆွမ်းလောင်းပြီးသွားတဲ့အချိန်ဟာ ကံပါ။ ဒါကို ယောဆရာတော်ဘုရားရဲ့ "ပြုလုပ်ဆဲမှာ စေတနာ၊ ပြီးခါ ကံဟုသိ"ဆိုတဲ့ လင်္ကာလေးနဲ့ ကပ်မှတ်ထားလို့ ရပါတယ်။

ကောင်းမှုပြုလုပ်ဆဲမှာပဲဖြစ်ဖြစ်၊ မကောင်းမှုပြုနေဆဲမှာပဲဖြစ်ဖြစ် စေတနာလေးတွေ ဆင့်ကဲဆင့်ကဲ ဖြစ်နေပါတယ်။ အဲဒီစေတနာလေးတွေက အကြာကြီး တည်မနေပါဘူး။ ဥပါဒ်–ဌီ–ဘင် = ဖြစ် တည် ပျက် ဆိုပြီး ပျက်ပျက်သွားပါတယ်။ စာလိုပြောရင်တော့ ချုပ်ချုပ်သွားတာပါ။ ကောင်းတာပြုနေတဲ့အချိန်မှာ ကောင်းတဲ့စေတနာလေးတွေက ဖြစ် တည် ပျက် ဆိုပြီး ခဏလေးတည်ပြီး ချုပ်ချုပ်သွား၊ မကောင်းတာပြုနေတဲ့အချိန်မှာလည်း မကောင်းတဲ့စေတနာလေးတွေက ဖြစ် တည် ပျက် ဆိုပြီး ခဏလေးတည်ပြီး ချုပ်ချုပ်သွား၊ အဲဒီလိုချုပ်သွားပေမယ့် ဘာလေးတွေ ကျန်ခဲ့သလဲဆိုတော့ ကမ္မသတ္တိလေးတွေပါ။

စေတနာလေးတွေ ချုပ်ချုပ်သွားလိုက်၊ ကမ္မသတ္တိလေးတွေ ကျန်ခဲ့လိုက်၊ ကြာလာတော့ ကမ္မသတ္တိလေးတွေက များလာပါတယ်။ ကမ္မသတ္တိလေးတွေဟာ ကောင်းတာပြုခဲ့ရင် ကောင်းတဲ့ကမ္မသတ္တိလေးတွေ၊ မကောင်းတာ ပြုခဲ့ရင် မကောင်းတဲ့ကမ္မသတ္တိလေးတွေ ကျန်နေခဲ့ပါတယ်။ လူတစ်ယောက်ကို အကျိုးပေးတယ်ဆိုတာလည်း အဲဒီကမ္မသတ္တိလေးတွေက အကျိုးပေးတာပါ။

အဲဒီကမ္မသတ္တိလေးတွေက ချက်ချင်းထ အကျိုးပေးသလားဆိုတော့ ချက်ချင်းတော့ ထအကျိုးမပေးသေးပါဘူး။ အကြောင်းတိုက်ဆိုင်တဲ့အခါမှသာ ထအကျိုးပေးတာပါ။

ဒါကို စာမှာ ဘယ်လိုဥပမာပေးထားသလဲဆိုတော့ သရက်သီးမှည့်ကို စားပြီးသွားတဲ့အခါ သရက်စေ့လေး ကျန်ခဲ့ပါတယ်။ အဲဒီသရက်စေ့မှာ အပင်ပေါက်နိုင်တဲ့ ဗီဇသတ္တိလေး ရှိနေပါတယ်။ အပင်ပေါက်နိုင်တဲ့

ဗီဇသတ္တိလေးရှိနေတဲ့ သရက်စေ့ဟာ မြေကြီးနဲ့လည်း ထိတွေ့ခွင့် ရမယ်၊ မိုးဥတုနဲ့လည်း ထိတွေ့ခွင့်ရမယ်ဆိုရင် သရက်ပင်လေး ထပေါက်လာပါတယ်။ အဓိကကတော့ မြေကြီးရယ်၊ မိုးဥတုရယ်နဲ့ ကြုံကြိုက်ဖို့ပါပဲ။ အဲဒီအင်္ဂါနှစ်ချက်နဲ့ မညီသေးရင် သရက်စေ့လေးဟာ အပင်ပေါက်နိုင်တဲ့သတ္တိလေး ရှိနေပေမယ့် မပေါက်နိုင်သေးပါဘူး။

အဲဒီ သရက်သီးမှည့်နဲ့ သရက်စေ့လေးရဲ့ ဥပမာ အတိုင်းပါပဲတဲ့။ သရက်သီးမှည့်ကို စားနေဆဲ စားနေတဲ့ အချိန်ဟာ စေတနာပါတဲ့၊ စားပြီး အပင်ပေါက်နိုင်တဲ့ သရက်စေ့ ကျန်ခဲ့တာဟာ ကမ္မသတ္တိပါတဲ့။

သရက်စေ့ဟာ ချက်ချင်းထပြီး အပင်မပေါက်နိုင်သေးဘဲ မြေကြီး မိုးဥတုနဲ့ ထိတွေ့ခွင့်ရမှ အပင်ပေါက်နိုင်သလို လူတစ်ယောက်ရဲ့ကမ္မသတ္တိဟာလည်း ချက်ချင်းအကျိုးမပေးနိုင်သေးပါဘူး။

ကောင်းတဲ့ကမ္မသတ္တိတွေက ယောနိသောမန သိကာရ ဆိုတဲ့ ကုသိုလ်ဖြစ်အောင် နှလုံးသွင်းတဲ့အခါ၊ ကလျာဏမိတ္တဆိုတဲ့ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ ဆရာကောင်း စတဲ့ မိတ်ဆွေကောင်းနဲ့တွေ့ဆုံတဲ့အခါမှ ထအကျိုးပေးတာပါ။ ဒီလိုပါပဲ ... မကောင်းတဲ့ ကမ္မသတ္တိလေးတွေကလည်း အယောနိသောမနသိကာရ အကုသိုလ်ဖြစ်အောင် နှလုံးသွင်းတဲ့အခါ ပါပမိတ္တ မိတ်ဆွေဆိုး မိတ်ဆွေယုတ်နဲ့ တွေ့ဆုံတဲ့အခါကျမှ ထအကျိုးပေးမှာပါ။

အဲဒီတော့ ကိုယ့်သန္တာန်မှာရှိနေတဲ့ ကမ္မသတ္တိတွေဟာ ချက်ချင်းတော့ ထအကျိုးမပေးသေးပါဘူး။ ခြောက်လကြာမှ အကျိုးပေးချင်ပေးမယ်။ တစ်နှစ်ကြာမှလည်း အကျိုးပေးချင်ပေးမယ်။ ဆယ်နှစ်ကြာမှလည်း အကျိုးပေးချင်ပေးမယ်။ နောက်ဘဝကျမှလည်း အကျိုးပေးချင်ပေးမယ်။ နောက်ဆုံး ဘဝတစ်ရာမြောက်ကျမှပဲ အကျိုးပေးချင်ပေးမယ်။ နှစ်ဘဝမြောက်၊ သုံးဘဝမြောက်၊ ဆယ်ဘဝမြောက်ကျမှလည်း အကျိုးပေးချင်ပေးမယ်။ ပေးမှာတော့ ကေန်မုချပါ။

အဲဒီတော့ မန္တလေးကအဖွားကို ဘယ်လိုပြန်ပြောရမလဲဆိုတော့ "မကြာမီ လာမည် မျှော်"လို့ပဲ ပြောရတော့ မှာပါပဲ။

အထက်က ပြခဲ့တဲ့ ဥဂ္ဂသေနတို့ဝတ္ထုကိုပဲ ပြန်အာရုံပြုကြည့်လိုက်ပါ။

ကဿပဘုရားရှင်လက်ထက်မှာ ရဟန္တာတစ်ပါးကို စေတနာ ထက်ထက်သန်သန်နဲ့ လောင်းလှူခဲ့တဲ့အတွက် စေတနာလေးတွေ ချုပ်သွားပေမယ့် ကောင်းတဲ့ကမ္မသတ္တိလေးတွေ ကျန်နေခဲ့ပါတယ်။ နောက် ရဟန္တာအရှင်မြတ်ကို ကချေသည်နဲ့တူတယ်လို့ စေတနာပါပါနဲ့ ပြောခဲ့တဲ့အတွက် စေတနာလေးတွေချုပ်သွားပေမယ့် မကောင်းတဲ့ကမ္မသတ္တိလေးတွေ ကျန်နေခဲ့ပါတယ်။ ကဿပဘုရားရှင်လက်ထက်တော်မှာ ရခဲ့တဲ့ ကမ္မသတ္တိလေးတွေက ဂေါတမဘုရားလက်ထက်တော်ရောက်မှ ပြိုင်တူ လာအကျိုးပေးပါတယ်။

ကောင်းတဲ့ကမ္မသတ္တိပဲဖြစ်ဖြစ်၊ မကောင်းတဲ့ ကမ္မသတ္တိပဲဖြစ်ဖြစ် ကိုယ့်သန္တာန်မှာ ကမ္မသတ္တိမြောက်သွားပြီဆိုရင်တော့ ဘဝတစ်ခုမှာ ဧကန်မုချ အကျိုးပေးတော့မှာပါ။ အကျိုးပေး နီးတာနဲ့ ဝေးတာပဲ ကွာမှာပါ။

ကောင်းတာပြုပြီး အကျိုးမပေးသေးလို့ ဘာမှ စိတ်အားလျှော့စရာ မလိုသလို၊ မကောင်းတာပြုပြီး အကျိုးမပေးသေးဘူးဆိုပြီး ကံကိုအထင်သေးနေလို့လည်း မရပါဘူး။

ကံဆိုတာ ပြုပြီးသွားရင် ကမ္မသတ္တိမြောက်သွားတာဆိုတော့ ကောင်းတဲ့ကံအတွက် ပြဿနာမရှိပေမယ့် မကောင်းတဲ့ကံအတွက်ကျတော့ မပြုခင် သေချာစဉ်းစားဖို့လိုပါတယ်။ ဘဝတွေက ကျင်လည်ရဦးမှာပါ။ တစ်ဘဝထဲနဲ့ မပြီးသေးပါဘူး။ တစ်ဘဝထဲနဲ့ ပြီးပြတ်အောင်လုပ်နိုင်ရင်တော့ တစ်မျိုးပေါ့လေ။

ဘာပဲလုပ်လုပ် ကံဆိုတာ လုပ်ပြီးရင် ကမ္မသတ္တိကတော့ မြောက်သွားတာပါပဲ။ မလုပ်ခင် သေချာစဉ်းစားဖို့ပဲ လိုတာပါပဲလေ။

**ကျမ်းကိုး–**

၁။ ဓမ္မပဒ အဋ္ဌကထာ (ဒု)တွဲ ဥဂ္ဂသေနဝတ္ထု။
၂။ မင်းကွန်းဆရာတော်ဘုရားကြီး၏ ဓမ္မဒေသနာပေါင်းချုပ် အတွဲ (၁)

ကလျာမဂ္ဂဇင်း
ဖေဖော်ဝါရီ၊ ၂၀၀၅။

# တို့တစ်တွေ ပြန်ဆုံကြတဲ့အခါ



## တို့တစ်တွေ ပြန်ဆုံကြတဲ့အခါ

သီဟိုဠ်ကျွန်းမှာ တကယ်ဖြစ်ခဲ့ဖူးတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ကို အရင်ပြောပြရအောင်ပါ။

တစ်ခါတုန်းက သီဟိုဠ်ကျွန်းအနုရာဓမြို့နဲ့မနီးမဝေး မဟေလမြို့လေးမှာ ဣသရမဟာတိဿဆိုတဲ့သူဌေးတစ်ယောက် ရှိခဲ့ဖူးပါတယ်။

သူဌေးက အလှူအတန်းဝါသနာပါသလို သူဌေးကတော်ကလည်း အလှူအတန်းဝါသနာပါပါတယ်။

တစ်နေ့တော့ ဣသရမဟာတိဿရဲ့အိမ်မှာ လယ်ထွန်ခြင်း၊ ပျိုးကျဲခြင်းမင်္ဂလာကို ပြုပါတယ်။

ယောကျ်ားဖြစ်သူက လယ်ကွင်းထဲမှာဦးဆောင်ပြီး ဆောင်ရွက်နေသလို ဇနီးလုပ်သူကလည်း လယ်ထွန်ပျိုးကျဲသူတွေ စားဖို့သောက်ဖို့ အိမ်မှာ ချက်ပြုတ်နေပါတယ်။

ဣသရမဟာတိဿကို အမြဲတမ်းမနာလိုဝန်တိုစိတ်ဖြစ်နေတဲ့ လူတစ်ယောက်ကလည်း မြို့ထဲမှာရှိနေပြန်ပါတယ်။ ဝန်တိုသူက ဝန်တိုလို့

သာ ဝန်တိုနေတာ၊ ဣဿရမဟာတိဿဆီက ငွေချေးထားတာတွေ ပြန်တောင် မဆပ်ရသေးပါဘူး။

မင်္ဂလာအခမ်းအနား ကျင်းပနေတယ်ကြားတော့ သူ့စိတ်ထဲမှာပိုပြီး မနာလိုဝန်တိုဖြစ်သွားပါတယ်။ ဒါကြောင့် ဒုက္ခပေးချင်စိတ် ပေါက်သွားပါ တယ်။ အဲဒီအမျိုးသားက "ဒါလောက်မှဖြစ်နေတာ တွေ့ကြသေးတာပေါ့၊ ပညာပေးလိုက်ဦးမှပဲ"ဆိုပြီး ဘုန်းကြီးကျောင်းတစ်ကျောင်းကို ထွက်ခဲ့ပါတယ်။

ကျောင်းတိုက်ထဲရောက်တော့ ဆရာတော်နဲ့ အခန့်သင့်တွေ့ရပါ တယ်။ ဆရာတော်ကို ဦးချပြီးတော့

"ဆရာတော်ဘုရား မနက်ဖြန် သံဃာငါးရာ ဣဿရမဟာတိဿ အိမ်ကို ဆွမ်းစားကြွတော်မူပါဘုရား"လို့ လျှောက်လိုက်ပါတယ်။

ကျောင်းထိုင်ဆရာတော်ကလည်း "အေး . . ကောင်းပြီ"ဆိုပြီး ပင့်လာတဲ့ဆွမ်းစားကို လက်ခံထားလိုက်ပါတယ်။

နောက်တစ်နေ့ရောက်တော့ ဣဿရမဟာတိဿက လယ်ကွင်း ထဲကို စီမံကွပ်ကဲဖို့သွားပြီး ဇနီးဖြစ်သူကတော့ အလုပ်သမားတွေစားဖို့ သောက်ဖို့ စီမံရမှာမို့ အိမ်မှာကျန်ခဲ့ပါတယ်။

အဲဒီအချိန်မှာပဲ အိမ်ရှေ့ကို သံဃာငါးရာကြွလာပါတော့တယ်။ ပင့်ဖိတ်မထားဘဲနဲ့ သံဃာတော်တွေ ကြွလာတာမြင်လိုက်ရတော့ ပထမတော့ သူဌေးကတော်က အံ့ဩသွားပါသေးတယ်။ ဒါပေမယ့် ချက်ချင်းပဲ သံဃာ တော်တွေကို အိမ်ထဲကို ပင့်လိုက်ပါတယ်။

လက်ထဲကသပိတ်တွေကိုလည်း ကိုယ်စီလှမ်းယူလိုက်ကြပါတယ်။ ကြွလာတဲ့ခေါင်းဆောင်အရှင်တိဿဒတ္တမထေရ်က အိမ်မှာ သံဃာတော်တွေ ထိုင်ဖို့ အရံသင့်ခင်းထားတာမတွေ့ရတော့ သံသယဖြစ်ပုံရပါတယ်။ ဒါကြောင့် ဒကာမလုပ်သူကို မေးကြည့်ပါတယ်။

"ဒကာမ . . ဒီနေ့ သင်တို့အိမ်မှာ အုတ်အုတ်ကျက်ကျက်နဲ့ တခြားမှာ ကြောင့်ကြစိုက်စရာများရှိနေသလား"

"မှန်ပါဘုရား တပည့်တော်တို့အိမ်မှာ လယ်ထွန်မင်္ဂလာပြုလုပ်နေပါ

တယ်ဘုရား၊ ဒါပေမယ့် ဆရာတော်ဘုရား မပူပါနဲ့ဘုရား၊ လယ်ထွန်မှုကိစ္စကို ဒကာယောကျ်ားက ဆောင်ရွက်နေပါတယ်ဘုရား၊ ဆွမ်းကပ်ဖို့ကိစ္စက တပည့်တော်မတာဝန်ပါဘုရား"

ဒကာမဖြစ်သူက ဆရာတော်ကိုလျှောက်ပြီး ဆွမ်းကိစ္စကို အမြန်စီမံရပါတော့တယ်။ စီမံဆဲမှာပဲ ဒကာလုပ်သူက လယ်ထဲက ပြန်ရောက်လာပါတယ်။ လွဲချော်မှုတွေဖြစ်နေတာဆိုတော့ ဆရာတော်ကပဲ ဒကာကို အရင်ဦးစွာ မိန့်ပြပါတယ်။

"ဒကာရယ် သင်တို့အိမ်မှာ လယ်ထွန်မင်္ဂလာလုပ်နေကြတာ ငါတို့ သိခဲ့ရင် မကြွပါဘူး၊ ဒကာသူငယ်တစ်ယောက်က လာပင့်လို့ကြွရတာပါ"

"ဆရာတော်ဘုရား အဲဒီအတွက်ဘာမှမပူပါနဲ့ဘုရား၊ ဆရာတော်ဘုရားကို လာလျှောက်တဲ့ဒကာဟာ ဘုရားတပည့်တော်ဆီက ငွေချေးထားတဲ့သူပါဘုရား၊ တကယ်တော့ ဝန်တိုစိတ်နဲ့ တပည့်တော်ရဲ့လယ်ထွန်မင်္ဂလာကို အန္တရာယ်ဖြစ်အောင် လုပ်တာပါဘုရား၊ ဒါပေမယ့် သူဖိတ်ပေးလို့ ဆရာတော်ဘုရားတို့ကို ဆွမ်းကပ်ခွင့်ရတာပါဘုရား၊ တပည့်တော်တို့အတွက် သူဟာ ကျေးဇူးကြီးလှပါတယ်ဘုရား၊ ဒီနေ့ကစပြီး သူ့ကိုမိတ်ဆွေသူငယ်ချင်းအဖြစ် သတ်မှတ်လိုက်ပါမယ်ဘုရား"

ဒကာဖြစ်သူက ဆရာတော်ကိုလျှောက်ပြီး ဆွမ်းကပ်ပါတယ်။ ဆွမ်းစားပြီးလို့ကျောင်းပြန်အကြွမှာလည်း သင်္ကန်းတွေကိုပါ ပေးလှူလိုက်ပါတယ်။

နောက်ထူးခြားတဲ့အပြုအမူတစ်ခုကတော့ ဆရာတော်တွေကို သွားပင့်တဲ့ ရန်ဘက် ဝန်တိုနေတဲ့သူကို ကြွေးအားလုံးကို လျှော်ပစ်လိုက်တော့တာပါပဲ။

ပြောလက်စနဲ့ သီဟိုဠ်ဝတ္ထုလေးတစ်ပုဒ်ကိုလည်း ထပ်ပြောလိုက်ပါရစေဦး၊ ရသဝါဟိနီကျမ်းကပါ။

တစ်ခါတုန်းက ဥတ္တရာပထတိုင်းသားတစ်ယောက်ဟာ ခရီးတစ်ခု ထွက်ခဲ့ပါတယ်။ ခရီးသွားနေတုန်းမှာ နေကသိပ်ပူတော့ ရေကလည်း ဆာလာပါတယ်။ ဒါကြောင့် နီးရာသစ်ပင်ရိပ်အောက်ကို ဝင်နားလိုက်ပါတယ်။ သစ်ပင်အောက်မှာ သူ့လိုပဲ သာဝတ္ထိပြည်သား လူစိမ်းတစ်ယောက်ကလည်း

ကွမ်းဝါးရင်းနေပူခိုနေပါတယ်။ ဒီတော့ ဥတ္တရာပထတိုင်းသားက ကြိုရောက်နေတဲ့လူစိမ်းကို ရေတောင်းလိုက်ပါတယ်။

"မိတ်ဆွေရယ် ရေလေးဘာလေးမပါဘူးလား၊ ပါရင် နည်းနည်းလောက်ပေးစမ်းပါ၊ ရေသိပ်ဆာနေလို့ပါ"

"မပါဘူး"

"ဒါဖြစ်ရင်လည်း မိတ်ဆွေရယ်၊ ရေဆာလွန်းလို့ ကွမ်းလေးတစ်ယာလောက်ပေးပါ"

"အိုး . . ဒီအတိုင်းတော့ ဘယ်ရမလဲ၊ လေးအသပြာပေးရမယ်"

"ရပါတယ်၊ လေးအသပြာပေးပါ့မယ်"

ပြောပြီး လေးအသပြာကို ထုတ်ပေးလိုက်ပါတယ်။ ဒီတော့ ဥတ္တရာပထတိုင်းသားက ရေဆာပြေအဖြစ် ကွမ်းကို ဝါးပါတော့တယ်။

တကယ်တော့ ကွမ်းတစ်ယာဟာ လေးအသပြာမတန်ပါဘူး၊ လိုနေမှန်းသိလို့ ပုံမှန်ဈေးထက်အဆများစွာတင်ရောင်းလိုက်တာပါ။

အမောပြေတော့ ကိုယ့်ခရီးကိုယ် ဆက်ခဲ့ကြပါတယ်။ ဒီလိုနဲ့ နှစ်ကာလတွေ ကြာသွားရောပဲဆိုပါတော့။

တစ်နေ့သောအခါမှာတော့ ပင်လယ်ပြင်မှာခရီးထွက်ရင်း သူတို့နှစ်ဦးဟာ သင်္ဘောတစ်စီးမှာ ပြန်ဆုံကြပြန်ပါတယ်။

တစ်နေ့ရာအရောက်မှာတော့ စီးလာတဲ့သင်္ဘောက မှောက်သွားပါလေရော။ ခရီးသည်တွေဟာ ပင်လယ်ထဲမှာ ယက်ကန်ယက်ကန်နဲ့ ကူးနေကြပါတယ်။ ဥတ္တရာပထတိုင်းသားကတော့ ကံကောင်းစွာ ပျဉ်ချပ် တစ်ခုကိုရလိုက်ပါတယ်။

ရလာတဲ့ပျဉ်ချပ်နဲ့ကူးရင်း သူနဲ့ခပ်လှမ်းလှမ်းမှာ ယက်ကန်ယက်ကန်နဲ့ ရေထဲနစ်လုနစ်ခင်ဖြစ်နေတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရပါတယ်။ သေချာကြည့်လိုက်တော့ တစ်ချိန်က သူ့ကို ကွမ်းတစ်ယာကို လေးအသပြာနဲ့ရောင်းခဲ့တဲ့သူပါ။

ဒီတော့ ဥတ္တရာပထတိုင်းသားက

" ဒီမိတ်ဆွေဟာ ငါရေတတ်နေတုန်းက ကွမ်းတစ်ယာရောင်းဖူးတယ်။ ကျေးဇူးရှိခဲ့ဖူးတဲ့ မိတ်ဆွေပဲ" ဆိုပြီး သူ့ရဲ့ပျဉ်ချပ်ကို ထိုးပေးလိုက်ပါတော့တယ်။

***

ဒီသီဟိုဠ်ဝတ္ထုလေးနှစ်ပုဒ်ကို ပြန်ပြန်ဖတ်ဖြစ်တိုင်း ရင်ထဲမှာ အအေးဓာတ်တစ်ခုခုကို ရလိုက်သလို ခံစားရပါတယ်။ သူတို့ရဲ့အေးမြတဲ့ အအေးဓာတ်က စာဖတ်သူကိုလာကူးဆက်တဲ့သဘောပါ။ သီဟိုဠ်ခေတ်က ပုံရိပ်ကလေးနှစ်ခုက ရာစုများစွာကြာခဲ့ပါပြီ။ ရာစုတွေ ဘယ်လောက်ပဲကြာခဲ့ကြာခဲ့ ဖတ်ရသူတိုင်းက ရင်ထဲကိုအေးမြနေရတုန်းပါ။

ကိုယ့်ရဲ့အလှူမင်္ဂလာကို လာအန္တရာယ်ပြုတဲ့သူကို ယူထားတဲ့ကြေးလျှော်ပစ်လိုက်တာ၊ ကိုယ့်ကို ဈေးမတန်တဆ တင်ရောင်းခဲ့တဲ့သူကို ပျဉ်ချပ်ထိုးပေးလိုက်တာ။

စာကတစ်ဆင့်ဖတ်ပြီး သိရတာတောင် ရင်ထဲအေးမြနေတာ၊ ကာယကံရှင်တွေဆိုရင် ဘယ်လောက်အေးမြနေမလဲဆိုတာ မပြောတတ်အောင်ပါပဲ။

တကယ်လို့သာ သူတို့ဟာ ဆန့်ကျင်ဘက်တစ်ခုခုကိုသာပြုမူခဲ့ရင် ကာယကံရှင်တွေအဖို့ကော ဖတ်ရသူတွေအဖို့ကော ပူလောင်မှုတစ်ခုခုကို ခံစားရင်း သက်ပြင်းရှည်တစ်ခုကိုချကြရမှာပါ။

တကယ်တော့ အေးမြခြင်း ပူလောင်ခြင်းရဲ့အကြောင်းလေးတွေကို ပထမအဆင့်အနေနဲ့ ကိုယ်က သိထားလိုက်ဖို့ပါ။ ကျင့်တာမကျင့်တာက ဒုတိယကိစ္စပါ။

ဒေါသဖြစ်ရင် ဖြစ်တဲ့သူကိုယ်တိုင်က အရင်ပူလောင်ရတာပါ။ ရပ်ကွက်ထဲမှာ ကလေးတွေ အပြောင်အပျက် ပြောပြောနေကြတဲ့စကား ရှိပါတယ်။ ဘာလဲဆိုတော့ "မီး . . မီး ဘယ်ကစလောင်၊ လောင်တဲ့နေရာက

စလောင်"တဲ့။

အပြောင်အပျက် ရယ်စရာအဖြစ်ပြောကြပေမယ့် တကယ်သေချာစဉ်းစားကြည့်ရင် ဒေါသမီးလောင်ပြီဆိုရင် ဒေါသစဖြစ်တဲ့သူကိုယ်တိုင်က အရင်စအလောင်ခံရတာပါ၊ လောင်တဲ့နေရာမှာလည်း ရုပ်ကော နာမ်ကော လောင်တာပါ။ရုပ်ကောနာမ်ကော အလောင်ခံနေရတဲ့လူရဲ့မျက်နှာဟာ ဘယ်လိုပုံစံပေါက်နေမယ်ဆိုတာ မှန်းဆသာကြည့်ပါတော့။

အကုသိုလ်မီးတွေဟာ တစ်မီးနဲ့တစ်မီး မတူပါဘူး။ ဒေါသမီးကျတော့ "ဝုန်းခနဲ ဝုန်းခနဲ"ထလောင်တာပါ။ ဣဿာမစ္ဆရိယမီးကျတော့ တမြည့်မြည့်နဲ့ ဖွဲမီးလို လောင်နေတာပါ။ တဏှာရာဂမီးကျတော့လည်း တစ်မျိုးပါ။ အကုသိုလ်မီး အလောင်ခံရပြီဆိုရင် အမှားလား၊ အမှန်လားဆိုတာ လုံးဝကိုမသိတော့ပါဘူး။ မသိတော့ အမှားတွေကိုပဲ ဆင့်ကာဆင့်ကာ ကျူးလွန်တော့တာပါပဲ။ ဒီတော့ မီးက တစ်ခါထပ်လောင်နဲ့ တော်တော်နဲ့ မငြိမ်းနိုင်တော့ပါဘူး။

ရုပ်ကွက်ထဲမှာ တကယ့်ပကတိ မီးလောင်ပြီဆိုရင် အင်အားမျိုးစုံသုံးပြီး ငြိမ်းရပါတယ်။ ဒီလိုပါပဲ ကိုယ့်သန္တာန်မှာ အကုသိုလ်မီးတစ်ခုခု လောင်ပြီဆိုရင်လည်း သတိနဲ့ ပြန်ငြိမ်းရပါတယ်။ တိတိကျကျကောက်ပြရရင်တော့ ဝိပဿနာသတိနဲ့ ပြန်ငြိမ်းရပါတယ်။ မငြိမ်းဘဲလွှတ်ထားရင် သံသရာအထိပါ စိုးရိမ်ရပါတယ်။ ပကတိမီးကတော့ ပစ္စုပ္ပန်ဘဝလောက်ပဲ ဆိုးကျိုးဖြစ်မှာပါ။ ရင်ထဲမှာလောင်တဲ့မီးကတော့ ပစ္စုပ္ပန်ဘဝတင်မကဘဲ တမလွန်အထိဆက်ပြီး ဆိုးကျိုးတွေပေးတတ်ပါတယ်။ တချို့အကုသိုလ်မီးတွေဆို နောက်တစ်ဘဝသာမကဘဲ သံသရာအဆက်ဆက်အထိတောင် ဆိုးကျိုးတွေ လိုက်လိုက်ပေးလေ့ရှိပါတယ်။ ပကတိမီးကမှ ဉာဏ် ဝီရိယတွေသုံးပြီး ပြန်ရှာရင် မူလအတိုင်းပြန်ရနိုင်ပါသေးတယ်။ အကုသိုလ်မီးကတော့ ဘဝအဆက်ဆက် အရှုံးတွေပဲ ပြနေတော့မှာပါ။

ဒီတော့ ကိုယ့်သန္တာန်မှာ ဒေါသ ဣဿာမစ္ဆရိယ စတဲ့ မီးတစ်မီးမီး လောင်ပြီဆိုရင် "ဩော်...ငါ့သန္တာန်မှာ မီးလောင်နေပါလား"ဆိုတာ ပထမဆုံး

သိလိုက်ဖို့ပါပဲ။ နောက် ကိုယ့်သန္တာန်မှာလောင်နေတဲ့မီးကို သတိလေးနဲ့ ဆက်ဆက်ပြီးသိနေလိုက်မယ်ဆိုရင် ငြိမ်းသွားတာများပါတယ်။နှေးတာနဲ့ မြန်တာပဲ ကွာပါလိမ့်မယ်။

တချို့ကျတော့ အာရုံဆိုးတစ်ခုခုနဲ့ တွေ့လိုက်ပေမယ့် အလိုလို သည်းခံပြီးသားဖြစ်နေတတ်ပါတယ်။ ဒါက တစ်ယောက်ပါ။

တချို့ကျတော့ အာရုံဆိုးတစ်ခုခုကို တွေ့လိုက်တာနဲ့ ဖျတ်ခနဲ ဒေါသတော့ ဖြစ်လိုက်ပါတယ်။ ဒါပေမယ့် တစ်ခဏအတွင်းမှာပဲ သတိရပြီး ကိုယ့်ဒေါသကိုယ်ပြန်ထိန်းတတ်ပါတယ်။ ဒါက တစ်ယောက်ပါ။

တချို့ကျတော့ အာရုံဆိုးကြောင့် ဒေါသဖြစ်လိုက်တာ အဲဒီဒေါသ ဟာ အရှိန်မသေတော့ဘဲ တမြည့်မြည့်နဲ့ တော်တော်ကြာကြာအထိ ဖြစ်နေ တတ်ပါတယ်။ ဒါက တစ်ယောက်ပါ။

တကယ်လို့ ကိုယ်က ပထမအမျိုးအစားထဲမှာ မပါနိုင်သေးရင် တောင် ဒုတိယအမျိုးအစားလောက်ကိုတော့ ပါအောင် ကြိုးစားရပါမယ်။

ဒုတိယလူဖြစ်ဖို့ အဓိကအကြောင်းကတော့ ကိုယ်ဖြစ်နေတဲ့ဒေါသကို အပြစ်တစ်ခုအနေနဲ့တကယ်မြင်သွားအောင် ဆင်ခြင်လိုက်နိုင်ဖို့ပါပဲ။ အပြစ် တစ်ခုအနေနဲ့ တကယ်မြင်သွားရင် ပျောက်သွားတာများပါတယ်။ ဘာဖြစ်လို့ လဲဆိုတော့ အကောင်းအဆိုးမသိရလောက်အောင် ဘယ်သူမှမညံ့ကြပါဘူး။

တချို့ပုဂ္ဂိုလ်တွေများ အာရုံဆိုးတစ်ခု ဖျတ်ခနဲဝင်လာတာနဲ့ ဖျတ်ခနဲ အလိုလို သည်းခံပြီးသား ဖြစ်နေတတ်ပါတယ်။ အထူးကြောင့်ကြစိုက်စရာ မလိုဘဲနဲ့ကို သည်းခံပြီးသားဖြစ်နေတာပါ။ အတိတ်အတိတ်ဘဝတွေက ပါရမီပါခဲ့တာလည်း ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် အကျင့်နဲ့လည်းဆိုင်ချင် ဆိုင်မယ်ထင်ပါတယ်။ ဘယ်အာရုံနဲ့ပဲတွေ့တွေ့ သည်းခံခွင့်လွှတ်ပြီးသား ဖြစ်နေအောင် အကျင့်တစ်ခုလိုကျင့်ယူထားလိုက်မယ်ဆိုရင်လည်း ဘယ်အာရုံ နဲ့ပဲတွေ့တွေ့ ကိုယ်ကသည်းခံခွင့်လွှတ်ပြီးသား ဖြစ်နေပါလိမ့်မယ်။

ညောင်တုန်းရွှေဟင်္သာစံကျောင်း ဆရာတော်ဘုရားက ရေစက်ချတဲ့ အခါတိုင်း"ဘယ်လိုအာရုံမျိုးနဲ့ပဲတွေ့တွေ့ ကုသိုလ်ဖြစ်အောင် နှလုံးသွင်း

တတ်တဲ့ ပုဂ္ဂိုလ်ဖြစ်ရပါလို၏ ”လို့ ရေစက်ချပေးလေ့ရှိပါတယ်တဲ့။

ကိုယ်သဘောမတွေ့တဲ့အာရုံတွေ့တိုင်း ဒေါသဖြစ်နေရမယ်ဆိုရင် ဒေါသဖြစ်လို့ကိုဆုံးတော့မှာမဟုတ်ပါဘူး။ စကားကို ဟိုပြောဒီပြော ပြောတတ်တဲ့သူနဲ့ တွေ့ရရင်လည်း “သြော် . . သူကစကားကို ဟိုပြောဒီပြော ပြောတတ်တဲ့စရိုက်ရှိတဲ့သူပဲလေ ”ဆိုပြီး သည်းခံခွင့်လွှတ်ရပါတယ်။

နာမည်ယူတတ်တဲ့သူကိုတွေ့ရရင်လည်း “သြော် . . သူက နာမည်ယူတတ်တဲ့စရိုက်ရှိတဲ့သူပဲလေ ”ဆိုပြီး သည်းခံခွင့်လွှတ်ရပါတယ်။

စပ်စုတတ်တဲ့သူတွေ့ရရင်လည်း “သြော် . . သူကစပ်စုတတ်တဲ့စရိုက်ရှိတဲ့သူပဲလေ ”ဆိုပြီး သည်းခံခွင့်လွှတ်ရပါတယ်။

မနာလိုဝန်တိုတတ်တဲ့သူကိုတွေ့ရရင်လည်း “သြော် . . သူကမနာလိုဝန်တိုတတ်တဲ့စရိုက်ရှိတဲ့သူပဲလေ ”ဆိုပြီး သည်းခံခွင့်လွှတ်ရပါတယ်။ ဒီလိုပါပဲ။ လူတွေရဲ့ဖြစ်တတ်တဲ့စရိုက်ကို အာရုံပြုပြီး “စရိုက်ဆိုတာ ပယ်ရခက်တယ်လေ ”ဆိုပြီး သည်းခံခွင့်လွှတ်ရပါတယ်။

သီလသမာဓိပညာနံ၊ ခန္တိပဓာန ကာရဏာ။
သဗ္ဗေပိ ကုသလာဓမ္မာ၊ ခန္တျာယတ္တာဝ ဝမုရေ။

ဂါထာလေးက ဘာပြောတာလဲဆိုတော့ သီလတွေဆောက်တည်တော့မယ်၊သမထ ဝိပဿနာတွေပွားများတော့မယ်ဆိုရင် ခန္တီဆိုတဲ့ သည်းခံခြင်းဟာ အဓိကပဓာနကျသလို အားကြီးတဲ့ကုသိုလ်တွေလုပ်တဲ့အခါမှာလည်း ခန္တီပါမှပဲ ကြီးပွားတိုးတက်အောင်မြင်နိုင်ပါတယ်တဲ့။

ဒီတော့ အားကြီးတဲ့ဘာသာရေးပရဟိတတွေ၊ အားကြီးတဲ့လူမှုရေးပရဟိတတွေလုပ်တဲ့အခါ၊ ဒါမှမဟုတ် လုပ်တော့မယ်ဆိုရင် ခန္တီမပါဘဲနဲ့ လုပ်လို့ကို မရပါဘူး။

ခန္တီမပါဘဲနဲ့ လုပ်တဲ့အဖွဲ့အစည်းတွေဟာ မကြာခင် ကွဲသွားတတ်လေ့ ရှိပါတယ်။

ကိုယ်လုပ်နေသမျှ ကာလတစ်လျှောက်မှာ ကိုယ်သဘောမတွေ့တဲ့ အာရုံတွေကတော့ တစ်ခုမဟုတ်တစ်ခုတွေ့ နေရမှာပါ။

ကိုယ်သဘောမတွေ့တဲ့အာရုံတစ်ခုနဲ့တွေ့တိုင်း ခန္တီကိုလက်ကိုင်ထားပြီး ရှေ့ကိုဆက်ရမှာပါ။

သည်းခံဖူးမှ သည်းခံခြင်းရဲ့အရသာကို သိတာပါ။ ခွင့်လွှတ်ဖူးမှ ခွင့်လွှတ်ခြင်းရဲ့အရသာကို သိတာပါ။

ကိုယ်က အဲဒီအရသာကိုသိချင်ရင် သည်းခံခြင်းနဲ့ခွင့်လွှတ်ခြင်းကို တစ်တို့နှစ်တို့လောက်တော့ မြည်းကြည့်ရမှာပါ။

အရသာကို ကောင်းကောင်းသိသွားပြီဆိုရင် ခွင့်မလွှတ်ရရင် မနေနိုင်လောက်အောင်ကို ဖြစ်သွားပါလိမ့်မယ်။

ကြုံလို့ပြောရရင် ပရဟိတဟာ အစားထိုးပရဟိတနဲ့ ပရဟိတစစ်စစ်ဆိုပြီး နှစ်မျိုးရှိပါတယ်။

လုပ်သက်စေ့သွားလို့ ပင်စင်ယူတဲ့အခါ လူဟာအလုပ်မရှိတော့ အထီးကျန်နေတတ်ပါတယ်။ အဲဒီ အထီးကျန်မှုကို ကုစားဖို့အတွက် ပရဟိတအဖွဲ့အစည်းတွေမှာ ဝင်လုပ်လေ့ရှိပါတယ်။ ဒါဟာ အစားထိုးပရဟိတပါ။

ဒါက ယေဘုယျအသက်အရွယ်နဲ့ယှဉ်ပြီး ပြောတာပါ။ တကယ်တော့ လူတိုင်းလူတိုင်းမှာ ကိုယ်စီအထီးကျန်မှုရောဂါလေးတွေ မသိမသာရှိနေတတ်ပါတယ်။ ကိုယ့်ရဲ့အထီးကျန်မှုရောဂါလေးတွေကို ပရဟိတလေးတွေနဲ့ ကုစားရပါတယ်။ ပရဟိတလေးတွေလုပ်နေရင် ကိုယ့်ရဲ့အထီးကျန်မှုလေးတွေဟာ သက်သာပျောက်ကင်းနေတတ်ပါတယ်။

ဒီတော့ကိုယ်က "သြော် ငါ့ရဲ့အထီးကျန်မှုတွေကို ဒီပရဟိတတွေက ကုစားပေးနေပါလား"ဆိုပြီး ကိုယ်လုပ်နေတဲ့အဖွဲ့အစည်းကို ကျေးဇူးတစ်တင်တင် ရှိနေရမှာပါ။

တစ်ခုရှိတာက အဲဒီလိုအချိန်မျိုးမှာ " ငါကပရဟိတလုပ်တာ၊ ငါက ပရဟိတလုပ်တာ"ဆိုပြီး အသိမှား၊ အမြင်မှားလေးတွေ ဝင်လာတတ်ပါတယ်။ အဲဒီလိုဝင်လာမယ်ဆိုရင်တော့ အဆင်မပြေမှုတွေနဲ့ဆိုးကျိုးတွေပဲ ဆင့်ကာ

ဆင့်ကာ ဖြစ်နေတော့မှာပါ။ ဒါကြောင့် အတွေးများများမဝင်နိုင်အောင် သတိနဲ့ ပြန်ထိန်းရပါတယ်။

ပရဟိတစစ်စစ်ဆိုတာကတော့ သူတစ်ပါးအကျိုးကိုငဲ့တယ်။ မိမိအကျိုးကိုမငဲ့ဘူး။ နိဗ္ဗာန်ကို ဦးတည်တယ်၊ ဒါက တကယ့်ပရဟိတစစ်စစ်ပါ။

ဒါကြောင့် ကိုယ်လုပ်နေတဲ့ပရဟိတဟာ အစားထိုးပရဟိတလား၊ ပရဟိတစစ်စစ်လားဆိုတာ အရင်ဆုံး ခွဲခြားသိထားဖို့လိုပါတယ်။

တကယ်လို့ ကိုယ်က အစားထိုးပရဟိတကို လုပ်ဖြစ်နေတယ်ဆိုရင်လည်း ဘာမှအားငယ်နေစရာမလိုပါဘူး။ ကိုယ့်ရဲ့ပရဟိတဟာ ဘယ်ပရဟိတဖြစ်တယ်ဆိုတာသာ သိထားဖို့အဓိကပါ။

အချစ်ဝတ္ထုရေးဆရာတွေ မကြာခဏရေးလေ့ရှိတဲ့ စာပိုဒ်တစ်ပိုဒ်ရှိပါတယ်။

ကမ္ဘာကြီးဟာ အမှန်တကယ်လုံးပြီး ၂၃½ ဒီဂရီတိမ်းစောင်းပြီး ၂၄နာရီတစ်ပတ်လည်နေခဲ့ရိုးမှန်ခဲ့ရင် ကျောခိုင်းပြီး ခွဲခွာသွားတဲ့ ချစ်သူနှစ်ဦးဟာ တစ်ချိန်ချိန်မှာ မျက်နှာချင်းဆိုင်ပြီး ပြန်တွေ့ကြလိမ့်မယ်တဲ့။

အချစ်ဝတ္ထုရေးဆရာတွေက သိပ္ပံသဘာဝကိုကိုင်ပြီး ရေးကြတာပါ။

ကံကြမ္မာသဘောတရားအရလည်း လူနှစ်ယောက်ဟာ နိဗ္ဗာန်မရသေးသမျှ တစ်ချိန်ချိန် တစ်နေရာရာမှာ ပြန်လည်တွေ့ဆုံကြရဦးမှာပါ။

အဲဒီလိုမျက်နှာချင်းဆိုင် ပြန်လည်တွေ့ဆုံကြရတဲ့အခါ ဘယ်လိုမျက်နှာတွေနဲ့ ဆုံကြမလဲ ...?။

အဲဒီအခါ သူကလည်းအပြုံး ကိုယ်ကလည်းအပြုံးနဲ့ နှုတ်ဆက်လိုက်ကြတဲ့အချိန်ဟာ ကမ္ဘာလောကကြီးရဲ့ တစ်နေရာမှာ အလှတစ်ခုဆင်လိုက်ကြတာပါ။

ကဲ . . စာဖတ်သူ၊ ကိုယ်သဘောမတွေ့တဲ့အာရုံတစ်ခုကို တွေ့ရတဲ့အခါ သည်းခံခွင့်လွှတ်ကြည့်ပါလား...။ အရသာ ဘယ်လိုရှိတယ်ဆိုတာသိရအောင်လို့ပါ။

ပြီးတော့ ခွဲခွာခြင်းတွေနဲ့ဝေးကွာကြရင် တစ်နေရာမှာ ကံအား လျော်စွာ ပြန်ဆုံကြရတဲ့အခါ အပြုံးတွေနဲ့နှုတ်ဆက်နိုင်အောင်ရယ်ပါ။

ကျမ်းကိုး –

မခုရ, ရသဝါဟိနီ။

ဒုဗ္ဗဋ္ဌိက မဟာတိဿဝတ္ထု။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း
မတ်လ၊ ၂၀၀၆။

# တစ်ယောက်တည်း တည့်တော်ရေ



ခင်မကန်ဆရာတော်ဘုရားကြီးဆိုတာ ကုန်းဘောင်ခေတ် မင်းတုန်းမင်းကြီးလက်ထက်မှာ ပေါ်ထွန်းခဲ့တဲ့ ဆရာတော်ဘုရားပါ။

တစ်နေ့တော့ ခင်မကန်ဆရာတော်ဘုရားကြီးဆီကို ဒကာ

တစ်ယောက် ရောက်လာပါတယ်။ ဒကာရောက်လာတဲ့အချိန်မှာ ဆရာတော်ဘုရားအနားမှာ တခြားဒကာ ဒကာမ တချို့လည်း ရောက်ရှိနေပါတယ်။

ရောက်လာတဲ့ဒကာက ဆရာတော်ဘုရားကြီးကို ဦးချ၊ ပါလာတဲ့ လှူဖွယ်ဝတ္ထုကို ဆက်ကပ်လှူဒါန်းပါတယ်။ လှူဒါန်းပြီးတော့ "ဆရာတော်ဘုရား ... တပည့်တော်ကို တရားတိုတိုတုတ်တုတ် တစ်ပုဒ်လောက် ဟောပါဘုရား"လို့ လျှောက်လိုက်ပါတယ်။

ဒကာက တရားတော့ နာချင်ပါရဲ့။ ဒါပေမယ့် ရှည်ရှည်တော့ နာချင်ပုံမပေါ်ပါဘူး။ ဆရာတော်ဘုရားကြီးကလည်း ဒကာရဲ့ဆန္ဒကို မဆန့်ကျင်ပါဘူး။

ဒီတော့ ဆရာတော်ဘုရားကြီးက **"တစ်ယောက်တည်း တည့်အောင်နေ"**လို့ဟောလိုက်ပါတယ်။

ဆရာတော်ကဟောပြီး ခပ်ဆိတ်ဆိတ်ပဲငြိမ်နေ လိုက်ပါတယ်။ ဆရာတော်ဘုရားကြီးဆီက အသံဆက်ထွက်မလာတော့ ဒကာက "ဆရာတော်ဟောတဲ့ တရားကလည်း တိုလွန်းအားကြီးပါတယ်ဘုရား။တစ်ယောက်တည်းနေတဲ့သူဟာ ဘယ်သူနဲ့မတည့်ဘဲနေမှာလဲဘုရား၊ ရန်ဖြစ်စရာလူမှ မရှိဘဲဘုရား"လို့ ပြန်လျှောက်ပါတယ်။

ဒီအခါကျမှ ဆရာတော်ဘုရားကြီးက "တစ်ယောက်တည်း နေနေပေမယ့် ကိုယ့်သန္တာန်မှာ လောဘ ဒေါသ၊ ရာဂ၊ ဣဿာမစ္ဆရိယစတဲ့ အကုသိုလ်တရားတွေ ကိန်းနေရင် ဖြစ်နေရင် တစ်ယောက်တည်း ရန်ဖြစ်နေတာပဲ ဒကာရဲ့။ကောင်းတဲ့ကုသိုလ်တရားတွေကိုပယ်ထားပြီး အကုသိုလ်တရားတွေနဲ့နေနေရင် တစ်ယောက်တည်းနေပေမယ့် သေရင် အပါယ်မုချရောက်လိမ့်မယ်။ ဒါကြောင့် အတိုကောက်အနေနဲ့ တစ်ယောက်တည်းတည့်အောင်နေလို့ပြောတာ" လို့ ဆရာတော်ဘုရားက အကျယ်ထပ်ရှင်းပြမှ ဒကာလည်း သဘောပေါက်သွားပါတယ်။ကျန်တဲ့ဆရာတော်ဘုရားအနားရောက်နေတဲ့ဒကာဒကာမတွေလည်း မမျှော်လင့်ဘဲ အသိသစ်တရားတစ်ပုဒ်ကို နာလိုက်ရတဲ့အတွက် အထူးဝမ်းသာသွားကြပါတယ်။

စာအုပ်ထဲမှာတော့ ဆရာတော်ဘုရားကြီးက အကုသိုလ်တွေကို အကျယ်ဟောပြပြီး ရှင်းပြထားပါတယ်။ ဒီမှာတော့ အကျဉ်းချုပ်ပဲရေးပြ

လိုက်ပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ စကားလေးကို အခြေခံပြီး ထပ်တွေးကြည့်ရင် တစ်ယောက်တည်းနေနေပေမယ့် ကိုယ့်သန္တာန်မှာ မကောင်းတဲ့ အကုသိုလ်စိတ်တွေဖြစ်နေရင် တစ်ယောက်တည်း မတည့်အောင်နေတာပါဘဲ။ ကောင်းတဲ့ကုသိုလ်စိတ်တွေနဲ့နေနေရင် တစ်ယောက်တည်း တည့်အောင် နေနေတာပါပဲ။

အဓိကကတော့ ကိုယ့်သန္တာန်မှာ မကောင်းတဲ့ အကုသိုလ်စိတ်တွေဖြစ်နေရင် တစ်ယောက်တည်း ရန်ဖြစ်နေတာပါပဲ။

ထားပါတော့ အခန်းထဲမှာ တစ်ယောက်တည်းပဲ နေနေတယ်ဆိုပါတော့။ လူဟာတစ်ယောက်တည်းနေရင် ပျင်းတတ်ပါတယ်။ ဒါကြောင့် စိတ်ထဲကနေ အဖော်တွေကို ခေါ်လိုက်ပါတယ်။

စိတ်နဲ့ခေါ်လိုက်တာဆိုတော့ လေယာဉ်တွေ ကားတွေ မလိုပါဘူး။ ချက်ချင်းရောက်လာကြပါတယ်။

ခေါ်ပုံနဲ့ ရန်ဖြစ်ပုံက ဒီလိုပါ။

"ဟိုတစ်နေ့က မိဖြူဆွဲလာတဲ့ ဆွဲကြိုးလေးက သိပ်လှတာပဲ။ ဟင်း ... လူက ပိန်ညှောင်ညှောင် ပိုးဟတ်ဖြူနဲ့ တစ်စက်မှ မလိုက်ဘူး။ အေးပေါ့ သူ့ယောကျ်ားက ဟိုမှာ ဟိုလိုတွေလုပ်နေတာဆိုတော့ ဝယ်နိုင်မှာပေါ့။ ငါနဲ့ဆိုသိပ်လိုက်မှာပဲ၊ လကုန်ရင်တော့ဝယ်ဖြစ်အောင်ဝယ်ဦးမှာပဲ။ ဟိုတစ်လောက အလုပ်သာအဆင်ပြေလိုက်ရင် ဒီနေ့တောင် သွားဝယ်လို့ရတယ်။ တောက်...ဟိုကောင်မညှက်စိဖြတ်ခုတ်သွားလို့ပေါ့"

လောဘနဲ့ဒေါသကို ခေါ်လိုက်ပြီး အပြင်ကအမျိုးသမီးနှစ်ယောက်နဲ့ ရန်ဖြစ်နေပါပြီ။

"ဘာလိုလိုနဲ့ ဟိုကောင်မတောင် ရာထူးတက်သွားပြီ၊ အလုပ်ဝင်တုန်းက ငါနဲ့အတူတူ။ အေးပေါ့လေ သူ့အဖေက ဘော့စ်နဲ့သူငယ်ချင်းဆိုတော့ တက်မှာပေါ့။ ပညာအရည်အချင်းက ငါ့လောက်တောင်မရှိဘဲနဲ့...ဟင်း"

ဣဿာမစ္ဆရိယကိုခေါ်လိုက်ပြီး ရုံးက လုပ်ဖော်ကိုင်ဖက် အမျိုးသမီးနဲ့ ရန်ဖြစ်နေပြန်ပါပြီ။

"တစ်နေ့က ဟိုအန်တီကြီးဆီ ဖုန်းဆက်ပြီး ကားလိုလို့ အကူအညီ

တောင်းမိပါတယ် မအားဘူးတဲ့။ ဒါ ညာပြောတာ၊ ဒီကိစ္စ ဖေဖေ့ကို တိုင်ရဦးမယ်။ ဒီတစ်သက် အဲဒီမိန်းမကြီးဆီ ဘယ်တော့မှ ဖုန်းမဆက်ဘူး။ သူ့မှာ မာနရှိသလို ငါ့မှာလည်း မာနရှိတာပဲ"

ဒေါသနဲ့မာနကိုခေါ်လိုက်ပြီး အပြင်က အန်တီကြီးနဲ့ ရန်ဖြစ်နေပြန်ပါပြီ။

"အင်း...ပြီးခဲ့တဲ့အပတ်ကလည်း ရုံးမှာ တစ်ခါလေး မှားမိပါတယ် ငါ့ကို 'စိတ်ကောင်း နှလုံးကောင်းထားလုပ်'တဲ့၊ သူက ပိုင်ရှင်သူဌေးဆိုပြီး စကားကို ပြောလို့ရတိုင်း ပြောထည့်လိုက်တာ၊ ငါ့မှာ နှစ်ရက်သုံးရက်လောက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေတာ"

အလုပ်ပိုင်ရှင်လူကြီးက ကိုယ့်ကိုငေါက်ခဲ့တာကို ပြန်တွေးပြီး ဒေါသနဲ့သောကကို ခေါ်လိုက်ပြီး လူကြီးနဲ့ ရန်ဖြစ်နေပြန်ပါပြီ။

ဒါတွေကတော့ အခန်းထဲမှာ တစ်ယောက်တည်းနေပြီး ဟိုလူ့မကျေနပ် ဒီလူ့မကျေနပ်နဲ့ အကုသိုလ်မျိုးစုံကို ကိုယ့်ဆီခေါ်ပြီး လူမျိုးစုံနဲ့ ရန်ဖြစ်နေတာပါ။ ကိုယ်ကသာ ကိုယ်မကျေနပ်တဲ့သူတွေနဲ့ စိတ်ထဲက ရန်ဖြစ်နေတာ အပြင်ကလူတွေကတော့ သိတောင်မသိပါဘူး။ သူတို့ကတော့ ကိုရီးယားဇာတ်ကားလေးကြည့်ပြီး ငြိမ့်ချင်ငြိမ့်နေမှာပါ။ အဲဒီအချိန်မှာ ဘယ်လောက်စိတ်ဆင်းရဲပြီး ဘယ်လောက်ပူလောင်နေရတယ်ဆိုတာ ဖြစ်ဖူးသူတိုင်းသိပါတယ်။

တကယ်သေချာစဉ်းစားကြည့်ရင် ဒီလိုစိတ်ဆင်းရဲအောင် ကိုယ့်စိတ်ကပဲ တမင်ဖန်တီးယူနေတာပါ။ သူတစ်ပါးက ဖန်းတီးနေတာ မဟုတ်ပါဘူး။ ဒါကို ကိုယ်က "ငါစိတ်ဆင်းရဲအောင် ငါ့စိတ်ကဖန်တီးနေတာပါလား"ဆိုတာ ပထမဆုံး သိလိုက်ဖို့ သိပ်အရေးကြီးပါတယ်။ သိမှလည်း ဖယ်ရှားလို့ရပါတယ်။ ဒီအသိလေးကို ကောင်းကောင်းလက်ခံလိုက်နိုင်တာနဲ့ ဖယ်ရှားရတာ လွယ်သွားပါပြီ။

**ဓလေန ဘဝတိ ပင်္က၊ ဓလေနေဝ ဝိသုဇ္ဈတိ။**

**စိတ္တေန ဘဝတိပါပံ၊စိတ္တေနေဝ ဝိသုဇ္ဈတိ။**

ရွှံ့ညွန်ဟာ ရေကြောင့်ဖြစ်ရတာပါတဲ့။ရေကြောင့်ဖြစ်တဲ့ ရွှံ့ညွန်ကို ရေနဲ့ပဲ ပြန်ဆေးကြောစင်ကြယ်ရသလို စိတ်ကြောင့်ဖြစ်ရတဲ့ အကုသိုလ်စိတ်

ကိုလည်း စိတ်နဲ့ပဲ ပြန်ဆေးကြော စင်ကြယ်ပစ်လိုက်ပါတဲ့။

စိတ်က ဖန်တီးထားတဲ့ စိတ်ဆင်းရဲမှုကို စိတ်နဲ့ပဲ ပြန်ဖယ်ရှားရပါတယ်။

ကဲ ထားပါတော့၊ ဖယ်ရှားချင်တဲ့စိတ် ရှိတယ်ပဲ ဆိုပါစို့။ ဥပမာ– အပြင်ကပုဂ္ဂိုလ်တစ်ယောက်ယောက်က စကားကိုမဆင်မခြင်နဲ့ ကိုယ့်ကို ပြောထည့်လိုက်တယ်ပဲ ဆိုပါစို့။ ဖြစ်ခဲ့တာကို ကိုယ်ကအသေးစိတ်ပြန်တွေးပြီး ဒေါသတွေ သောကတွေဝင်လာပြီပဲဆိုပါစို့။ စိတ်ထဲမှာလည်း တနုံ့နုံ့နဲ့ "ငါ့ကို ပြောရက်လေခြင်း" ဆိုပြီး စိတ်ဆင်းရဲမှု စိတ်မချမ်းသာမှုတွေ ဖြစ်လာပြီဆိုပါစို့။

အခန်းထဲမှာ တစ်ယောက်တည်းနော်။ ဒီဖြစ်စဉ်ကိုကြည့်ပြီး အကြောင်းနဲ့အကျိုး ခွဲကြည့်ရအောင်ပါ။

ကိုယ့်သန္တာန်မှာ ဒေါသ သောက စတဲ့ အကုသိုလ်တရားတွေကြောင့် စိတ်မချမ်းသာဘူး။ စိတ်ဆင်းရဲနေရတယ်ဆိုတဲ့နေရာမှာ အကြောင်းနဲ့အကျိုး ခွဲရင် ဒေါသ သောက စတဲ့ အကုသိုလ်တွေကအကြောင်း။ စိတ်ဆင်းရဲမှု ဖြစ်နေရတာက အကျိုးပါ။

အကြောင်းနဲ့အကျိုး ကွဲသွားပါပြီ။

စာထဲမှာ အကြောင်းနဲ့အကျိုးနဲ့ယှဉ်လာရင် အကျိုးနောက်ကို မလိုက်ဘဲ အကြောင်းရင်းကိုရှာပြီး အကြောင်းရင်းကို ပယ်ပစ်လိုက်ပါတဲ့။ ဒီတော့အကြောင်းရင်းကို ရှာကြည့်တော့ ကိုယ်သန္တာန်မှာဖြစ်နေတဲ့ ဒေါသ သောက စတဲ့ အကုသိုလ်တရားတွေပါ။

ဒါကြောင့် ဒီအကြောင်းရင်းတွေကိုပယ်လိုက်ရင် အကျိုးဆက်က သူ့အလိုလိုပြုတ်သွားပါလိမ့်မယ်။အကြောင်းအကျိုးပယ်ပုံနဲ့ပတ်သက်ပြီး စာထဲမှာ ဘယ်လို ဥပမာပြထားသလဲဆိုတော့ ခြင်္သေ့လိုကျင့်ပါ၊ ခွေးလို မကျင့်ပါနဲ့တဲ့။

ခြင်္သေ့ဟာ လူတွေက လေးတွေမြားတွေနဲ့ပစ်ခတ်လာရင် အကျိုးဖြစ်တဲ့ လေးတွေမြားတွေကို အာရုံမပြုဘဲ အကြောင်းဖြစ်တဲ့ လေးမြားနဲ့ပစ်တဲ့ လူကိုပဲ ကိုက်သတ်ပစ်တတ်ပါတယ်တဲ့။ အကြောင်းရင်းဖြစ်တဲ့လူကို ကိုက်သတ်လိုက်နိုင်ရင် အန္တရာယ်ကင်းသွားတာပဲတဲ့။

ခွေးကျတော့ လူက တုတ်တို့ ခဲတို့နဲ့ ပစ်လိုက်ရင် အကြောင်းရင်း

ဖြစ်တဲ့လူကို အာရုံမပြုဘဲ အကျိုးဆက်ဖြစ်တဲ့ မိမိကိုလက်တလောနာကျင်စေတတ်တဲ့ တုတ်တွေခဲတွေကိုပဲ လိုက်ကိုက်တတ်ပါတယ်တဲ့။ ဒီတော့ လူက နောက်ထပ် တုတ်တွေခဲတွေနဲ့ ပစ်ခတ်နေဦးမှာဖြစ်သလို အန္တရာယ်ကလည်း မလွတ်နိုင်ပါဘူးတဲ့။

ဒီဥပမာအတိုင်းပါပဲ။ စိတ်မချမ်းသာဘူး စိတ်ဆင်းရဲနေတယ်ဆိုရင် အကျိုးဆက်ကို အာရုံမပြုဘဲ အကြောင်းအရင်းကိုရှာပြီး ပယ်နှုတ်ပစ်ရပါတယ်။ ဒီနေရာမှာ ပြင်ပပုဂ္ဂိုလ်ရဲ့ ပြုမှုပြောဆိုမှုကြောင့် စိတ်မချမ်းသာမှု၊ စိတ်ဆင်းရဲမှု ဖြစ်နေရတယ်ဆိုတာ သာမန်အားဖြင့်ကြည့်ရင် ပြင်ပပုဂ္ဂိုလ်ကြောင့်လို့ ထင်စရာရှိပေမယ့် တကယ်လို့သာ ကိုယ့်သန္တာန်မှာ လောဘ ဒေါသ ဣဿာမစ္ဆရိယ စတဲ့ အကုသိုလ်တရားတွေ ရှိမနေခဲ့ရင် ဖြစ်မှာမဟုတ်ပါဘူး။ အကုသိုလ် ကိလေသာ ကိုယ့်သန္တာန်မှာ လာရောက်နေလို့သာ စိတ်ဆင်းရဲမှု ဖြစ်နေရတာပါ။ ဒီတော့ အကြောင်းရင်းဖြစ်တဲ့ ကိုယ့်သန္တာန်မှာ ဖြစ်နေတဲ့ အကုသိုလ်ကိုပဲ ပယ်ပစ်ရမှာပါ။ တကယ်လို့သာ ကိုယ်က ပြင်ပပုဂ္ဂိုလ်ကိုပဲ အာရုံပြုနေမယ်ဆိုရင် ခွေးက ခဲကိုလိုက်ကိုက်နေတာနဲ့တူပြီး ပြင်ပပုဂ္ဂိုလ်ကို အာရုံပြုလိုက် စိတ်ဆင်းရဲမှုဖြစ်လိုက်၊ ပြင်ပပုဂ္ဂိုလ်ကို အာရုံပြုလိုက် စိတ်ဆင်းရဲမှုဖြစ်လိုက်နဲ့ စိတ်ဆင်းရဲမှုက ဘယ်တော့မှ ဆုံးတော့မှာမဟုတ်တော့ပါဘူး။ ဆင့်ကဲဆင့်ကဲ ဖြစ်နေတော့မှာပါ။

ပြင်ပပုဂ္ဂိုလ်ကို အာရုံပြုပြီးဖြစ်တဲ့ တချို့အမုန်းတွေဟာ နောက်ဘဝအထိ ပါသွားတတ်ပြီး ကလဲ့စားခြေတဲ့အထိတောင် ဖြစ်သွားတတ်ပါတယ်။

ကိုယ်က သူ့ကို ကလဲ့စားချေလိုက်၊ သူက ကိုယ့်ကို ကလဲ့စားချေလိုက်နဲ့ အမုန်းသံသရာ ရှည်နေပါလိမ့်မယ်။

'တရားရှာကိုယ်မှာတွေ့'ဆိုတဲ့အတိုင်း ကိုယ့်ကိုယ်ကိုမှာပဲပြန်ရှာတာ အမှန်ကန်ဆုံးပါ။ အပြင်ထွက်ရှာနေရင် တရားမှန်ကို မတွေ့နိုင်ပါဘူး။ နောက်တစ်ခုတွဲပြီး သတိထားရမှာက တစ်ဖက်သားရဲ့မဆင်မခြင်ပြောဆိုမှုကြောင့် ကိုယ့်မှာ စိတ်ဆင်းရဲမှု ဘယ်လောက်ခံစားနေရတယ်ဆိုတာကို နှလုံးသွင်းဆင်ခြင်ပြီး တကယ်လို့ ကိုယ်က တစ်စုံတစ်ယောက်ကို ပြောဖို့အခွင့်ကြုံလာရင် "သူတစ်ပါး ငါ့ကိုပြောလိုက်တုန်းက ငါ့မှာ မစားနိုင်မအိပ်နိုင်နဲ့ စိတ်ဆင်းရဲမှုတွေ ဖြစ်နေခဲ့ဖူးတယ်။ ငါပြောလိုက်ရင် သူစိတ်မချမ်းမသာ

ဖြစ်သွားလိမ့်မယ် မပြောတော့ပါဘူးလေ"ဆိုပြီး ကိုယ့်စကားကို ဘရိတ်အုပ်ပစ်ရပါမယ်။

ကိုယ်ကတော့ စကားကို မဆင်မခြင်ပြောပြီး မေ့ပစ်လိုက်တာပါ။ အပြောခံရတဲ့သူကတော့ သုံးလေးရက်လောက် လူးလိမ့်နေအောင် ခံစားရတာပါ။ ပြောတဲ့ပုဂ္ဂိုလ်က အကြီးအကဲဖြစ်ပြီး အရေးပါအရာရောက်ရင် ရောက်သလောက် ခံစားရတာပါ။ သာမန်ပုဂ္ဂိုလ်ကပြောရင်တော့ ဒီလောက်ကြီး မခံစားရပါဘူး။ ကိုယ်က အရေးပါအရာရောက်တဲ့ လူကြီးတစ်ယောက်ဖြစ်တယ်ဆိုရင် ပိုဆင်ခြင်ရပါ့မယ်။

ဒါက အပိုအဆစ်အနေနဲ့ပြောတာပါ။ ရှေ့ကိုပဲ ဆက်ရအောင်ပါ။

အကြောင်းရင်းဖြစ်တဲ့ ကိုယ့်သန္တာန်မှာဖြစ်နေတဲ့ အကုသိုလ်ကိလေသာတွေကို ပယ်ထုတ်ပစ်လိုက်ရုံပါပဲ။

ဒီတော့ ကိုယ့်သန္တာန်မှာ ဖြစ်နေတဲ့ စိတ်ကလေးကို တည့်တည့်ကြည့်လိုက်ပါ။ ပကတိမျက်စိနဲ့ ကြည့်ခိုင်းတာ မဟုတ်ပါဘူး။ စိတ်ကိုစိတ်နဲ့ ပြန်ကြည့်ခိုင်းတာပါ။ ကြည့်ရင်တွေ့တာပါပဲ။ တွေ့ရင် အမည်လေးတပ်ခေါ်လိုက်ပါ။ "ဒေါသ၊ သောက"လို့၊ အကုသိုလ်ဆိုတဲ့ အကောင်တွေက သူတို့ကို လူသိမှာ သိပ်ကြောက်ပါတယ်။ လူသိသွားပြီဆိုရင်ပဲ သူတို့မှာ အနေရအထိုင်ရခက်နေပါပြီ၊ ဒီတော့ ကိုယ်က ဉာဏ်နဲ့မြင်နေရတဲ့ အကုသိုလ်စိတ်ကို နာမည်လေးတပ်ပြီး "ဒေါသ သောက၊ ဒေါသ သောက"လို့ ဉာဏ်ထဲမှာ မြင်လာတဲ့အထိ အာရုံပြုပြီး ဆယ်ကြိမ်ဆယ့်ငါးကြိမ်လောက် ခေါ်ပစ်လိုက်ပါ။ သူခိုးဆိုတာ အိမ်ရှင်နိုးပြီ သိပြီဆိုရင် ပြေးတော့သလို အကုသိုလ်ဟာလည်း လူသိသွားပြီဆိုရင် ပြေးဖို့အသင့်ဖြစ်နေပါပြီ၊ ကိုယ်က နာမည်လေးတပ်ပြီး အကြိမ်ကြိမ်ခေါ်လိုက်တော့ ပြေးတော့တာပါပဲ။

အဲဒီလိုပြောတော့ စကားက နည်းနည်းပေါ့နေသလိုပါပဲ၊ စာသံပေသံလေးနဲ့ ပြောကြည့်ရအောင်ပါ။

ကိုယ့်သန္တာန်မှာ ဖြစ်နေတဲ့စိတ်ကို သတိကပ်ပြီး စိတ်နဲ့ပြန်သိလိုက်တာ မှတ်လိုက်တာဟာ စိတ္တာနုပဿနာ ဖြစ်သွားတာပါ။

ဒီတော့ ဖြစ်နေတဲ့ စိတ်ကလေးကို သတိကပ်ကြည့်လိုက်ပါ။ ဘာစိတ်ကလေးလဲ၊ ကြည့်လို့သိပြီဆိုရင် "ဒေါသ သောက ဖြစ်တယ်၊ ဒေါသ

သောကဖြစ်တယ်”ဆိုပြီး ဆယ်ချက် ဆယ့်ငါးချက်လောက် မှတ်ပစ်လိုက်ပါ။ မှတ်တဲ့နေရာမှာ ဒေါသ သောကရဲ့ သဘောအထိ မိအောင်မှတ်ရပါ့မယ်။ ဒါမှမဟုတ် ဒေါသ သောကလို့ မမှတ်ချင်လည်း စိတ်ဆင်းရဲနေမှုလေးကို သေချာသတိကပ်ကြည့်ပြီး “စိတ်ဆင်းရဲတယ်၊ စိတ်ဆင်းရဲတယ်”ဆိုပြီး ဆင့်ကာ ဆင့်ကာ မှတ်ပစ်လိုက်ပါ။ မှတ်တဲ့နေရာမှာ စိတ်ဆင်းရဲတဲ့သဘောလေးကို သိနိုင်သမျှ သိအောင်သတိကပ်မှတ်ပါ။ အဲဒီမှာ အာရုံက သိပ်ပြီး အားကြီးနေရင် မှတ်သိစိတ်က နိုင်အောင်မမှတ်နိုင်ဘဲ ဖြစ်နေတတ်ပါတယ်၊ အဲဒီအခါမျိုးမှာ စိတ်ဓါတ်ကျသွားတတ်ပါတယ်။

အာရုံဆိုးရင် ဆိုးသလောက် မှတ်ရခက်ပါတယ်။ စိတ်ဓါတ်မကျပါနဲ့။ အာရုံနဲ့ မှတ်သိစိတ် သူနိုင်ကိုယ်နိုင် နပမ်းလုံးနေတယ်လို့ သဘောထားပါ။ ပြိုင်ပြီးနပမ်းလုံးပြီဆိုကတည်းက ကိုယ်က အလွယ်နဲ့တော့ ဘယ်နိုင်နိုင်မှာလဲ။

ပထမပိုင်းမှာ အာရုံက ဘယ်ဝိုက် ညာဝိုက် လက်သီးတွေနဲ့ ကျွေးနေတော့ ကိုယ်က လူးလိုမ့်ခံနေရပါလိမ့်မယ်။ မောရင် ဒိုင်လူကြီးကို အနားတောင်းပြီး ရေလေးဘာလေး သောက်လိုက်ပါဦး။

မှတ်လိုက် အာရုံဆိုးက ပြန်ပြန်ပေါ်လိုက်၊ မှတ်လိုက် အာရုံဆိုးက ပြန်ပြန်ပေါ်လိုက်နဲ့ ပထမနှစ်ရက် သုံးရက်အတွင်းမှာ အာရုံဆိုးက မှတ်သိစိတ်ကို နိုင်နေတဲ့သဘောပါ။ လေးငါးရက်လောက်ရောက်လာတဲ့ အခါမှာတော့ အာရုံနဲ့မှတ်သိစိတ် သူနိုင်ကိုယ်နိုင်နဲ့ သရေဖြစ်လာပါလိမ့်မယ်၊ ခြောက်ရက် ခုနစ်ရက်လောက် အရောက်မှာတော့ မှတ်သိစိတ်က နိုင်သွားပါလိမ့်မယ်၊ အဲဒီအချိန်ကျရင်တော့ နှစ်ချက် သုံးချက်လောက် မှတ်လိုက်တာနဲ့ အာရုံဆိုးက ပျောက်ပျောက်သွားပါလိမ့်မယ်။ နောက်ဆုံးတော့ မှတ်သိစိတ်ရဲ့ လက်သီးပြင်းပြင်းကြောင့် အာရုံဆိုး နောက်ကောက်ကျသွားတဲ့ သဘောပါ။ အာရုံကို မှတ်သိစိတ်က နိုင်သွားပြီဆိုရင် စိတ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ကျေနပ်ပြီး ပျော်သွားတတ်ပါတယ်၊ အဲဒီအရသာဟာ ဘာနဲ့မှလဲလို့မရပါဘူး။

စာရေးသူကတော့ ရှုံးတယ်ပဲပြောရမလား မသိပါဘူး။ တစ်ခါတလေ စိတ်ညစ်စရာကြုံလို့မှတ်ပြီး ဖျောက်ရတဲ့အခါ မှတ်သိစိတ်က အာရုံကိုနိုင်သွားပြီဆိုရင်၊ စိတ်ညစ်စရာ အာရုံဆိုးကို ပြန်ခေါ်ကြည့်ပါတယ်။

ပြန်ခေါ်တဲ့နေရာမှာလည်း စိတ်ညစ်စရာဖြစ်ခဲ့သမျှ ဖြစ်စဉ်အားလုံးကို ပြန်တွေးပြီးကို ပြန်ခေါ်တာပါ။ သူငါ့ကို ဘယ်တုန်းက ဘယ်လိုပြောလိုက်တာ စသည်ဖြင့်ပေါ့။

ပြန်ဝင်လာရင် ပြန်မှတ်ကြည့်ချင်လို့ပါ။ စိတ်ထဲမှာလည်း တင်းပုတ်ကိုင်ထားပြီး အပေါက်ဝကဝင်လာရင် ထုပစ်မယ်ဆိုတဲ့ ပုံစံမျိုးနဲ့ပါ။ ခေါ်လိုက်တော့လည်း ပြန်ပေါ်လာပါတယ်။ ပေါ်လာပေမယ့် နှစ်ချက် သုံးချက်လောက် မှတ်လိုက်တာနဲ့ ပျောက်သွားတာ များပါတယ်။

အထက်ကပြောခဲ့တာတွေကတော့ တစ်ယောက်တည်းနေတဲ့အခါ မကောင်းတဲ့ အကုသိုလ်စိတ်တွေဝင်လာပြီး စိတ်မချမ်းသာမှု စိတ်ဆင်းရဲမှုတွေ ခံစားနေရတဲ့အခါ ပယ်ထုတ်နည်းကို ပြောတာပါ။

ဆရာဝန်တွေ ပြောပြောနေကြတဲ့ စကားရှိပါတယ်။ ရောဂါဖြစ်မှ ကုတာထက် မဖြစ်ခင်ကြိုတင်ကာကွယ်တာက အကောင်းဆုံးကုသနည်းပါတဲ့။ ဟုတ်လည်း ဟုတ်ပါတယ်။ ရောဂါဖြစ်မှ ကုတာထက် ရောဂါမဖြစ်ခင်က ကြိုတင်ကာကွယ်ထားတာက အကောင်းဆုံးပါ။

ဒီသဘောကိုပဲနည်းယူပြီး ကိုယ်ကလည်း အကုသိုလ်ကို ကြိုကာကွယ်ထားလိုက်ရုံပါပဲ။

တစ်ယောက်တည်းနေတဲ့အခါ အကုသိုလ်စိတ်တွေဝင်လာပြီး စိတ်ဆင်းရဲမှု၊ စိတ်မချမ်းသာမှုတွေ ဖြစ်တတ်တဲ့သဘောလေးကို အာရုံပြုပြီး တစ်ယောက်တည်း နေဖြစ်လိုက်တာနဲ့ ကမ္မဋ္ဌာန်းတစ်ခုခုကို ကြိုနှလုံးသွင်းထားလိုက်ဖို့ပါ။ ဂုဏ်တော်ပဲဖြစ်ဖြစ်၊ မေတ္တာပဲဖြစ်ဖြစ်၊ ဝိပဿနာပဲဖြစ်ဖြစ်ပေါ့။

စိတ်ဆိုတာ အဘိဓမ္မာသဘောအရ အာရုံနှစ်ခုကို ယူလို့မရတာဆိုတော့ ကမ္မဋ္ဌာန်းတစ်ခုခုကို ကြိုနှလုံးသွင်းထားလိုက်ရင် အကုသိုလ်က ဝင်လို့မရတော့ပါဘူး။

"တစ်ယောက်တည်းနေလိုက်တာနဲ့ ကမ္မဋ္ဌာန်းတစ်ခုခုကို ကြိုနှလုံးသွင်းထားလိုက်၊ တစ်ယောက်တည်းနေလိုက်တာနဲ့ ကမ္မဋ္ဌာန်းတစ်ခုခုကို ကြိုနှလုံးသွင်းထားလိုက်" အဲဒီလိုသာအကျင့်လေးလုပ်သွားစမ်းပါ၊ နောင်တစ်ယောက်တည်း နေဖြစ်တဲ့အခါတွေမှာ အထူးကြောင့်ကြစိုက်စရာမလိုဘဲ ကိုယ့်စိတ်က ကမ္မဋ္ဌာန်းတစ်ခုခုကို အလိုလိုနှလုံးသွင်းပြီးသား ဖြစ်ဖြစ်နေပါ

လိမ့်မယ်။

တစ်ယောက်တည်းနေတဲ့အခါ ကမ္ဘဋ္ဌာန်းတစ်ခုခုကို နှလုံးသွင်းပြီး နေလို့ရတဲ့အရသာဟာ အရသာတွေထဲက အရသာတစ်ခုပါ။ အဲဒီအရသာကို အမြဲတမ်းသတိရနေအောင် နှလုံးသားနဲ့ကျက်ပစ်လိုက်ပါ။ ပြန်အာရုံပြုလိုက်တိုင်း ပြန်ပြန်သတိရနေရပါ့မယ်။

ဥပမာ–စားသောက်ဆိုင်တစ်ခုခုမှာ နေ့လယ်စာပဲဖြစ်ဖြစ်၊ ညစာပဲဖြစ်ဖြစ် ဝင်စားလိုက်တဲ့အခါ ကိုယ်မှာစားလိုက်တဲ့ စားစရာဟာ သိပ်ပြီး ခံတွင်းတွေ့သွားမယ်၊ ပြန်တွေးလိုက်တိုင်း ပြန်ပြန်သတိရနေမယ်၊ နောက်တစ်ခါ အဲဒီဆိုင်ကိုရောက်တဲ့အခါ ခံတွင်းတွေ့ခဲ့တဲ့စားစရာကို ပြန်မှာစားဖြစ်သလိုပါပဲ။ တစ်ယောက်တည်းနေလိုက်တာနဲ့ "ငါ တစ်ယောက်တည်းနေပြီး ဒီကမ္ဘဋ္ဌာန်းလေးကို နှလုံးသွင်းပြီးနေလိုက်တုန်းက ဒီလို အရသာလေး ခံစားခဲ့ရဖူးတယ်၊ အခုလည်း အဲဒီအရသာလေး ခံစားရအောင် အဲဒီကမ္ဘဋ္ဌာန်းလေးကို ပြန်နှလုံးသွင်းလိုက်ဦးမှပဲ"လို့ တွေးပြီးသား ဖြစ်နေရမှာပါ။ တွေးပြီး ပွားပြီးသားလည်း ဖြစ်နေရမှာပါ။

ကောင်းတာပဲဖြစ်ဖြစ်၊ မကောင်းတာဘဲဖြစ်ဖြစ် အကျင့်လေးလုပ်ထားရင် စွဲနေတတ်ပါတယ်။ ကောင်းတာလေးတစ်ခု အကျင့်တစ်ခုလို စွဲသွားပြီးဆိုရင် တစ်ဖက်က အကုသိုလ်ကို ကာကွယ်ပြီးသားဖြစ်နေသလို တစ်ဖက်ကလည်း ကုသိုလ်တွေ ဖြစ်နေတော့ ဘဝတစ်လျှောက်လုံးအတွက် အဆင်ပြေသွားတတ်ပါတယ်။

တစ်ခါတလေများ နေရထိုင်ရတာ သိပ်ပြီး စိတ်ချမ်းသာနေတတ်ပါတယ်။ အဲဒီလိုအခါမျိုးမှာ ကိုယ့်စိတ်ကလေးကို ပြန်ပြီးအာရုံပြုကြည့်ပါ။ လောဘ ဒေါသ ရာဂ ဣဿာမစ္ဆရိယ စတဲ့ အကုသိုလ်တရားတွေ ကင်းနေတာ တွေ့ရပါလိမ့်မယ်။

ကိုယ်က ဒီသဘောလေးကို သေချာအာရုံပြုပြီး "ဩော်.... အကုသိုလ်တရားတွေ ရင်ထဲမှာရှိမနေရင် တော်တော်စိတ်ချမ်းသာပါလား" ဆိုတဲ့ အသိအတွေးလေးတွေကို နှလုံးသားထဲကို တစ်ခါတည်း ထည့်ပေးလိုက်ရပါတယ်။

ဉာဏ်နဲ့ယှဉ်ဖြစ်လာတဲ့ အသိအတွေးကို နှလုံးသားနဲ့ ကျက်လိုက်

တာပါ။ အာရုံမျိုးစုံက ကိုယ့်ကို နေ့စဉ် စာမေးပွဲစစ်နေတာဆိုတော့ ကိုယ်ကျက်ထားတဲ့ အသိအတွေးလေးတွေနဲ့ ပြန်ဖြေယူရပါတယ်။

ကိုယ့်နှလုံးသားထဲမှာ အသိအတွေးတွေ ကျက်ကျက်မထားရင် စာမေးပွဲကျတတ်ပါတယ်။

ဥပမာ လူတစ်ယောက်က ကိုယ့်ကိုနစ်နစ်နာနာ ပြောလိုက်မယ်၊ ကိုယ်က ဒေါသထောင်းကနဲထွက်ပြီး သူ့ကိုစကားနဲ့ ပက်ကနဲပြန်ပြောလိုက်မိမယ်ဆိုရင် စာမေးပွဲကျသွားတာပါ။ "ငါစာမေးပွဲကျသွားပြီ"လို့ ကိုယ့်ကိုယ်ကိုယ်လည်း စိတ်ထဲက ပြန်ပြောလိုက်ပါ။ စာမေးပွဲဆိုတာ ကျရင် ပြန်ဖြေလို့ရတာဆိုတော့ သတိနဲ့ပြန်ဖြေရပါတယ်။

လောကီလူမှုနယ်ပယ်ထဲမှာ အာရုံမျိုးစုံရှိနေတာဆိုတော့ အကုသိုလ်ဖြစ်စရာတွေကလည်း အများကြီးပါ။ ဒီတော့ ကိုယ်က ကာကွယ်ရေးကောကုသရေးကော ဗဟုသုတရှိပြီး လက်တွေ့ကျင့်သုံးနိုင်ဖို့ သိပ်အရေးကြီးပါတယ်၊ ဘာပဲပြောပြော တစ်ယောက်တည်းနေဖြစ်တဲ့အခါ ကမ္မဋ္ဌာန်းတစ်ခုခုကို ကြိုနှလုံးသွင်းထားလိုက်ရင် ဘယ်သူနဲ့မှ ရန်မဖြစ်တော့ဘူးလေ။

**ကျမ်းကိုး:–**

၁။ သင်္ဂဇာစကားပုံပေါင်းချုပ်၊
 ခင်မကန်ဆရာတော်ဘုရားစကားပုံ။

၂။ သက္ကပဉှသုတ်တရားတော်၊
 မဟာစည်ဆရာတော်ဘုရားကြီး။

မဇ္ဈိမတရားတော်များ(၂)
နှင်းဝေနေဝင်းစာပေ။

## ဓမ္မရဝေ ဓမ္မစာပေပြန့်ပွားရေးထာဝရပဒေသာပင်
## ဓမ္မဒါနအလှူရှင်များ

| | | |
|---|---|---|
| ၁။ | အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) | ၁,၄၀၀,၀၀၀ |
| ၂။ | ဦးရှိန်ဝင်း + ဒေါ်ခင်ချိုဦး (တက်လမ်းဆောက်လုပ်ရေး) | ၁,၀၆၀,၀၀၀ |
| ၃။ | ကိုစိုးနိုင် + မစိမ့်ဟန်နီ (ဓိဝဇိုးပွဲရုံနှင့် စိမ့်ရတနာဆိုင်) | ၆၄၀,၀၀၀ |
| ၄။ | ဦးခင်မောင်အေး + ဒေါ်ခင်စောမူ (ပရင့်ဆက်ဟိုတယ်) | ၅၀၀,၀၀၀ |
| ၅။ | ဦးစိုးကြီး(ကွမ်းယာ)+ဒေါ်ညွန့်ရီ(မြိတ်မြို့) | ၅၀၀,၀၀၀ |
| ၆။ | ဦးအောင်ဇော် + ဒေါ်နန်းကျော့ (ဩစတြေးလျ) | ၄၅၀,၀၀၀ |
| ၇။ | ဦးအောင်မြင့် + ဒေါ်သုခ (အောင်သုခမြန်မာထမင်းဆိုင်) | ၄၀၀,၀၀၀ |
| ၈။ | Dr. အောင်နိုင် + Dr. ဖြူဖြူဝင်း | ၄၀၀,၀၀၀ |
| ၉။ | ဦးမောင်မောင်စိုး + ဒေါ်မဥ္ဇူ သား ခန့်ကြွယ်စိုး၊ သမီး စုလဲ့ဖြူ | ၄၀၀,၀၀၀ |
| ၁၀။ | ကိုအေးထွန်း+မချောစု၊သမီးထွန်းအိန္ဒြာစုံ (ခ)ဂုံဂုံ၊ သားဟိန်းမြတ်ထွန်း(ခ)ကောင်းချစ်၊(ဖျာပုံ) | ၃၅၀,၀၀၀ |
| ၁၁။ | ဘိုကလေးမြို့တရားနာအလှူရှင်များ | ၃၅၀,၀၀၀ |
| ၁၂။ | ဦးမျိုးမြင့် + ဒေါ်မြင့်မြင့်သိန်း (စိန်မှူးဆေးပေါ့လိပ်) | ၃၅၀,၀၀၀ |
| ၁၃။ | Dr. ထူးမောင်အုန်း+ဒေါ်ခင်မေအုံကြီး (U . S . A) | ၃၀၀,၀၀၀ |
| ၁၄။ | ကိုအောင်ထွန်းသိန်း + မလွင်မာအောင်၊ သား မင်းသန့်ကျော် (အောင်သပြေဆေးဆိုင်၊ ဈေးချို၊ မန္တလေး) | ၃၀၀,၀၀၀ |
| ၁၅။ | ဖခင် ဦးမောင်မောင်အား အမှူးထား၍ ဦးသန့်ဇင်ဦး + ဒေါ်လဲ့လဲ့ | ၂၅၀,၀၀၀ |
| ၁၆။ | ဦးဝင်းမြင့် + ဒေါ်ခင်သန်းလှ | ၂၅၀,၀၀၀ |
| ၁၇။ | ဗိုလ်မှူးကြီးမင်းလှအောင် + ဒေါ်ကြူကြူမာ | ၂၅၀,၀၀၀ |
| ၁၈။ | ဦးညွန့်ဝင်း + ဒေါ်ခင်နီလာမြင့်၊ သားမောင်ရဲခေါင်ဦး၊ သမီးမတာရာမြတ်မိုရ် (စာပေလောက–၆) | ၂၁၀,၀၀၀ |
| ၁၉။ | ကိုချိုတူး + မပုံ့ပုံ့(မန္တလေး) | ၂၀၀,၀၀၀ |
| ၂၀။ | ကိုမျိုးထက်ညွန့် + မကြည်ကြည်စန်း၊ သားမျိုးဆက်ပိုင်၊ ဇော်မျိုးဆက် (ဖျာပုံ) | ၂၀၀,၀၀၀ |
| ၂၁။ | ဦးအောင်ကိုကို+ဒေါ်ခင်ခင်ဦး၊ သမီးမမျိုးမြတ်လင်း(ဘိုကလေး) | ၂၀၀,၀၀၀ |
| ၂၂။ | ဦးကျော်စွိုး+ဒေါ်မိမိခိုင် (မြိတ်မြို့) | ၂၀၀,၀၀၀ |
| ၂၃။ | ဗိုလ်ကြီးကျော်ရဲထွန်း+ဒေါ်ခိုင်ခိုင်ဝါမင်္ဂလာဦးအလှူ (မြိတ်မြို့) | ၂၀၀,၀၀၀ |
| ၂၄။ | ဦးရဲမြင့်ဆွေ + ဒေါ်တင်တင်ဝင်းမိသားစု | ၁၇၅,၀၀၀ |

| | | |
|---|---|---|
| ၂၅။ | လွန်းထားထား (ဆေးတက္ကသိုလ်) | ၁၅၁,၀၀၀ |
| ၂၆။ | ဒေါ်တင်ရီ(ပေါင်းတည်) | ၁၅၀,၀၀၀ |
| ၂၇။ | (ဦးဟုတ်ယုံ)+ဒေါ်ကျင်လှ၊ သား(Capt:)ကိုဌေးမြင့် | ၁၅၀,၀၀၀ |
| ၂၈။ | မယဉ်မျိုးမျိုးအေး (Costume Designer) | ၁၅၀,၀၀၀ |
| ၂၉။ | စာအုပ်ချုပ် ဦးမြင့် + ဒေါ်လှလှအေး | ၁၅၀,၀၀၀ |
| ၃၀။ | ဦးလေးမောင်အားရည်စူး၍ဇနီးဒေါ်ယဉ်မြင့် | ၁၄၀,၀၀၀ |
| ၃၁။ | ဒေါ်ကြွေကြွေ+ဒေါ်အေးအေးမြင့်+ဒေါ်စိမ်းစိမ်းရည် (မန္တလေး) | ၁၃၀,၀၀၀ |
| ၃၂။ | ကွယ်လွန်သူ ဒေါ်သန်းသန်း (စက်ဘုု) | ၁၃၀,၀၀၀ |
| ၃၃။ | ကွယ်လွန်သူဖခင်ကြီးဗိုလ်မှူးသူရ (B.I.A + B.P.F) နှင့် မိခင်ကြီးဒေါ်ခင်ရီ၊ သားကြီး မောင်သူရိန်တို့အား ရည်စူး၍ ဦးကိုကိုကြီး + ဒေါ်မေသန်းမြင့် | ၁၂၀,၀၀၀ |
| ၃၄။ | ဒေါက်တာစောဝင်းအေး၊ မမိုးစပါယ်အေး (ခေတ္တ U.S.A) (၃.၁.၀၄) | ၁၁၀,၀၀၀ |
| ၃၅။ | ဦးဝင်းသန်းသောင်း + ဒေါ်တင်တင်ရွှေ သားရန်မျိုးအောင်၊ သမီးထက်သဉ္ဇာအောင် | ၁၁၀,၀၀၀ |
| ၃၆။ | ဦးသိန်းအေး + ဒေါ်လှုံလှုံ၊ သမီးယမင်းထက် | ၁၀၀,၀၀၀ |
| ၃၇။ | မဝင်းပပချယ်ရီထွေး(ခေတ္တ-Japan) | ၁၀၀,၀၀၀ |
| ၃၈။ | ဦးအောင်သန်းဝင်း(ခေါ်)မိုးကြီး+ဒေါ်နီနီမာ | ၁၀၀,၀၀၀ |
| ၃၉။ | ဦးကျော်ခ + ဒေါ်စူး (တောင်ငူ) | ၁၀၀,၀၀၀ |
| ၄၀။ | ဦးဇော်မောင်အုံးနှင့် (တူ)ထွန်းဝင်းလှ | ၁၀၀,၀၀၀ |
| ၄၁။ | ဒုဗိုလ်မှူးကြီးဇင်ဝေသိမ်း+ဒေါ်ခင်ခင်ဝင်း | ၁၀၀,၀၀၀ |
| ၄၂။ | ဗိုလ်မှူးဟန်တင် + ဒေါ်စန်းစန်းလေး၊ သမီးဒေါက်တာနွယ်နီဟန်တင် | ၁၀၀,၀၀၀ |
| ၄၃။ | ဦးထွန်းအောင် + ဒေါ်ခင်ရီ | ၁၀၀,၀၀၀ |
| ၄၄။ | ဦးစိန်ဝင်း+ဒေါ်ဖြူဖြူအေး၊ သားကုဋေအောင် ကုဋေအောင်ဟိုတယ် ( ပုဂံ ) | ၁၀၀,၀၀၀ |
| ၄၅။ | ပိုင်ဇေရဲထွန်း + သဲသဲ | ၁၀၀,၀၀၀ |
| ၄၆။ | ရပ်ရှင်သရုပ်ဆောင် နိုင်းနိုင်းမိသားစု | ၁၀၀,၀၀၀ |
| ၄၇။ | ဦးတင်ဝင်းသျှင်+အကယ်ဒမီဒေါ်ခင်လေးသိမ့် သမီးကြည်ဖြူသျှင် - နရွှေရည် | ၁၀၀,၀၀၀ |
| ၄၈။ | ဦးဝင်းခင်+ဒေါ်မြင့်မြင့်ကြည်၊ သား သရုပ်ဆောင်ကျော်ရှိန်း၊ ဗိုလ်ကြီးမျိုးဇော်ဝင်း၊ သမီးသဉ္ဇာဝင်းခင်၊ သရုပ်ဆောင်ပပဝင်းခင် | ၁၀၀,၀၀၀ |
| ၄၉။ | ဦးသက်လွင် + ဒေါ်ကြည်ကြည်ဝင်း၊ မြသီရိ မိသားစု | ၁၀၀,၀၀၀ |

| | | |
|---|---|---|
| ၅၀။ | ဦးစိုးစိုး+ဒေါ်သီဂီဝင်း၊ သားမောင်ဇော်ထွန်း၊ သမီး မစန္ဒီထွန်း | ၁၀၀,၀၀၀ |
| ၅၁။ | ဦးဝိုင်စိန် + ဒေါ်ထွေးသိန်း မိသားစု (ကျောက်တံခါးမြို့) | ၁၀၀,၀၀၀ |
| ၅၂။ | ဗိုလ်မှူးကြီးမောင်အုံး(ငြိမ်း)+ဒေါ်ခင်စိုး | ၁၀၀,၀၀၀ |
| ၅၃။ | ဦးကျော်ခင် + ဒေါ်မွေးမွေးမိသားစု ( Decoland Co.Ltd ) | ၁၀၀,၀၀၀ |
| ၅၄။ | ဦးစိုးနိုင် + ဒေါ်သီသီအောင်၊ သားမောင်ဘုန်းနိုင်မိသားစု | ၁၀၀,၀၀၀ |
| ၅၅။ | Diary Queen မိသားစု | ၁၀၀,၀၀၀ |
| ၅၆။ | မောင်ကျော်ကျော်စိုး + မညီညီလွင် | ၁၀၀,၀၀၀ |
| ၅၇။ | ဒေါ်မွေးမွေးကြည်၊ သားမောင်ကောင်းကျော် (U.S.A) | ၁၀၀,၀၀၀ |
| ၅၈။ | ဦးဟုန် + ဒေါ်သန်းလှ၊ သမီးဒေါ်ခင်ခင်ဦး၊ သားမျိုးဇော်ဦး | ၁၀၀,၀၀၀ |
| ၅၉။ | ဒေါက်တာနွယ်နွယ်ဦး ( U.K ) | ၁၀၀,၀၀၀ |
| ၆၀။ | ဒေါက်တာကျော်ကျော်မိုး + မခင်မိုးဆမ်း | ၁၀၀,၀၀၀ |
| ၆၁။ | ပါမောက္ခချုပ် ဦးမင်းသန်းသောင်း(ငြိမ်း) + ဒေါ်ခင်ခင်စ | ၁၀၀,၀၀၀ |
| ၆၂။ | ဦးမြင့်စိုး+ဒေါ်မူမူစိုး၊ သမီးနေခြည်မြင့်စိုး၊ သော်တာမြင့်စိုး | ၁၀၀,၀၀၀ |
| ၆၃။ | ဦးဟန်တင်+ဒေါ်ကြည်စိန်၊ သမီးခင်ခင်စိုး၊ ဈေးအနောက်-ပွဲစားတန်း၊ (မိတ္ထီလာ) | ၁၀၀,၀၀၀ |
| ၆၄။ | ဦးစိုး+ဒေါ်ခင်မေမိသားစု (အောင်စိုးမိုးဆန်စက်) ဝေါမြို့ | ၁၀၀,၀၀၀ |
| ၆၅။ | မိခင်ကြီး:Dr.ဒေါ်လှကြည်အားရည်စူး၍ ဦးထွန်းထွန်း၊ ဒေါ်ချိုချိုစန်း၊ သက်လင်းထွန်း၊ ဇင်နွယ်ထွန်း | ၁၀၀,၀၀၀ |
| ၆၆။ | ကိုစိုးလွင် + မမိုးမိုးစိုး၊ သားစည်သူဝင်းထွန်း (ဝေါ) | ၁၀၀,၀၀၀ |
| ၆၇။ | ဒေါ်အေးအေးဝင်း | ၁၀၀,၀၀၀ |
| ၆၈။ | မကေသီ (Yangon Air Way) | ၁၀၀,၀၀၀ |
| ၆၉။ | ကိုအောင်ကျော်ဆင့် + မနှင်းငွေရည် (မြကြာငုံစာပေ) | ၁၀၀,၀၀၀ |
| ၇၀။ | ဦးသောင်းလှ+ဒေါ်တင်ရွှေ၊ သမီးမမို့မို့(ဖျာပုံ) | ၉၀,၀၀၀ |
| ၇၁။ | ဒေါ်ခင်စောတင့် | ၈၀,၀၀၀ |
| ၇၂။ | ကိုသန့်ဇော် + မနုနုအောင်(ဖျာပုံ) | ၇၀,၀၀၀ |
| ၇၃။ | ကိုခင်ဇော် + မမိုးသူ၊ သား ဟန်သုတ(လက်ပန်ကျေးရွာ) | ၇၀,၀၀၀ |
| ၇၄။ | ကိုတိုးလွင်+ မကေသီနိုင် သားလွင်ကိုဦး | ၇၀,၀၀၀ |
| ၇၅။ | ဦးစံမင်း + ဒေါ်မာလာဝင်း (NEW DAY - ကာလာခွဲ) | ၇၀,၀၀၀ |
| ၇၆။ | ဒုရဲအုပ်အောင်သိန်း နှင့် ဦးတင်ထွန်းအောင်၊ အောင်သက် | ၇၀,၀၀၀ |
| ၇၇။ | ဒေါက်တာနေမျိုးအောင်+မခင်စိုးစိုးသင်း | ၆၃,၀၀၀ |
| ၇၈။ | ကိုကျော်သူ + မရွှေဇီးကွက် | ၆၀,၀၀၀ |
| ၇၉။ | ဦးမောင်မောင်လွင်+ဒေါ်မြမြသိန်း(ခ) မမော်မော်၊ သားမောင်ကျော်ဇင်ဟိန်း | ၅၅,၀၀၀ |

| | | |
|---|---|---|
| ၈၀။ | ဖခင်ဦးလေးမောင်အားရည်စူး၍ မအေးစံပယ်၊ မယုဇန (ရန်ကင်း) | ၅၅,၀၀၀ |
| ၈၁။ | ဒေါက်တာကျော်သိန်း+ဒေါ်နန်းဥမ္မာရီ၊ သမီး နန်းရတနာသိန်း | ၅၀,၀၀၀ |
| ၈၂။ | မငွေငွေမွန်၊မခိုင်ခိုင်စိုး(ညောင်လေးပင်) | ၅၀,၀၀၀ |
| ၈၃။ | ပဲနွယ်ကုန်းဆရာတော် | ၅၀,၀၀၀ |
| ၈၄။ | ဦးသိန်းထိုက်ဦး + ဒေါ်မျိုးမျိုးမင်း၊ သမီး ဇေဇင်ဦး (မဃလုလင်သကၠန်းတိုက်) | ၅၀,၀၀၀ |
| ၈၅။ | (ဦးအောင်သန်း) + ဒေါ်တင်ရီ (ဖျာပုံ) | ၅၀,၀၀၀ |
| ၈၆။ | ဦးအောင်ကြည် + ဒေါ်ခင်ပြုံး (ဖျာပုံ) | ၅၀,၀၀၀ |
| ၈၇။ | ဒေါ်ခင်ခင်သိန်း | ၅၀,၀၀၀ |
| ၈၈။ | ဦးရဲထွန်း + ဒေါ်သင်္ဂီဇင် | ၅၀,၀၀၀ |
| ၈၉။ | ဦးဝင်းနိုင် + ဒေါ်ချိုချို သမီး သီရိရွှေစင် | ၅၀,၀၀၀ |
| ၉၀။ | ဦးကျင်တိတ် + ဒေါ်ကျင်ဖွမ် (မန္တလေး) | ၅၀,၀၀၀ |
| ၉၁။ | ဦးခင်အောင် + ဒေါ်ကြည်ကြည်သက် | ၅၀,၀၀၀ |
| ၉၂။ | ဒေါ်ခင်မေဦး၊ ဒေါ်မြင့်သန်း | ၅၀,၀၀၀ |
| ၉၃။ | ကိုထွဋ်ထွဋ်လင်း | ၅၀,၀၀၀ |
| ၉၄။ | မမြမြအေး (ဈေးချို၊ မန္တလေး) | ၅၀,၀၀၀ |
| ၉၅။ | ဦးလွင်သိန်း + ဒေါ်တင်အေး၊ သမီးအိအိအေး၊ သားမောင်ပိုင်စိုး၊ နေလစာပေ | ၅၀,၀၀၀ |
| ၉၆။ | မရတနာဖြိုး Golden Princess Fashion, Yuzana Plaza | ၅၀,၀၀၀ |
| ၉၇။ | ဦးသန်းစိန် + ဒေါ်ခင်ဝင်းမြင့် မိသားစု | ၅၀,၀၀၀ |
| ၉၈။ | ကိုထွန်း + ငြိမ်းငြိမ်း၊ သား - သားထူး၊ (ပရင့်ဆက်ဟိုတယ်) | ၅၀,၀၀၀ |
| ၉၉။ | ဦးထွန်းသိန်းအား ရည်စူး၍ ဒေါ်သဲရွှေ | ၅၀,၀၀၀ |
| ၁၀၀။ | ကိုနိုင်အေး+မငွေဇာဖူး၊ သားမောင်သုတဇော် မောင်စွမ်းပြည့်နိုင်မိသားစု | ၅၀,၀၀၀ |
| ၁၀၁။ | ကိုအောင်အောင်+မသန္တာလွင်၊ သားကျော်ဒေးယျ (မန္တလေး) | ၅၀,၀၀၀ |
| ၁၀၂။ | ဗိုလ်မှူးဝဏ္ဏ+မနွယ်နွယ်ဝင်း၊ သမီးသင်းဝဏ္ဏနွယ်၊ နှင်းဝဏ္ဏနွယ်မိသားစု | ၅၀,၀၀၀ |
| ၁၀၃။ | ဦးမျိုးချစ်+ဒေါက်တာညိုညိုဝင်း၊ သားပြည်သိမ်းနိုင်မိသားစု | ၅၀,၀၀၀ |
| ၁၀၄။ | ဒေါ်ဘေဘီ+ဒေါ်ရွှေနီ(အရှိုးအထူးကုဆေးရုံကြီး) | ၅၀,၀၀၀ |
| ၁၀၅။ | ဓမ္မဗျူဟာ-ဒေါ်ခင်လှတင်၊ ဒေါ်ညိုညိုလွင် (ဓမ္မဗျူဟာမိသားစု) | ၅၀,၀၀၀ |
| ၁၀၆။ | ဦးစံညိမ်း+ဒေါ်ခင်သက်တင်၊ သားသမီးမြေး မောင်စစ်သွေးအောင်မိသားစုကောင်းမှု | ၅၀,၀၀၀ |
| ၁၀၇။ | ဒေါက်တာစိုးမိုးသက်+မကြည်ကြည်သင်း | ၅၀,၀၀၀ |

| | | |
|---|---|---|
| ၁၀၈။ | ဒေါက်တာအောင်ချို + ဒေါ်သီတာဦး၊ သမီး မခိုင်စံရီ မိသားစု | ၅၀,၀၀၀ |
| ၁၀၉။ | ဖခင်ဦးလေးမောင်အားရည်စူး၍ ကိုကျော်ကျော်မိုး + မမူမူမြင့် သမီး စိမ်းလဲ့မိုး၊ အေးချစ်စု (မန္တလေး) | ၅၀,၀၀၀ |
| ၁၁၀။ | ဦးညဏ်စိုး+ဒေါ်တင်မမ၊ သား မောင်တင်ကျော်စိုး | ၅၀,၀၀၀ |
| ၁၁၁။ | ဦးကျော့ရှင်း + ဒေါ်ခင်ခင်စော | ၅၀,၀၀၀ |
| ၁၁၂။ | ဦးကျော်အေး + ဒေါ်ခေးခေး(ဖျာပုံ) | ၄၅,၀၀၀ |
| ၁၁၃။ | မြန်မာ့တံခွန် ဆန်စပါးရောင်းဝယ်ရေး(ဖျာပုံ) | ၄၀,၀၀၀ |
| ၁၁၄။ | ဒေါ်နှင်းကြည်၊ မြေးသက်မွန်အေး | ၄၀,၀၀၀ |
| ၁၁၅။ | ဒေါက်တာစိုးလွင်+ဒေါ်လှလှချော | ၄၀,၀၀၀ |
| ၁၁၆။ | ဦးရှောင်ဟီး+ဒေါ်ကြူ(သမီး)မမိုးမိုး၊မရှုဝါ | ၄၀,၀၀၀ |
| ၁၁၇။ | ကိုခိုင်ဝင်း + မခင်အေးမွန် | ၄၀,၀၀၀ |
| ၁၁၈။ | ဗိုလ်ကြီးထွန်းလင်း(ငြိမ်း) + ဒေါ်စန္ဒာထင်ကျော် | ၃၆,၀၀၀ |
| ၁၁၉။ | မစိုးစိုးအေး (စိုးစိုး – အပ်ချုပ်ဆိုင်) | ၃၆,၀၀၀ |
| ၁၂၀။ | ဦးသန်းမြင့်+ဒေါ်ခင်ကြွေ၊ (သမီး)မနုနုလှိုင်၊ မဝါဝါလှိုင်(အင်းမ) | ၃၆,၀၀၀ |
| ၁၂၁။ | အဖွားခင်နှင့် မြေး မွန်မွန် | ၃၅,၀၀၀ |
| ၁၂၂။ | ဗိုလ်မှူးခင်ဇော်မိုး + မယဉ်မင်းသိမ့် | ၃၃,၀၀၀ |
| ၁၂၃။ | ဒု–ဗိုလ်မှူးကြီးကျော်မြင့် + ဒေါ်ချိုချိုအေး | ၃၂,၀၀၀ |
| ၁၂၄။ | မိုမို (ဆေးတက္ကသိုလ်) | ၃၀,၀၀၀ |
| ၁၂၅။ | ဒေါ်ဝင်းမြင့်၊ သား မောင်ဟန်ဝင်း | ၃၀,၀၀၀ |
| ၁၂၆။ | ဦးကျော်ဇောလူ + ဒေါ်ချယ်ရီကြွယ် | ၃၀,၀၀၀ |
| ၁၂၇။ | Dr. ဦးမြအောင်+Dr. ဒေါ်ခင်အေးသီ | ၃၀,၀၀၀ |
| ၁၂၈။ | ဦးယောသက(သုခပဋိပဒါ သဒ္ဓမ္မရံသီ) | ၃၀,၀၀၀ |
| ၁၂၉။ | ဦးအေး+ဒေါ်တင်ကြည်(သမီး)၊ ဒေါ်မြမြအေး | ၃၀,၀၀၀ |
| ၁၃၀။ | မခင်ဖြူဖြူစိုး (ဝေါ) | ၃၀,၀၀၀ |
| ၁၃၁။ | မယင်းမာမြင့်သိန်း | ၃၀,၀၀၀ |
| ၁၃၂။ | ကိုမျိုးမြင့်အောင် + မဂန္ဓမာ၊ သမီးရူပါမျိုးမြင့် (မန္တလေး) | ၃၀,၀၀၀ |
| ၁၃၃။ | ဦးသိန်းအောင် + ဒေါ်ဝင်းစိန် (မန္တလေး) | ၃၀,၀၀၀ |
| ၁၃၄။ | ကိုဝင်းတင့်နိုင်နှင့် ကိုသူရိန်ဝင်းကျော် + မရွှေစင်ဝင်း | ၃၀,၀၀၀ |
| ၁၃၅။ | မရတနာဖြိုး + မအိအိဝင်း **Golden Princess Fashion** | ၃၀,၀၀၀ |
| ၁၃၆။ | ဦးသန်းလှိုင် + ဒေါ်မေရီရှိန် | ၃၀,၀၀၀ |
| ၁၃၇။ | ဗိုလ်မှူးကြီးတင်ဦး + ဒေါ်ခင်မေသန်း | ၃၀,၀၀၀ |
| ၁၃၈။ | ဒေါ်မြင့်မြင့် (ဘားအံ) | ၃၀,၀၀၀ |
| ၁၃၉။ | (ဦးကျင့်ဟော်)+ဒေါ်ကျင်မြင့် [ရွှေဟသာ၊ လှော်ကော်ခြောက်မိသားစု] | ၃၀,၀၀၀ |

(သထုံမြို့)

၁၄၀။ ဦးအောင်ထွန်း+ဒေါ်မြင့်မြင့်အေး (တောင်ကြီးမြို့) ၃၀,၀၀၀

၁၄၁။ ဦးလှမြင့်+(ဒေါ်ခင်ယုံ)မိသားစု ၃၀,၀၀၀

၁၄၂။ မွန်အရှင်ကရဏာရတန (ဘီလူးကျွန်း) ၃၀,၀၀၀

၁၄၃။ ဦးမောင်မြ + ဒေါ်မြမြဟန် ၃၀,၀၀၀

၁၄၄။ ဦးသိန်းထွန်း+ဒေါ်ရီရီ၊ မလင်းလင်းခိုင်၊ ၃၀,၀၀၀

၁၄၅။ စိုင်းဆိုင်ဝမ်း+မထားထားဖြူ (တောင်ကြီး) ၃၀,၀၀၀

၁၄၆။ ဒေါက်တာမိမိကြွယ် (ကြွယ်ကြွယ်အထည်ဆိုင်) (တောင်ကြီး) ၃၀,၀၀၀

၁၄၇။ ကိုကျော်ဝင်း+မနန်းဝင်း၊ သမီးခန့်ခန့်ဂျူး၊ အိင့်ခင် (မိတ္ထီလာ) ၃၀,၀၀၀

၁၄၈။ ဒေါ်စန်းရီ (သဒ္ဓမ္မရံသီရိပ်သာ) ၃၀,၀၀၀

၁၄၇။ ဒေါ်နွယ်နွယ်ဝါ (မော်လမြိုင်) ၃၀,၀၀၀

၁၄၈။ ဦးစန်းလွင်ဦး+ဒေါ်နန်းဆိုင်ဖူးမိသားစု ၃၀,၀၀၀

၁၄၉။ ဦးမျိုးဇော်ဝင်း+မသီတာဝင်း၊ သားသားဇော်လင်းထက် (ပဲခူး) ၃၀,၀၀၀

၁၅၀။ ကိုညီထွေးအောင်(ဘိုတထောင်) ၃၀,၀၀၀

၁၅၁။ ဦးမြင့်ဆွေ+ဒေါ်ချိုချိုအေး၊ သားမောင်ဘုန်းမြတ်သူ၊ ၃၀,၀၀၀
သမီးမပန်းနုခင်မိသားစု

၁၅၂။ မောင်ဝင်းထင်ကိုကို ၃၀,၀၀၀

၁၅၃။ ဦးစံကြီး+ဒေါ်ရွှေတင်၊ မြတ်ဇီဝစတိုး(အင်းမ) ၃၀,၀၀၀

၁၅၄။ ဖခင်ရဲမှူးကြီးဝင်းခေါင်(ဆရာထက်ခေါင်)+ ၃၀,၀၀၀
မိခင်ဒေါ်နန်းချောချောခင်တို့အားအမှူးထား၍ သမီးစိုးစိုးထက်
( လေယာဉ်မယ် - ရန်ကုန်လေကြောင်းလိုင်း)

၁၅၅။ မစန်းစုစုဇော်၊ မမြမာလာ ၂၆,၀၀၀

၁၅၆။ Dr.စန်းအောင် + ဒေါ်မူမူ ၂၅,၀၀၀
သမီး ခင်နီလာအောင်၊ Dr.ခင်လဲ့လဲ့အောင်

၁၅၇။ ဒေါ်စန်းညိုနှင့် သမီးများ (ဖျာပုံ) ၂၅,၀၀၀

၁၅၈။ ကိုအောင်အောင် + မရီရီခိုင်၊ သား ကောင်းမင်းဆက် (ဖျာပုံ) ၂၅,၀၀၀

၁၅၉။ ဒေါ်ဒေစီဟုန်စိန် ၂၅,၀၀၀

၁၆၀။ ဒေါ်တင်တင်၊ သမီးဒေါ်သုခဝတီ၊ သားကိုဇော်အောင်+မမိုးမြင့်သူ၊ ၂၅,၀၀၀
မြေးကံကောင်းလေး (အကယ်ဒမီကြွေကျီးချွတ်ဆေး(မန္တလေး)မိသားစု)

၁၆၁။ ဒေါ်မူမူစိုးနှင့်ညီအစ်မများ (ဘမရငွေစာရင်း) သူငယ်ချင်းတစ်စု၊ ၂၁,၂၂၀
သတ္တုတွင်းဝန်ကြီးဌာန

၁၆၂။ မဇင်မာရဲထွန်း၊ မောင်ပိုင်ဇေရဲထွန်း ၂၁,၀၀၀

၁၆၃။ ဦးသီလဝံသ ၂၀,၀၀၀

| | | |
|---|---|---|
| ၁၆၄။ | သုံးခွဆရာတော် | ၂၀,၀၀၀ |
| ၁၆၅။ | ဦးကောင်းရင် + ဒေါ်အေးမြင့် | ၂၀,၀၀၀ |
| ၁၆၆။ | Hye Song Sunim (Korea Bhikkhuni) | ၂၀,၀၀၀ |
| ၁၆၇။ | ဒေါ်ယဉ်ယဉ် | ၂၀,၀၀၀ |
| ၁၆၈။ | ဦးထွန်းသိန်း + ဒေါ်ကျင်ရီ | ၂၀,၀၀၀ |
| ၁၆၉။ | ဦးတင်ဦး + ဒေါ်ညို | ၂၀,၀၀၀ |
| ၁၇၀။ | ကိုရဲမြင့်အောင် (ကျိုင်းတုံ) | ၂၀,၀၀၀ |
| ၁၇၁။ | မညိမ်းညိမ်းသွင်၊ မထက်ထက်လင်း (ညောင်လေးပင်) | ၂၀,၀၀၀ |
| ၁၇၂။ | ဒေါ်စန်းစန်းမြင့် | ၂၀,၀၀၀ |
| ၁၇၃။ | ဒေါ်လှလှဟန်၊ သမီး မြတ်သဇင်ထူး၊ မအိစန္ဒာထူး | ၂၀,၀၀၀ |
| ၁၇၄။ | ဦးကျော်စိန် + ဒေါ်ခင်အေး၊ သမီး မမိုး (သစ်ခွခြံ) | ၂၀,၀၀၀ |
| ၁၇၅။ | ကိုမြစိုး + မခင်မာချို (လက်ပန်ကျေးရွာ) | ၂၀,၀၀၀ |
| ၁၇၆။ | ကိုစိန်မင်း + မရီရီချို၊သမီးစုဖြူစင်(ဖျာပုံ) | ၂၀,၀၀၀ |
| ၁၇၇။ | ဦးကျင်ဝမ် + ဒေါ်မြစိန် | ၂၀,၀၀၀ |
| ၁၇၈။ | ဦးသိန်းဆောင်+ဒေါ်လှလှ၊ (သမီး)မစိုးမြတ်နန်း (အင်းမ) | ၂၀,၀၀၀ |
| ၁၇၉။ | ကိုဝင်းမော်ဦး + မငွေးမြမြလွင် | ၂၀,၀၀၀ |
| ၁၈၀။ | အ.ထ.က (၁)၊ သထုံ | ၂၀,၀၀၀ |
| ၁၈၁။ | အလင်းစေတမန်လူငယ်များ (သထုံ) | ၂၀,၀၀၀ |
| ၁၈၂။ | ဗိုလ်ကြီးအောင်မျိုးဟိန်း | ၂၀,၀၀၀ |
| ၁၈၃။ | ဒေါ်ခင်ခင်အေးနှင့်သားသမီးမြေးတစ်စု | ၂၀,၀၀၀ |
| ၁၈၄။ | မချိုမာ၊ သား ဟိန်းထက်နိုင် (ဖျာပုံ) | ၂၀,၀၀၀ |
| ၁၈၅။ | ဦးစံလှိုင် + ဒေါ်ကောက်ပို့ မိသားစု၊ မော်လမြိုင်။ | ၂၀,၀၀၀ |
| ၁၈၆။ | ဦးမြင့်ဝေ + ဒေါ်ခင်သူဇာဇော် မိသားစု | ၂၀,၀၀၀ |
| ၁၈၇။ | ဦးချစ်မောင် + ဒေါ်တင်တင်ဦး ( ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း ) | ၂၀,၀၀၀ |
| ၁၈၈။ | ဒေါ်ကျင်ဝေ | ၂၀,၀၀၀ |
| ၁၈၉။ | ဦးအောင်မြင့်+ဒေါ်ခင်အုန်းမြင့်၊ ညီမ ဒေါ်ကြည်ကြည်မြင့် | ၂၀,၀၀၀ |
| ၁၉၀။ | မိခင်ဒေါ်မြင့်မြင့်သန်း အမှူးထား၍ ဦးအေးသက် + ဒေါ်ဝင်းမာသန်း | ၂၀,၀၀၀ |
| ၁၉၁။ | ဒေါ်ယဉ်ယဉ်မြင့် | ၂၀,၀၀၀ |
| ၁၉၂။ | ဦးမြင့်ဆွေ + ဒေါ်ချိုချိုအေး၊ သားဘုန်းမြတ်သူ၊ သမီးပန်းနုခင် | ၂၀,၀၀၀ |
| ၁၉၃။ | မောင်ဇော်ဇော်လင်း+မချိုချိုဝင်း၊ (တောင်ကြီးမြို့) | ၂၀,၀၀၀ |
| ၁၉၄။ | ဦးအောင်သန်း+ဒေါ်ဝေ၊ မနုနုဝင်း၊ မအေးအေးသွင်၊ မခင်လေးဝင်း | ၂၀,၀၀၀ |

| | | |
|---|---|---|
| ၁၉၅။ | ဒေါ်သိန်းသိန်း၊ ဒေါ်စန်းစန် | ၂၀,၀၀၀ |
| ၁၉၆။ | ကိုကျော်တိုးထွန်း+မမြမာလာ | ၂၀,၀၀၀ |
| ၁၉၇။ | ဗိုလ်မှူးကြီးသိန်းဝင်း+ဒေါ်စိမ်းစိမ်းရည်၊ သားစည်သူဝင်း၊ ဒေါက်တာဇာနည်လင်းထွန်း၊ ဒေါက်တာနေရည်ဝင်း၊ မြေးမအိန္ဒြာဇာနည် | ၂၀,၀၀၀ |
| ၁၉၈။ | ဦးနေဝင်း+ဒေါ်လှလှမွန်းမိသားစု (ကျောက်မြောင်း) | ၂၀,၀၀၀ |
| ၁၉၉။ | Capt: စိုးမြင့်+ဒေါ်ချိုချိုအောင်၊ သမီးစောသဥ္ဇာစိုး၊ Dr. စောသီရိစိုး၊ သားမောင်ချိုသက်မောင် | ၂၀,၀၀၀ |
| ၂၀၀။ | ဒေါ်တင်ဦး + ဒေါ်ဆွေဆွေဦး | ၂၀,၀၀၀ |
| ၂၀၁။ | ဦးစောလွင်+ဒေါ်ရီရီမြင့် (ကြံတိုင်းအောင်မိသားစု) | ၂၀,၀၀၀ |
| ၂၀၂။ | ဒေါ်သိန်းကြည်မိသားစု (ရွှေလဝင်းဘဲဥပွဲရုံ) သနပ္ပင်မြို့။ | ၂၀,၀၀၀ |
| ၂၀၃။ | ဦးတက်တိုး + ဒေါ်ခင်အေးဝင်း | ၂၀,၀၀၀ |
| ၂၀၄။ | ဒေါ်ဝင်းဝင်းကြည်၏(၅၇)နှစ်ပြည့်မွေးနေ့အလှူ အထပြ(ငြိမ်း) | ၂၀,၀၀၀ |
| ၂၀၅။ | နှစ်ဖက်သောဘိုးဘွားများနှင့် မိခင်ဒေါ်ဆွေဆွေနှင်းတို့အား အမှူးထား၍ မဆုရည်ဝင်းမွေးနေ့အလှူ | ၂၀,၀၀၀ |
| ၂၀၆။ | မခင်ခင်စု (နှင်းစာပေရတနာ) | ၂၀,၀၀၀ |
| ၂၀၇။ | မငယ်ငယ်၊ ရန်ကင်းမြို့နယ်၊ စည်ပင်သာယာရေးနှင့်အုပ်ချုပ်ရေးမှူးရုံး | ၂၀,၀၀၀ |
| ၂၀၈။ | အဖွားခင်၊ အဖွားကြည် | ၁၈,၅၀၀ |
| ၂၀၉။ | ဗိုလ်မှူးကြီးမောင်မောင်(ငြိမ်း)+ဒေါ်စောစိန်ပွင့် | ၁၇,၀၀၀ |
| ၂၁၀။ | ကိုမောင်မောင်လတ်+မရွှေမေ (တောင်ကြီး) | ၁၇,၀၀၀ |
| ၂၁၁။ | မလှမျိုးသွယ် | ၁၆,၀၀၀ |
| ၂၁၂။ | ဒေါ်မြမြ၊ ဒေါ်လှလှ၊ မနီနီလှိုင် (ညောင်လေးပင်) | ၁၅,၀၀၀ |
| ၂၁၃။ | ကိုရဲလွင် + မလင်းပပမိုး | ၁၅,၀၀၀ |
| ၂၁၄။ | ကိုအောင်ခိုင် + မကြူကြူ (ဖျာပုံ) | ၁၅,၀၀၀ |
| ၂၁၅။ | ဦးမောင်မောင်အုန်း+ဒေါ်ဝင်းမေ | ၁၅,၀၀၀ |
| ၂၁၆။ | ဒေါ်ခင်မာမာ | ၁၅,၀၀၀ |
| ၂၁၇။ | ဦးစိုးမြင့်ဦး + ဒေါ်သီဂီဝင်း | ၁၅,၀၀၀ |
| ၂၁၈။ | အဖွားခင်နှင့်မြစ်ကလေး အောင်မျိုးညီနှင့် မသက်လျာညီ | ၁၅,၀၀၀ |
| ၂၁၉။ | မောင်ဇော်ရန်နိုင်+မောင်တင်အောင်လွင်(K.L) | ၁၅,၀၀၀ |
| ၂၂၀။ | ကိုအောင်ကျော်မြင့် + မသူဇာကြည် | ၁၅,၀၀၀ |
| ၂၂၁။ | ဒေါ်နုနု (သုခပဋ္ဌိပဒါ) | ၁၅,၀၀၀ |
| ၂၂၂။ | ကိုညီညီ (U.K) | ၁၅,၀၀၀ |
| ၂၂၃။ | သုခပဋ္ဌိပဒါ သဒ္ဓမ္မရံသီရိပ်သာဝေယျာဝစ္စအဖွဲ့ | ၁၅,၀၀၀ |

| | | |
|---|---|---|
| ၂၂၄။ | ဒေါ်ကြည်သန်း၊ သမီး မစပယ်၊ မဆွေ | ၁၅,၀၀၀ |
| ၂၂၅။ | အောင်သူရဟိန်း | ၁၅,၀၀၀ |
| ၂၂၆။ | ဦးအုန်းမြင့်+ဒေါ်စီမာဝင်း၊ သားသောင်းထွဋ်အောင်၊ သမီးချောချောစု | ၁၅,၀၀၀ |
| ၂၂၇။ | ဦးဇမောင်မောင်+ဒေါ်ခင်ဆွေတင့် | ၁၅,၀၀၀ |
| ၂၂၈။ | ဒေါ်မြင့်မြင့်ရီ (ပါမောက္ခအငြိမ်းစား) မန္တလေးတက္ကသိုလ် | ၁၅,၀၀၀ |
| ၂၂၉။ | ဒေါ်နှင်းကြည်+ မြေးမလေးဖြိုးဖြိုး | ၁၅,၀၀၀ |
| ၂၃၀။ | ဦးမျိုးသန့်+ဒေါ်ရှိင်းနီးမွန်း မိသားစု (လှလွန်းသူဖက်ရှင်ရှော့ပ်၊ သထုံမြို့) | ၁၅,၀၀၀ |
| ၂၃၁။ | သင်းသဥ္စာစိုး (၆) နှစ်ပြည့်မွေးနေ့ (ကမ္ဘာကျော်စားသောက်ကုန်မိသားစု) | ၁၅,၀၀၀ |
| ၂၃၂။ | ဂျူပီတာ(ကွန်ပျူတာနှင့်လမင်းတမန်တရားအလှူရှင်ပါနမှ) | ၁၅,၀၀၀ |
| ၂၃၃။ | ဦးရဲမြင့်+ဒေါ်ဆွေဆွေမိသားစု | ၁၅,၀၀၀ |
| ၂၃၄။ | ကိုမိုးနှင်း+မခင်မာဝင်းမိသားစု–သမိုင်း | ၁၅,၀၀၀ |
| ၂၃၅။ | ကိုဟိန်းစိုးလတ်+မကေသီမြတ် | ၁၅,၀၀၀ |
| ၂၃၆။ | ကိုတေဇာအောင်နှင့်မခိုင်ဇာဝင်းတို့၏မင်္ဂလာဦးအလှူ | ၁၅,၀၀၀ |
| ၂၃၇။ | ကာတွန်းမြင့်သိန်း+ဒေါ်တူးတူးမြင့်သိန်း (Faces မဂ္ဂဇင်း) | ၁၃,၄၅၀ |
| ၂၃၈။ | ဒေါ်တင်တင်အိ | ၁၂,၀၀၀ |
| ၂၃၉။ | ဗိုလ်ချုပ်ဈေးအဖွဲ့ | ၁၂,၀၀၀ |
| ၂၄၀။ | Mdil (Diary Queen) မိသားစု | ၁၂,၀၀၀ |
| ၂၄၁။ | ဦးလှစိုး + ဒေါ်ညွန့်ညွန့်ကြည်မိသားစု (ညောင်လေးပင်) | ၁၂,၀၀၀ |
| ၂၄၂။ | ဖွားကြည်၊ ဖွားမြ၊ ဖွားလှ၊ ဖွားသောင်း၊ ဖွားထွေး၊ ဖွားစု | ၁၂,၀၀၀ |
| ၂၄၃။ | ဦးလှစိုး+ဒေါ်ညွန့်ညွန့်ကြည်မိသားစု (ညောင်လေးပင်) | ၁၂,၀၀၀ |
| ၂၄၄။ | ဗိုလ်ကြီးအောင်မင်းဆွေ+ဒေါ်စန်းစန်းမြင့်၊ သမီး မြင့်သူခင်(ညောင်လေးပင်) | ၁၁,၅၀၀ |
| ၂၄၅။ | အရှင်ဉာဏုတ္တရ နှင့် ယောဂီများ | ၁၁,၁၀၀ |
| ၂၄၆။ | Dr. အောင်ထွန်းဦး၊ Dr. ယူနီလှ | ၁၁,၀၀၀ |
| ၂၄၇။ | ဦးစိန်ဝင်း + ဒေါ်သိန်းသိန်း | ၁၁,၀၀၀ |
| ၂၄၈။ | ဦးစိုးမြင့်+ဒေါ်ခင်သန်းမြင့် (ညောင်လေးပင်) | ၁၁,၀၀၀ |
| ၂၄၉။ | အောင်ဇင်ဖြိုးသိန်း(၁၁)နှစ်မြောက်မွေးနေ့ | ၁၁,၀၀၀ |
| ၂၅၀။ | ဦးချစ်လွင်+ဒေါ်မြင့်မြင့်ဌေး(ရေကျော်) | ၁၁,၀၀၀ |
| ၂၅၁။ | ဒေါ်အေးမင်း၊ ညီမ ဒေါ်စန်းစန်း | ၁၀,၅၀၀ |
| ၂၅၂။ | ဦးသန်းညွန့် + ဒေါ်ဆွေ (မြတောင်) | ၁၀,၀၀၀ |

| | | |
|---|---|---|
| ၂၅၃။ | အရှင်အာစာရာလင်္ကာရနှင့် မယ်တော်ကြီးဒေါ်ညို | ၁၀,၀၀၀ |
| ၂၅၄။ | ဒေါက်တာညွန့်ညွန့်လွင် | ၁၀,၀၀၀ |
| ၂၅၅။ | ဦးမြသောင်း + ဒေါ်မြင့်မြင့် | ၁၀,၀၀၀ |
| ၂၅၆။ | ဗိုလ်မှူးမြင့်မောင်ဦး + မမြတ်မြတ်ခိုင် | ၁၀,၀၀၀ |
| ၂၅၇။ | ဦးစိုးဝင်း + ဒေါ်သီဂီဝင်း | ၁၀,၀၀၀ |
| ၂၅၈။ | ကိုအောင်ဝင်းလွင် + မတင်မိမိစော၊ သမီး မြသီရိလွင် | ၁၀,၀၀၀ |
| ၂၅၉။ | ဦးတင်နွယ် + ဒေါ်မေမေခင် | ၁၀,၀၀၀ |
| ၂၆၀။ | စိုင်းစိုင်း + နန်းဖောင်းနွန်း | ၁၀,၀၀၀ |
| ၂၆၁။ | မခင်ခင်စု | ၁၀,၀၀၀ |
| ၂၆၂။ | ဒေါ်ခင်ခင်စိန် | ၁၀,၀၀၀ |
| ၂၆၃။ | မောင်ရဲချစ်ဆွေ | ၁၀,၀၀၀ |
| ၂၆၄။ | မခင်သီတာရွှေ | ၁၀,၀၀၀ |
| ၂၆၅။ | ဒေါ်သန်းသန်းအေး | ၁၀,၀၀၀ |
| ၂၆၆။ | ဒေါ်လှလှမြင့် | ၁၀,၀၀၀ |
| ၂၆၇။ | ဒေါ်ခင်သန်းငွေး | ၁၀,၀၀၀ |
| ၂၆၈။ | ဦးသိန်းဟန် + ဒေါ်သိန်းတင် | ၁၀,၀၀၀ |
| ၂၆၉။ | ကွယ်လွန်သူ သား မောင်စိုးထွန်းအား ရည်စူး၍ မိခင်ဒေါ်မြမေ | ၁၀,၀၀၀ |
| ၂၇၀။ | ကိုခင်မောင်ထွန်း + မစောမဥ္ဇူသောင်း | ၁၀,၀၀၀ |
| ၂၇၁။ | ကိုဇော်မင်းထူး + မခင်သန္တာအောင်၊ သား သာတအောင် | ၁၀,၀၀၀ |
| ၂၇၂။ | ဒေါ်လှလှ မောင်နှမတစ်စု(ညောင်လေးပင်) | ၁၀,၀၀၀ |
| ၂၇၃။ | မနွေးနွေးအောင်၊မမေဇင်သူ(ညောင်လေးပင်) | ၁၀,၀၀၀ |
| ၂၇၄။ | ကိုကျော်မိုးဦး+မမြဆွေသာ(ညောင်လေးပင်) | ၁၀,၀၀၀ |
| ၂၇၅။ | မောင်စိုင်းစိုင်း၊ မမြမွန်ဇင်၊ မဆုသက်နိုင် (ညောင်လေးပင်) | ၁၀,၀၀၀ |
| ၂၇၆။ | ဗိုလ်လောင်းပြည့်စုံကိုကို၊ ရဲဝဏ္ဏကိုကို (ညောင်လေးပင်) | ၁၀,၀၀၀ |
| ၂၇၇။ | ဒေါ်အန်းကောက်၊ သမီးမခင်ဇွမ် (ညောင်လေးပင်) | ၁၀,၀၀၀ |
| ၂၇၈။ | ဒေါ်ညိုညိုလွင် | ၁၀,၀၀၀ |
| ၂၇၉။ | ဒေါ်ခင်ဝင်းကြည်၊ ဒေါ်အေးအေးကြည် | ၁၀,၀၀၀ |
| ၂၈၀။ | ဒေါ်ခင်ပု | ၁၀,၀၀၀ |
| ၂၈၁။ | ဦးအောင်နိုင် + ဒေါ်ကြည်ကြည်ရွှေ | ၁၀,၀၀၀ |
| ၂၈၂။ | အဖွားမြ | ၁၀,၀၀၀ |
| ၂၈၃။ | ဦးမျိုးကျော်မြင့် + ဒေါ်ဥမ္မာဝင်း U.S.A | ၁၀,၀၀၀ |
| ၂၈၄။ | ဦးဘုန်းမြင့် + ဒေါ်ကေသီကြွယ် | ၁၀,၀၀၀ |
| ၂၈၅။ | ဦးသန့်စင် + ဒေါ်အေးယဉ် | ၁၀,၀၀၀ |



စာရေးသူထွက်ခဲ့ပြီးသောစာအုပ်များ





# ရဝေနွယ် (အင်းမ)

# အတွေးများနှင့် မိတ်ဖွဲ့ခြင်း

အတွေးအေးအေးလေးတွေကို ဓမ္မပုံဝတ္ထုလေးတွေနဲ့အတူ
တစိမ့်စိမ့် တွေးလိုသူများအတွက်...

အလင်းတန်းဂျာနယ်၊
ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊
Future Light မဂ္ဂဇင်း တို့တွင်
ဖော်ပြခဲ့သော ဓမ္မအတွေးဆောင်းပါးများ...။

08 10037
Sein Gay Har
ks: 1000